
www.burmeseclassic.com

# ရွှေကျော်မမ

## အစကတော့မုန်းတယ်ဆို..



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# ရွှေရောင်မြမြ

BURMESE CLASSIC .com

# အစကတော့ မုန်းတယ်ဆို

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



A gracious woman will cause more strife than twelve armed men can quell.

*(Chiness Proverb)*

ချောမောလှပသည့် မိန်းကလေးတစ်ယောက်သည် လက်နက်ကိုင်ယောကျ်ား(၁၂)ယောက်၏ ရန်ပွဲထက် ပို၍ကြီးမားသည့် ရန်ပွဲတစ်ပွဲဖြစ်အောင် လုပ်နိုင်၏ ....

(တရုတ်စကားပုံ)





BURMESE CLASSIC .com

"ငါတို့ စစ်သူကြီး မလာသေးဘူးလား"

" No...."

ကျော်သက်အမေးကို ကျန်တဲ့လူများက ပြိုင်တူဖြေလိုက်ကြလေ၏။ ဒီကောင် ဘာကြောင့် နောက်ကျသလဲဟု အတွေးတွေ ဆပ်တူကျတွေးနေမည်မှာ အမှန် ...ဒီကောင်က သူတို့ Major မှာ Star ကို ... ဘက်စုံတော်သလို ဒီကောင့်ကို အားအကိုးရဆုံးက ကောင်မလေးလှတပတဘွေကို ဂွင်ဖန်ပေးခြင်းပါပဲ ...သူ ဖန်တီးပေးသမျှ အတွဲတွေ တစ်ခါမှ အဆင်မပြေဖူးတာမရှိ ...ဒါကြောင့်လည်း ဒီကောင့်ကို Physics ရဲ့ မြားနတ်မောင်လို့ အမည်ပေးထားကြတာလေ ... ကိုယ်တိုင် King ဘွဲ့ရထားပါလျက် ဘယ်တော့မဆို Smart ကျကျရှိုးမထုတ်ဘဲ ကဗျာတွေ သီချင်းတွေကိုသာ စိတ်ဝင်စားမြဲ ...



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးဆန်းဆန်းလေးတွေ ထွင်ပြောတတ်တာမို့ သူ့ကို စိတ်ဝင်စားနေတဲ့ ကောင်မလေးတွေဆိုတာ ဒုနဲ့ဒေး ...ဒါ့ကြောင့်ကိုတောင်. သင်းက လုံးဝ စိတ်မဝင်စားပါတဲ့ ...ပြောလိုက်ရင် လေကြီးမိုးကြီးနဲ့မို့ အမြင်ကပ်ချဉ်ဖတ်ဖြစ်ကြသော်လည်း မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုများတောင်းခဲ့လေသလားမသိ။ လူချစ်လူခင်ပေါတဲ့ ကိုကိုတစ်ယောက်ဖြစ်နေတာကိုး ...။

"ဟော ..."

လာပါပြီ Style ကျကျ ပုဆိုး'မ' ပြီးလျှောက်တဲ့ သူ့ဝသီအတိုင်း မျက်မှန်ကိုပင့် မျက်နှာဝင့်ပြီး လျှောက်လာတာကို သူငယ်ချင်း တစ်အုပ်စုလုံးက မြင်လိုက်ပါ၏။ Canteen ထဲမှ တစ်အုပ်စုလုံးကို လက်လှမ်းပြလိုက်ရင်း လမ်းမကို ဖြတ်ကူးစဉ် နောက်ဆုံးပေါ် ကားသစ်တစ်စီးက သူ့ကို တိုက်မလိုဖြစ်သွားလေသည်။

"ဟာ ..."

"ကျွီ ..."

သူက သတိရှိသူ ပီပီ နောက်သို့ ဖျတ်ခနဲ ခုန်၍ဆုတ်လိုက်သော်လည်း တဲ့တဲ့လေးသာရှိသည် ကျားသစ် ညီနောင်က သူ့ကို တာ့တာပြသွားချေပြီ။ သေပဟဲ့ လူမသေဘဲ ဖိနပ်ပြုတ်ပြီး အရှက်ကွဲရတယ်လို့ စိတ်ထဲမှာ ခုတုတုဖြစ်သွားရပြီး ကားနက်လေး၏ အဖုံးပေါ် လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်ချကာ ဘုကျကျ အပြောက နံနက်ခင်းအလင်းနှင့်အပြိုင်ထွက်ကျလာလေသည်။

"ဒီမှာ ကားမောင်းတာ အိုလံပစ် ပြေးလမ်းက ကားပြိုင်ပွဲမောင်းသလိုများထင်ပြီး မောင်းရလား ..."





ကားဘေးတံခါးက အပေါ်သို့ ထောင်ပြီး ငှက်တောင်ပံဖြန့်သလို ပွင့်သွားတာမို့ သူ နည်းနည်းရှိန်သွားရ၏။ ကားပေါ်မှ ဆင်းလာသည့် နှာမြင့် ဒေါက်ချွန်နှင့် ခြေထောက်ဖြူဖြူ ပြီးမှ ထွက်လာသည့် လိမ္မော်ရောင်ကောင်မလေး ...အားပါးပါး လှလိုက်တာမှ စက်စက်ယိုအောင်ပါပဲလား ...အရပ်ကြီး ဒီလောက်မိုးထိုးနေတာတောင် ဒေါက်မြင့်ကစီးရဲသေး ...ဒါ သူတို့ယောကျ်ားလေးတွေကို Challenge ခေါ်နည်းတစ်မျိုးပါပဲ ...ဒေါသကို တင်းထားပြီးမှ မိန်းကလေးမို့ သူလျှော့လိုက်မိရင် ဘော်ဒါတွေရဲ့ လှောင်လုံးထဲ ကွက်တိဝင်သွားနိုင်တာမို့ မျက်မှောင်ကို ဖျတ်ခနဲ ကျုံ့ထားလိုက်ပါ၏။

"ဒီမယ် အမိ ...ပွတ်မိရင် ငါးပုလင်း၊ ပွန်းသွားရင် ငါးပုံး၊ ကျိုးသွားရင် ပုံးငါးဆယ်ဆိုတာ နည်းနည်းမှ မကြားမိဘူးလားကွ"

ကောင်မလေး၏ မျက်နှာ လှလှလေးထက် မဲ့ပြုံးတစ်ခုပေါ်လာလေ၏။ တောင်းပန်ဖို့နေနေသာသာ ထိမထင်ဟန်က အပြည့်ပါလား။

"အသေတိုက်လိုက်ရင်ရော ..."

"ဘာကွ ..."

"အသေတိုက်လိုက်ရင်တော့ ယူအလျော်တောင်းဖို့ မလိုတော့ဘူး မဟုတ်လား ဓေယျမင်းဒင်ရဲ့ ..."

ရယ်သံတွေ ဝေါခနဲ ထွက်လာလေ၏ ကြည့်စမ်း ဒီကောင်မလေးက သူ့ နာမည်ကို သိနေတာပါလား ...အံ့သြစရာပဲ ...ကျောင်းထဲမှာ သူတို့အုပ်စုလောက် လည်တာသူတို့ပဲ ...ဘယ် Major က ဘယ်ချော ချောလှလှကျောင်းသူမဆို မသိတာ မရှိအောင် ဂျင်ဂျင်လည်လွန်းလှပါလျက် ဒီကောင်မလေးကျမှ တစ်ခါမျှ မမြင်ဖူးပါပဲ သူ့ အခွပ်ခံရ

ရွှေသမင်စာပေ

www.burmeseclassic.com



ပြီကိုး ...။

"အမိက ကျုပ်ကို သိသိကြီးနဲ့ တမင်ဝင်ကျူးတာပေါ့လေ ..."

"ဟုတ်တယ် တိုက်ဆိုင်သွားတာက နံပါတ် (၁)၊ သေစေချင်တာက နံပါတ် (၂) လေ ..."

"ဒါဆို အမိလုပ်ရပ်က ပုဒ်မ (၃၀၂) နားကပ်နေတာ အမှန်ပဲ..."

"အလှည့်ဆိုတာ ရှိတယ်လေ ဖေယျမင်းဒင်ရဲ့ ယူလုပ်ခဲ့တဲ့ ပြစ်မှုကို ဒီဘဝမှာ ပြန်ပေးရမှာပဲပေါ့ ... ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ် ..."

ဟိုက်... လာကတည်းက အချိုကြီးပါလား ...

သူနားမလည်သည့် စကားတွေကို ပြောနေပုံက အပိုင်ပါပဲ ...ဒီကောင်မလေးတော့ သူ့ကို သက်သက်ဂွင်ဆင်နေတာပဲ ထင်ပါရဲ့ ...။

"ယူ့ကို ခင်မင်လိုစိတ်နဲ့ ဂွင်ဆင်နေတယ်လို့တော့ မယူဆလိုက်နဲ့ ဖေယျမင်းဒင် ...တို့က ယူတွေ့ဖူးတဲ့ မိန်းမတွေထဲမှာ လုံးဝမပါဘူး အဲဒါကို ယူ မှတ်ထားလိုက် ..."

အလိုလေး ...သူ့အတွေးတွေထဲအထိ လိုက်မြင်နေတာတော့ မဟုတ်သေးပါဘူး။ ဒီကောင်မလေးဆီမှာ တစ်ခုခုတော့ ထူးခြားမှုရှိနေပါပြီ... Talepathy နည်းတွေ ဘာတွေများ တတ်မြောက်ထားသလား မသိ ...ဆန်းကို ဆန်းကြယ်နေတာ အမှန်ပါပဲ ...။

"မင်း ဘယ်ဂြိုဟ်က ဆင်းလာတာလဲ အမိ ... ငါနားမလည်တဲ့ ဘာသာရပ်တွေ လာရွှတ်ပြမနေနဲ့ ... အခု လောလောဆယ် ငါ့ဖိနပ် ပြတ်သွားတဲ့ ကိစ္စကို အရင်ရှင်းပေးဦး ..."

ကောင်မလေးက ဟန်ပါပါဖြင့် ပခုံးတွန့်ပြကာ တစ်ချက်မျှ ရယ်





လိုက်လေ၏။ ခွက်ခနဲ ချိုင့်ဝင်သွားသည့် ပါးချိုင့်လေးကို မြင်လိုက်ရစဉ် စက္ကန့်ပိုင်းမျှ သူ အငိုက်မိသွားရလေသည်။ အမယ်မင်း အလှတွေ တစ်ခုပြီးတစ်ခု ထုတ်ပြီး စိမ်ခေါ်နေရော့သလား မယ်မဒီရယ် ...

"ယူ့ တို့ကားကို လိုက်စီးဖို့များ ကြံစည်နေလား ဖေယျမင်းဒင်"

"ဘာကွ"

"ဟုတ်တယ်လေ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ဘာ ဖိနပ်ဆိုင်မှ မရှိတာဘဲ ..ယူ့ကို အလျော်ပြန်ပေးဖို့ဆိုရင် ဝင်းအပြင်ကို ထွက်ရမယ်။ မြန်မြန်ရောက်ချင်ရင် ကားနဲ့သွားမှ ဖြစ်မှာလေ ...ဒီတော့ တို့ကားကို ယူလိုက်စီးမှ ဖြစ်မယ် ...ဒါပဲ မဟုတ်လား"

"ဒီမှာ အမိ ...ငါ့မျက်နှာကို သေချာကြည့်ထား ငါဆိုတဲ့ကောင်က ဘယ်မိန်းမ တစ်ယောက်ရဲ့ အမှီအခိုနဲ့မှ ရပ်တည်မယ့်ကောင်မျိုး မဟုတ်ဘူး ...မင်း အတော်ညံ့ဖျင်းတဲ့ မိန်းကလေးပါလား။ လူတစ်ယောက်ကို မြင်ရုံလေးနဲ့ အထင်သေးတတ်တာ မင်းရဲ့ အားနည်းချက်ပဲထင်ပါရဲ့ ..."

"ဟင်းဟင်း ...သေချာရဲ့လား ဖေယျမင်းဒင် စကားကို လွယ်လွယ်နဲ့ မပြောရဘူး ယူရဲ့...ယူက ယူ့ကိုယ်ယူ သိပ်ပြီး Conceit ဖြစ်လွန်းတယ် ... ဒီလောကကြီးမှာ ယူ မသိသေးတဲ့ အရာတွေ အများကြီး ရှိနေသေးတာကို မေ့မထားနဲ့ အခု တို့ Class ချိန်နီးနေလို့ ယူ့ကို ဖိနပ်လိုက်မဝယ်ပေးနိုင်ဘူး ...ယူ စီးချင်ရင် တို့ဖိနပ်ကိုပဲ စီးပြီးသွားဟုတ်ပြီလား ..."

ကဲ သူ ဘာမှ ပြန်မပြောရသေးခင် ကောင်မလေးက သူ့ရှေ့မှာ ဒေါက်ဖိနပ်ကို ချွတ်ပေးခဲ့ပြီး ကားပေါ် တက် မောင်းထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ဖိနပ်အနက်ရောင်လေးက သူ့ကို ဟားတိုက်လှောင်ရယ်နေသလို ကျန်ရစ်ခဲ့တာမို့ ရင်ထဲမှာ အောင့်သက်သက် ...သူ ပထမဦးဆုံး ဖိနပ်ပြတ်ကို စီစီရီရီလေး ချွတ်လိုက်၏။ ဒုတိယ သူမ ဖိနပ်ကို ကောက်ကိုင်လိုက်စဉ် မိန်းကလေးတွေ၏ ရယ်သံတွေပါ ထွက်လာတော့သည်။ မတတ်နိုင်ပါဘူး ...မျက်နှာကို ပြောင်နိုင်မှဘဲ အရှက်ကွဲရ သက်သာတော့မှာလေ ...။

"တို့ Cupid တော့ ဒီတစ်ခါ ခံလိုက်ရပြီဟေ့ ..."

သူငယ်ချင်းတွေ၏ စနောက်သံကို ခပ်ပြုံးပြုံးခံယူ၍ လွယ်အိတ်ထဲမှ အမြဲထည့်လာသည့် လျှောက်လွှာနှစ်ရွက်ဖြင့် ဖိနပ်ကို ထုပ်လိုက်ကာ ခုံမှာ ဝင်ထိုင်လိုက်၏။

"ဒီလောက်လေးနဲ့ ခံလိုက်ရရင် ငါ့ရာဇဝင်ရိုင်းသွားရမှာပေါ့ ဝေထွန်းရဲ့ ...ပါးပါးလေးပါ ..."

"မသိပါဘူး ...ငါတို့က မင်း အသည်းပေါက်သွားပြီ ထင်နေတာ"

"ငွေကြေးအရ ပြန်ဆန်းစစ်ကြည့်ရင် ငါ့ဖိနပ်က ငါးထောင်တောင်မရှိဘူး ...သူ့ဖိနပ်က သောင်းကျော် ဒီတော့ ငါမြတ်တယ် ... နောက်ပြီးတော့ မိန်းမလှလေးတစ်ယောက်ရဲ့ ဖိနပ်နံပါတ်ကိုလည်း မထင်မှတ်ဘဲ သိခွင့်ရသွားတာမို့ ငါ အရှုံးမရှိဘူး ..."

"နံပါတ်က ဘယ်လောက်လဲ ..."

"၃၆"

"မင်းအသည်း သုံးချက်မပေါက်ဖို့ သတိထားဦး"

သူ... ခေါင်းညိတ်လိုက်ပါ၏။ ဒါ.. ဒီကောင်တွေ အမြဲသတိပေးပေးနေတဲ့ ထုံးစံကိုး။ ဘပဲ့ကောင်မလေးတွေ ဘယ်လိုပဲ ချဉ်းကပ်လာ





ပါစေ သူ ခံသွားရမှာစိုးရိမ်ပြီး အမြဲတမ်း သူ့ကို သတိပေးတတ်ကြတာလေ။

"ကောင်မလေးက တော်တော်တော့လှတာ သေချာတယ်"

"ဟုတ်တယ် ...မာယာတွေ အပြည့်နဲ့ လျှို့ဝှက်သိပ်သည်းနေတာလည်း အမှန်ပဲ ..."

"မင်း ဘယ်လိုထင်လဲ"

"ဘယ်လိုမှ မထင်ဘူး ..."

"ဒီဟာလေးအကြောင်း စုံစမ်းဖို့တော့ လိုနေပြီမဟုတ်လား"

"မလိုပါဘူး ...ဒီတစ်ပတ်အတွင်း ငါရှိနေတဲ့ နေရာကို သူထပ်ရောက်လာလိမ့်မယ် ...အဲဒါ အသေအချာပဲ ..."

"ပိုင်လှချည်လား ဘယ်လိုများ ညှို့ယူဖမ်းစားလိုက်သလဲ ဧေ့ယျ"

"ငါ ဘာမှ မလုပ်ပါဘူး ...သူကသာ စိန်ခေါ်ပြီး ဝင်လာတာပါ..."

"ဟော ..."

သူငယ်ချင်းလေးယောက်စလုံး အာမေဍိတ်သံပြိုင်တူ ထွက်လာလေ၏။ သူက ခဲရောင်ဘောပင်နှင့် မှတ်စုစာအုပ်ကို ထုတ်လျက် စာကြောင်းတွေ ချရေးလိုက်မိပါသည်။

*<u>'သူရဲကောင်း' ဆိုတာတွေ ရှိမနေရင် 'တိုက်ပွဲ' ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး ..အနိုင်နဲ့အရှုံးကို အချိန်က သက်သေထူသွားမှာပါလေ။</u>*

"ဘာလဲကွာ ...ငါတို့က ကဗျာလားလို့ ..."

"ဘာကိစ္စ ကဗျာရေးရမှာလဲ ..."

"မသိဘူးလေ ...မင်းပဲ ကောင်မလေး လှတာပတာတွေ တွေ့တိုင်း ကဗျာစပ်နေကျကိုး ..."



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးရုံသာ ပြုံးဖြစ်၏။ အငြိမ်မနေနိုင်သည့်လက်က ကောင်လေးတွေ အကူအညီတောင်းတိုင်း ရည်းစားစာလိုလို ကဗျာလိုလို အတိုအစလေးတွေ ချရေးပေးလေ့ရှိတာမို့ သူ့ကို မြားနတ်မောင်လို့ အမည်ပေးထားကြတာကိုး ...။

"သူက ကဗျာစပ်ရလောက်အောင် မသိမ်မွေ့ဘူး ထွန်းနိုင်စိုးရ"

"ဟင် ...မသိဘူးလေ ...ငါ့အထင်မင်းတော့ ကြွေသွားပြီလို့ ထင်နေတာ ..."

ထွန်းနေစိုးက သင်း ဝသီအတိုင်း စကားကို 'မသိဘူးလေ' ဖြင့် အမြဲစပြောလေ့ရှိ၏။ အားလုံးထဲမှာ အအေးဆုံးနှင့် စကားအနည်းဆုံးက ကျော်သူစိုးပါပဲ ...သူပြောသမျှတွေကို ထိုင်ရယ်ဖို့ သူရေးသမျှတွေကို ဖတ်ကြည့်ဖို့သာ တတ်သည်လေ ...။

"ဒီနေ့ မင်းခြေဗလာနဲ့ ကျောင်းတက်မလို့လား ..."

"ငါ ပြန်မှာပါ ..."

"ဒေါ်လေးတော့ ဆူတော့မှာပဲ ..."

"အင်း ကောင်မလေး တစ်ယောက်ကြောင့် ကျောင်းတစ်ရက်ပျက်တာ ဆူရင်လည်းခံရုံပဲ ..."

"မင်းကိုတော့ ကိုကို့ထက် ပိုချစ်ပါတယ်ကွာ ..."

"ဒါကတော့ ငါက ကိုကို့ထက် ငါးနှစ်ကျော်တောင်ငယ်တာကိုး ...ကဲ ..ဒီနေ့ ငါ့ Roll Call ကို ထိုးလို့ရလည်းရ ...မရလည်း နေပါစေတော့ ...ငါပြန်ပြီ"

သူကားမှတ်တိုင်သို့ ခြေဗလာဖြင့် လျှောက်လာခဲ့၏။ ဖိနပ်ဆိုင်မှာ ဖိနပ်ဝင်ဝယ်ရင်း သူမ ဖိနပ်အမျိုးအစားဈေးနှုန်းကို ဖတ်ကြည့်တော့





ကျောတွန့်သွားရလေသည်။ အမလေး (၂၈) နောက်မှာ သုည သုံးလုံးတောင်မှ ပါလား။ ဝေထွန်းပြောတုန်းက သုံးဆယ့်ခြောက်မှာ မင်းအသည်းသုံးချက်မပေါက်စေနဲ့တဲ့ ...ဒါဖြင့် နှစ်ဆယ့်ရှစ်ဆိုတော့ ငါ့ဆက်ချစ်လို့ရမလား ဝေထွန်းရာ ...အတွေးဖြင့် မျက်နှာက ပြုံးစိစိဖြစ်သွားရလေ၏။

လမ်းထဲကို ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ကာ ခြံကျယ်ကြီးရှေ့ သူရပ်လိုက်တော့ ခြံစောင့် ဦးလေးဖြိုးက တံခါးကို အပြေးဖွင့်ပေးလေသည်။

"လူလေး ...ကျောင်းမတက်ဘူးလား ...နေမကောင်းလို့ ပြန်လာတာလား ..."

"အား ...မတက်ချင်လို့ ပြန်လာတာပါဗျာ ...."

ခြံထဲမဝင်ရသေးခင် မေးခွန်းတွေက စဖြေရပြီ ... အဲဒါတွေကို မနှစ်မြို့တာပဲ ...လူကို သမီးမိန်းကလေး မွေးထားသလို ဂရုတစိုက်ရှိလွန်း၍ သူကျောင်းတက်ရက်တွေမှာပဲ ပျော်တတ်တာလေ ... စနေ၊ တနင်္ဂနွေနေ့တွေဆို ဝေထွန်းတို့ အဆောင်မှာ တစ်နေကုန်နေချင်နေ မနေရင် မြို့ထဲ လိမ့်ချင်တိုင်းလိမ့်နေတတ်တာ သူ့အလုပ်ပါပဲ။

အိမ်မှာဆို ကိုကိုနှင့် ဖေဖေက သူတို့အလုပ်နှင့် သူတို့ လုံးလည်လိုက်နေပြီး မာတာမိခင်က အိမ်မှာ အုပ်ချုပ်ရုံမက သူ့ကို မျက်လုံးဒေါက်ထောက်ပြီး စောင့်ကြည့်နေတာလေ ..အများအမြင်မှာ ဂရုစိုက်သလို ရှိသော်လည်း လူငယ်ဖြစ်သည့် သူ့အတွက်တော့ အတော်လေးစိတ်အိုက်ရသည်သာ ...ဟုတ်တယ်လေ ....Physics နောက်ဆုံးနှစ်ကျောင်းသားတစ်ယောက်ကို မွေးကင်းစ ပုတူတူးလေးလို အစစအရာ



www.burmeseclassic.com

www.burmeseclassic.com



ရာ ဂရုစိုက်စရာလိုလို့လား ...ဒ်လိုတော့ အထွန့် မတက်ရဲပါချေ။ ဘာကြောင့်လဲဆိုတော့ သူ ကလန်ကဆန်လုပ်မိတဲ့အခါတိုင်း မေမေ့ နှလုံးရောဂါက ပြန်ထတတ်သည်ကိုး ...

"မေ့သားလေး ပြန်လာတယ် ဘာဖြစ်လို့လဲ သား ...၊ မှန်း နေမကောင်းဖြစ်လို့များလား"

အိမ်ထဲ ဝင်ဝင်ချင်း မေမေ့လက်ဖမိုးက သူ့နဖူး ထက်ကျလာပါ၏။ အင်း ...ရောဂါသည်ကပဲ ပြန်ပြီးစိုးရိမ်နေရတယ်လို့ ...။

"အခုမှ တကယ်ဖျားချင်လာပြီ ..."

"ဟယ် သီသီတို့ ရီရီတို့ ဘာလုပ်နေကြလဲ ... မြန်မြန်လာစမ်း ဒီမှာ ငါ့သားလေး ဖျားနေပြီ ဆရာဝန်ဆီ Phone ဆက်ခေါ် ..."

"ဘာမှ မဖြစ်ပါဘူး မေမေရာ ..."

အတွင်းဘက်မှ အမွှာညီအစ်မနှစ်ယောက် အပြေးထွက်လာပါ၏။ သူ စိတ်ညစ်ညစ်ဖြင့် ရယ်ချလိုက်မိတော့သည်။

"မေမေကြီး ဒေါက်တာ ခွာဖြူပွင့်ကိုလား ဒေါက်တာ ကံမြင့်ကိုလားရှင့် ..."

"ဟဲ့ ဒေါက်တာ ခွာဖြူပွင့်က ငါ့အတွက် အထူးလေ ...ဒေါက်တာ ကံမြင့်ကိုခေါ် မှပေါ့ ..."

"ဟုတ်ကဲ့ရှင့် ..."

"မခေါ်နဲ့ သီသီ ...ငါ ဘာမှ မဖြစ်ဘူး ..."

"သမီးက ရီရီပါ အစ်ကိုလေးရဲ့ ..."

ကဲ ! အဲဒီလို မှတ်ဉာဏ်ကောင်းတာလေ ...ဒီအမွှာနှစ်ယောက် (၁၀) နှစ် သမီးကတည်းက သူတို့အိမ်ရောက်တာ အခုဆို သုံးနှစ်ရှိနေ





ပြီ ...ဒါပေမယ့် ဒီနှစ်ယောက်ကို သူ တစ်ယောက်ပဲ အကြီးအငယ်မခွဲ တတ်သေးတာလေ ...။

"အေး ...အငယ်မ ... Phone မဆက်နဲ့တော့ ...မလိုဘူး"

"ဟဲ့ ငါ့သားလွယ်အိတ်က ဖောင်းနေပါလား ဘာတွေထည့်လာတာလဲ သား ..."

ဟိုက် ! အဲဒါကမှ ပြဿနာ ဟိုကောင်မလေး ဖိနပ်ကိုတော့ မေမေတွေ့တော့မှာပဲ ...။

"ဘာ ဘာမှ မဟုတ်ပါဘူး မေမေ ..."

"သားလေးနော် မေမေ စိတ်ပူအောင်လုပ်ပြန်ပြီလား ဘာလဲဆိုတာပြမှပေါ့ ..."

"မဟုတ်ပါဘူး မေမေရယ် ..."

သူက ငြင်းလည်းငြင်း လွယ်အိတ်ကိုလည်း ဆွဲရာ မေမေက သူ့လွယ်အိတ်ကို ပြန်လု၍ အတွင်းသို့ လက်နှိုက်လိုက်ပါ၏။ သွားပါပြီ ဒုက္ခပါပဲ ...။

"ဘာကြီးတုန်း ဟင်! မိန်းကလေး ဖိနပ်ကြီးပါလား မေ့ သား လေး ဘာတွေ လျှောက်လုပ်လာတာလဲ ..."

"ဟို ...ဟို ...သူငယ်ချင်း ဖိနပ်ပါ မေမေ ..."

"သူငယ်ချင်း ဖိနပ်ဆိုတော့ မိန်းကလေးပေါ့ ... သားသူငယ်ချင်းတွေက မိန်းကလေးတွေ မဟုတ်ဘဲနဲ့များ ဘယ်လိုဖြစ်ပြီး မိန်းကလေး ဖိနပ်က သားလွယ်အိတ်ထဲပါလာရတာလဲ ..."

ကျွတ်! ပြဿနာပဲ ...။

"သားလေးနော် မေမေ ဘာပြောထားလဲ ရည်းစားထားမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီ အရင်ဆုံးခေါ်လာပြရမယ်လို့ အစောကြီးကတည်းက ပြောထားပါလျက်နဲ့ ...”

“အဲဒါ ကျွန်တော့်ကောင်မလေးရဲ့ ဖိနပ်ပဲ မေမေရဲ့ ...”

“ဘယ်လို”

“သူ့ကို အိမ်လည်ခေါ်တာကို မလိုက်ချင်ဘူးဆိုတာနဲ့ သူ့ဖိနပ် ကို ယူလာခဲ့တာ”

“ဟဲ့ သူ ဖိနပ်မပါဘဲ ကျန်ခဲ့တာပေါ့ ဟုတ်လား”

“ဘယ်ကလာ ...သူ့ကားပေါ် သူ တက်မောင်းသွားတာပေါ့ မေမေရ ...”

“ဩော် ...နာမည်ကရော ...”

“ချစ်ချစ် ...”

“ဟဲ့ ....”

“ကျွန်တော်က ချစ်စနိုးနဲ့ ချစ်ချစ်လို့ပဲခေါ်တာပါ ...တော်ပြီ ကျွန်တော် ဗိုက်ဆာလာပြီ မေမေ ...”

“ဟုတ်သားပဲ မေ့သားလေး ဆာလောက်ပြီပေါ့ ...ဟဲ့ မအေးမြိုင်ရေ ...”

မေမေက ပြောပြောဆိုဆို မီးဖိုခန်းဘက်ဝင်သွားလေ၏။ သူလှေကားမှတစ်ဆင့် အိမ်ပေါ်သို့ အပြေးတက်ကာ အိပ်ခန်းထဲဝင်ခဲ့ရလေသည်။ တော်ပါသေးရဲ့ အကြောင်းပြချက်မှန်သွားလို့ သက်သာသွားတာ ...ဖိနပ်လေးကို သူ့ဖိနပ်ဘူးလွတ်ထဲမှာ အသာထည့်လိုက်ပြီး တိတ်တခိုးလေးပြုံးလိုက်မိ၏။ Cindrella က သန်းခေါင်ယံချိန်မှာ ရွှေရောင် ဖိနပ်လေးတစ်ဖက်ကို မင်းသားလေးထံမှာ ထားခဲ့ပေးတာပါ။ အခု





သူ့အဖြစ်က ဒီနေ့မနက် (၉) နာရီအချိန်မှာ လူအများရှေ့ ဖိနပ်တစ်ရုံလုံးလုံးထားပေးခဲ့ရတယ်လို့ ...မင်း ဘယ်လို မိန်းကလေးပါလဲ ကောင်မလေးရယ် ...။

“ဒေါက် ...ဒေါက် ...”

“အစ်ကိုလေး ...ထမင်းပွဲပြင်ပြီးပါပြီရှင့် ...”

“လာပြီဟေ့ ...”

မေမေခေါ်ရင် ချက်ချင်းဆင်းရမှာမို့ သူ အိမ်ပေါ်မှ မြန်မြန်ပင် ဆင်းလာခဲ့၏။ မေမေက အပြုံးမျက်နှာဖြင့် တမင်းဝိုင်းမှာ အဆင်သင့်စောင့်နေလေပြီ။

“ထိုင် မေ့သားလေး။ ဒီမှာ သားအကြိုက် ပုစွန်တုပ်ဆီပြန်၊ ငါးခြောက်ထောင်းကြော်၊ သရက်ချဉ်သုပ်၊ ပဲဟင်းချို၊ ငါးကြော်နှပ်။ မေမေ အရိုးနှင်ပေးမယ်နော်”

“နေပါစေ ...မေမေရယ် ကျွန်တော် စားတတ်ပါတယ် ...”

စိတ်ထဲမှာ ဝေလွန်းတို့ အဆောင်မှာ ငါးပိရည်နှင့် တို့စရာကို ပြေးမြင်မိ၏။ ဟင်းကောင်းမစားရပေမယ့် အဲဒီလို အတို့အမြုပ်လေး နှင့် သူ ထမင်းမြိန်တာ မေမေ သိရင်တော့ ရင်ဘတ်စည်တီးဖြစ်မှာ မလွဲ။ သွေးတိုးမှာစိုး၍ အငန်ဆို လုံးဝမချက်သလောက်ဖြစ်နေသည့် အိမ်မှဟင်းတွေကို သူ ညည်းငြူနေတာများ သိရင်ဖြင့် မလွယ်ပေ။ ကလေးပေါက်စလေးကို ထမင်းကျွေးနေသလို နံဘေးမှာ တယုတယဖြင့် အရိုးနှင်ပေးလျက် မေမေက စကားစလေ၏။

“သား ကောင်မလေးက လှလား”

“မှုန်နေအောင်ချောတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းချောနေရင် စိတ်ချရပ့ါမလား သားရဲ့ ..."

"သူ ကျွန်တော့်ကို ချစ်ဖို့က အဓိက မဟုတ်လား မေမေရဲ့"

"အင်းလေ ...ဟုတ်ပါတယ် ဒေါက်မြင့်စီးတာဆိုတော့ အရပ်က ပုလို့လား ..."

"ရှည်ပ့ါမေမေ ...မရှိဘူး ဆိုရင်တောင် ၅ ပေ ၈ လက်မတော့ ရှိမှာ ..."

"ကော်တော်မြင့်တာပဲ သားနဲ့ Major တူလား"

"မတူဘူး မေမေ ... Science ကတော့ သေချာတယ် ...အတိအကျတော့ မသိသေးဘူး ..."

"ဟင် ဒါနဲ့များ သားရဲ့ ကောင်မလေးဆို ..."

"ဟင်း ဟင်း ကျွန်တော်က သဘောကျရုံပဲရှိပါသေးတယ် မေမေရ ...ဘာမှ မလှုပ်ရှားရသေးပါဘူး။ အခု သူ့ဖိနပ်ကိုက အလျော်ပေး တဲ့ အနေနဲ့ ကျွန်တော့်ကို ပေးသွားတာ"

"သားတို့က ဘာတွေများ အလောင်းအစားလုပ်ထားလို့လဲ"

"မလုပ်ပါဘူး ... သူ့ကားနဲ့ ဝင်တိုက်မလိုဖြစ်ပြီး ကျွန်တော့် ဖိနပ် ပြုတ်သွားရတာပဲ ...အဲဒီမှာ စတွေ့တာပေါ့ ..."

"ဟင် ...ပြောတော့ဖြင့် မနက်ဖြန် သန်ဘက်ခါပဲ အိမ်ကိုခေါ်လာမယ့်ပုံ ...မေ့သားလေးကတော့လေ ...."

မေမေက ကျေနပ်စွာပြုံးလိုက်လေ၏။ ညရောက်တော့ အိပ်ခန်းထဲမှာ တစ်ယောက်တည်း အတွေးလွန်နေမိသည်။ အာရုံမှာပေါ်လာသည့် မျက်နှာနုနု လိမ္မော်သွေးရောင် နှုတ်ခမ်းထက်မှ မဲ့ပြုံ၊ Three step ဆံပင်ရှည်ရှည်ဖြောင့်စင်းစင်းလေးတွေ အားလုံး အားလုံး အပြစ်





ပြောစရာမရှိအောင် လှလွန်းနေပါ၏။

ကိုယ်နဲ့ ဘာပတ်သက်မှုများရှိနေလို့လဲ ကောင်မလေးရယ် မင်း မျက်လုံးလဲ့လှလေးတွေက ကိုယ့်ကို စိမ်ခေါ်နေသလို အရောင်တွေ လက်ဖြာနေတာ မျက်မြင်ကိုယ်တွေ့ပါပဲ ...အလှည့်ဆိုတာ ရှိတယ်တဲ့ ကိုယ်လုပ်ခဲ့တဲ့ အဖြစ်ရယ်လို့ ဒီနေ့အထိ ရှိမနေတာ အမှန်ပါ ...ဒီတော့ ကိုယ် ဘာကိုများ ပေးဆပ်ရမှာတဲ့လဲ ...။

သက်ပြင်းကို ကျိတ်ရှိုက်လိုက်ပြီး လျှောက်လွှာတစ်ရွက်ကို လှမ်းယူကာ ရေးချလိုက်မိ၏။ မင်းနဲ့ ပတ်သက်ပြီး ကိုယ့်မှာ ကဗျာတစ်ပုဒ် ရှိသွားပြီနော် ...ပြီးတော့ ဘယ်အခါမှ ပြန်ယူမယ်မှန်းမသိတဲ့ ဒေါက်မြင့် တစ်ရုံနဲ့ ဘာမှန်းမသိသေးတဲ့ မျှော်လင့်ခြင်းတစ်ခုပါပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာ

အမည့်မည့် ခပ်မြမြနှင့်
မထိတထိ မင်းအကြည့်က
မဂ္ဂတဂ္ဂ ကိုယ့်အသည်းကို
ဂင်ကျွဲပက်လက် ဟက်တက်ခွဲဖို့
ဂဲဂဲဂင်ဂင့် မာနလျှင့်ပြီး
စိန်ခေါ်လိုက်လေသလား၊ မေ.....





"မေ့သားလေး (၇) နာရီခွဲနေပြီ မထသေးဘူးလား။ သား ဖေဖေနဲ့ ကိုကို breakfast စားဖို့ အဆင်သင့်စောင့်နေပြီလေ ..."

အရဏ်တက်နေက မျက်နှာပေါ်သို့ ဖြာကျလာ၏။ ချက်စိကို မဖွင့်ချင်ပါပဲ ဖွင့်လိုက်စဉ် မေမေက သူ့ကဗျာစာရွက်ကို ဖတ်နေလေသည်။

"မေမေနော် ...အဲဒါ ဘာလုပ်တာလဲ ..."

"မေ့သားလေး ညက ညဥ့်နက်သွားတယ် ထင်တယ် ...ကဗျာ အရှည်ကြီး စပ်လိုက်ရလို့လေ ..."

မေမေက သူ့ကို ချစ်စနိုး စလိုက်ပြီး နှာခေါင်းကိုလည်း ဆွဲလိုက်ပြန်ပါသည်။ သူက ဖက်လုံးကို ဖက်ထားလျက် အပျင်းတက်နေချင်သေးသော်လည်း မေမေ သူ့စာရွက်တွေကို ထပ်မွှေနေမည်စိုး၍ ထထိုင်လိုက်ရ၏။

"မနက်တိုင်း နှိုးရတဲ့ အလုပ်က ဘယ်တော့ကျွတ်ပါ့မလဲနော်"

"ကျွန်တော် မိန်းမယူတော့ မေမေ duty ချိန်းလိုက်ရုံပါဗျာ"

"အပြောကတော့ ကြီးတုန်းပဲနော် အခုပဲ Final ရောက်နေပြီ ...ဘယ်မှာလဲ သားယူမယ့် မိန်းကလေး..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကိုသာ အရင်ဆုံး ရှာပေးပါ မေမေရာ ..."

"သား ကိုကိုက မိဘ စကားကို နာခံတဲ့ကလေးလေ ...ပြောစရာ ဘာမှမရှိဘူး ...အချိန်တန်သင့်တော်မယ့် တစ်ယောက်နဲ့ ပေးစားလိုက်ရုံပဲ ...မေ့သားလေးကသာ သားစိတ်တိုင်းကျ ရှာမယ်ပြောထားလို့ ခွင့်ပြုထားတာနော် ..."

သူတစ်ချက်မျှရယ်လိုက်ပြီး bath room ထဲ ဝင်ခဲ့၏။ သူ အိပ်ခဲ့သည့် အိပ်ရာကို မေမေက ရှင်းပေးနေလောက်ပြီ တခြားအခန်းတွေကိုသာ အိမ်က ကောင်မလေးတွေကို ရှင်းခိုင်းပေမဲ့ သူနဲ့ပတ်သက်တဲ့ အရာမှန်သမျှကိုတော့ မေမေ ကိုယ်တိုင် လုပ်ပေးရမှ ကျေနပ်သည် လေ။ ရေချိုးအဝတ်အစားလဲ၍ ဆင်းလာတော့ ထမင်းစားခန်းမှာ ထိုင်နေသည့် ဖေဖေက သူတို့သားအမိကို မျက်စောင်းခဲလိုက်လေ၏။

"မင်းရဲ့သားအသက် (၂၀) ကျော်နေပြီ ဒေါ်မြတ်နိုးခင် အစစအရာရာ အခုချိန်ထိ လိုက်လုပ်ဖို့ မလိုဘူး ဒါကြောင့် ဒီကောင် အပျင်းကြီးနေတာ ..."

"ကျွန်မ မွေးထားတဲ့ သားကို ချစ်လို့ လိုက်လုပ်ပေးနေတာ မနာလို မရှိပါနဲ့ ဦးမင်းဒင် ရှင့်အပူတစ်ပြားမှ မပါပါဘူး ..."

"ငါက မင်းရဲ့ ကျန်းမာရေးကို ငဲ့ပြီး ပြောနေတာကွ မင်းလုပ်နေပုံတွေက ဘေးလူတောင် မျက်စိနောက်လောက်တယ် ..."

"မလိုပါဘူး ...ကျွန်မသားရှိနေသရွေ့ ကျွန်မ ကျန်းမာတယ်"

"ဟင်း! သင်း မိန်းမယူသွားမှ ခံရဦးမယ်"

"ယူပါစေပေါ့ ...ကျွန်မက မွေးထားတဲ့သားတွေကို မိန်းမယူသွားမှာစိုးတဲ့ မဒ္ဒကတွေလို အတ္တကြီးတဲ့ အမေမျိုးမဟုတ်ဘူး"





"ဘာမှ မလုပ်တတ်၊ မကိုင်တတ်နဲ့ ရေပေါ်ဆီလို ချွေးမမျိုးပဲ မင်းရဲ့သားကိုယူမှာ ဒီလောက်အချောင်ခို အပျင်းကြီးနေတဲ့ကောင် အားအားရှိ ဒီအသုံးမကျတဲ့ စာရွက်တွေနဲ့ နပန်းလုံးနေပြီးတော့"

"ရှင် အဲဒီလို မို့ချိုး၊ မျှစ်ချိုး မပြောပါနဲ့ရှင့် ...သူ့ ဗိုးအေ ဗီဇပါလာတဲ့ ကလေးကို အပြစ်လိုက်ပြောနေတာပဲ ...ဘယ်လို မိန်းမပဲ ယူယူ ကျွန်မသားကို ချစ်ရုံနဲ့ပြီးပြီ မချက်တတ် မပြုတ်တတ်လည်း ကျွန်မချက်ကျွေးမယ် ...ရှင် ဆက်မပြောနဲ့ ..."

"ပြောနေပုံကိုက အမြင်ကတ်စရာကြီးနော် ... သီဟာက ငါ့ဘက်က ပါလာတာ မဟုတ်ဘူး မင်းက အငယ်ကောင်အပေါ် ပိုကိုပိုလွန်းတယ်"

"ဒါကတော့ ဖေဖေနဲ့တူလို့ ပိုချစ်တာရှင့် နော် သားကြီးရယ် .. ညီလေးကို မနာလို မဖြစ်ဘူး မဟုတ်လား"

သီဟာက ဖေဖေတို့ တိုက်ပွဲကို ဝင်မပါဘဲ ရယ်ချလိုက်ပါ၏။ အမြဲတမ်း ညီနှင့် ပတ်သက်ပြီး ပြဿနာတက်နေကျ မဟုတ်လား။

"မပြောပါနဲ့ ဖေဖေရယ် ...တစ်ခါမှလည်း မနိုင်ဘဲ မေမေ့ကို သွားစ,နေ ..."

"အေး ...မင်းလို အစ်ကိုမျိုးလည်းရှိတာ အံ့ရော ...ကိုယ့်ကို မျက်နှာသာ မပေးတာလည်း ကျေနပ်နေတာပဲ ..."

"ဖေဖေ မသိပါဘူး ကျွန်တော်က ညီ့ထက်စာရင် အများကြီး သက်သာတယ် ...အချစ်ခံရတဲ့ ဒုက္ခက စိတ်ကို အကျဉ်းကျစေတယ်တဲ့ ..ညီက အဲဒါကို ခံနေရတာ ..."

"ဟုတ်လား ...သား မေမေ ချစ်တာ သားလေး စိတ်ညစ်ရလား"

"မညစ်ပါဘူး မေမေရ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက မေမေ ကျေနပ်အောင် ပြန်ဖြေလိုက်ပြီး ကိုကို့ကို လက်သီးဆုပ်ပြလိုက်၏။ နဂိုကတည်းက သည်းသည်းလှုပ်တတ်တဲ့အမေ ကို အချွန်နဲ့လိုက်မ,နေတာကိုး ...

"ကျောင်းပြီးရင် ဘာလုပ်မှာလဲ၊ အစ်ကိုလို အမှတ်မီပါလျက် စာကျက်ရမှာ ပျင်းပြီး ရိုးရိုး Major ယူ ...ကျောင်းတက်တော့ပိုတဲ့ အချိန်တွေမှာ လတ်လျား လတ်လျား သဝေထိုး ထားတော့ ...အခု သုံးနှစ်ဘွဲ့ယူပြီးတဲ့အထိ မင်း ဘာမှမလုပ်ရင် ငါနဲ့တွေ့မယ်"

"ရှင်နော် ကျွန်မသားကို အခုကတည်းက ခိုင်းစားဖို့ကြံနေပြီ ကျောင်းပြီး တစ်နှစ်လောက် အေးအေးဆေးဆေးနေပါစေလား"

"နေစရာလား သီဟတောင် (၆) နှစ် ကျောင်းပြီးတာနဲ့ အလုပ်တန်းဝင်တာ မျက်မြင်ပဲ၊ မင်းရဲ့သားကို အရည်တောက်တောက်ကျတဲ့အထိ မပျင်းခိုင်းနဲ့၊ ကြာရင် လူစွမ်းလူစ တုံးပြီး ဖျင်းသွားလိမ့်မယ်"

"ပြောပြန်ပြီမဦးမချွတ်၊ ဦးမင်းဒင် ဒါ ရှင်နဲ့ကျွန်မ ရပြီး မွေးထားတဲ့ကလေးနော် ...မယားပါသားမဟုတ်ဘူး ...တော်ရုံပဲအပြစ်မြင်ပါ"

သူ ကော်ဖီကို ခပ်မြန်မြန်မော့လိုက်ပါ၏။

ကျန်တဲ့အချိန်တွေမှာ မိဘနှစ်ပါးတည့်တာမှန်သော်လည်း သူ့ကို မြင်တာနှင့် အပြစ်ရှာတတ်သည့် ဖေဖေ့ကြောင့် မေမေ စကားများရသည်ကိုး ...။

"မြည်းမြည်းသောက်ပါ သားရယ် ကျောင်းက ထွက်မပြေးပါဘူး"

"မနေ့က စာတွေ ပြန်ကူးရဦးမှာ မေမေရဲ့ ..."

"ဘာ ...၊ မနေ့က စာပြန်ကူးရအောင် မင်းကျောင်းပြေးပြီး ဘယ်လျှောက်သွားနေလို့လဲ၊ အဲဒီ အရည်မရ အဖတ်မရ အုတ်ကြားမြက်





ပေါက်တွေနဲ့ပေါင်းပြီး အကျင့်ဆိုးတွေ သယ်မလာနဲ့ ...."

"ကျွန်မ သား သူ့ကောင်မလေး စိတ်ကောက်တာကို လိုက်ချော့ရလို့ အတန်းပျက်သွားတာ အဖေကြီးရေ ..."

"ကောင်းကွာ ကိုယ့်ခြေထောက်ပေါ်ဖြင့် မရပ်နိုင်သေးဘူး။ သူများသားသမီးကို ဒုက္ခလိုက်ပေးချင်နေပြန်ပြီ ..."

"ကျွန်တော် သွားပြီ မေမေ ..."

သူက ဖေဖေ့ ထိုးစစ်တွေအောက်က မြန်မြန်လွတ်ချင်တာမို့ အမြန်ထရပ်လိုက်ပြီး မေမေ့ပါးတစ်ဖက်ကို ရွှတ်ခနဲ မွှေးလိုက်ပါ၏။ မေမေက ကျေနပ်စွာ ပြုံးလိုက်သော်လည်း ဖေဖေက မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်လေသည်။ အဲဒါပဲ ...သူ ဘာလုပ်လုပ် အပြစ်မြင်တတ်တယ်ဆိုတာလေ ...။

"အသက်ကကြီးနေပြီ ...မအေကို ချွဲချင်တုန်း၊ ဒီအမေကလည်း ဒါကိုပဲ သဘောကျပြီး ကျေနပ်နေ ....လိုက်လည်းလိုက်ပေ့ါ ..."

"တော် မလုပ်ရတာနဲ့ ကလေးကို အူမတိုချင်ပါနဲ့ ကိုမင်းဒင် ကျွန်မသား မိန်းမရ ကလေးရတဲ့အထိ သားလေးက သားလေးပဲ ရှင်တားလို့မရဘူး"

ဖေဖေက သူ့ကို မျက်စောင်းခဲကာ ပါးစပ်ပိတ်လိုက်တော့၏။ သူ လွယ်အိတ်ကို ဆွဲ၍ အမြန်ထွက်ခဲ့တော့ ကိုကို့အသံက နောက်မှ ပါလာပြန်သည်။

"ကားမမောင်းချင်လည်း ဖယ်ရီစီးပါလား ညီရာ"

"မလိုပါဘူးဗျာ ကျွန်တော်က လိုင်းကားစီးရတာကိုပဲ ကြိုက်တာ ကိုကိုရ ...."



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကို Me II Mascara ဖြင့် တင်လိုက်စဉ် မှန်ထဲမှ ပုံရိပ်တစ်ခုပေါ်လာ၏။ ချိုင်းထောက်ကို နံရံမှာ မှီထားလိုက်ပြီး ကုတင်ထက် ထိုင်လိုက်သည့် မမ အလင်္ကာကို သူမ ပြုံးပြလိုက်ပါသည်။

"ဘာမှာချင်လို့လဲ မမ ..."

"သူ့ကို အကြီးအကျယ် ဒဏ်ရာရအောင်တော့ မလုပ်လိုက်ပါနဲ့ တာတာရယ်"

"မမရယ် မမ လူကြီးအသားနာမှာကိုတော့ စိုးရိမ်တယ်လား မမက ခြေထောက်တစ်ဖက်လုံး ဆုံးရှုံးခဲ့တာနော် မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ ကောင်းခြင်း ငါးဖြာနဲ့ မပြည့်စုံအောင် ဖန်တီးပေးခဲ့တဲ့ လူတစ်ယောက်ကို လွယ်လွယ်နဲ့ ခွင့်မလွှတ်သင့်ဘူး ..."

"မမက တာတာ အန္တရာယ်နဲ့ ကြုံမှာစိုးလို့ပါ ..."

"မလိုပါဘူး တာတာက ဘာအန္တရာယ်ကိုမှ ကြောက်တတ်တဲ့ သူမှ မဟုတ်ဘဲ ....ပါပါ သွားပြီလား ..."

"သွားပြီ...."

"ကဲ ..တာတာလည်း သွားလိုက်ဦးမယ်"

"သူ့ကို ဒီနေ့သွားတွေ့မှာလား ..."

"ဒါပေါ့ ဒီနေ့ Lesson (2) စမှာလေ ..."

"ဘာသွားလုပ်မလို့လဲ ..."

"သူ အသက်ရှုမှားစေမယ့် ဒုက္ခပါးပါးလေးသွားပေးရုံပါ မမရဲ့"

"သွေးထွက်သံယိုတွေတော့ မဖြစ်စေနဲ့ဦးနော်"

"ဩော် မဖြစ်စေရပါဘူး မမရဲ့ ...သူ့ နှလုံးသားကို ခပ်ဆတ်ဆတ် လေးရိုက်လိုက်ရုံပါ ... ပါးပါးလေးပါကွာ ..."





အလင်္ကာက သက်ပြင်းကိုရှိုက်လိုက်မိ၏။ Second Year မှာ ကျောင်းထွက်လိုက်ရတာ ...ပြီးတော့ ငေးနေကျ မျက်နှာတစ်ခုကို လက်လွှတ်ဆုံးရှုံးခဲ့ရတာမို့ အားငယ်ရှက်ရွံ့စွာ အိမ်ထဲအောင်းနေရတာလေ ...ဖေယျရယ် ..."ကဒ်" ကို မချစ်ဘူးဆိုရင်တောင်မှ ဖေယျ မဟုတ်တဲ့ ကောင်လေးလက်ထဲတော့ အတင်းမထည့်သင့်ပါဘူး တကယ်ဆို မိန်းကလေးတစ်ယောက်ရဲ့ အဲ့ပုန်းချစ်ခြင်းတွေကို ဖေယျ နားလည်သင့်ပါတယ် ...ခုတော့ အပြစ်တင်လှတဲ့ မင်းမျက်နှာမှာ မာနရိပ်ထင်နေတာ 'ကာ' နဲ့မှ ပတ်သက်ရတယ်လို့ ...။

"ဘာလဲ အဆက်ဟောင်းလေးကို သတိရသွားလို့ ငိုင်သွားတာလား"

"ဟင့်အင်း မဟုတ်ပါဘူး ..."

"ညနေ ဘာစားချင်လဲ ...တာတာ ဘာ ဝယ်လာပေးရမလဲ"

"ချောကလက် ကိတ်တစ်လုံးလောက် ဆိုရပါပြီ"

"Ok တာတာ သွားပြီ"

မမပါးပြင်ကိုငုံ့နမ်းကာ လွယ်အိတ်ကိုလွယ်၍ဆင်းလာခဲ့၏။ လသာဆောင်မှ ထွက်ကြည့်နေသည့် မမကို လက်လှမ်းပြကာ ကားတံခါးကိုဖွင့် စက်နှိုးထွက်လာခဲ့သည်။ အဆင်သင့်သာပြင်ထား ဖေယျမင်းဒင်ရေ၊ ယူ့ အသည်းကိုလှုပ်ခါပစ်ဖို့ တို့လာနေပြီနော်၊ တိုက်ပွဲရဲ့အစမှာ အရှက်ကွဲသွားတဲ့ မင်းမျက်နှာ ရဲရဲအတွက်တို့ ကျေနပ်မိတာ အမှန်ပါပဲ။

Canteen မှာ ထိုင်လိုက်စဉ် သူငယ်ချင်းတွေက လက်ဖက်ရည်တွေ မုန့်တွေ လှမ်းမှာချေပြီ။

"မနေ့က Class မှန်ကြရဲ့လား"

"မှန်ပါတယ်ကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"Lecture ရော လိုက်လုပ်လို့လား .."

"လုပ်ပါတယ်ကွာ ...အဖေကျနေတာပဲ ငါတို့ကို စစ်လားဆေး လားနဲ့ ..."

"ပြောလို့ရမလား မင်းတို့က ငါမရှိရင်မရှိသလို လိုင်းကကြောင် ချင်သေးတာကိုး ..."

"ဖေယျ ...ငါ Botany က သိမ့်သိမ့်အေးကို ကြွေဟာ ကူညီဦး ..."

"ဟိုက မင်းကို မြင်တာနဲ့ မျက်နှာကို ဖုက်ထားတာ ရှေ့ဆက်တိုး မလို့လား ..."

"လုပ်ပါကွာ ...မင်းရဲ့ စာလုံးလှလှလေးတွေနဲ့ဆိုရင် သိမ့်ကြွေကျ လာမှာပါ ..."

"သေချာလို့လား...."

"မသိဘူးလေ ...ငါ ထင်တာပဲ ..."

"ထွန်းနေစိုး ဖော်ပိုးကို ဝိုင်းအုပ်ကြချေ၏။ သူက အုပ်စုကို ထိန်း လိုက်ပြီး Writing pad ကို ထုတ်လိုက်ပါသည်။

"အင်းပေါ့လေ သူငယ်ချင်းအရင်း ခေါက်ခေါက်ကြီးဆိုတော့ လည်း ကူညီရမှာပေါ့ ...တရုတ်စကားပုံကလည်းရှိနေတာကိုး"

"ဘာတုန်း ..."

"If you want happiness...

For an hour -take a nap.

For a day - go fishing.

For a month - get married.

For a year - inherit a fortune





For a life time - help someone else တဲ့လေ ..."

(သင်ပျော်ရွှင်ချင်ပါလျှင် ...

တစ်နာရီအတွက် - တရေးတမော မှေးစက်ပါ ...

တစ်ရက်အတွက် - ငါးမျှားပါ..

တစ်လအတွက် - လက်ထပ်ပါ ...

တစ်နှစ်အတွက် - အမွေဆက်ခံပါ ...

ဘဝတစ်သက်တာအတွက် - အခွင့်တိုက်ဆိုင်သလို

သူတစ်ပါးအား ကူညီပါ ...)

"ကောင်းလိုက်တဲ့ Dialogueတွေပါလား...ပညာရှိပီသပါပေရဲ့..."

"ဒါဖြင့် ထွန်းနေစိုးက တစ်လစာအတွက် အစပျိုးနေတာပေါ့လေ"

ရယ်သံတွေ အုန်းခနဲ ထွက်လာလေ၏၊ သူက Ball Pen ကို မေးစေ့ မှာထောက်ရင်း စကားလုံးတွေကို စိတ်ကူးဖြင့် ရှာနေစဉ် မျက်စိရှေ့ တည့်တည့်မှာ အပြာရောင် အရိပ်တစ်ခုထင်လာလေသည်။

"ယူ့ ပြောတဲ့ နောက်ဆုံးအချက်ကို တို့လိုချင်တယ်ဆိုရင် ပေးနိုင် မလား..."

တစ်အုပ်စုလုံး အလန့်တကြားဖြစ်သွားရလေ၏။ ဝေထွန်းက နေ ရာမှ ထပေးလျက် တခြားဝိုင်းမှ ခုံကိုဆွဲကာ သူ့နံဘေးမှာ ရွှေ့ထိုင်လေ သည်။ ကောင်မလေးက သူ့ရှေ့တည့်တည့်ခုံမှာ ခပ်တည်တည်ဖြင့် ဝင်ထိုင်လိုက်ပါ၏။

"ယူ့ကို Cupid လို့ခေါ်ကြပေမယ့် Philosopher လို့လည်း ပြော ကြတယ်နော် ..."

"ဖိနပ်လာပြန်လျော်တာလား ဒါမှမဟုတ် မင်းဖိနပ်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



တောင်းတာလား လောလောဆယ်တော့ ငါနေတဲ့ ခန်းဆောင်မှာ ထား ခဲ့တယ် မရွှေချောရေ ပြန်လိုချင်ရင် လိုက်ယူမှရမယ် ...”

“ထားလိုက်ပါ အဲဒါက လမ်းကြုံတဲ့ တစ်နေ့ ရှင်းလို့ရတဲ့ ကိစ္စပဲ အခု ယူ့ကို အလုပ်အပ်ချင်လို့ပါ ...ကဲ လက်ခံမှာလား”

သူ သတိအနေအထားဖြစ်သွားရလေ၏။ ဒီကောင်မလေးက သူနဲ့ စတွေ့တုန်းကလို ပြဿနာ တစ်ခုခုရှာတတ်တာကိုး ...။

“ဘာကိစ္စလဲ ...”

“ယူ ကျွမ်းကျင်တဲ့ အလုပ်ပါ ဧယျမင်းဒင်ရဲ့ တို့အတွက် bride-groom တစ်ယောက်ကို ဒီ (၆) လ အတွင်းရှာပေးဖို့ပါပဲ ...”

“ဘယ်လို ...”

“တို့ ပါပါက တို့ကို အမိန့်ချထားတယ် ယူရဲ့ ...ဒီနှစ်အတွင်းတို့မှာ ချစ်သူမရှိသေးရင် သူပေးစားတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ် ယူရမယ်တဲ့ ...တို့က ဒါကို လက်မခံနိုင်ဘူးဆိုတော့ ပါပါက တို့ချစ်သူ ကို လက်ဆွဲပြီး ခေါ်လာခဲ့ဖို့ပြောတယ် ....”

“ဒါဆို ...”

“ပါပါ့ကို တစ်ကွက်ချန်ပြီး လှည့်စားလို့တော့ မရဘူးယူရဲ့ ပါပါ က တို့ထက်ပိုပြီး ဦးနှောက်ပြေးတယ် ဟန်ဆောင်ပြီး ချစ်သူထားတာ ကို သိသွားရင်တို့ အပြစ်ပိုကြီးသွားမှာ ...”

တစ်မျိုးကြီးပါလား တကယ့်ကိုမှ တစ်မျိုးကြီးပါပဲ ဘယ်လို ကောင်မလေးပါလိမ့် ...ရာဇဝင်တွေ ပြောင်းပြန်လှန်တဲ့အဖြစ်ကို လုပ် နေသလိုပါပဲလား ...။

“ဒါ Korea နိုင်ငံ မဟုတ်ဘူးဆိုတာ အမိသိပါတယ်နော်”





“ယူ ခေါင်းရှောင်ချင်တာလား ဧယျ မင်းဒင် ယူဖန်တီးပေး လိုက်တဲ့ စုံတွဲတွေ တကယ်ယူ၊ မယူဆိုတာ မသေချာပေမယ့် တို့က အတည်လက်ထပ်မှာ ....”

ဗုဒ္ဓေါ သူ အပျော်တမ်း လုပ်ပေးနေတဲ့ အလုပ်တစ်ခုကို တကယ့် လုပ်ငန်းကြီးထင်ပြီး အလုပ်အပ်နေပါရောလား၊ ပြဿနာပဲ ကောင်မလေး က စားပွဲပေါ် လက်နှစ်ဖက်ထောက်တင်ကာ ပြောနေပုံက တည်တည် ငြိမ်ငြိမ်ပါပဲ လာနောက်ပြီး ဇာတ်လမ်းရှာနေတဲ့ပုံစံ လုံးဝမပေါက်ပါချေ။

“ငါက မင်းလိုချင်တဲ့ ပုံစံနဲ့ သတိုးသားလောင်းကို ရှာပေးရမှာပေါ့။ ဟုတ်လား”

“မှန်တယ် ....”

“အလုပ်အပ်တယ်ဆိုတာ အပေးအယူရှိရတယ် အမိရဲ့ ငါလုပ် နေတဲ့ အလုပ်က အပျော်တမ်းသက်သက် အခမဲ့လုပ်ပေးခဲ့တာတွေ ပါ။ မင်းလို အတည် ဖူးစာရှင် ရှာခိုင်းတာမျိုး မဟုတ်ဘူး”

“ဖြစ်ရမယ်လေ ...တို့ကြေးကတော့ အကြီးစားပေါ့ ...ယူကျေနပ် မှ လက်ခံလည်းဖြစ်ပါတယ် ...ဒါပေမယ့် ယူလက်ခံရယူထားတဲ့ ဂုဏ် ပုဒ်တစ်ခုကို ထိန်းသိမ်းနိုင်မှတော့ ဖြစ်မှာလေ ...မဟုတ်ဘူးလား”

ချည်ပြီးတုပ်ပြီး ပြောနေတာပါလား။ ဒီအလုပ်ကို လက်မခံရင် သူ့ သိက္ခာတွေ အပုံလိုက်ကျဆင်းရပြီပေါ့လေ၊ တော်တော်လည်တဲ့ ကောင်မ လေးပါပဲ ...သေချာညဏ်ဆင်ပြီးမှ သူ့ကို ထိုးစစ်လာဆင်တာပါလား...။

“ကြေးက ...”

“တို့လိုချင်တဲ့ လူကို ရရင် တို့ဆီက ယူလိုချင်တာ တောင်းနိုင် တယ် ဘာပဲဖြစ်ဖြစ်ပေးမယ် ...ဘယ်လောက်တန်ဖိုးရှိတဲ့ အရာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ့ ...ဒါပေမယ့် ပေးနိုင်မယ့် အရာလည်းတောင်းဖို့ လိုမယ်"

"မအောင်မြင့်ရင်ရော ..."

"ဝဲ့ သဘောတူတဲ့ မိန်းကလေးတစ်ယောက်ကို ယူ လက်ထပ်ရမယ် ...ဒါပါပဲ ..."

သူငယ်ချင်းတွေ အားလုံး ပါးစပ်ပဟောင်းလောင်းဖြစ်ကုန်လေ၏။ သူ့ခေါင်းထဲမှာ အချက်ပေးသံက အဆက်မပြတ် မြည်နေလေသည်။ အရေးအကြီးဆုံးက သူ့အတွက် သိက္ခာတစ်ခုပါပဲ၊ ဒီအလုပ် မအောင်မြင်ရင် အလျော်အစားဆိုတာထက် သူ့သိက္ခာကျဆင်းရမှာလေ။

"ငါ ရှာပေးတဲ့လူက အကောင်းစားကြီးဖြစ်နေပြီး မင်းပေးစား မယ့် မိန်းကလေးက အညံ့စားဖြစ်နေရင်တော့ မမျှတပဲ ဖြစ်နေမှာပေါ့"

"ဒီအတွက်တော့ စိတ်ချပါ ဖေယျ မင်းဒင် ...အဖက်ဖက်က ပြီးပြည့်စုံပြီး ယူ့ကို သိပ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ယူ ပိုင်ဆိုင်ရမှာပါ..."

ခေါင်းထဲမှာပေါ်လာသည်က စာတမ်းတစ်ခု ...On the horns of a dilemma ... (ဆူးကြားက ဘူးခါး) တကယ့်ကို ရှေ့မတိုးသာ နောက်မဆုတ်သာပါလား အနိုင်မရလျှင်ဖြင့် သူတော့ ရှန်းမရသည့် အခြေအနေထဲမှာ စုန်းစုန်းနစ်မြုပ်ရမှာလေ ...သူ့ကို ချစ်နေတဲ့ မိန်းမ တစ်ယောက်ထက် ကျဆင်းရမည့် သိက္ခာက ပိုအရေးကြီးသည်ကိုး ယောကျ်ားတစ်ယောက်၏ မာနက သူ့အဖျွတ္တကို နှိုးဆွလိုက်လေ သည်။

"ငါ လက်ခံတယ် ..."

"Ok တို့က လောဘတကြီး လိုချင်တာမျိုးမရှိပါဘူး၊ တို့ထက် အသက်နည်းနည်းကြီးရမယ် ...ပညာတတ်ရမယ် ...သင့်တော်တဲ့ ရုပ်ရည်ရှိပြီး ယောကျ်ားပီသရမယ် ...ငွေ မချမ်းသာလည်းရှိပါစေ ...





အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်ပြီး တို့အပေါ်မှာ ကြင်နာမှုပေးနိုင်ရမယ် ... နောက်ဆုံးတစ်ချက်က တို့ကလည်း သူ့ကို ချစ်နိုင်ရမယ်.. ..ဘယ်လိုလဲ ..."

မလွယ်ကြောပါလား ...သူမ ချစ်မယ့် လူတစ်ယောက်ကို သူ မည်သို့ရှာတွေ့နိုင်မည်နည်း ...သေချာတာတစ်ခုကတော့ သူမမှာ သူ မမြင်နိုင်တဲ့ ဇက်ဖဲတစ်ခုရှိကို ရှိနေတာပါပဲ ...။

"အဲဒီလူကို ငါက ဘယ်လိုပြောရမှာလဲ ...မင်းအကြောင်း ဘာ တစ်ခုမှ မသိဘဲ ငါအောင်သွယ်တော်လုပ်လို့မရနိုင်တာ မင်းသိပါ"

"တို့နာမည် တစ်သက်တာ... First Year Maths တက်နေတယ်။ လက်ရှိ ချစ်သူတစ်ယောက်မှ မရှိသေးဘူး၊ မိဘတွေ ပိုင်ဆိုင်သလောက် တော့ ဥစ္စာရှိတယ် တို့စီးနေတဲ့ကားကိုကြည့်ပြီး ယူသိနိုင်တာပဲ ...ကဲ ပြည့်စုံပြီလား"

"ကောင်းပြီ Chance က (၆) လအတွင်းနော် ဒီ (၆) လအတွင်း မင်းငါ့ကို ဂျိုဂျောင် လာမကျရဘူး ...မင်းလိုချင်တဲ့ ပုံစံမျိုးကို ခေါင်း အေးအေးထားပြီး ရှာချင်လို့ပါ ....ငါ့ကို မင်းရဲ့ ဖုန်းနံပါတ်ပေးရင် လုံလောက်ပါပြီ တစ်သက်တာ ...."

သူမက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး အိတ်ထဲမှ ကဒ်က လေးတစ်ခုကို ထုတ်ပေးလေ၏။ သူမအမည်နှင့် Hand Phone နံပါတ် မှလွဲ၍ မည်သည့်အရာမှ အပိုမပါပါချေ ....ပြီးနောက် သူ့ကို ယောင် ယောင်မျှပြုံးပြကာ ထိုင်ခုံမှ ထထွက်သွားလေ၏။ အခုမှ သက်ပြင်း ချသံတွေ ပြိုင်တူပေါ်လာလေသည်။

"မင်း ဘာဆက်လုပ်မှာလဲ ...."



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပွဲဖြစ်လာမှတော့ ရင်ဆိုင်ရုံပဲပေါ့ ..."

"ဒီကောင်မလေးကို လျှော့တွက်လို့ မရဘူးနော် ဖေယျ ...တော်တော်လေး လျှို့ဝှက်သိုသိပ်စွာ ရောက်လာတာကိုပဲကြည့် ...."

"ဟုတ်တယ် ဒါပေမယ့် သူလိုချင်တဲ့ အတိုင်းဖြစ်စေရမှာပါ။ အချိန်တန်တော့ သူဝှက်ထားတဲ့ ပဟေဠိတစ်ပုဒ်ကို ငါဖြေရှာတွေ့မှာပဲ"

"ငါတို့ အထင်တော့ မင်းကို အပိုင်ချည်တာပဲ ဖေယျ၊ ကေနှ မင်းကို ဒီကောင်မလေး စိတ်ဝင်စားလို့ချဉ်းကပ်လာတာပဲဖြစ်နိုင်မယ် .... ဘာဖြစ်လို့လဲဆိုတော့ သူလိုချင်တဲ့ လူစားမျိုး မင်းရှာမတွေ့ခဲ့ရင် သူ့ကို ယူဆိုပြီးပွဲသိမ်းပဲ ..."

ဝေထွန်းမှတ်ချက်ကြောင့် သူပြုံးလျက် ခေါင်းခါပြလိုက်၏။ Ball Pen ခလုတ်ကိုပိတ်ကာ Writing Pad ကိုပါ ပြန်သိမ်းလိုက်သည်။

"မဝင်နဲ့ ဝေထွန်း ဒီလောက် မလွယ်ကူဘူး ...သူ့ မျက်လုံးတွေထဲမှာ နာကြည်းရိပ်တွေ တစ်စွန်းတစ်စ ထင်ဟပ်နေတယ်။ ငါ သိတာ တစ်ခုပဲ ငါ ဖတ်နေတဲ့ အဘိဓာန်က နားလည်ရခက်တယ်ဆိုတာပါ"

"မသိပါဘူး ငါကတော့ အခု မင်းလက်ခံတဲ့ အလုပ်က ပြောင်းပြန်ကြီးလုပ်ရသလို ဖြစ်နေသလားလို့ ...."

"မှန်တယ် ...ငါကလည်း စကားပုံအရ လှုပ်ရှားရမှာပဲ ...တက်မရရင် လက်နဲ့လှော်တဲ့ ...ဘာပဲဖြစ်ဖြစ် ငါတွေ့ခဲ့ဖူးသမျှ မိန်းကလေးတွေထဲမှာ ဒီကောင်မလေးက တစ်မူထူးခြားနေတာ အမှန်ပဲ ...သူပြောတဲ့ စကားတွေကို ငါစိတ်မဝင်စားဘဲ မနေနိုင်ဘူး ...သူထွက်သွားတိုင်း ငါ့ရင်ထဲမှာ တစ်ခုခုကျန်ရစ်အောင် ချန်ထားတတ်တယ်။ လောလောဆယ် သူ တစ်ကွက်အသာမှာရှိနေတာကို ငါသိတယ်"





"မင်း နှလုံးသား သုံးဆယ့်ငါးဖြစ်တော့မလား ဖေယျ ..."

"အရှုံးဘက်မများသေးပါဘူး ကျော်သက်ရာ ...ငါ လက်ကိုင် ဆွဲသုံးတဲ့ ဆိုရိုးစကားပုံကို မမေ့သေးသရွေ့ပေါ့။ Give your heart to a weman and she will kill you .... (သင်၏ နှလုံးသားကို မိန်းမတစ်ယောက်အားပေးလိုက်ပါ ...သူမက သင့်ကို သတ်လိမ့်မည်) တဲ့ ဒီလောက်နဲ့ ငါ မသေနိုင်သေးပါဘူး အဲဒါ အသေအချာပဲ ..."

ရေနွေးခွက်ကို ကောက်မော့စဉ် ခါးသက်သက်အရသာက လည်ချောင်းထဲ စီးဝင်သွား၏။ မရေရာတဲ့ ဇာတ်မျောကြီးမှာ ကက်မပါဘဲ လှော်နေရသလိုပါလား၊ တစ်သက်တာ မင်းဘယ်သူလဲ ဘာလဲဆိုတာကို ငါသိဖို့လိုလာပါပြီ သို့သော် ....။



www.burmeseclassic.com

www.burmeseclassic.com



Lad Top ဖြင့် အလုပ်ရှုပ်နေသည့် ကိုကို့ဘေးရှိ ခုတင်ပေါ် ပစ်လှဲအိပ်လိုက်သည်။ ခေါင်းထဲမှာ အမြဲရောက်နေသည့် သူမကြောင့် တစ်ပန်းရှုံး၏။ အဲဒီအခိုက်မျိုးမှာ သူ့ကိုယ်သူ မုန်းတီးနေမိသည်။ အပျော်တမ်းမဟုတ်သည့် ကစားနည်းထဲမှာ သူညပ်နေရတာကတော့ အမှန်ပါပဲ...။

"Cindrella အကြောင်း စဉ်းစားခန်းဝင်နေတာတော့ မဟုတ်လောက်ပါဘူးနော် ..."

"ကိုကိုကလဲ ..."

"အရှိက်ထိသွားလို့လား ...အားနေရင် လက်ထဲက Ballpen ကို မချတဲ့ကောင်က ဝှါအခန်းထဲ ဝင်လာပုံထောက်ရင် အစာမကြေတာ တွေ များနေလို့ပဲ ..."

"လာပြန်ပြီ ...ဗေဒင်ဟောစားပါတော့လား"





သီဟက Lab Top ကို ပိတ်လိုက်ပြီး ခုံမှထကာ ခုတင်မှာ ဝင်ထိုင်လိုက်၏။ ညီဖြစ်သူ မျက်နှာကိုကြည့်ကတည်းက စိတ်မရွှင်မှန်း ရိပ်မိနေပါသည်။

"ဘာလဲ ကောင်မလေးနဲ့ မကြည်သေးဘူးလား"

"အခုမှ တိုက်ပွဲစရုံရှိသေးတာ ..."

"ဟေ ရည်းစားထားဖို့အရေး တိုက်ပွဲဆင်ရတယ်လို့ ...ငါ့ညီက တော့ စံပါပဲ ..."

"ကျွန်တော် သူ့ကို မချစ်ပါဘူး ဟုတ်တယ် ...လုံးဝ မချစ်တာ သေချာတယ် ..."

"ဘယ်သူလဲ ..."

"တစ်သက်တာ..."

သီဟက တီးတိုးရယ်မောလိုက်လေ၏။ နာမည်ကိုတောင် မမေ့မလျော့ရှုတ်နိုင်ပါလျက် မချစ်ဘူးလို့ ငြင်းဆန်နေသည့် ညီရင်ထဲ ဘာတွေရှိနေပြီလဲဆိုတာ ရိပ်မိရချေပြီ ...တကယ့် အရိုင်းလေးကိုး။

"မကြာခဏ သတိရနေတာ မဟုတ်လား"

"ဟင့်အင်း ဦးနှောက်စားခိုင်းလို့ ဒေါသတွေ ထွက်နေတာပါ ..."

"သူက ဘာတွေခိုင်းထားလို့လဲ ..."

"ဒီ (၆) လအတွင်း သူ့အတွက် သတိုးသား ရှာပေးရမယ် တဲ့ ..."

"Internet သွားချိန်လိုက်ပေါ့ ..."

"မဖြစ်ဘူး ..သူ သိသွားရင် ကျွန်တော် ညှံ့ဖျင်းရာ ရောက်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ပတ်သက်ပြီး သိက္ခာရှိချင်တယ်ပေါ့ ...ဒါကို ကြည့်ကတည်းက ညီစိတ်ထဲ မရှိးသားတော့တာ သေချာပြီ"

သူ ရှုံးရှုံးရှဲရှဲဖြစ်လာတော့ ကိုကိုက တဟားဟား အော်ရယ်လေ၏။ တစ်ယောက်ခေါင်းနဲ့ မရရင် နှစ်ယောက်ခေါင်းပေါ့။ ဟုတ် တယ် ဒါမှ သူမကို နိုင်မှာလေ ...နိုင်ဖို့က အဓိက မဟုတ်လား။

"ကိုကို ဘယ်လိုသဘောရလဲ ..."

"ဘာကိုလဲ ..."

"တစ်သက်တာကို ..."

"မင်း Game ထဲ ငါမပါပါရစေနဲ့ ...."

"ကိုကို စဉ်းစားကြည့်ပေါ့။ သူရှာခိုင်းတဲ့လူကို ရှာမပေးနိုင်ရင် သူသဘောတူတဲ့ မိန်းကလေးနဲ့ ကျွန်တော့်ကို ပေးစားမှာတဲ့ ဘယ် လိုလုပ်မလဲ ...ကျွန်တော်က တရားမမျှတဘဲ ဒီကိစ္စကို အောင့်သက် သက် လက်ခံလိုက်ရတာ"

"ငြင်းလိုက်ပေါ့ကွ ..."

"ငြင်းလို့မဖြစ်လို့ပေါ့ဗျ ....သူက ချည်ပြီးတုပ်ပြီး အပိုင်ပြောတာ"

"မင်းကိုက အချည်ခံချင်တာပါ ညီရာ ..."

"ဟာဗျာ ...ရှေ့နေ ပါးမှ ထောင်ကျကိန်းကြုံနေပြန်ပါပြီ။"

"မင်းကလည်း တစ်သက်တာရဲ့ နှောင်ကြိုးလှောင်အိမ်ထောင် ထဲဝင်ချင်နေတာ မဟုတ်လား"

သူ ကိုကို့ ကို ဘုကြည့်ကြည့်တော့ ကိုကိုက ခပ်ပြုံးပြုံးပင် ပြန် ကြည့်လေ၏။ ဟုတ်တယ် အသက်နည်းနည်းကြီးတယ် ...ပညာ





တတ်တယ် ...အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်တယ် ...တစ်ခုပဲ ... ကိုကို့ သူမကို ချစ်ဖို့နဲ့ သူမက ကိုကို့ကို ပြန်ချစ်ဖို့ပါပဲ ...။

"ကိုကို လိုက်တွေ့နိုင်မလား ...အားတဲ့ တစ်ရက် ရက်ပေါ့ ..."

"ငါက ...သူ့ကို ..."

"အင်းလေ ..."

"အ ...ပါ့ ငါညီရယ် ...သူ့ကို သွားတွေ့ရင် သူက No လို့ငြင်း ပြီး Cancel လုပ်လိုက်မှ ငါ့သိက္ခာတွေ မြေပေါ်ပုံကျသွားမှာ သူ ဆင်တဲ့ အကွက်ထဲ မင်းတိုးသလို ဖြစ်သွားမှာပေါ့ ...သူက မင်းကို တမင်ရည် ရွယ်ပြီး ဒီဇာတ်လမ်းကိုထွင်တာလေ ..."

"ကျွန်တော့်ကို အနိုင်တိုက်ချင်တာ ကျွန်တော်သိပါတယ်"

"မဟုတ်သေးဘူး ...မင်းကို အပိုင်သိမ်းချင်တာကွ"

"ဗျာ ..."

သူ့ပါးစပ် အဟောင်းသား ဖြစ်သွားရပါ၏။

ကိုကို ဘယ်လိုကြီး ပြောလိုက်တာပါလိမ့်၊ တစ်သက်တာရဲ့ မျက် ဝန်းတွေကို သူ ဘာသာပြန်နိုင်ပါလျက် ဒီအဓိပ္ပါယ်မှ ထွက်မလာဘဲ...။

"သူက ဘယ်လိုလူစားမျိုးလိုချင်တယ် ပြောလို့လဲ ..."

"သူ့ထက် အသက်ကြီးရမယ် ...ပညာတတ်ရမယ် ...ရုပ်ရည် သင့်တင့်ပြီး ယောကျ်ားပီသရမယ် ...အိမ်ထောင်ကို ဦးစီးနိုင်ပြီး သူ့အ ပေါ်မှာ ကြင်နာရမယ် ပြီးတော့ သူကလည်း အနိုင်ရမယ်တဲ့ ..."

"ရှင်းနေတာပဲ ညီရဲ့ မင်းရှာပေးတဲ့လူက ဒီအရည်အချင်းအား လုံးနဲ့ ပြည့်မီချင်မှ မီမှာလေ ...သူပြောပုံအရဆိုရင် (၉၉.၉) Percent က သေချာနေပြီ ...သူ ညွှန်တာမင်းကိုပဲ နောက်ဆုံးအချက်ကို ပဲ ကြည့်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



..သူကိုယ်တိုင်ချစ်နိုင်မှ ဆိုတာလေ ...”

“အား ...မဆိုင်လိုက်တာ ...”

“ဆိုင်တာပေါ့ ညီရ ...မင်းခေါ်လာသမျှ အားလုံးကို နောက်ဆုံးတစ်ချက်နဲ့ သူ ငြင်းလို့ရနေပြီပဲ ..ဒီတော့ မင်းဘက်က ရှုံးဖို့သေချာနေပြီ မင်းရှုံးတာနဲ့ သူချစ်တဲ့ မင်းကို အသာလေး ကွဲခနဲ ဖမ်းလိုက်ရုံပဲ ပိုင်လိုက်တာနော် ...ဒီကောင်မလေးရဲ့ ဦးနှောက်ကို ရွှေချထားဖို့ကောင်းတယ် ...တော်တော် ပြေးတဲ့ Master Brain ပဲ ...”

သူ့မျက်နှာ ရှုံ့တွသွားပါ၏။ ဒါကို ဘာဖြစ်လို့များ သူမတွေးမိတာပါလိမ့် ...ဒီကောင်မလေးက သူနှင့် Major လည်း မတူ၊ အတန်းချင်းလည်း မတူပါဘဲ သူ သတင်းတွေ အနိုင်အမာရထားပုံပါလား မချိုမချဉ်ပြုံးတတ်သည့် အပြုံးကို မြင်စဉ်ကတည်းက သူရိပ်မိဖို့ကောင်းပါ၏။ ညှံ့လိုက်တာနော် ငါတော်တော် ညှံ့သေးတဲ့ကောင်ပါလား ..။

“သူ့ဆီမှာ ကျွန်တော် မသိသေးတဲ့ အကြောင်းတွေ အများကြီးရှိသေးတယ် ...”

“အဲဒါကိုက သူ သိပ်တော်ကြောင်း ပြနေတာပဲလေ။ မင်း သူ့အပေါ်မှာ စိတ်မဝင်စားဘဲ မနေနိုင်ဘူးမဟုတ်လား ...ဘယ်လောက်လှတဲ့ Twist လေးလဲ ...ငါ့ညီကို အိပ်မက်တွေ ဖန်ဆင်းပေးတဲ့ venus လေးပါလား ..”

“ဟာဗျာ အဲဒီလောက်ထိ မဖြစ်ပါဘူး ...သူ့ကို အရှုံးမပေးချင်စိတ်နဲ့ မရိုးမရွဖြစ်တာလေးတစ်ခုပဲရှိတယ် ...”

“လောလောဆယ် မင်းဝန်မခံချင်တာ ရှိစေတော့ ညီရေ့ ဒါပေမယ့် တစ်နေ့နေ့တော့ မင်းဝန်ခံဖို့ပြင်ဆင်ရမှာတော့ သေချာတယ်။ ငါ





အဲဒီနေ့ကို စောင့်ကြည့်ဦးမှာနော်”

“လုံးဝ ဥဿုံပဲ”

သူ့က မျက်စိစုံမှိတ် ငြင်းချက်ထုတ်လေ၏။ ရုတ်တရက် ကိုကို့ Hand Phone မှ သံစုံတီးလုံးလေး မြည်လာလေသည်။ ကိုကိုက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး Phone ကို ဖွင့်လိုက်လေ၏။

“ဟဲလို ...”

“ကိုသီဟ ...ပန်းနုပါ ...”

“အင်း ...ပြော ...”

“ညနေက လောင်းထားတဲ့ Slab မှာ ချို့ယွင်းချက်ရှိနေပြီ နာရီ စေ့ပေမယ့် ပုံမကျသေးဘူးတဲ့ ...”

“ကျွတ် ...သန်းဦးမရှိဘူးလား ...ဒါ သူယူထားတဲ့ တာဝန်လေ”

“ပြောရင်တော့ အဆူခံရဖို့ပဲရှိတယ် ...သူ Karaoke ဆိုင်မှာ beer သွားမော့နေတယ်တဲ့ ...”

“တောက် တော်တော် အသုံးမကျတဲ့ ကောင်ပဲ ...နေပါဦး နင် ဘယ်က ဆက်နေတာလဲ ...”

“ဆိုင်ထဲကပါ ကိုသီဟ ...”

“ခုထိ မပြန်သေးဘူးလား အခု ဘယ်အချိန်ရှိနေပြီလဲ ...ည သန်းခေါင်နားနီးနေပြီ ဒါ မိန်းကလေးတစ်ယောက်တည်း ဆိုင်မှာရှိရမယ့် အချိန်လား ...”

“ပြန်မလို့ပဲ ...သူ မရှိတာနဲ့ ...”

“ထားခဲ့လိုက် ...မနက်မှ ဒီကောင်နဲ့ ငါရှင်းမယ် ...ဘယ့်နှယ် A.G.T.I ချင်းအတူတူ၊ မိန်းကလေးကို ဦးစားမပေးဘဲ သူ့ချည်းလစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ရမလား ...ငါနဲ့ တွေ့ပြီးသာမှတ် ..."

"ဒါဆို ဒီတိုင်း ထားပစ်ခဲ့ရမှာလား ..."

"ထားခဲ့ပေါ့ ..."

"ကိုမျိုးတို့အုပ်စု တစ်ယောက်မှ မပြန်ရသေးဘူး သူ့ကိုစောင့်နေကြတာ ..."

"ဘာကိစ္စ စောင့်နေတာလဲ ..."

"Day ကြေးတွေ တစ်ပတ်စာ ရှင်းပေးမယ်ဆိုပြီး ပေါ်မလာလို့"

"ဟာ .. ဒီကောင်တော့ ပြုတ်စော်တော်တော်နံနေပြီ ကဲ ကဲ ငါ ပဲလာခဲ့မယ် ...နင် အဲဒီမှာ ခဏစောင့်ဦး ...သူတို့ကို ငွေလာရှင်းပေးမယ်လို့ ပြောထားပေး ..."

"ဟုတ်ကဲ့ ..."

သီဟက Phone ကို ပိတ်လိုက်ပြီး စွပ်ကျယ်ဖြူပေါ်မှာ ရှပ်အဖြူတစ်ထည်ကို ထပ်ဝတ်လိုက်ပါ၏။

"အပျင်းပြေ လိုက်ခဲ့မလား ညီ .."

"ဆိုက်ထဲကိုလား ..."

"ဒါပေါ့ ..."

"မလိုက်ချင်ပါဘူး ကျွန်တော် ဖတ်လက်စ စာအုပ်ကို ဒီညပြီးအောင် ဖတ်မလို့ဟာ ..."

"ကြည့်လုပ်ဦး တော်ကြာ စာမျက်နှာထက်မှာ သူ့မျက်နှာလေးပဲ ပေါ်နေဦးမယ် ..."

"ကြည့် ...ပြောပြန်ပြီ"

သီဟ ရယ်ရယ်မောမောဖြင့် အခန်းထဲမှ ထွက်ကာ လှေကားမှ





ဆင်းလာခဲ့၏။ ကားဖြင့် မောင်းထွက်လာပြီး ဆိုက်ထဲသို့ ရောက်လာခဲ့လေသည်။ ဆောက်လက်စ တိုက်ဝင်းထဲမှာ အလုပ်သမားတစ်စုကို စောင့်နေတာတွေ့ရ၏။

"ဟိုကောင်ပြန်မလာသေးဘူးလား ..."

"မလာသေးပါဘူး ကိုသီဟ ...."

"မောင်မျိုးဝင်းရေ လာဦးဖော့ ...တစ်ပတ်စာဖိုးရှင်းပေးရတာ ဘယ်လောက်လဲ ..."

"ဆယ်ယောက်စာက တစ်သိန်းလေးသောင်း ခုနစ်ထောင်ပါ ကျွန်တော်နဲ့ နောက် ငါးယောက်စာက နှစ်သိန်းတစ်သောင်းပါ ခင်ဗျာ"

"ရော့ သုံးသိန်းခြောက်သောင်း စာရွက်မှာ လက်မှတ်ထိုးပြီးယူ ငွေကို သေချာရေဦး ..."

"ဟုတ်ကဲ့ ..."

"Slab က ဘယ်လိုဖြစ်တာလဲ ..."

"ရေလောင်းတာ များသွားလို့ ပျော့နေတာပါ ..."

"ဒီည မိုးရွာချရင် သွားရောပေါ့လေ ..."

"ရွာမယ်တော့ မထင်ပါဘူး"

"အစောင့်ရော ..."

"ရှိတယ် ..."

သီဟမှာစရာရှိတာတွေမှာကာ ဖုန်းနကို လက်ယပ်ခေါ်လိုက်ပါ၏။

"ငါ ပြန်ပို့ပေးမယ် ..."

"ရပါတယ် ကိုသီဟ ..."

"ဟဲ့ အချိန်က မနည်းတော့ဘူး နောက်ကို ည (၈) နာရီ အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တာထက် နောက်မကျစေနဲ့ ကြားလား ...”

“ဟုတ်ကဲ့ ...”

ကားကို ဝင်းထဲမှ မောင်းထွက်လာပြီး ပန်းနု နေသည့် အဆောင်ရှေ့အထိ မောင်းပို့ခဲ့ပါ၏။ အိမ်ကိုပြန်လာခဲ့စဉ် လမ်းမကြီးထက်မှာ ကားလေးတစ်စီးထိုးရပ်ထားတာကိုလှမ်းမြင်နေရသည်။ သူ့ကား ဖြတ်တက်လာစဉ် အမျိုးသမီးတစ်ယောက်က လက်လှမ်းတားလိုက်လေ၏။

“ဘာများဖြစ်လို့ပါလဲ ခင်ဗျာ ...”

“ကူညီပါဦးကွယ် ...အခုလေးတင်ပဲ ကားက ထိုးရပ်သွားလို့ပါ”

“အန်တီတစ်ယောက်ထဲလား Driver တွေ ဘာတွေ မပါဘူးလား ခင်ဗျ ...”

“ဟိုနား ဒီနားပဲဆိုပြီး ခေါ်မလာမိတာပါ သားရယ် ဆွေမျိုးအိမ်က ဘုရားကိုးဆူပွဲရှိလို့ ထွက်လာတာ ညဥ့်နက်သွားလို့”

“ခဏလေးနော် ကျွန်တော် ကြည့်ပေးမယ် မရရင်တော့ ဝပ်ရှော့ခ်ပို့ရုံပဲ ...အိမ်ကို ကျွန်တော် ပို့ပေးပါ့မယ်ခင်ဗျ ...”

“ကျေးဇူးတင်လိုက်တာကွယ် ...”

ဘာမှ မကူညီရသေးမီ ကြိုပြီး ကျေးဇူးတင်နေသည့် အန်တီချောချောလေးကြောင့် သီဟ ပြုံးလိုက်မိ၏။ ကားစက်ဖုံးကို ဖွင့်၍ တတ်သလောက် မှတ်သလောက်ပြင်ပေးကာ စက်နှိုးစေလိုက်သည်။ ကားက နောက်ဆုံးပေါ့ လူက ချောချောလှလှ အန်တီကြီး ညဥ့်နက်နက်မှာ အန္တရာယ်မကြောက် ဘာမကြောက်ပါလားနော်။

“ရပြီလား အန်တီ ...”

“ရပြီသား ကျေးဇူးတင်လိုက်တာ ...”





“ရပါတယ် အန်တီ နောက်ကို Driver မပါဘဲ ညနက်တဲ့အထိ အခုလို တစ်ယောက်တည်းလျှောက်မသွားပါနဲ့ အန္တရာယ်ရှိနိုင်လို့ သတိပေးတာပါ ...”

“အေးပါကွယ် ...အခုလည်း တူမလေး ပါလာပါတယ် ...အန်တီတစ်ယောက်တည်းတော့ မဟုတ်ပါဘူး”

“ဪ ...”

သူက အခုမှ နောက်ခန်းထဲမှာ လူပါတာကို သတိထားမိသွားရပါ၏။ မှန်က တစ်ဝက်မျှ ကျသွားပြီး ကားထဲမှ လလေးတစ်စင်းပေါ်လာလေသည်။

“ကျေးဇူးနော် ...”

“ရပါတယ် ...”

“အန်တီ့နာမည်က ဒေါ်သက်ထားပါ ...အောင်မြင်ကုမ္ပဏီက ဦးအောင်မြင်ရဲ့ ညီမပါကွယ် ...”

“ဪ ...အန်ကယ် ဦးအောင်မြင်နဲ့ ကျွန်တော်ရင်းနှီးပါတယ် အန်တီ ...ကျွန်တော့်နာမည် သီဟပါ ...”

“ဝမ်းသာပါတယ်ကွယ် ...အန်တီတို့ကို ခွင့်ပြုပါဦး ...”

“ဟုတ်ကဲ့ ...ခင်ဗျ ...”

သီဟက ခေါင်းညိတ်ပြကာ နောက်ကိုဆုတ်ရပ်လိုက်ပါ၏။ ပြုံးရုံးလေးပြုံးပြလိုက်သည့် ကောင်မလေးကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်မိသေးသည်။ ကပ်စေးနှဲလိုက်တာနော်၊ ပြုံးတာတောင်မှ မပီမပြင်လေး ပြုံးရှာတာကို ကားလေးမောင်းထွက်သွားတော့မှ သူလည်းခရှေ့ကားကို မောင်းလာခဲ့သည်။ ရင်ထဲမှာ တစ်ခါမှ မဖြစ်ဘူးသေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှုတို့ကြောင့် အံ့ဩနေမိ၏။ လမင်းလေး ဟုတ်တယ် ...တ ကယ့် လမင်းလေးလိုအေးချမ်းတဲ့ အပြုံးလေးပါလား ...ညီသာမြင်ရင် တော့ ကဗျာတစ်ပုဒ် ကောက်စပ်လို့ရမည် ထင်ပါသည်လေ ...။

ခြံထဲသို့ ကားလေးဝင်လာတော့မှ ဦးအောင်မြင် သက်ပြင်းချ လိုက်မိ၏။ ပြန်ချိန်တန်သော်လည်း ရောက်မလာသေးသည့် ညီမနှင့် သမီးကြီးကို စိတ်ပူနေတာ သက်သာသွားပြီကိုး ...ကားပေါ်မှ ဆင်းလာ သည့် အလင်္ကာကို မိစန်းက ဝိုင်းကူတွဲပေး၏။ ဒေါ်သက်ထားက ကား သော့ပိတ်ပြီးမှ တိုက်ထဲဝင်လာခဲ့သည်။

"ဘယ်လိုဖြစ်ပြီး မိုးချုပ်ကုန်တာလဲ ထားရဲ့ ..."

"လမ်းမှာ ကားရပ်သွားလို့ပါ အစ်ကိုကြီး ..."

"ဟေ ...ကားကဝယ်ထားတာ ဘာကြာသေးလို့ ပျက်ရတာလဲ"

"ဆီပိတ်တယ်ဆိုလားပဲ ....ကိုကို့မိတ်ဆွေ ကောင်လေးနဲ့တွေ့ လို့ အဆင်ပြေသွားတာ ...သီဟတဲ့ ..."

"ဩော် မောင်သီဟနဲ့ တွေ့လာတာကိုး ..."

"ကောင်လေးက ...ဘယ်ကုမ္ပဏီမှာ လုပ်တာလဲ ကိုကို ..."

"သူ့အဖေ ကုမ္ပဏီမှာပဲလေ ...BE ဘွဲ့ရထားရဲ့ အလုပ်ကို အရမ်း ကြိုးစားသလိုတော်တော်လည်းအေးတယ် ...သူ့ကို သားမက်တော်ချင် တဲ့ လူတွေပေါမှပေါ ...ဖအေက အရမ်းထက်လို့ရှိန်နေကြတာ ..."

"ယောကျ်ားလည်း ပီသတယ် ..."

တာတာက မမကို လာကူတွဲရင်း ပါပါနှင့် အန်တီလေးပြောတာ ကို နားစွန်နားဖျားကြားမိသွားပါ၏။ မမကို မျက်ခုံးပင့်ကြည့်လိုက်တော့ မမက ပြုံးရုံလေးပြုံးပြပြန်သည်။





"ရင်တွေ ဘာတွေများ ခုန်လာသလား ..."

"ဟယ် ...ခုန်စရာလား တာတာရဲ့ ပေါက်ကရတွေ လျှောက် ပြောပြန်ပြီ ..."

"အန်တီလေးကတော့ တော်တော်သဘောကျနေပုံပဲ ..."

ခုတင်ထက် ထိုင်ခိုင်းလိုက်ပြီး မမ အဝတ်အစားလဲတာကို ကူ ညီပေးလိုက်ပါ၏။ အလင်္ကာက ဘယ်ဘက်ခြေထောက်ကို အသာကိုင် ရင်း မျက်ရည်လေးတွေ ဝဲလာလေသည်။

"သူ့ကို သတိရနေပြန်ပြီလား"

"အမြဲတမ်း သတိရနေတာပါ တာတာရယ် ...."

"မမက တော်တော် အစွဲအလမ်းကြီးတယ်နော်..."

ကိုယ့်ကို ဘာမှန်းတောင် သေချာမသိတဲ့ လူတစ်ယောက် အပေါ် မှာ ဒီလောက် သံယောဇဉ်ထားတာ မကောင်းဘူး ...မမပဲ ခံစားရမှာ ..."

"ဒါကတော့ အချစ်ကိုးတာတာရဲ့ ...မမသူ့ကို သိပ်ချစ်တယ် သူ မသိဘဲ တိတ်တိတ်လေးချစ်နေရတာကိုပဲ နှစ်သက်တယ် ..."

"အဓိပ္ပာယ်မရှိတာ၊ ချစ်မှတော့ သူ့ရှေ့ကိုယ့်ရှေ့ အတူတူချစ်ပေါ့"

အလင်္ကာက ညီမလေးကို လှည့်ကြည့်ကာ သက်ပြင်းရှိုက်လိုက် မိ၏။ ဘဝမှာ နေပျော်စရာကြီးပဲဟု မြင်မြင်ခဲ့သမျှ သူနဲ့ဆုံမှ အစစအရာ ရာ လှပခဲ့တာကို တာတာမှ မသိခဲ့ဘဲလေ ...ပျော်ခဲ့မိတာတွေ ကြည် နူးခဲ့မိတာတွေ၊ တိတ်တခိုး ရင်ခုန်စိတ်လှုပ်ရှားခဲ့တဲ့ အရသာမျိုးကို တာတာမှ မခံစားခဲ့ဖူးတာပဲ...။

"တာတာပြောသလိုမျိုး အခွင့်အရေးကို လူတိုင်းလိုချင်ကြမှာပါ ပဲ ...ဒါပေမယ့် အချစ်ဆိုတာ အင်မတန်ထူးဆန်းတဲ့အရာ တစ်ခုကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ...မမကို တကယ်မသိတာလားဟင် ..."

"မမ ...မပြောတတ်ဘူး ...သေချာတာတစ်ခုကတော့ သူ့ကို မြင်မြင်ချင်းရင်ခုန်ခဲ့တာပဲ ..."

အလင်္ကာက မှေ့ယာထက်လှဲချလိုက်ပြီး မျက်နှာကျက်ကို ငေးငေးလေးကြည့်နေမိလေသည်။ ဘယ်နေရာ ကြည့်ကြည့် သူ့ပုံရိပ်တွေကိုပဲ အမြဲတွေ့နေရတာပါလား ဒါဟာ အချစ်မဟုတ်ရင် ဘာများဖြစ်နိုင်မှာလဲကွယ် ...။

"တကယ်ဆို သူ့ကြောင့် မမ ဒီ ဘဝကို ရောက်ရတာ ပိုပြီးတောင် စိတ်နာသင့်တယ် ..."

"မဆိုင်ပါဘူး တာတာရယ် ...မမရဲ့ ကံကြမ္မာကိုက ဒီလိုဖြစ်လာခဲ့တာပါ ...သူတော် ဘာမှန်းသေချာမသိလိုက်တဲ့ ကိစ္စကြီး ..."

"တာတာမြင်ရသလောက်တော့ သူက သိပ်ကြီးစွဲမှတ်ဖွယ်ကောင်းတဲ့ ယောကျ်ားမျိုးမဟုတ်ဘူး"

"တာတာက ချစ်မှ မချစ်တတ်သေးဘဲကိုး ..."

"အာ ...မဆိုင်ပါဘူး ...မမရာ ..."

ညီမလေးမျက်နှာ ပန်းရောင်သမ်းသွားတာမို့ အလင်္ကာတီးတိုးရယ်လိုက်မိ၏။ အာရုံက First Year စတက်သည့်နေ့ကို ရောက်သွားရသည်။ 'ဂဘ' တို့ အုပ်စုက သုံးယောက် ...သူက တစ်ယောက်တည်း 'ကာ' တို့ အုပ်စု ဆူညံ ဗရုတ်ကျသလောက် သူက ငြိမ်ငြိမ်သက်သက် Canteen မှာ စားပွဲချင်း ကပ်လျက် ထိုင်ပြီး သူ့မျက်နှာကို မြင်ရုံဖြင့် တစိမ့်စိမ့်စိုက်ကြည့်ခဲ့မိသည့် 'ကာ' အဖြစ်ကို သူက ဥပေက္ခာပြုပြီး မသိရှိခဲ့ပါချေ။





"သူက ပုဆိုးကို ရှည်ရှည်ဝတ်တယ် ...ဒါပေမယ့် လမ်းလျှောက်တဲ့အခါ 'မ'ပြီး လျှောက်တတ်တယ် ...ရှပ်အဖြူ လက်ရှည်ကို အမြဲလက်ခေါက်ဝတ်တယ် ...မျက်မှန်ကို မကြာခဏ ပင့်တင်တတ်တယ်။ ထိုင်တဲ့အခါ ခြေချိတ်ထိုင်တယ် ...ဒါကြောင့် သူ့ခြေသလုံးက အပြာ ရောင် အမှတ်လေးကို မမတွေ့ခဲ့တာပေါ့ ..."

"ကြဲကြဲဖန်ဖန် ခြေသလုံးက အမှတ်ကိုမှ စွဲရတယ်လို့ ..."

"သူက ဟန်ပန်မရှိဘူး ....မိန်းကလေးတွေကိုလည်း ဂရုတစိုက် မကြည့်တတ်ဘူး ...သူ့ဟာသူ စာရွက်တွေ ဘောပင်တွေနဲ့ အမြဲအလုပ်ရှုပ်နေတာ နောက်မှ သူ ကဗျာတွေစပ်နေမှန်း မမတို့ သိလိုက်ရတယ် ..."

တာတာက မမဘေးမှာ အသာလှဲအိပ်လိုက်ပါ၏။ ရင်ထဲက ချစ်ခြင်းတွေကို လွမ်းမောစွာ ပြောနေသည့် မမ၏ ခံစားချက်ကို မျှဝေလို၍ပါလေ ...

"သူက မျက်လုံးတော်တော်လှတဲ့ ကောင်လေးတစ်ယောက်ပါ.သူ မျက်မှန်ချွတ်သုတ်တုန်းက ရှားရှားပါးပါးလေးတွေ့ဖူးတာ အရမ်းလှတာပဲ ...ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်တဲ့ မျက်လုံးမျိုးပေါ့။ မျက်သားပြာလဲ့လဲ့ပေါ်မှာ မျက်ဆံလေးက နက်နေတာပဲ ဒါပေမယ့် အဲဒီမျက်ဝန်းတွေကို မျက်မှန်ကြ ြည်လေးနဲ့ အမြဲဖုံးထားတယ် ဒါကြောင့်လည်း သူ့ကို ပတ်သက်ချင်တဲ့ ကောင်မလေးတွေကို သူ ဘောင်ခတ်ကြည့်ပြီး ဖယ်ရှားတတ်ခဲ့တာပေါ့ ..."

"သူ့ ဆံပင်တွေက ပျော့သလိုပဲနော် ..."

"ဟုတ်တယ် Canteen ထိုင်တိုင်း လေတိုက်တော့ သူ့ဆံပင်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ လွင့်တာ အရမ်းကြည့်ကောင်းတယ် …မမ မနှာလိုတောင် ဖြစ်မိတာ အမှန်ပဲ …”

အလက်ာက ဆံပင်စင်းစင်းလေးတွေကို ယောင်ယမ်းစမ်းမိကာ ညည်းလိုက်မိ၏။ ကျောလယ်ခန့်သာရှိသည့် ‘ကာ့’ ဆံပင်တွေက သူ့ဆံပင်လောက် ပျော့ပြောင်းခြင်းမှ မရှိတာဘဲ …

“သူတို့အုပ်စု ငါးယောက်စုမိသွားမှ သူ့အသံထွက်လာတာ သူ့အသံက ယောကျ်ားပီသပြီးသြဇာပါတယ် …ပြီးတော့ သူငယ်ချင်းတွေကို ပျော်အောင်လည်း စတတ်နောက်တတ်တယ်။ အဲဒီလို နေတတ်တာလေးကို မမကြိုက်တာ သူနဲ့ချစ်သူ ဖြစ်ခွင့်ရတဲ့ ကောင်မလေးကို သူ ဘယ်လောက်ထိ ပျော်အောင်ထားလိုက်မလဲဆိုတဲ့ အတွေးမျိုးနဲ့ ရူးခဲ့မိတာ အမှန်ပဲ …”

“ဒါဆို သူ ဘယ် မိန်းကလေးနဲ့မှ မတွဲခဲ့ဘူးပေါ့နော်”

“ဟုတ်တယ် …သူက မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေတတ်တယ် …သိပ်မကြာခင်မှာ သူနားကိုတခြား Major က ကောင်လေးတွေ ရောက်ရောက်လာတတ်ပြီး အကူအညီတောင်းကြတယ် အဲဒီမှာ သူ ‘မြားနတ်မောင်’ အလုပ်ကို လုပ်ပေးနေမှန်းသိခဲ့ရတာ…”

တာတာက ဟက်ဟက်ပက်ပက် ထရယ်လေ၏။ ဟုတ်တယ် လေ သူများကို စုံတွဲရှာပေးတဲ့ လူကိုယ်တိုင်က စွံမှ မစွံသေးဘဲကိုး အတော်ညံ့ဖျင်းနုံချာတဲ့ ကောင်လေးပါပဲဟု မှတ်ချက်ချလိုက်မိသည်။

“သူ ကိုယ်တိုင်ဖြင့် မစွံဘဲနဲ့များ …”

“ဒီလိုတော့ မပြောပါနဲ့ တာတာရဲ့ သူ့ကို အပြိုင်လိုက်ပိုးကြတဲ့ ကောင်မလေးတွေ အများကြီးရှိမှန်း သူရိပ်မိပါတယ် …တမင် ရှောင်





ရှားတတ်တာပါ …”

“အခုတော့ သူ အကြပ်ရိုက်နေပြီလေ …သူများဂေကာကို လိုက်ချိန်တတ်တဲ့ မြားဦးကို သူ့ဘက်ပြန်လှည့်ပေးလိုက်လို့ အခုလောက်ဆို ဦးနှောက်တော်တော်စားနေလောက်ပြီ …”

“သနားပါတယ် …”

“သနားစရာလား …မမပဲ သူ့ကို ချစ်တယ်ဆို … မမချစ်တဲ့ လူကို အပိုင်ရဖို့ တာတာ ဉာဏ်ဆင်ထားပေးတာ မြင်တယ် မဟုတ်လား သူ တာတာ့ကိုတော့ အတော်လေးရှိန်ပုံရတယ် …တာတာက သူတွေ့ဖူးတဲ့ ကောင်မလေးတွေနဲ့မှ မတူတာကိုး …”

အလက်ာက တာတာ့လက်ဖမိုးလေးကို အုပ်ကိုင်၍ ပြုံးလိုက်မိ၏။ သေချာလို့လား တာတာရယ် သူ့အနီးမှာ နှစ်နှစ်လောက်ရှိခဲ့တဲ့ မိန်းကလေးကို စိတ်ဝင်စားခြင်းမရှိခဲ့တာ အခုလိုမျိုး အလွယ်တကူ လက်သင့်ခံ ပြန်ချစ်နိုင်မှာမို့လား သို့သော် …မောင့်ကို နှင့်နှင့်သီးသီး ချစ်မိနေတဲ့ မိန်းကလေးတစ်ယောက် ဒီကမ္ဘာပေါ်မှာ ရှိနေတာတော့ အမှန်ပါပဲကွယ် …။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က





'မောင် ...'
တိတ်တခိုးစောင့်နေမိ
'မောင့်' အကြည့်နဲ့ဆုံခွင့်
ရင်ခုန်ခွင့်ရလေမလားလို့
အသိလေးတစ်ခုနဲ့ပါလေ ...
'မောင်' ဖြတ်လျှောက်ေ သမ်း
မျှော်မှန်းလျက်ငေးမော
အတွေးဖောနဲ့ မောရတဲ့
တစ်ဖက်သက် အချစ်တွေနဲ့ပေါ့ ...
'မောင်' နဲ့ တည့်တည့်တိုး
အကြည့် သူခိုးရဲ့ စိုးစိတ်
စိုးထိတ်ပြီး မျက်လွှာချ
ရင်မောရတာတွေလည်း များနေပြီ ...
'မောင့်' ခြေသံတဖျတ်ဖျတ်
တို့အသည်းမှာ တလှပ်လှပ်
လစ်လပ်နေတဲ့ ဒီရင်ခွင်
လမ်းမှားပြီး ဝင်လာလေမလား
ယမ်းယောင်ကာ တောင့်တမိ
အုံ့ပုန်းတစ်ယောက်ရဲ့ အကြည့်တွေကို
အလင်္ကာသီတတ်ရန်ဖြင့်
'မောင့်' အတွက် ...
ကဗျာတွေဖြစ်လာမှာပါလေ ...။



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးသည့် ကားပေါ်မှ သုံးယောက်သား ဆင်းလိုက်ပါ၏။ Physics ဆောင် ဘယ်နားမှာလဲဟု ဘယ်သူ့ကိုမှ မမေးရပါချေ။ အား[illegible] လုံး ဒီနေ့မှ ကျောင်းစတက်ကြတာကိုး။ 'လဝန်းရိပ်' ဟု နာမည်ထပ်[illegible] ထားသည့် Canteen ထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့၏ သစ်ပင်ရိပ်[illegible] အောက်ရှိခုံမှာ ဝင်ထိုင်လိုက်စဉ် ဘေးစားပွဲမှာ ဂျာနယ်ဖတ်နေသည့် လူတစ်ယောက်ကို သတိထားမိသွားရသည်။

"ဘာမှာမလဲ ..."

"မုန့်ဟင်းခါးမှာမှာ ..ပဲကြော်နဲ့ ..."

သဲသဲက စားပွဲထိုးကောင်လေးကို လှမ်းခေါ်ကာ မုန့်ဟင်းခါးမှာ လိုက်၏။ သူမ မျက်ဝန်းများက ရှေ့တူရှုမှာထိုင်နေသည့် လူထံ၌ စူးစူး စိုက်စိုက်ရှိနေလေသည်။

"ကာ ...' ဘာတွေ ရှုစားနေတာလဲ ..."

"ရှူး! ဟိုကောင်လေးကို ..."





"လေးလုံးလေးတော့ ..."

"မိခိုင်ရေနော် ...ဘာလေးလုံးလဲ သူ့ မျက်မှန်လေးနဲ့ သူ့မျက်နှာနဲ့ အတော်လိုက်ဖက်တာကိုများ ..."

"တို့ မင်းသမီးလေးတော့ ကျောင်းစတက်တာနဲ့ ရင်ခုန်ဘက် စတွေ့ပါရောလား ..."

ရယ်သံတွေ တိုးတိုး ကျိတ်ကျိတ်ထွက်လာလေ၏။ ဆယ်တန်း ကတည်းက မိမိခိုင်ရော သဲသဲပါ မျက်နှာသိပ်ပြောင်ကြတာလေ ... သူမက ဒီနှစ်ယောက်နှင့် အမြဲပင်တွဲခဲ့တာမို့ တက္ကသိုလ်တက်တဲ့အထိ အတွဲ မပျက်ခဲ့ကြတာပါပဲ....

"သူ့ ဆံပင်လေးတွေက ညိုချင်သလိုပဲနော် ...ပျော့ပျော့စင်းစင်း လေး ..."

"နင် ဘယ်လို သိလို့လဲ ..."

"မြင်ရုံနဲ့ သိသာပါတယ်ဟ ...တိုတိုလေး ညှပ်ထားတာ ရိပ်ထား တဲ့နေရာလေးကို ငါဆော့ချင်လိုက်တာနော် ...။ အသည်းယားစရာ လေး"

"ရောဂါက မသေးပါလားနော် ..."

"မျက်ခုံးလေးလည်းလှတယ် ..."

"ဘာလှရမှာလဲ ဒီလောက်လက်ညှိုးလုံးကို တုတ်တုတ်ကြီးကို များလှတယ်တဲ့ ..."

သူမ ပြောသမျှကို တစ်လှည့်စီလိုက်ရှုံ့ချနေသည့် သူငယ်ချင်း တွေကို စိတ်မဆိုးဖြစ်ဘဲ ပြုံးနေမိသည်။ ရှပ်အဖြူ လက်ရှည်ကို တံ[illegible] တောင်နားထိ သေသေသပ်သပ်ခေါက်တင်ထားပြီး အစိမ်းပုပ်နှ[illegible]အ



www.burmeseclassic.com

www.burmeseclassic.com



နက်ဖောက်ထားသည့် ပုဆိုးကွက်လေးဖြင့် တွဲဝတ်ထားတာမို့ တခြား ယောကျ်ားလေးတွေနှင့် မတူဘဲ ရှင်းသန့်နေလေ၏။ ဘောဘီဝဲယာကို ဂရုစိုက်ခြင်းမရှိဘဲ ဖတ်လက်စ ဂျာနယ်ထဲမှာ စိတ်နှစ်ထားပုံက အနေ တည်ပုံကို ဖော်ပြနေသလိုပင် ...ဒူးချိုက်ထိုင်နေတာမို့ ဘယ်ဘက် ခြေ သလုံးပေါ်မှ ငါးမူးစေ့အရွယ် အမှတ်ပြာလေးကို သူမ မြင်လိုက်ပါ သည်။ မွေးရာပါ အမှတ်လေးပဲ ထင်ပါရဲ့ ...။

"ဟဲ့ အသက်လေး ဘာလေးလဲ ရှုပါဦး ...နင့်အကြိုက် မုန့်ဟင်း ခါးတောင် မစားချင်တော့ဘူးလား ..."

"သူ ဘာသောက်နေလဲ သိချင်လိုက်တာနော် ..."

"လက်ဖက်ရည်နဲ့ ကော်ဖီတစ်ခုခုဖြစ်မှာပေါ့ဟဲ့ ... ခွက်ကိုကြည့် ရုံနဲ့ သိသာတာပဲဟာ ..."

"ငါက ဘာတံဆိပ်လဲ သိချင်တာ ..."

"ရှုးပါ့ဟယ် ...ဆရာကြီးနဲ့အတော်လေး နီးစပ်လာပြီ"

သူမက ဘာမှ ပြန်မချေပဘဲ သူ့ကိုသာ ငေးငေးလေးကြည့်နေစဉ် လေတစ်ချက်ဝေ့တိုက်လိုက်လေ၏။ သူ့ စားပွဲအပေါ် ကော်ဖီအိတ်ခွံ လေးတစ်ခု သူမတို့ စားပွဲအောက်နားလွင့်ကျလာသဖြင့်ကြည့်လိုက်မိ သည်။ Mister Cap ပါလား ...။

"ဟော့ ဧယျ ...အံမာ ...မင်းက ဒီမှာ ဖိမ်ကျနေတာကိုး"

"အေးလေ ...ငါတို့ ...အဆောင်ကို လာခေါ်မယ်ဆိုပြီး ပိုပြော သွားတဲ့ကောင် ..."

"ငါလာမလို့ပဲ ...Class နောက်ကျမှာစိုးတာနဲ့ မလာတော့တာ ဘာစားခဲ့ကြလဲ ..."





"ဘယ်စားခဲ့ရမှာလဲကွ ..."

"မှာကြလေ ..."

"မင်းကလဲ ငါတို့ အဆောင်ဖိုးသွင်းလိုက်ရလို့ ငွေသိပ်မပိုတော့ ဘူး။ ချွေတာမှရမှာကွ ..."

"ငါ ရှင်းပါ့မယ်ကွာ ...မှာမယ့်သာမှာ ..."

သူငယ်ချင်း လေးယောက်က တစ်ယောက်တစ်ပေါက်မှာကြသ ဖြင့် တစ်ခဏချင်း ဆူညံသွားလေ၏။ သူက ဂျာနယ်ကို ခေါက်ကာ လွယ်အိတ်ထဲသို့ ထည့်လိုက်ပါသည်။

'Botany က ကောင်မလေးတွေ တော်တော်လှကြတယ်ကွ"

"တို့ Physics ကလည်းလှပါတယ်ကွ ..."

"Botany နဲ့ Zoo က ပိုပြီးလှတာနော် ..ဧယျ ..."

"ဟုတ်မှာပေါ့ ...ငါ ဘယ်သိမှာလဲ ..."

"ငါတို့ သင်တန်းတက်တုန်းက တွေ့ခဲ့တဲ့ ကောင်မလေးလေ နာမည်က ဘာတဲ့ ဩော် လှလွန်းဆွေ ...အေး အဲဒါလေးကို Botany မှာ ငါတို့တွေ့ခဲ့တယ် ...မင်းကို လှမ်းလှမ်းကြည့်တတ်တဲ့ တစ်ယောက် လေ ...မှတ်မိလား ..."

"မမှတ်မိဘူး ..."

"မင်းကလဲကွာ ...အမြဲတမ်း ရှေ့ဘက်ဆံပင်လေး နည်းနည်းကို စည်းစည်းထားတဲ့ တစ်ယောက်လေ ...မျက်တောင်ကော့ကော့လေး နဲ့ ..."

"မသိပါဘူးဆိုတာ အတင်းကို ပြောနေတော့တာပဲ ဝေထွန်းရာ" သူ့အသံသြသြက စိတ်မရှည်သလို ထွက်လာသဖြင့် သူမ ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိ၏။ မိန်းကလေးတွေနှင့် ရောရောနှောနှောမနေတတ်မှန်း သိလိုက်ပါသည်။ တကယ့်လူရိုးလေးပါလား ဒီခေတ်မှာ ဒီလောက် အေးဆေးသည့် ယောကျ်ားလေးမျိုး ရှားပါဘိသနဲ့ ...။

"Physics မှာ ချောတာရှားပါတယ်ကွာ ..."

"အံမာ ကိုယ့် Majon က ကျောင်းသူတွေကို မစောင့်ရှောက်တဲ့ အပြင် ကြံစည်ဖို့ စိတ်မကူးနဲ့ ..."

"မင်းကလည်း မင်းကိုယ်တိုင် မကြိုက်ဘဲတွန့်တိုစရာလား ဧယျရာ ..."

"ငါက မေမမ ပေးစားတာပဲ စောင့်ယူရုံလေကွာ"

"လာပြန်ပြီ ..အမေတူသားကတော့ လိမ္မာပြနေတာပေါ့လေ ..."

"ငါကတော့ Physics က မရွေးဘူးဟေ့ ..."

"ဘာဖြစ်လို့လဲ ..."

"မင်းတို့ မကြားဖူးကြဘူးလား ..Physics ကျောင်းသူ အပျင်းထူ၊ အီးအီးတအူအူတဲ့ ...."

ရယ်သံတွေ ဝေါခနဲ ထွက်လာလေ၏။ သဲသဲက နဂိုက စွာတဲ့သူ ပီပီ ဆံပင်ကောက်ကောက်နှင့် ကောင်လေးကို မျက်စောင်းခဲလိုက်ပြီး အသံခပ်ကျယ်ကျယ်ဖြင့်ပြောလေသည်။

"ငါတို့ကြားဖူးတာတော့ Physics ကျောင်းသားပျင်းနွား၊ သူများ မြက်လုစားလို့ပဲ ကြားဖူးတာ ..."

"ဟာ ...ဆော်ပဟ ..."

ကျော်သက်က တစ်ဖက်စားပွဲကို မျက်လုံးရောက်သွားသလို ခပ်မိမိ ကောင်မလေး သုံးယောက်ရှိနေတာကိုပါ သတိထားမိသွားပါ ၏။





သူ့ပေါင်ကို လက်ညှိုးဖြင့် အသာကုတ်ပြသဖြင့် သူ မျက်မှောင် ကြုတ်လိုက်ပါသည်။

"ဘာလဲကွ ..."

"Physics က ထင်တယ် ...."

"အဲဒါ ဘာလုပ်ရမှာလဲ ..."

"ချောတယ်ကွ ...မင်း ဖန်ရင်ရနိုင်တယ် ..."

"Hey ! Don't behave like a Vagabend (ကလေကချေကောင်လို မပြုမူစမ်းပါနဲ့ ...) ကိုယ့်သိက္ခာနဲ့ ကိုယ်နေစမ်းပါ ကျော်သက်ရာ ..."

ပေးမိပြန်ပြီတစ်မှတ် ...တစ်မျိုးလေးပါပဲ၊ သူမ ရင်ထဲကျေနပ်နှစ် သိမ့်စွာ ပြုံးလိုက်မိသည်။

"သွားတော့မလား ..."

"ငါတို့ အဆောင်မှ မသိသေးတာ ..."

"ဟုတ်တယ် ...သူတို့လည်း Physics ကဆိုတော့ သူတို့နောက် က အသာလိုက်သွားရုံပေါ့ ..."

"လမ်းမသိ ခွေးနောက်လိုက်လား"

ကြားလိုက်ပါ၏၊ ပြောတဲ့လူအသံက ခပ်စွာစွာကိုး ... ကိုယ့်တစ် အုပ်စုလုံးတော့ ခွေးအဖြစ် မခံချင်တာမို့ သူ မတ်တတ်မရပ်မချင်း ကျန် လေးယောက်လည်း ထိုင်ရာမှ မထကြ ...တစ်ဖက်ဝိုင်းမှ ကောင်မ လေးသုံးယောက် အကျပ်ရိုက်နေလေ၏။

"ဝင်တော့မလား ..."

"ခဏစောင့်ဦး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ..."

"ကျွတ် စောင့်ပါဆိုနေမှ ...လျှာရှည်နေပြန်ပြီ"

ကျော်သက်က တစ်ဖက်ဝိုင်းကို လှည့်ကြည့်လိုက်စဉ် Step ညှပ်ထားသည့် ကောင်မလေးက မျက်စောင်းခဲလိုက်လေ၏။

"ဟာ စွာတယ်ဟ ..."

"လာ သွားစို့ ...ငါတို့နောက်က ပါလာရင် သင်းတို့ မရိုးသားလို့ပဲ"

ကောင်မလေးက ဂျစ်ကန်ကန်ပြောလိုက်ပြီး သုံးယောက်သား ရပ်လိုက်တာမို့ သူ ပြုံးလိုက်မိ၏။ အတော်လည်တဲ့ ကောင်မလေးပဲ ...သူတို့ အုပ်စုရှေ့က သွားတော့ ခွေးတဲ့ ...နောက်က ပါလာရင် မရိုးသားလို့တဲ့ ကဲ .... ဘယ့်နှယ်လုပ်ရမလဲ ...Class အချိန်က နီးနေပြီ ဟာ ဒီတိုင်းဆက်ထိုင်နေရင် အတန်းထဲ နောက်ကျပြီးမှ ဝင်ရတော့မှာ လေ ...။

"သွားကြရအောင် ငါသွားတဲ့လမ်းအတိုင်း လိုက်ကြနော် ဘာမှ မမေးကြနဲ့ ...ဒါပဲ ,..."

"Ok"

သူက ဝိုင်းဖိုးရှင်းပေးပြီး ဆိုင်ထဲမှ စထွက်တော့ ကျန်လေးယောက်ပါ ဝရုန်းသုန်းကားပါလာလေ၏။ ကောင်မလေး သုံးယောက်က မလှမ်းမကမ်းမှ လိုက်လာလေသည်။ တော်တော်ဝေးဝေးကို လျှောက်လာခဲ့ပြီးမှ သူ ရပ်လိုက်ပါ၏။

"ကျွတ် ..."

"ဘာဖြစ်လို့လဲ ..."

"အဆောင်နံပါတ်မေ့သွားလို့ ..."





"ဟာ ..ဖေယျကလည်း အတန်းချိန်နီးနေပြီ"

"ဩော် ...မှတ်မိပြီ ...ဒီကြားက သွားရမှာ ..."

သူဟာ ခပ်တည်တည်ဖြင့် ဘေးလမ်းသို့ချိုးကာ ကွင်းပြင်ကို ဖြတ်ခဲ့၏။ အဆောင်အနောက်ဘက်မို့ လမ်းကကြမ်းပြီး ဆူးခြောက်ခလုတ်တွေကြားမှာ ခွာဖြင့် စီးလာကြသည့် မရွှေချော သုံးယောက်ပညာ ကောင်းကောင်းအပေးခံရလေသည်။ ချောင်ကြို့ချောင်ကြားမှ ဖြတ်ခဲ့ပြီး အဆောင်ထဲခပ်သုတ်သုတ်ဝင်ခဲ့တော့ ထိုသုံးယောက် မေတ္တာပို့သံ ကစီခနဲ။ ဟုတ်တယ်လေ Carteen နောက်ကျောက အဆောင်ကို လှည့်ပတ်ပြီး ခေါ်လာခဲ့တာကိုး ...

အတန်းထဲဝင်ထိုင်တော့လည်း ရှေ့ဆင့်နောက်ဆင့် သူမက သူ့ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်လိုက်ရင်း ရင်ခုန်သံတွေ မပျယ်နိုင်သေး သူငယ်ချင်းတွေ ခေါ်သံကြောင့် သူ့နာမည်ကို ဖေယျဟု သူမ သိခွင့်ရပေမယ့် မကျေနပ်နိုင်သေး ....သူဘယ်မှာနေတယ် ဆိုတာကိုပါ သိချင်သေး၏ ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်ပါသလဲ ...ဒီနေ့မှ First Year ကျောင်းသူ အသစ်စက်စက်လေးဖြစ်ခွင့်ရခဲ့တဲ့ အလက်ာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို စိတ်လှုပ်ရှားရင်ခုန်စေတဲ့ ကောင်လေးတစ်ယောက် ဒီလောကကြီးထဲမှာ ရှိနေခဲ့တာလေ ,...။

ထူးဆန်းလိုက်တာ 'ကာ့' ဘဝမှာ ဒီလိုဆန်းကြယ်တဲ့ ဖြစ်ရပ်မျိုး ရှိနေလိမ့်မယ်လို့ထင်မှ မထင်ထားခဲ့ဘဲ ညစဉ် ညတိုင်း အိပ်မက်တွေ အကြောင်း သို့မဟုတ် သင်တန်းက အကြောင်းတွေသာ ညီမလေးနှင့် ပြောခဲ့ရတာ ခုတော့ ဘဝမှာ နေပျော်ဖို့ လှပတဲ့ အိပ်မက်တွေ မက်ခွင့် ရတော့မယ် ...အဲဒီ အိပ်မက်ထဲမှာ သူကတော့ မင်းသားလေးတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှာလေ ...ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ ဒီတစ်သက် သူ့လက်ကို ဆုပ်ကိုင်ခွင့်ရရင် 'ကာ' သေပျော်ပါပြီလေ ...တကယ်ပါ ...။

"ဟဲ့ ဘာလုပ်တာလဲ ..."

"ရှူး ငြိမ်ငြိမ်နေကြဟယ် ..."

ဘီးနှင့် မှန်ကိုထုတ်ကာ ခေါင်းဖြီးဟန်ဖြင့် မှန်ကို နောက်ကျောဘက်သို့ထောင်ကာ သူ့မျက်နှာကို တိတ်တခိုးလေး ကြည့်လိုက်မိ၏။ ဘာတွေရေးနေမှန်းမသိ ခေါင်းငုံ့ရေးနေတာမို့ ဆံစအချို့က သူ့နဖူးထက်မှာ ကျနေလေသည်။ အသာသပ်တင်ပေးချင်လာသည့် စိတ်ကိုချိုးနှိမ်လိုက်ရ၏။ လူတစ်ယောက်ကို ချစ်မိရင် ဒီလိုပဲ ရူးသွပ်တတ်ပါသလား ...။

သူ ဘာပဲလုပ်နေနေ စိတ်ဝင်တစားဖြင့် နံဘေးမှ အငေးသားထိုင်ကြည့်နေချင်တာ ...သူ ပျော်ပျော်ရွှင်ရွှင် ပြောသည့် စကားတွေကို ကြည်ကြည်နူးနူးလေး နားထောင်ချင်တာ ကိုယ့်ကို ဘယ်အချိန်များ အလစ်အငိုက်ဖမ်းလေမလဲဆိုပြီး စိုးထိတ်ရင်ဖိုနေမိတာတွေဟာ အချစ်မဟုတ်လို့ ဘာများဖြစ်နေမှာတဲ့လဲ ...သူ့ကို စမြင်လျှင် မြင်ချင်း လှုပ်ရှားခုန်ပေါက်ခဲ့မိတဲ့ ရင်ခုန်သံကို 'ကာ' ကိုယ်တိုင်ပဲ ပြန်ကြားမိခဲ့တာလေ ...သေချာပါတယ်။ 'ကာ့' နှလုံးသားကို သူ ဆွဲကိုင်လှုပ်ရမ်းစေခဲ့တာဟာ ချစ်ခြင်းရဲ့ တန်ခိုးကြောင့်ပါပဲ ....။

"အယ် ..."

သူမ မှန်ကို ဖျတ်ခနဲ ဝှက်လိုက်မိ၏။ ဆတ်ခနဲ ခေါင်းမော့လာသည့် သူ့မျက်ဝန်းများနှင့် တန်းတိုးသွားရတာကိုး ရင်ထဲမှာ ဒိန်းခနဲ





မြည်သံက အကျယ်ကြီး အမလေး လန့်လိုက်တာနော်။ တော်ကြာပြဿနာထရှာနေမှ အခက်ပါပဲ ...သူ့ မျက်ဝန်းနက်တွေက တကယ်ပဲ အဓိပ္ပါယ်ပြည့်လွန်းနေပါ၏။ ပြီးတော့... သူမကို အသက်ရှူမှားလောက်အောင်လည်း ပြုစားနိုင်စွမ်းရှိသည်လေ ...

သူ မျက်မှောင်ကြုတ်လိုက်မိသည် ..ဘယ်လိုပါလိမ့်... မိန်းကလေးဖြစ်ပြီး ဒီလိုမျိုး ခိုးကြည့်စရာလား။ ... ပုံစံလေးက မပွင့်တပွင့် ငြိမ်ငြိမ်ကုပ်ကုပ်လေးပေမယ့် သူမဘေးမှ နှစ်ယောက်ကတော့ လောင်စိန်တွေမဟုတ်လား ဒီလို ဘက်မညီတဲ့ သူငယ်ချင်းမျိုးနှင့် ဘယ်လိုများ တွဲမိသွားတာပါလိမ့် ...

"ဘာဖြစ်လို့လဲ ဇေယျ ..."

"ဟင့်အင်း ဘာမှမဖြစ်ဘူး ..."

"ဘာမှမဖြစ်ဘူးသာဆိုတယ် မင်းမျက်နှာက မှုန်ကုပ်ကုပ်နဲ့ ..."

သူမ တုန်လှုပ်သွားရပါ၏။ ဒုက္ခပါပဲ ပခုံးကို ဖျတ်ခနဲပုတ်ပြီး မင်း ဘာလုပ်တာလဲလို့ မေးချလိုက်မှ နာပြီး အတန်းထဲမှာ အရှက်တော့ကွဲရချည်ရဲ့ ...။

"ဒီနေ့ Pratical မရှိလောက်ဘူးထင်လို့ ..."

"အိမ်ပြန်ချင်ပြီလား .."

"ဟင့်အင်း မင်းတို့ အဆောင်ကို လိုက်ဦးမှာ ..."

"ဇေယျရာ ...မင်းမလဲ ဒုက္ခ ကိုယ့်အိမ်မှာ အေးအေးဆေးဆေး ကဗျာရေးလို့ရနေပါလျက် ငါတို့ အဆောင်မှာမှ ပျော်ရတယ်လို့"

"အေးလေ ..."

"မင်းတို့ မသိပါဘူး အိမ်မှာ ငါစိတ်အရမ်းကျဉ်းကျပ်ရတာကွ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဆို ငါ့ဘာလုပ်လုပ် ဘယ်တော့မှ အကောင်းပြောတယ်မရှိဘူ
ကိုကို့ကိုပဲ အကောင်းမြင်တယ် ....”

“ဒါကတော့ မင်းတို့ ညီအစ်ကိုနှစ်ယောက်က အဖေချစ် အမေ
ချစ် ဖြစ်နေတာကိုး ...”

“မဟုတ်ဘူး ငါ ဒီကျောင်းကို တက်တော့မှ ဖေဖေ့အမြင်တွေ
ပြောင်းသွားတာ ...အစက ဒီလောက်ထိ အဆိုးမမြင်တတ်ပါဘူး အဖေ
ဆို ပိုဆိုးသေး ...”

“မင်းကလည်း မင်းပဲကိုး ... Y.I.T အမှတ်ဝင်ရဲ့သားနဲ့ ခေါင်းမာပြီ”

“ဟာ ...ပေါ့ကောင် ပါးစပ်ပိတ်ထား ...”

သူတားလိုက်တာမို့ ကျော်သက်ပါးစပ်ပိတ်သွားပါ၏။ သူက နဂို
ကတည်းက စာကျက်ပျင်းသည့် ကျောင်းသားတစ်ယောက်မဟုတ်
လား။ မှတ်ဉာဏ်ကောင်းလွန်း၍သာ ဆယ်တန်းကို ဂုဏ်ထူးသုံးလုံး
ကပ်ပါလာပြီး အောင်ခဲ့ရတာ ..ကိုကိုစာတွေနှင့် နပန်းလုံးနေတာကို
မျက်မြင်မို့ ဒီ Y.I.T ကျောင်းတက်ဖို့ကို ဝေးဝေးက ရှောင်ပြေးခဲ့မိခြင်း
ပင် Computer ကျောင်းတက်ဖို့ကျပြန်တော့လည်း သူ့ မျက်လုံးက
သိပ်အလင်းဒဏ် မခံနိုင်တာမို့ ခေါင်းရှောင်ပြန်တော့ ဖေဖေ ဒေါပွတာ
လည်း မဆန်း ...အမြဲတကျက်ကျက် တပွမ်ပွမ်ဆူနေပြီး မြင်တာနှင့်
ပြောပေါက်အရှာခံရတဲ့ ဘဝကို ကျခဲ့ရတာပါလေ ...

“မဟုတ်လို့လားကွ ...”

“တိတ်တိတ်နေပါဆိုနေမှ ...ထပ်ပြောလာပြန်ပြီ မင်းတော့ နာဦး
မယ် ...”

“နေဦး မင်း ဒီလို စာတွေ ကဗျာတွေစပ်တတ်တာ ဘယ်တုန်းက





လဲ မင်းအဖေရော အမေပါ ဒါမျိုး ဝါသနာမပါပါဘူး”

“မေမေ့ အဖေ ငါ့အဘိုးက ဟိုခေတ်က နာမည်ရ စာရေးဆရာ
ကြီးတဲ့ ဒါကြောင့် မေမေက သူ့အဖေနဲ့တူလို့ဆိုပြီး ငါ့ကို ပိုအလိုလိုက်
တာပေါ့။ ဒါကြောင့်လည်း ဖေဖေက ကြည့်မရတာပဲ ...”

“မင်း အစ်ကိုလည်း မင်းကိုချစ်ပါတယ်ကွာ ...မအေပိုချစ်မှန်း
သိလျက်နဲ့ မနာလိုမှ မဖြစ်ဘဲ”

“ကိုကိုက အရမ်းအေးတာလည်း ပါပါတယ်ကွ ...ငါတို့ ညီအစ်
ကို နှစ်ယောက်ရဲ့ ကူညီတဲ့ အကျင့်က အခန်းအောင်းပြီး စာဖတ်တာ
ပဲ ...ဒါဆိုတော့ ဖေဖေက မတားဖြစ်ပါဘူး”

“ဒါတောင်မှ မင်းအဖေက ကြည့်မရဘူးဆိုတာတော့ ဘယ်ကောင်း
ပါ့မလဲ ...”

“တခြား မဟုတ်ပါဘူး ဒီအရည်မရ အဖတ်မရ အလုပ်ထဲ စိတ်နှစ်
ပြီး လူဖြစ် ရှုံးသွားမှာစိုးလို့တဲ့ ...ပါကလည်း ဖေဖေပြောသလောက်
ဒီဝါသနာကို မရူးသွပ်လှပါဘူး။ ကိုယ့်ဘဝ ရှေ့ရေးအတွက် စီးပွားရေး
တစ်ခုခုကိုတော့ ဆောက်ချလုပ်ရမှာကို သိပြီးသားပါ။ တစ်ခုပဲ ဖေဖေ
ချပေးတဲ့ လမ်းကြောင်းအတိုင်း အဆင်သင့် လက်သင့်ခံခေါင်းညိတ် ဖို့
မဖြစ်နိုင်တာကတော့ သေချာတယ်”

သူမ ပြုံးလိုက်မိ၏။ ဘယ်လောက်များ ချစ်စရာကောင်းလိုက် တဲ့
အကျင့်လေးပါလဲ ‘ကာ’ နဲ့ ဝါသနာတူတာမို့ ပိုပြီးတော့ အနီးဆုံး
ရောက်ချင်စိတ်က ပြင်းပြမိလေ၏ ဩော် ...မိန်းကလေးတစ်ယောက်
ပေမို့ ဣန္ဒြေဆိုတဲ့ သံကွန်ခြာ ခုနစ်ထပ်က အလိုလိုအုပ်လျက်သား
ရှိနေရချေပြီ ...ဘယ်လိုများ ကြံရပါ့မလဲနော် ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီဘစ်ပတ် Sunday မြို့ထဲရောက်ဦးမှာလား"

"ရောက်မှာပေါ့ ...စာအုပ်ဆိုင်ဝင် မွှေစရာတွေ ရှိသေးတယ် ...မ ရောက်ဖြစ်တာလည်း ကြာပြီ"

သူမ ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသွားရပါ၏။ ဆူးလေနှင့် ပန်းဆိုး တန်းမှာ ခြေရာထပ်လျှမ်း စာအုပ်တွေရှာဖတ်နေပါလျက် သူနှင့် တစ် ကြိမ်တစ်ခါမျှ မဆုံဖြစ်တာ ဘာကြောင့်လဲ ...ဒီတစ်ခါတော့ မဆုံ့ဆုံ အောင်သွားကို သွားရဦးမည် ...ဒါမှ သူနှင့် ဝါသနာတူသည့် ကောင်မ လေးကို သူ သတိထားမိသွားမှာလေ ...။

"မိန်းမ ...နင် စာအုပ်တန်းမွှေဖို့ စိတ်ကူးနေပြီ မဟုတ်လား"

သူမ ပခုံးတွန့်ပြလျက် တီးတိုးရယ်လိုက်မိပါ၏။ တဖြည်းဖြည်းနဲ့ 'ကာ့' လုပ်ရပ်တွေက အဓိပ္ပါယ်ရှိလာတော့မှာကိုး ဖေယျရယ် ...ရှင့် အပေါ်မှာ

သူများတွေနဲ့ မတူတဲ့ သံယောဇဉ်တွေဖြစ်တည်နေတဲ့ ကျွန်မရဲ့ ချစ်ခြင်းတွေကို အသိအမှတ်ပြု လှည့်ပါတော့လား ...တကယ်ပါ ကျွန် မ သဇ္ဇာဝါ ငယ်ငယ်ကလေးတွေကို ချစ်တတ်ပါတယ်။ ညီမလေးက ခွေးကလေး ဖော်ဘီကို ချစ်ပေမယ့် ကျွန်မက ကြောင်လေး ရွှေဝါကို ချစ်တယ်လေ ...ညစဉ် ပွေ့ပိုက်သိပ်တဲ့ ရွှေဝါ့ထက် ရှင့်ကို ပိုချစ် တာကို မယုံကြည်သေးပါလားကွယ် ...။

ကျောင်းဆင်းတော့ ကားဂိတ်မှာ Bus ရပ်စောင့်နေသည့် သူတို့ အုပ်စုကို လှမ်းမြင်နေရသည်။ အိမ်မှ ကားအလာကို စောင့်ရင်း သူတို့ ကို မကြာခဏ လှမ်းကြည့်ပေမယ့် သူတို့ကတော့ တစ်ယောက်နှင့် တစ်ယောက် စနောက်နေပြီး သူမတို့ကို မမြင်ပါချေ။ မမြင်တာပဲလား





ဒါမှမဟုတ် တမင်ပဲ ဂရုမစိုက်ချင်ယောင်ဆောင်နေတာများလား ရှင် ရယ် ...။

"ဖေယျ ...."

"ဘာလဲ ..."

"ဟို အုပ်စု ငါတို့ကိုကြည့်ကြည့်နေတာ သိပ်မရိုးဘူး"

"ဟုတ်တယ် တို့ရှေ့ခုံမှာ ထိုင်တဲ့ သုံးယောက် မဟုတ်လား"

"အေး ..."

"တိုးတိုးပြောကြလေကွာ ...ကြားသွားရင် မကောင်းဘူး"

"ဟော ... ကြည့်ပြန်ပြီ အဲဒီ ဆံပင်စင်းစင်းလေးနဲ့ ကောင်မလေး ရဲ့ မျက်လုံးက မင်းဆီမှာချည်းပဲ ..."

သူ ပြုံးလိုက်မိ၏။ ကျောင်းစတက်ကာစမို့ စိတ်လှုပ်ရှားရင်ခုန် ဖွယ်ရာချည်းပါပဲ ...ဒါပေမယ့် သူက အပေါင်းအသင်းတွေနဲ့သာ ပျော် ပျော်ရွှင်ရွှင်နေတတ်ပြီး ကျန်တဲ့ အချိန်တွေမှာ ခပ်ငြိမ်ငြိမ်နေတတ်တဲ့ လူလေ ...အခုလည်း သူ့ကို မှန်ထောင်ပြီး ခိုးကြည့်တတ်တဲ့ ကောင် မလေးကို စိတ်ဆိုးရမည့်အစား ရယ်ချင်စိတ်သာဖြစ်မိ၏။ သူ့ ညီမသာ ဖြစ်နေရင် နားရင်း နှစ်ချက်လောက် ပိတ်အုပ်ထည့်လိုက်မှာ သေချာ သည်။ ယောကျ်ားလေးကို စပြီး ပိုးနေသလို ဖြစ်နေတာကိုး...။

"သူ့ မျက်စိနဲ့ သူကြည့်တာပဲ ...ပဲ့ပါသွားတာမှ မဟုတ်တာ ...ကြည့်ပါစေပေါ့ .."

"မင်း Heart ထိသွားပြီလား ဖေယျ ..."

"ငါ့နှလုံးသား ခုချိန်ထိ အိပ်ပျော်နေတုန်းပဲ ..."

"ငါတို့ လူက တကယ့်ကောင်ပါလား ..."



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကျိတ်ကျိတ်ရယ်လိုက်ကြည့်စဉ် ထိုသုံးဦးရှေ့မှာ နောက်ဆုံးပေါ် ကားတစ်စီးထိုးရပ်လိုက်တာကို မြင်ရလေ၏။ ကောင်မလေးက သူရှိနေရာဆီ ဖျတ်ခနဲ လှမ်းကြည့်ကာ ကားပေါ်တက်ထိုင်လေသည်။

"တော်တော်ချမ်းသာပုံပဲ ..."

"ဖေယျူလည်း ချမ်းသာတာပါပဲကွ ...."

ကားလေးက သူတို့ရှေ့မှ ဖြည်းဖြည်းချင်း ဘီးလှိမ့်လျက် ဖြတ်ခမောင်းသွားစဉ် ကောင်မလေးက သူ့ကို လှစ်ခနဲ ပြုံးပြလိုက်လေ၏။ ရော် ဘယ်လိုဟာလေးပါလိမ့် ဒီကောင်မလေးတော့ သူ့အပေါ် မရိုးသားတာ သေချာနေပြီထင်ပါရဲ့၊ သူ သက်ပြင်းရှိုက်လိုက်မိစဉ် bus တစ်စီးက ဂိတ်မှာ ထိုးရပ်လိုက်လေသည်။





'ရေသောက်မြစ်'
ဖျတ်ခနဲ လင်းလက်
**Venus** ရဲ့ အလင်းတန်း
မင်းလှမ်းကာ ကြည့်မယ်ဆို
ဒီရင်ကို ထိုးစိုက်
ရှုးမိုက်တဲ့ ချစ်ခြင်း
မြားအစင်းပေါင်း ၁၅၀၀
ဒဏ်ရာတွေ ဗလပွ
လူးလဲထရင်း ဟာစ်အော်
ရင့်ရော်တဲ့ရက်နှောင်း
အသစ်မပြောင်းတဲ့ အချစ်
ဒီရင်မှာ နှယ်ရစ်နေတဲ့
ညောင်မြစ်ဖွားတွေလို
ကမ္ဘာကြီး ပြိုသွားတောင်မှ
မအိုဟောင်းသေးတဲ့
မြင်းအတွက်နဲ့ ...
ချစ်ခြင်းတွေက အပြည့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားဦးမလို့လဲ သမီးကြီး ကျောင်းပိတ်ရက်လေး အိမ်မှာ နားနားနေနေလေးနေဦးမှပေါ့ ..."

"ကာ .. စာအုပ်မှာထားတာ ရှိလို့ သွားယူမှာပါ ဒက်ဒီ ...."

"တစ်ယောက်တည်းလား"

"ဟုတ် .."

"သမီး သူငယ်ချင်းတွေ မလာဘူးလား"

"သူတို့က စာဖတ်တာမှ ဝါသနာမပါဘဲ ဒက်ဒီရဲ့ 'ကာ' က စာအုပ် ရွေးရင်ကြာလို့ဆိုပြီး စိတ်မရှည်ကြဘူး"

"အေး အေး အိမ်က ကားနဲ့ပဲသွားမှာလား ..."

"ဟင့်အင်း ဒက်ဒီ ... Taxi နဲ့ပဲ သွားမှာ ..."

ဒက်ဒီက ခေါင်းညိတ်ပြလိုက်ပြီး ဖတ်လက်စ သတင်းစာကို ဆက် ဖတ်နေလေ၏။ မာမီက တာတာ ဝိုင်းကျူရှင် ဆရာမ ရောက်နေပြီမို့ လိုအပ်တာ ဝိုင်းကူလုပ်ပေးနေလေပြီး၊ သူမ အိတ်လေးကို လွယ်၍ လမ်းထိပ်သို့ ထွက်လာခဲ့သည်။ ဒီနေ့ မြို့ထဲကို သူလာတဲ့အချိန်နဲ့ တိုက်





ဆိုင်ရင် သိပ်ကောင်းမှာပဲ ...ဒါမှ အကြောင်းတစ်ခုခုရှာပြီးရင်းနှီးခွင့်ရ မှာလေ ...ဖေယျရယ် ရှင့်ဘဝရဲ့ ရင်ခုန်ဖက်နေရာလေးကို ကျွန်မ ရပါရစေနော် ...

Taxi တစ်စီးကို လှမ်းတားလိုက်ပြီး မြို့ထဲသို့ ထွက်လာခဲ့၏။ Mart တွေထဲ တစ်ယောက်တည်း စိန်ပြေနပြေ လျှောက်လှည့်နေမိသည်။ Fancy Key Chain လေးတွေကို စိတ်ကြိုက်ရွေးဝယ်၏။ တာ တာလည်း ကြိုက်တတ်တာမို့ နှစ်ခု ဆင်တူလေးတွေ ဝယ်ဖြစ်လေ သည်။

ကောင်တာမှ ထွက်လာခဲ့စဉ် သူမ နောက်မှာ တစ်ယောက် ယောက် လိုက်လာသလို ခံစားလိုက်ရတာမို့ ဖျတ်ခနဲ လှည့်ကြည့် လိုက်မိ၏။ နှုတ်ခမ်းမွေး စစနှင့် လူတစ်ယောက်က သူမကို လှစ်ခနဲ ပြုံးပြလိုက်သဖြင့် လူက တွန့်ခနဲ ဖြစ်သွားရလေသည်။ အလိုလေး ဒီလူ ဘယ်အချိန်ကတည်းက လိုက်နေတာပါလိမ့် ...Ladies' wear room ထဲ ဝင်လိုက်မှ လိုက်မလာတော့ပါချေ။ တော်ပါသေးရဲ့ ဘယ်လို လူပါလိမ့် တစ်ယောက်တည်းမို့ နှောင့်ယှက်ဖို့ထက် လူတွေလစ်ချိန် လုယက် အလစ်သုတ်မှာမျိုးကိုတော့ သူမ ကြောက်ပါသည်လေ ...။

နဂိုကတည်းက အနေအေးပြီး ကြောက်တတ်တာမို့ လန့်လည်း လန့်သွားတာ အမှန်ပင်။ လူတွေရှိတာမှန်ပေမယ့် အရေးအကြောင်း အော်ရဲဟစ်ရဲတာမှ မဟုတ်ဘဲ...ဆိုင်ထဲမှာ အချိန်တော်တော် ကြာ ကြာဖြုန်းပြီးမှ သက်ပြင်းကို ခိုးချမိ၏။ မျက်လုံးကို ဝေ့ဝဲကစားလိုက် ပြီး ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။

"ချွတ် ချွတ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ ..."

နောက်ပါးမှ ကပ်ခေါ်လိုက်သည့် အသံကြောင့် သူမ မျက်လုံး လေးဝိုင်းသွားရပါ၏။ အမလေး ...ဘယ်နေရာကများ စောင့်ကြည့်နေ ပါလိမ့်နော် ...။

"နာမည် ဘယ်လိုခေါ်သလဲဟင် ..."

"သူမ ထိုလူကို မျက်လုံးပြူး၍ ကြည့်နေရာမှ သတိဝင်သွားပါ၏။ ပြဿနာပဲ တစ်ယောက်တည်း ထွက်လာခဲ့တာ မှားပြီထင်ပါသည်။

"ကိုယ်မေးနေတာ ဖြေဦးလေ ..."

သူမ ခြေလှမ်းကို ခပ်သုတ်သုတ်လှမ်း၍ ထွက်ခဲ့တော့ ထိုလူကပါ ထက်ကြပ်မကွာ လိုက်လျှောက်ပါလာလေသည်။ ဒုက္ခပါပဲ တွေ့ချင်လို့ ရှာနေတာက တစ်ယောက် အခု လာတွေ့နေရတာက တခြားတစ်ယောက် ပါလား။ လူက ဆယ်ကျော်သက်ကလေး တစ်ယောက်လို ကြောက် လန့်တကြားဖြင့် လျှောက်မိလျှောက်ရာ အပြေးတစ်ပိုင်း လျှောက်နေ မိလေ၏။

"ဖြည်းဖြည်းလျှောက်လေ ...ချော်လဲတော့မှာပဲ ဒီလို တစ်ခါမှ မကြုံဖူးဘူးလား ...ကြောက်စရာမရှိဘဲ ကြောက်နေရတယ်လို့ ..."

ဘေးနားမှ တိုးတိုး တိုးတိုးဖြင့် ကပ်ပြောနေတာမို့ စိတ်က အလို လို ညစ်လာမိ၏။ ဘယ်လိုများလုပ်ရပ့် ....

"ပြောလေ ...နာမည် ဘယ်လိုခေါ်လဲလို့၊ မပြောရင် ကိုယ်က အသည်းလေးလို့ပဲ ခေါ်မှာနော် ..."

"ရှင်နော် ကျွန်မကို လိုက်မနှောင့်ယှက်နဲ့"

"ကိုယ် ဘာမှ မပြောရသေးဘူးလေ အသည်းလေးရဲ့၊ နာမည်





မေးရုံလေးပဲ ရှိသေးတာကို ..."

"လိုက်မလာနဲ့နော် ..."

ထိုလူက တီးတိုးရယ်လိုက်လေ၏။ တားမြစ်သံက တုန်တုန်ယင် ယင်ဖြစ်နေတာကိုး။ ရှေ့ဆက်ပဲ လျှောက်ရမလား ...နောက်ကို ပြန် လှည့်ရမလား ဘာမှမသိတော့ဘဲ လူက ဇဝေဇဝါဖြစ်လာလေ၏။ ဒုက္ခ ရေ ဘယ့်နှယ်က ဘယ်လိုဖြစ်ပြီး ဒီလိုကိစ္စမျိုး ကြုံရတာပါလိမ့် နော် ...။

"နာမည်ပြောရင် ကိုယ်မလိုက်တော့ဘူးလေ ..."

"ရှင်နော် ..."

ဘေးနားသို့ ပိုတိုးကပ်လာတာမို့ သူမ အလန့်တကြားဖြင့် Excalator ဆီ အပြေးတစ်ပိုင်းလျှောက်ခဲ့မိ၏။ စက်ဖြင့် ဆင်းနေပါ လျက် စိတ်မရှည်ဘဲ ပြေးဆင်းတာမို့ လူတွေက အံ့သြတကြီးဖြင့် ကြည့်နေကြလေသည်။ အောက်ထပ်ရောက်ပြီး Mart ထဲမှ အထွက် မှာ လူတစ်ယောက်ကို အရှိန်ဖြင့် ပစ်တိုက်မိသလို ဖြစ်သွားပြီး ထိုလူ့ လက်ထဲမှ ပစ္စည်းအချို့ လျှောခနဲပြုတ်ကျလေ၏။

"ဟာ ..."

"အို ...Sorry မတော်လို့ပါရှင် ..."

သူမက လွင့်ကျလာသည့် ပစ္စည်းထုပ်အချို့ကို ပြန်ကောက်ယူ ၍ ထိုလူထံ ပေးလိုက်ရာ ရင်ထဲမှာ ဒိန်းခနဲ မြည်သွားရလေ၏။ ဘုရား ရေ သူဖြစ်နေပါရောလား၊ ကြုံကြုံဖန်ဖန် သူနဲ့မှ တည့်တည့်တိုးမိရတယ် လို့ ဖြစ်ပုံက အဆန်းတကြယ်ရယ်လေ....သူက သူမကို မျက်မှောင် ကျုံ့၍ ကြည့်လိုက်ပြီး ကမ်းပေးလာသည့် အထုပ်ကို ဆတ်ခနဲ ယူ လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လှည့်ထွက်ခဲ့စဉ် သူမက နောက်မှ ပြေးလိုက် လာပြီး သူ့လက်မောင်းကို ဆွဲလိုက်လေသည်။

"ဖေယျ ..."

"မင်း ဘယ်လို မိန်းကလေးလဲကွ ...လူကိုလည်း အကြောင်းမဲ့ဝင်တိုက်သေးတယ် ...အခုလက်ဆွဲပြန်ပြီ မင်း မရှက်ဘူးလား ...။"

"ဖေယျ ဟိုလေ ...'ကဲ့' ကို ကူညီပါဦး 'ကာ' ကြောက်လို့ပါ"

"ဘာလဲကွ ...နေ့ခင်းကြောင်တောင် ကြောက်စရာဘာရှိလို့လဲ"

သူက သူမ လက်ကို ဖြုတ်ချလိုက်သော်လည်း သူမက တင်းကျပ်စွာ ဆုပ်ကိုင်လိုက်တာမို့ ပို၍ စိတ်ရှုပ်သွားရပါ၏။ ဘယ်လိုကြီးပါလိမ့်၊ လူပုံအလယ် လိုက်ဆွဲတာတော့ လွန်လှပြီ။ ကောင်မလေးကြည့်ရတာ ထိတ်လန့်တကြားဖြစ်လာပုံပဲ ခဏအကြာ သူမ နောက်သို့ လူတစ်ယောက် ရောက်လာလေ၏။

"ဩော် ...မင်းလူနဲ့ စိတ်ကောက်လာတာလား ..."

"ဖေယျနော်၊ အဲဒါ 'ကဲ့'ရဲ့ လူ မဟုတ်ဘူး စိတ်ညစ်ရတဲ့ကြားထဲ သူက တစ်မျိုးနဲ့ ...။"

သူပြုံးလိုက်မိလေ၏။ ဘယ့်နှယ် ဆယ်ကျော်သက် ကောင်မလေးလို ကြောက်စရာမရှိ ကြောက်နေရတယ့်လို့ လက်ကလေးတွေ မသိမသာ တုန်နေတာမို့ ပိုသိသာရလေသည်။

"တစ်ယောက်တည်းလား ..."

"အင်း ..."

"ကောင်းတယ် သတ္တိလည်းမရှိဘဲ အရဲစွန့်ပြီး ထွက်လာရတယ်လို့ နည်းတောင် နည်းသေးတယ် ..."





"ဖေယျနော် ..'ကာ' က အင်းဝမှာ စာအုပ်ဝယ်စရာရှိလို့ ထွက်လာခဲ့တာ ...အဲဒီလို မပြောပါနဲ့ ..."

သူမ မကျေမနပ် ခြေဆောင့်တော့ သူ ဟက်ခနဲ ရယ်လိုက်မိပါ၏။ အားကိုးရှိလာပြီဆိုတော့ ဆိုးချင်လာပုံပဲ ...သူမ နောက်မှ လူက သူ့ကို မိုက်ကြည့်ကြည့်လိုက်လေ၏။

"ဒါဖြင့် အခု အင်းဝ သွားမှာလား ..."

"အင်း ..."

"တစ်ယောက်တည်း သွားရဲလား"

"ဖေယျနော် ..."

သူမက သူ့လက်မောင်းကို ဖျတ်ခနဲ ဆွဲဆိတ်လိုက်လေ၏။ အဲဒါပဲ မိန်းကလေးတွေနှင့် ရင်းနှီးရင် ဟိုပုတ် ဒီရိုက်တွေ ဖြစ်လာတတ်လို့ သူ ခပ်ကင်းကင်းနေပါလျက် ခုတော့ သူ ပတ်သက်လာရချေပြီကော အတန်းဖော် သူငယ်ချင်းမို့ မကူညီပြန်လျှင်လည်း မကောင်း ဒီပုံတိုင်းဆိုရင်တော့ ဒီကလေးမ သူ့လက်ကို တောက်လျှောက်ကြီး ချိတ်တော့မည်ထင်ပါသည်။ အဲဒါမှ ခက်ပါလေရော ...

"ဒါဖြင့် ကျွန်တော် လိုက်ပို့ပေးရမှာလား"

"ဒါပေါ့ ..."

"ကောင်းပြီလေ ... ဒါဆိုရင်တော့ ပို့ပေးပါ့မယ် ဒါပေမယ့် ... ကျွန်တော့်လက်ကိုတော့ မချိတ်ထားပါနဲ့ ကျွန်တော် အဲဒီလိုမျိုး မလျှောက်တတ်လို့ပါ ..."

'ပိုရန်ကော' ဟု အမိပ္ပါယ်ပေါ်သည့် မျက်စောင်းတစ်ချက် သူ့ထံ ရောက်လေ၏။ Taxi တစ်စီးကို လှမ်းတားလိုက်ပြီး ရုပ်ရှင်ရုံတွေဘက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနိုင်းလိုက်ပါသည်။ ဘေးချင်းယှဉ်ထိုင်နေလျက်မှ ခပ်သင်းသင်း လေး မွှေးလာသည့် သူ့ကိုယ်သင်းရနံ့ကို ရှူရှိုက်လိုက်မိ၏။ ရင်ခုန်စရာ ကောင်းလိုက်တာနော် ...သူ့ နံဘေးမှာ တွဲယှဉ်တွဲထိုင်ခွင့်ရတာ နည်း နည်းနော နော ကောင်းတဲ့ ကံလား...။

"စာအုပ်ဝယ်ပြီးရင် ပြန်မှာပဲ မဟုတ်လား"

"ဟင် ... ကော်ဖီလေး ဘာလေးတော့ သောက်ချင်တာပေါ့ မ နက်ကတည်းက ဘာမှ စားလာတာ မဟုတ်ဘူး ဆာနေပြီ"

"ကိုယ့်ဖာသာကိုယ် မစားခဲ့ဘဲနဲ့ ကဲ ..ဒါဆိုလဲ တစ်ခုခု အရင်စား ပြီးမှ စာအုပ်ဆိုင်ဝင်လေ ...စာအုပ်ရွေးတာ အချိန်ယူပြီး အေးအေး ဆေးဆေးမှ ပိုကောင်းတာပေါ့ ..."

"ဖေယျ သဘောလေ ...ဖေယျကရော ဘာစာအုပ်ဖတ်ချင်လို့ လာဝယ်တာလဲဟင် ..."

"ကျွန်တော်က တွေ့ရာ စိတ်ကြိုက်ရွေးဝယ်တာပါပဲ ...ဒီနေ့ အ ပေါ်ထပ်မှာ စာအုပ်ပွဲတော်ရှိလို့ လာခဲ့တာပါ ..."

သူက ကားကို တစ်နေရာမှာ ရပ်နိုင်းလိုက်ပြီး ကော်ဖီဆိုင်တစ်ခု သို့ ဦးဆောင်ဝင်ခဲ့လေ၏။ ဆိုင်အပြင်အဆင်လေးက ခေတ်မီကာ သန့် ပြန့်နေတာမို့ သူမ ကျေနပ်သွားပါသည်။ ထောင့်ဆုံး စားပွဲဝိုင်းရှိ ခုံမှာ သူတို့ထိုင်လိုက်တော့ Waiter လေးက နံဘေးသို့ ရောက်လာလေ၏။

"ဘာသောက်မလဲ ..."

"ဖေယျ မှာချင်တာမှာလေ ..."

"မဟုတ်သေးဘူးလေ ...ခင်ဗျားအကြိုက်နဲ့ ကျွန်တော့်အကြိုက် တူချင်မှတူမှာပေါ့ ကြိုက်တာ ပြောပါ"





"ရပါတယ် ဖေယျ ကြိုက်တာပဲ 'ကာ' လိုက်သောက်လို့ဖြစ်တယ် အဆင်ပြေပါတယ် ..."

သူ ဘာမှ ဆက်မပြောတော့ဘဲ ကော်ဖီနှစ်ခွက်နှင့် မုန့်နှစ်ပွဲမှာ လိုက်ပါ၏။ သူငယ်ချင်းတွေနဲ့သာ အမြဲထိုင်ဖြစ်တာမို့ အခုလို သူစိမ်း မိန်းကလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်နေရတာ တစ်မျိုး ကြီးဖြစ်နေရလေသည်။ ပတ်ဝန်းကျင်က သူတို့နှစ်ယောက်ကို မည်သို့ မြင်လေမည်နည်းဟု ပူပူပင်ပင်ဖြစ်မိသေး၏။ ကောင်မလေးကတော့ ဘာကိုမှ မစဉ်းစားဘဲ မျက်နှာက ခပ်ပြုံးပြုံးနှင့် ထိုင်နေလေသည်။

"ပူတယ်နော် မှုတ်ပြီးမှ သောက် ..."

သူ သတိပေးတော့ သူမက လှစ်ခနဲ ပြုံးလေ၏။ ဒီလို ဂရုတစိုက် ရှိတာလေးကိုပဲ သူမက လိုချင်နေတာလေ ... ကော်ဖီက သိပ်မချိုဘဲ ခါးစိမ့်စိမ့်အရသာမို့ သောက်လို့ကောင်းပါ၏။ သူနှင့် နှစ်ယောက်တည်း တွဲထိုင်ရတာကိုလည်း ကြည်နူးကျေနပ်မိပြန်သည်။

"ဖေယျ နာမည် အရှည်က ဘာလဲဟင် ..."

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့ ..."

"ကျွန်တော်တောင် ခင်ဗျားနာမည်ကို မသိချင်တာ ဘာဖြစ်လို့ မေးရိုတာလဲ...။"

"ဖေယျကလည်းဟယ် ...နာမည်လေးပြောမှာလေးကို တွန့်တို လိုက်တာ ..."

"ဖေယျမင်းခင် ..."

"ဖေယျ ဖေဖေက ဘာလုပ်လဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လုပ်ပေါ့ သိချင်ပြန်ပြီလား သိချင်ရင် ကိုယ့်ဟာကိုယ် စုံစမ်း ကြိုတော့ ပြောထားမယ်နော် ...ကျွန်တော်က ဖေဖေ့ရဲ့ မွေး- စားသားပဲ နောက်မှ ဘာဘာညာညာတွေမကြားချင်ဘူး ..."

သူမ တီးတိုးရယ်လိုက်မိလေ၏။ ဒါလေးပြောရုံလေးကို စိတ် ကောက်ချင်လာပုံပဲ ...ကြည့်ရတာ တစ်အိမ်လုံးက သူ့ကို အလိုလိုက် ထားပုံရသည်လေ ...

"ဘာဘာညာညာဆိုတာဘာလဲ ..."

"ခင်ဗျား တော်တော်စပ်စုတာပါလား ..ဒါကြောင့်မိန်းကလေး တွေနဲ့ မပတ်သက်ချင်တာ ...ဇယားသိပ်ရှုပ်တာပဲ"

"ဖေယျကလည်း ကာ့ ကို ဒီလိုတော့ မပြောပါနဲ့ ...ကာ က ခင်လို့ မေးမိတာ ရင်းနှီးချင်လို့ပါ ..."

"ဒါဆိုရင် ကျွန်တော့်ကို ခင်ရင့် လူကိုပဲခင်ပါ ကျွန်တော့် နောက် က ရာဇဝင်ကို လိုက်မလှန်ချင်ပါနဲ့ ... ကျွန်တော်မကြိုက်ဘူး"

"အင်းပါ ဖေယျရယ် .... စိတ်တော့ မကောက်လိုက်ပါနဲ့"

"ကောက်စရာလားဗျ ...ဘယ်မှာကောက်လို့လဲ ...လူကို ချာ တိတ်လေးများ ထင်နေလား ..."

သူမ တိုးတိုးရယ်မောလိုက်မိ၏။ ကြည့်ရတာ အိမ်မှာ သူ အငယ် ပဲ ထင်ပါရဲ့ ဟိတ်ဟန်မရှိဘဲ ပွင့်ပွင့် လင်းလင်း ပြောတတ်ပုံကြောင့် ပို၍ ခင်စရာကောင်းနေလေ၏။ ဖေယျရယ် ...ကာ့ ကို ဒီထက် နည်း နည်းလေးပိုပြီး ခင်ခွင့်ပြုပါလား ..။

"ကာ့ နာမည် အလကာ ပါ ..."

သူက ကော်ဖီကို ငုံ့သောက်နေရင်းမှ မျက်လွှာပင့်၍ ကြည့်လိုက်





လေ၏။ ဟုတ်တယ် ယောကျာ်းလေးတန်မယ့် သူ့မျက်လုံးလေးတွေက တအားလှတာ မံနာလိုချင်စရာပါလားနော် ...။

"အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲ ..."

"ကြည့် ...ဖေယျဟာလေ ...ဘယ်လိုဖြစ်ပြီး ဘုပြောနေရတာလဲ ကာ့ ကို ခင်ချင်တဲ့လူတွေမှ တစ်ပုံကြီး ..."

"ဒါဆိုလည်း သူတို့နဲ့ သွားခင်ပါလား ဘာလို့ ကျွန်တော့်ကို လိုက် ခင်ချင်သေးလဲ ...ကျွန်တော်က သူများနဲ့တူတာ မဟုတ်ဘူး ..."

"အဲဒီလို မတူလို့ကို 'ကာ' က ခင်ချင်တာလေ ... ဖေယျက တခြားကောင်လေးတွေနဲ့ မတူဘဲ အပြစ်ကင်းတာကိုး ..."

"ကဲကြဲဖန်ဖန် ..."

"ဟုတ်တယ် ကာ တွေ့ဖူးတဲ့ ကောင်လေးတွေဆို ကာနဲ့ ရင်းနှီး သွားတာနဲ့ ဘာညာဘာညာ ဇာတ်လမ်းက စချင်လာရော၊ ဒါကြောင့် မပေါင်းချင်တာ ..."

သူ့စကားကို သူ သုံးသလို ဖြစ်နေတာမို့ သူပြုံးလိုက်မိ၏။ သူမထံ မှ အလန့်တကြား အသံထွက်လာလေသည်။

"ဟယ် ပါးချိုင့်လေးပါတယ်တော့ ..."

"အာ ဘာတွေလျှောက်အော်နေတာလဲ...သူများတွေလှည့်ကြည့် ကုန်ပြီ ဘယ်လိုလေးမှန်းကို မသိဘူး ..ကျွတ် ..."

"ဟင်း ဟင်း ဖေယျကမှ ဘယ်လိုလေးမှန်းတကယ် မသိစရာ ကောင်းတာပါနော် ..."

ဒုက္ခပါပဲ ...လူကို ရှေ့တည့်တည့်ထိုင်ကြည့်ပြီး ဝေဖန်နေတာမို့ သူ မနေတတ်တော့ဘဲ မျက်မှန်ကို ချွတ်၍ သုတ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မျက်မှန်ကြီးတပ်ရတာလဲ ..."

"ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်စလုံး စာသိပ်ဖတ်ကြတာ အလကားရဲ့ ကိုကိုက Power ပိုများတယ်"

နာမည်ဖေါ်ပုံလေးက လေးလေးပင်ပင်နှင့် တစ်မျိုးလေး နား ထောင်ကောင်းနေ၏။ ဘာမှ ရေရေရာရာမရှိဘဲ စကားတွေ ဖောင်လို့ ပြောနေရတာမို့ စိတ်ထဲမှာ ကြည်နူးနေမိတာ အမှန်ပင် ...။

"ဖေယျကို တစ်အိမ်လုံး ဝိုင်းချစ်ကြမှာပဲနော် ..."

"ဟင့်အင်း ကျွန်တော်က မေမေ့အသည်း၊ ကိုကိုက ဖေဖေ့အချစ် တော်၊ ဖေဖေက ကျွန်တော့်ကို နည်းနည်းမှ ကြည့်မရဘူး၊ မေမေက ဖူးဖူးမှုတ်လေ ဖေဖေက ပိုဆိုးလေပဲ၊ အမြဲ နောင်ချိန်ချနေတာ ... မေမေ့မှာ Heart Ahack ရှိနေလို့ ဖေဖေက အလျှော့ပေးပြီး ကျွန်တော် သက်သာနေတာလေ ...နို့မို့ မလွယ်ဘူး ..."

"ဖေယျက ဆိုးနေလို့လား ..."

"ဩော် ...ကိုယ့်ကိုကိုယ် ဆိုးတယ်လို့ ဘယ်သူက ဝန်ခံချင်ပါ့ မလဲ ကျွန်တော့်ရဲ့ မတောက်တခေါက်ဝါသနာကို ဖေဖေက လုံးဝ မျက်စိစပါးမွေးစူးနေတာ အလကားရဲ့ ..."

"ဟယ် ...ဒါတော့ ဘယ်ကောင်းပါ့မလဲ ... 'ကာ' လည်း ကဗျာ စပ်တာ ဝါသနာပါတယ် ဖေယျရဲ့ 'ကာ့' ဒက်ဒီကတော့ ဘာမှ မတား မြစ်ပေါင် ...."

"မတူဘူးလေ ...ကျွန်တော်ပြောသားပဲ ကျွန်တော်က မွေးစား သားပါ ဆိုနေမှ ..."

"တကယ်ပဲလားဟင် ..."





မျက်လုံးလေးဝိုင်းလျက် မေးလိုက်သည့် သူမကို ကြည့်၍ သူရယ် ချလိုက်ပါ၏။ ဤကလေးမ ပုံစံလေးက ပြောသမျှ ယုံလွယ်မယ့် ပုံပဲ ကိုး ..။

"ဘာလို့ ရယ်တာလဲ ..."

"မယုံဘူး မဟုတ်လား မွေးစားသားမို့ ...ဖေဖေက မျက်နှာသာ မပေးတာပေါ့ ...နောက်ဆို အမွေကော ဘာတွေတောင် ရဖို့ လမ်းမ မြင်ဘူး ...ကျွန်တော်ကလည်း ဘာအမွေမှ မမက်ပါဘူး ... ဒီအရွယ် ထိ ပညာအမွေပေးတာကိုပဲ ကျေနပ်လှပါပြီ ... ဟုတ်တယ် မဟုတ် လား"

"ကာနဲ့ တူလိုက်တာနော် ...'ကာ' လည်း ဖေယျလိုပဲ ဘာပကာ သနမှ မမက်မောဘူး အမွေကို ဒက်ဒီတို့ပေးချင်ပေး၊ မပေးချင်နေ ပြီးတော့ 'ကာ' နဲ့ လက်တွဲမယ့် အဖော်ကိုလည်း 'ကာ့'လို စိတ်တူ ကိုယ်တူမျိုးပဲ ဖြစ်စေချင်တာ ..."

ဟိုက် စကားက ဘယ်ဘူတာ ဆိုက်ကုန်ပြီလဲ မသိတော့ဘူးလား မယ်မင်းကြီးမရေ ...ဒီလို အထာမျိုးကို စောင့်နေတဲ့ ကောင်တွေရှေ့ ပြောမိရင်နာတော့မှာပဲ ...။

"သောက်ပြီးရင် သွားကြမယ်လေ ...."

"ကာ့ကို စာအုပ် ဝိုင်းရွေးပေးဦးနော် ဖေယျ ...."

"ကိုယ်ကြိုက်တာ ကိုယ်ရွေးပါလား ..."

"ကာ နဲ့ ဖေယျ အကြိုက်တူမှာပါလေ ...ရွေးပေးနော်"

သူ သက်ပြင်းကို ဆောင့်ချလိုက်ပြီး ကော်ဖီဖိုးရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့၏ စာအုပ်ဆိုင်ထဲမှာ သူ စာအုပ်ရွေးနေတာကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်နေတတ်သည့် သူမကြောင့် စိတ်ရှုပ်ရလေသည်။ ပြဿနာပဲ ဒီလောက်လူတွေရှိနေပါလျက် ဒီလို ငေးရတယ်လို့ အလကားရယ် ...

စာအုပ်ဝယ်ပြီးတော့ Taxi ပေါ် သူမကို တင်ပေးလိုက်ပြီး ကျောင်းသက်တို့ အဆောင်ကို သူထွက်လာခဲ့၏။ နှစ်ယောက် အခန်းထဲမှာ လေးကောင်သားစုပြုံနေစဉ် ဝယ်လာသည့် စာအုပ်ထုပ်ကို စားပွဲပေါ် ဘုတ်ခနဲ ပစ်ချလိုက်ပါသည်။

"ဟာ ...လန့်လိုက်တာကွာ ..."

"ဘာတွေ ကြံစည်နေကြတာလဲ ..."

"ဟဲဟဲ ... ဟိုနေ့က ကောင်မလေးအကြောင်း အတင်းတုပ်နေကြတာ"

"ယောက်ျားတွေတန်မဲ့ ကွယ်ရာ အတင်းပြောစရာလား။ သွား ထမိန်ဝတ်ထားကြ ..."

သူက ဝေထွန်း ခုတင်ထက်မှာ ထိုင်လိုက်ပြီး ရှပ်ကြယ်သီးကို ဖြုတ်စဉ် လေးကောင်သား အဝတ်အစားထလဲကြလေ၏။

"ဒါက ဘယ်ကိုလဲ ..."

"မသိဘူးလေ ...Tea shop သွားမလားလို့"

"မသွားသေးပါဘူး၊ ခဏနေမှသွား၊ ငါ အခုပဲ ကော်ဖီသောက်လာခဲ့တာ ..."

"အံမာ ..တစ်ယောက်တည်း ဗွေဖောက်နေတာပေါ့လေ ..."

ထွန်းနေစိုးက ရှပ်အင်္ကျီကို ချိတ်မှာ ပြန်ချိတ်လိုက်ပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်လေ၏။ သူက ရှပ်အင်္ကျီကိုချွတ်ကာ ချိတ်ဖြင့် သေချာချိတ်ပြီး စွပ်ကျယ် လက်ပြတ်ဖြင့် အိပ်ရာထက်လှဲချလိုက်သည်။





"ငါ တစ်ယောက်တည်း မဟုတ်ဘူး ...အလကားပါဟယ်"

"ဘာ! ဘယ်က အလကားလဲ ..."

"ဟို ဆံပင် စင်းစင်းလေးနဲ့ ကောင်မလေး"

"ဘယ် ဆံပင် စင်းစင်းလေးနဲ့ ကောင်မလေးလဲ ..."

"ငါ့ကို ချောင်းကြည့်တတ်တဲ့ ကျောင်းက ကောင်မလေးကို ပြောတာပေါ့ ...သူ့နာမည်က အလကားတဲ့ ..."

လေးကောင်သား သူစိတ်မရှည်တာကို ဝိုင်းလှောင်ကြလေ၏။ သူ့နှုတ်က ဒီလို မိန်းကလေးတွေရဲ့ အကြောင်းမျိုး တစ်ခါမှ မပြောခဲ့ဖူးတာကိုး ...

"ဘယ်လိုလဲ ..."

"ဘယ်လိုမှ မလဲဘူး ..."

"ကောင်မလေး အတော်မှ ကပ်ရဲ့လား ..."

"ကပ်ရုံတင်မကဘူး ပစ်တိုက်ထည့်လိုက်တာ ရင်ဘတ်ကိုအောင့်ရော ..."

"ဘယ်လိုဖြစ်လို့လဲ ..."

သူက ဒီမနက်အဖြစ်အပျက်ကို အတိုချုံး၍ ပြောပြလိုက်တော့ အခန်းထဲမှာ ရယ်သံတွေက အုန်းအုန်းကျွက်ကျွက်ညံ ကုန်လေ၏။ အဆောင်မှူးလာအော်မှာ စိုး၍ အုပ်စုကို သူ အမြန်ထိန်းလိုက်ရသည်။

"ဒါဆို သူ့နှောက်လူလိုက်တာ ကြောက်တယ်ပေါ့လေ မင်းကို တော့ မကြောက်ဘူးဆိုတဲ့ သဘောပေါ့ ..."

"မှတ်လောက် သားလောက်ရှိသွားအောင် နောက်တစ်ခါကပ်လာရင် ကိုက်စားပစ်လိုက်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ကိုက် ငါ့မှာ အစွယ်မရှိဘူး"

"ခွေးနဲ့ ငါ့ကို ခွေးလို့ ပြောတာပေါ့လေ ..."

ကျော်သူစိုးက သူဝယ်လာသည့် မုန့်ထုပ်တွေကို ဖွင့်ကာ ခာတ်ဗူးနှင့် အကြမ်းပန်းကန်လုံးတွေ ထုတ်ပြီး ပြင်ဆင်ပေး၏။ သူပြန်မှပဲ လက်ဖက်ရည်ဆိုင်ရောက်တော့မည်ထင်ပါသည်။

"လှတော့လှတယ် မဟုတ်လား ...ဝန်ခံလိုက်စမ်းပါ ..."

"သူ့ဟာသူလှတာ ဘာဆန်းလဲ ...အနေသာကြီး ..."

"မင်း မကြိုက်ဘူးလား ..."

"လာပြန်ပြီ ..."

"မင်း မကြိုက်ဘူးဆိုရင် ငါကြိုက်မှာနော် ..."

အဓိအေးဆုံးဖြစ်သည့် ကျော်သူစိုး အပြောကြောင့် သူ ရယ်မောလိုက်မိ၏။ အလကားရေ.. မင်း ကိုယ့်ကို စိတ်ဝင်စားပေမယ့် ကိုယ်ကတော့ စိတ်မဝင်စားတာ အမှန်ပဲ၊ ဒါပေမယ့် ကိုယ့်သူငယ်ချင်းကတော့ မင်းကို စိတ်ဝင်စားနေပြီတဲ့၊ ဒါဆိုရင် မင်း ဘာများပြောလေမလဲ ....။





"ဒက်ဒီနဲ့ တိုင်ပြောမှာနော်"

"တိုင်ပေါ့ ..."

"မမနော် ပြောတော့ဖြင့် တာတာ့ကိုပဲ အချစ်ဆုံးဆိုပြီး ခုတော့ ရည်းစားထားချင်နေပြီ ..."

"ရှူး တိုးတိုးပြောလေ တာတာရဲ့ ခက်တာပဲ၊ သူကဖြင့် မမကို သိပ်ခင်သေးတာ မဟုတ်ဘူး၊ သူနဲ့ အနီးဆုံးရောက်ဖို့ အများကြီးကြိုးစားနေရတဲ့ဟာကို ...."

တာတာက ရယ်မောလျက် သူမကို နောက်ကျောဘက်မှ သိုင်းဖက်လိုက်လေ၏။ ခေါင်းဖြီးနေသည့် သူမ ဆံပင်တွေကိုလည်း ဆွဲဖွလိုက်ပါသည်။

"မလုပ်နဲ့လေ ..."

"ဟွန်း အခုမှ အရမ်းကို လှချင်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် ကျောင်းသွားဖို့ပြင်တော့လေ …။ ဘယ့်နှယ် မမကို သွားနှောင့်ယှက်နေတာလဲ …"

"မာမို့ သမီး အလှပြင်တာကို လာကြည့်နေတာပါ မာမီရဲ့ …"

"ကြည့်စရာလား သမီးလည်း ဆယ်တန်းအောင်ပြီး တက္ကသိုလ် တက်တဲ့အခါ ပြင်ရမှာပဲ ခုတော့ သနပ်ခါးပါးကွက်လေးပဲ ကွက်ပါဦး လာ …"

မာမီက တာတာ့လက်ကို ဆွဲခေါ်သွားတာမို့ သူမ သက်ပြင်းရှိုက် လိုက်မိ၏။ မျက်နှာကို Puff ထပ်ရိုက်လိုက်ပြီး နှုတ်ခမ်းကို မသိမသာ အရောင်ဖျော့ဖျော့လေးဆိုးလိုက်ပါသည်။ ဝတ်ထားသည့် blouse လက်ဖောင်း ဆင်စွယ်ရောင်လေးကို ခါးမှဆွဲဆန့်ကာ လုံချည်နက်ပြာ ပွင့်လေးကိုလည်း ခပ်ကျုပ်ကျုပ်လေး ဝတ်လိုက်ပါ၏။ ဖေယျရေ … ကောင်လေးတော်တော်များများက Fashion ကျကျ ဝတ်လေ့ရှိတဲ့ 'ကာ့' အလှကို သတိပြုမိကြပေမယ့် ရှင်ကဖြင့် မသိယောင်ဆောင်လို့ ပါလားနော် …

အများထဲမှာ သီးခြားကြီး ထင်းနေအောင် မပေါ်လွင်ပေမယ့် 'ကာ့' မှာလည်း ကိုယ်ပိုင် အလှတရားတွေ ပိုင်ဆိုင်ထားတာ အမှန်ပါ။ ဒါကိုတောင်မှ 'ကာ' သဘောကျနေတဲ့ ကောင်လေးက မမြင်တတ်ဘူး တဲ့လေ ….ရင်မောရပါလားကွယ် မြင်မြင်ချင်း လှိုက်ခုန်သွားတဲ့ နှလုံး သားကို 'ကာ' သိပ်သနားတယ် လစ်လပ်နေတဲ့ အသည်းပလ္လင်ထက် သူ တက်လာလေမလားလို့ မျှော်လင့်နေမိတဲ့ တိတ်တခိုးချစ်ခြင်းတွေ ကိုလည်း ရှက်ရွံ့နေမိတယ်။ မိန်းကလေးတစ်ယောက်ရဲ့ အချစ်တွေ က ရင်ထဲမှာ အပြည့်အသိပ်ပါ …ဖေယျ မသိဘူးလား…၊ 'ကာ့' မှာ





မျှော်လင့်စောင့်ဆိုင်းရုံမှတစ်ပါး 'ကာ' ဘာမှမတတ်နိုင်တော့ပါလား။

"သမီးကြီးရေ …သဲသဲတို့ ရောက်နေပြီ …"

မာမို့အသံ မရှေးမနှောင်းမှာ သဲသဲနှင့် မိမိခိုင်ပါ သူမ အခန်းထဲသို့ ရောက်လာလေ၏၊ သူမ ခုတင်ပေါ်မှာ နှစ်ယောက်သား ထိုင်လိုက် လေသည်။

"ငါတို့ မဒီလေးတော့ မရိုးတော့တာသေချာပြီ အလှတွေလည်း စွတ်ပြင်လို့ပါလား …။"

"အေးလေ နင် ဒီလောက်ပြင်လည်း ဟိုတစ်ယောကင်က စိတ် ဝင်စားမှာ မဟုတ်ဘူး"

"အံမယ် လူကိုများ အထင်သေးလိုက်တာ 'ကာ' နဲ့ သူ့ အတော် လေး ရင်းနှီးနေပါပြီကွယ် …"

"လာလာချည်သေး တို့မသိဘဲ နင် ရင်းနှီးစရာရှိလို့လား မယုံ ရေးချ မယုံပေါင် …"

သူမ ညှင်းသွဲ့သွဲ့လေး ရယ်မောကာ မှန်ထဲမှ ကိုယ့်ပုံရိပ်ကို ဟိုဒီ ကြည့်ပတ်ကြည့်လိုက်မိ၏။ ကိုယ်လုံးကိုယ်ပေါက်လည်း အပြစ်မရှိ အောင် တင့်တယ်တဲ့သူပါ ဖေယျရယ် … ရှင် ဥပေက္ခာပြုတာတွေကို ရပ်သင့်ပြီလို့ မထင်ဘူးလား …။

"မနေ့က သူနဲ့ ကော်ဖီတောင် အတူသောက်ခဲ့သေးတယ် …"

"ဘာ"

"ဟုတ်တယ် စာအုပ်ဆိုင်လည်း အတူဝင်ခဲ့တာလေ သူ့အကြောင်း တွေ အကုန်မဟုတ်ပေမယ့် တစ်ခွန်းတစ်စလောက်တော့ ပြောပြတယ် ဆရာရေ … သူက အတော်လေး ခင်စရာကောင်းတာ အမှန်ပဲ …"



www.burmeseclassic.com

www.burmeseclassic.com



"အမြင်ကပ်လိုက်တာနော် ... ဒီလောက်ထောင့်မကျိုးတဲ့ လူကို များ မျက်စိကျရတယ်လို့ ..."

"အေးလေ ...လမ်းလျှောက်ရင် ပုဆိုးက 'မ' သေး မျက်နှာကိုမော့၊ မျက်မှန်ပင့်ပြီး သူ့ကိုယ်သူ ဘာများထင်ပြီး ဘဝင်မြင့်နေမှန်းမသိတဲ့ ရုပ်မျိုးကိုမှ စိတ်ကူးရတယ်လို့ ...."

"ဟဲ့ အဲဒါ ဘယ်သူနဲ့မှ မတူတဲ့ သူ့ရဲ့ Style တစ်မျိုးပေါ့။ ငါက အဲဒါလေးကိုပဲ သဘောကျနေတာ ...သူနဲ့ချစ်သူဖြစ်လို့ကတော့ ဖေဖေ လို့ပဲ ချစ်စနီးခေါ်မယ် ..."

"အမလေးဟဲ့ အခြောက်လိုလို အသုံးအနှုန်းကြီးပါလားနော်"

"ဒါဆိုလည်း မမောင်လို့ပဲ ခေါ်လိုက်တော့မယ် ...ဟယ် ..."

"ရှူးစီမ ..."

သူငယ်ချင်း နှစ်ယောက်က သူမကို ခပ်ဖွဖွထုကာ ရယ်မောလိုက်လေ၏။ လွယ်အိတ်ကို ကောက်လွယ် လှေကားမှ ဆင်းခဲ့တော့ ကား က အဆင်သင့်စောင့်နေလေပြီ ...။

"ဒီနေ့ နောက်ကျမှာလား သမီး ..."

"Pratical ရှိတော့ နောက်ကျမယ် မာမီ ဦးမျိုးကို လေးနာရီ ကျော်လောက်မှ လာကြိုခိုင်းလိုက်ပါ့မယ် ..."

"မာမီ့သမီးကြီးက ယဉ်ယဉ်လေးနဲ့ လှလိုက်တာနော်"

"အဲဒါ အန်တီနဲ့တူလို့ဖြစ်မှာ အန်တီရဲ့"

မာမီက သဘောကျစွာဖြင့် ရယ်လိုက်ပါ၏။ ကားတံခါးကို ပိတ် ပေးပြီး လက်ပြအပြီးမှာ ကားလေးက ခြံထဲမှ ပုံမှန်နှုန်းဖြင့် ထွက်လာ လေသည်။ ရင်ခုန်လိုက်တာ ဖေယျရယ် ...ကျောင်းဖွင့်ရက်တွေဟာ





'ကာ့' အတွက် အမိပွါယ်ရှိတဲ့နေ့ ရက်တွေဖြစ်လာခဲ့ပါပြီ၊ 'ကာ' တို့ နှစ်ယောက်ချစ်သူဖြစ်သွားမယ်ဆိုရင်တော့ ဒီကမ္ဘာကြီးထဲမှာ အပျော် ဆုံး လူတစ်ယောက်အဖြစ် 'ကာ' ရှင်သန်ခွင့်ရနိုင်တော့မှာလေ ... ကျောင်းကို ရောက်ရင် ရှပ်အဖြူနဲ့ တွဲပြီး ဖေယျ ဘယ်လို ပုဆိုးကွက် လေး ဝတ်လာမလဲလို့ မြင်ချင်လှပြီ ပြီးတော့ ဖေယျစီးနေကျ ကတ္တီပါ ဖိနပ်လေးထက်က ခြေချောင်းဖြူဖြူလေးတွေကို ငုံ့ကြည့်ရင်ခုန်ချင် တာကိုဖေယျ သိနိုင်ပါ့မလားကွယ် ...။

"ဦးမျိုး လဝန်းရိပ်ရှေ့မှာပဲ ရပ်ပေးနော် ... အပြန်လေးနာရီကျော် လောက်ရောက်ရင် တော်ပြီ သိလား ..."

"အေး ...အေး ...သမီးကြီး"

ဦးမျိုးက Canteen ရှေ့မှာပင် ကားကို ရပ်ပေးလေ၏။ သူမတို့ ဆိုင်ထဲဝင်ထိုင်ချိန်ထိ သူတို့ အုပ်စုကို တစ်ယောက်မျှ မတွေ့ရပါချေ။ သူထိုင်နေကျ ခုံလေးကို ငေးငေးလေးကြည့်ရင်း သက်မကို ချလိုက် မိ၏။ မျှော်လင့်ခြင်း ကမ်းတစ်ဖက်မှာ ရင်မောနေရတဲ့ ဝေဒနာကို ကုစားပေးလှည့်ပါလား ဖေယျရယ် ...။

"တစ်ယောက်မှ မလာကြဘူးထင်တယ် ..."

"ဟိုလေးယောက်က အဆောင်ကနေလာမှာလေ ..."

"သူကရော .."

"အိမ်ကလာမှာပေါ့ ..."

သဲသဲနှင့် မိနိုင်ပြောသမျှကို မကြားမိဘဲ လူက ငိုင်တွေနေမိ၏။ မှာထားသည့် ကော်ဖီခွက်က နွေးနွေးလေးသာ ကျန်တော့သည်။ သူတို့ ကို အရိပ်သော်မျှ မမြင်ရသေး....ဘာများဖြစ်လို့လဲ ...နေထိုင်များ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့လား 'ကာ' က စိတ်ပူပန်တတ်တယ် ဖေယျရယ် 'ကာ' ရင်ပူအောင်တော့ မလုပ်လိုက်ပါနဲ့ ...။

"ဟော ..."

လေးယောက်သား တွန်းတွန်းတိုးတိုးနှင့် လျှောက်လာသည့် အုပ်စုကိုမြင်တော့ သူမ ခါးလေးမတ်သွားရလေ၏။ ဒါဆိုရင် သိပ်မကြာခင်မှာ သူ ရောက်လာတော့မှာလေ ...။

"၉ နာရီထိုးခါနီးပြီ ..."

သဲသဲက လှမ်းဆော်လိုက်တာမို့ သူမ မျက်စောင်းခဲလိုက်မိ၏။ ဟိုလေးယောက်က Canteen ထဲ မဝင်ဘဲ အဆောင်ရှိရာသို့ ဆက်လျှောက်သွားတာမို့ သူမ ဖျတ်ခနဲ ထရပ်လိုက်သည်။

"ဟဲ့ ..."

"ဝိုင်းရှင်းမယ် ..."

သူမက ပိုက်ဆံကို စားပွဲထက်တင်ကာ ခြေစလှမ်းလိုက်တာမို့ သဲသဲရော မိခိုင်ပါ အမြန်ထလိုက်လာရလေ၏။ သူမက ဟိုလေးယောက် နောက်မှ ခပ်မြန်မြန်လိုက်လာခဲ့ပြီး ဘယ်လို စကားစရှာရမလဲ အမြန်ဆုံး စဉ်းစားလိုက်ပါသည်။

"ဒီမှာ ..."

"...."

လေးယောက်သား ဝေါခနဲ ရယ်မောလိုက်တာမို့ သူမ ခေါ်သံကို အုပ်သွားလေ၏။ သဲသဲတို့ပါ ခြေလှမ်းတူလာလေမှ နောက်ထပ် အသံမြှင့်၍ ထပ်ခေါ်လိုက်မိသည်။

"ဒီမှာ ..."





"ဟင် ..."

အလယ်မှ မျက်ခုံးဆက်နေသည့် ကောင်လေးက အရင်ဆုံး လှည့်ကြည့်လေ၏။ ခြေလှမ်းတွေ အလိုလိုရပ်သွားတာမို့ သူမတို့ပါ ရပ်လိုက်ရပါသည်။

"ဘာလဲ ..."

"ဖေယျ ရော .."

"ဘယ်သူ ..."

"ဖေယျမင်းဒင်ကို ပြောတာလေ ..."

လေးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်စပစ်လိုက်ကြလေ၏။ မနေ့ကပဲ စကားပြောဖူးရုံရှိသေးတယ် အခုလာမေးတာတော့ တော်တော်ရဲလွန်းပြီပဲ မေးပုံကလည်း ဖေယျရော တဲ့ အပိုင်ပဲပေါ့လေ ...

"ဖေယျ နေမကောင်းလို့ ဒီနေ့ ကျောင်းမတက်ဘူးလို့ ဖုန်းဆက်တယ်"

"ဟင် ! မနေ့ကတွေ့တော့ အကောင်းချည်းပဲဟာကို .."

"ဟုတ်တယ်၊ ညနေဘက် ရေချိုးရင်း စိတ်ကူးယဉ်လွန်းသွားတာနဲ့ အအေးမိပြီး ဖျားရော ...အဲဒါ သူ့အမေက ဒီနေ့ အတန်းဖျက်ဆိုလို့ ကျွန်တော်တို့ဆီကို ဖုန်းဆက်ပြီး ပြောတာလေ ..."

မျက်နှာငယ်လေးနှင့် ဖြစ်သွားသည့် ကောင်မလေးကို ရယ်လိုက်ချင်ပေမယ့် မရယ်ရဲ ...တော်ကြာ သူတို့ လိမ်ထားတာကြီးပေါ်သွားမှာလေ ...ဖြစ်ချင်တော့ သင်းကလည်း ဒီနေ့မှ နောက်မကျစဖူး နောက်ကျနေတာကိုး...။ ကျောင်းတက်မှာတော့ သေချာပါတယ်... သူက



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့နေရတာကို ပိုနှစ်သက်တတ်တာလေ ...။

"တကယ်မလာဘူးလားဟင် ..."

"ဩော် ...သူ့အမေက မလွှတ်ပါဘူး ဆိုနေမှ ..."

အချင်းချင်း လက်တို့ကာ ကျောင်းဆောင်ပေါ် တက်လာတော့ သူမက ခြေကို မသယ်ချင်သလို ခပ်ဖြည်းဖြည်းလိုက်ပါလာလေ၏။ သနားတော့ သနားစရာလေး ဒါပေမယ့် ဇေယျကို လိုက်ပိုးနေသလိုဖြစ်နေတာကို အမြင်ကပ်ပြီး Lesson ပါးပါးလေး ပေးလိုက်မိခြင်းဖြစ်၏။ ဇေယျရောက်လာရင်တော့ ဘာတွေဆက်ဖြစ်မည်မသိ ...အတန်းထဲရောက်တော့ သူမ မျက်နှာလေးက ငိုမဲ့မဲ့လေးဖြစ်လာလေသည်။

"ဟယ် မျက်နှာက ဘယ်လိုဖြစ်နေတာလဲ ...လူကြား သူကြားထဲ ငိုမချလိုက်နဲ့နော် 'ကာ' ..."

"သူ ...သူ ...တော်တော် ဖျားနေတာ ထင်ပါရဲ့ (၉) နာရီကျော်နေပြီ ..."

"ဩော် ...သူ့အမေက စိတ်မချလို့ မလွှတ်တာပဲကြည့် ...ကြည့်ဟယ်! ဟိုမှာ ဇေယျ မဟုတ်လား ..."

အခန်းဝကို သဲသဲ လက်ညှိုးညွှန်လိုက်တာမို့ သူမ ဖျတ်ခနဲကြည့်လိုက်မိ၏ ဟုတ်ပါတယ် ...ခပ်သွက်သွက် ခြေလှမ်းတို့ဖြင့် အခန်းထဲဝင်လာသူဟာ သူမရဲ့ နှလုံးသားလေးပါပဲ ...။

"ဇေယျ ...၊ မင်းမလာတော့ဘူးလို့ ထင်နေတာ .."

"လာမှာပေါ့ကွ၊ ငါစီးလာတဲ့ကား လမ်းမှာပျက်နေလို့ နောက်ကားစောင့်နေရလို့ ..."

သူက နောက်ခုံမှာ ဝင်ထိုင်လိုက်ပြီး သူ့ကို လှည့်ကြည့်နေသည့်





သူမကို လှစ်ခနဲ ပြုံးပြလိုက်ပါ၏။ သူမ ပါးပြင်ထက် မျက်ရည်တစ် ပေါက် စီးကျသွားလေသည်။

"ဟောဗျာ ဘာဖြစ်လို့ ငိုရတာလဲ အလက်ာရဲ့ ..."

"ညာတာကိုး ..."

"ညာတယ်...။ ဘယ်သူက ညာလို့လဲ ..."

"သူတို့တွေပေါ့ ... ဇေယျ သူငယ်ချင်းတွေလေ ..."

"သူတို့က အလက်ာကို ဘာတွေ ညာထားလို့လဲ"

"သိချင်ရင် မေးကြည့်ပေါ့လို့ ..."

သူက သူငယ်ချင်းတွေဘက် လှည့်ကြည့်စဉ် တိုးတိုးတိတ်တိတ်ရှင်းပြတာကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်ရလေ၏။ ပြဿနာပဲ ...စ,စရာမရှိ ရှာကြံစကြတာကိုး ...။

"မင်းတို့ကလည်း ဘာဖြစ်လို့ သွားစတာလဲ ..."

"သူ့ ပုံစံလေးကို စချင်လာလို့ပါကွ ..."

"မင်းတို့ စတာ အကြောင်းမဟုတ်ဘူး တော်ကြာ ချော့မော့နေရတာနဲ့ ဖယားရှုပ်ကုန်မယ် ..."

"ပြောလိုက်ပါကွာ ...စိတ်မဆိုးနဲ့လို့ ..."

"ပြောစရာလား ...ငါနောက်ထားတဲ့ ကိစ္စမှ မဟုတ်ဘဲ ..မင်းတို့ ကိစ္စ မင်းတို့ရှင်း ...ဒါပဲ ..."

သူက ခပ်တည်တည်ဖြင့် လေးကောင်ကို ဟောက်လိုက်တော့ ငြိမ်ကျသွားလေ၏။ English ဆရာမ ဝင်လာပြီမို့ စာသင်ချိန်စချေပြီ။ သူ နေမကောင်းဘူးလို့ ပြောရုံလေးနဲ့ သူမ မျက်ရည်ကျတဲ့အထိ ဝမ်းနည်းရသတဲ့လား လူတစ်ဖက်သား ဝမ်းနည်းပက်လက်ဖြစ်အောင် တွေး



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စု မစခဲ့ဘူးပါချေ။ ကျော်သူစိုးက သူ့လွယ်အိတ်ထဲမှ A4 စာရွက်ကို ညီညီညာညာလေးဖြကာ မြားချိုးပြီး စာတစ်ကြောင်း ရေး၍ ရှေ့ခုံကို လှမ်းပစ်လိုက်ပါ၏။

တစ် - နှစ် - ခင်ပြီးစလစ်

ခုံပေါ်ရောက်လာသည့်မြားပေါ်မှစာတန်းကိုမြင်လိုက်ရ၍ သူမ နှုတ်ခမ်းစူသွားပါ၏။ စ,တုန်းကစ,ကြပြီး ဒီလို လွယ်လွယ်နဲ့ ပြန်ချော့လို့ ရမယ်ထင်နေလား ...မရဘူးနော်။ 'ကာ' က စိတ်ကြီးတယ် ...အစွဲ အလမ်းလည်းကြီးတယ်... တစ်ခုခုကို ဘာမဆို လွယ်လွယ်နဲ့ မမေ့ တတ်တာ 'ကာ့' အကျင့်ပဲ ...။

နောက်ထပ်တစ်စင်း ထပ်ရောက်လာပြန်၏။ သူမ အသာလေး ယူကြည့်လိုက်ပါသည်။

သုံး - လေး - မမုန်းကြေးနော်

ဟွန်း! ဒါ, သူ့လက်စွမ်းပဲနေမှာပေါ့ ...သူတို့ အုပ်စုထဲမှာ သူက အတော်ဆုံးပဲဟာ ...မရဘူး ...'ကာ' က ဖေယျကို မုန်းဖို့မှ မရည်ရွယ် ဘဲ ...ဒီလိုပြောဖို့ မလိုအပ်ဘူးဆိုတာ ရှင် သိသင့်ပါတယ်နော် ...

"ဟော လာပြန်ပြီ ..."

ငါး - ခြောက် - စိတ်မကောက်နဲ့





သူမ ပြုံးချင်ချင်ဖြစ်လာပြီမို့ နှုတ်ခမ်းပါးလေးကို အသာကိုက် ထားလိုက်မိ၏။ ကောက်တယ်ဆိုရင် ရှင်က 'ကာ့' ကို ချော့မှာမို့လား ရှင့်ကြောင့် မဟုတ်ပေမယ့် ရှင်တို့ တစ်အုပ်စုလုံးက အကြံတူကြတဲ့ လူတွေလေ ...မရဘူးနော် ...ကျွန်မ တကယ်စိတ်ကောက်မှာပဲ ...

ခုနစ် - ရှစ် - မဂျစ်နဲ့နော်

သူမ ဟက်ခနဲ ရယ်လိုက်ပါ၏ ...ဟွန်း ... ချော့တာတောင်မှ စိတ်မရှည်တော့ဘူးပေါ့လေ ... Teacher ရှိနေလို့ နောက်လှည့်မကြည့် ရဲတာကို သူတို့ အုပ်စုက မြားလေးတွေပစ်ပြီး စကားပြောနေတာကိုး လှည့်ပြီး မျက်စောင်းထိုးလိုက်ချင်သည့် စိတ်ကို ဖြေဖျောက်နေရ၏။ သူ့မျက်နှာ ဘယ်လိုအနေအထားဖြစ်နေမလဲဆိုတာကိုလည်း သိပ်သိ ချင်သည်။ ဒီနေ့မှ စာသင်တာကလည်း ကြာလိုက်တာနော် ...ဒီမှာ ရန်လှည့်တွေ့ချင်ပါလျက် အခွင့်အရေး မပေးသည်မို့ ရင်ထဲမှာ ခုလု ခုလုဖြစ်ရသည်မှာ အမှန်ပင် ...

ကိုး - တစ်ဆယ် - မုန်းလိုက်မယ်

"ဖေယျနော် ..."
"ဗျာ!"
"ပြန်ရေးပေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ..."

"ဒီမှာလေ ..."

သူမက ခြေသောင့်ကာ စက္ကူမြားလေးကို သူ့စာအုပ်ပေါ် တင်ပေးလိုက်လေ၏။ သူ့မျက်ခုံးနှစ်ဖက်စလုံးမြင့်တက်သွားရလေသည်။ ပြုံးနေကြောင်း ကျော်သူစိုးတော့ ကွိုင်ရှာနေပါရောလား။ ဆရာမ ထွက်သွားပြီမို့ အခန်းထဲမှာ လှုပ်လှုပ်ရွရွဖြစ်နေကြလေ၏။

"အဲဒါ ကျွန်တော်ရေးတာမဟုတ်ဘူး အလက်ာရဲ့"

"မရဘူး ...ပြန်ရေးပေး ...အဲဒါ 'ကာ' မှ မကြိုက်ဘဲ"

"ဩော် ...တကယ်ပြောနေတာ ...ကျွန်တော်ရေးတာ မဟုတ်ပါဘူး"

"ဖေယျဖနော် 'ကာ' တကယ်စိတ်ကောက်မိတော့မယ် ..."

"ကဲပါ ဖေယျရာ ...ပြင်ရေးပေးလိုက်ရင် ဘာဖြစ်မှာမို့လဲ ..."

"ဟာ! ငါရေးတာမှ မဟုတ်တဲ့ဟာ ..."

"တော်ပြီ ...."

သူမ မျက်နှာ ငိုမဲ့မဲ့လေးဖြင့် တစ်ဖက်ကို လှည့်သွားတော့ သူကို ဘော်ဒါတွေက အသာတိုက်တွန်းကြလေ၏။ ရော်! ခက်ကုန်ပြီပဲ ... သင်းတို့ရှာတဲ့ဒုက္ခက သူ့ကိုမှ လာအမှုပတ်ရတယ်လို့ ...သူက စာရွက်ဖြူထက်မှာ စာလုံးလှလှလေးတွေကို ချရေးလိုက်ပါ၏။ စိတ်ကောက်နေတဲ့ ကောင်မလေး စိတ်ဆိုးပြေစေလိုတဲ့ စေတနာ သန့်သန့်နဲ့ပါ လေ...

ကိုး - တစ်ဆယ် - မမေ့ဘယ်ကမ္ဘာပါကွယ်





ဒီတစ်ခါတော့ မြားမရှိုးတော့ဘဲ သူက ခါးကိုင်း၍ သူမ ရှေ့စားပွဲပေါ် လှမ်းတင်ပေးလိုက်ပါ၏။ ခေါင်းလေး သုံးလုံးပြူးသွားပြီး သူမ မျက်နှာလေးပြုံးချိုစွာဖြင့် သူ့ဘက်ပြန်လှည့်လာလေသည်။

"တကယ်ပြောတာနော် ဖေ ..."

ဟိုက်! အခေါ်အဝေးက ချက်ချင်းကို ပြောင်းသွားပါရောလား သူ အားနာပါးနာဖြင့် ခေါင်းကို ဆတ်ခနဲသာ ညိတ်ပြလိုက်ရလေ၏။ စိတ်ထဲမှ ဖိုးကျော်ကို ဆဲနည်းမျိုးစုံဖြင့် ကျိန်ဆဲမိတာက လွဲပြီး မည် သည့်ဒေါသမျှ ရင်ထဲမှာ နိုအောင်းခြင်းမရှိပါချေ။

ထမင်းစားချိန်ရောက်တော့ သူမတို့အုပ်စုက သူတို့ကို မရမက အတင်းခေါ်သဖြင့် သူတို့ ထလိုက်ခဲ့ရ၏။ လဝန်းရိပ်မှာ လူက တော်တော်လေးပြည့်နေချေပြီ။ စားပွဲထိုးလေးက စားနေကျ ဖောက်သည် အုပ်စုဖို့ တစ်ဝိုင်းစာနေရာကို ရအောင်ဖန်တီးပေးသဖြင့် သူတို့အုပ်စု အဆင်ပြေသွားပါ၏။

"စားချင်တာ မှာကြနော် ...ဒီနေ့ ဝိုင်းကို 'ကာ' ရှင်းမယ်"

"ဟာ! မလုပ်ပါနဲ့ မအလက်ာရဲ့"

"ဘာဖြစ်လို့လဲ ...အားနာလို့လား"

"မဟုတ်ဘူး ...အားရပါးရ စားမလို့ ..."

သူက သူငယ်ချင်းတွေနှင့် တစ်ဦးချင်း မိတ်ဆက်ပေးလိုက်ပါ၏။ ဖိုးကျော်က အလက်ာ့ကို စိတ်ဝင်စားနေတာ မဟုတ်လား ...။

"မှတ်ထားပါ အလက်ာ၊ နောက်ကို လမ်းမှာတွေ့ရင် ရှောင်လို့ ရအောင်ပေါ့ ...ဝေထွန်း၊ ကျော်သက်၊ ထွန်းနေစိုးနဲ့ ကျော်သူစိုးတဲ့..."

"ဟုတ်ကဲ့ ...'ကာ့' သူငယ်ချင်း နှစ်ယောက်က ချိုသဲနဲ့ မိမိခိုင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်သွားပြီဆိုတော့ နောက်ကို 'ကာ' တို့ကို မညာရဘူးနော် ..."

"ကျွန်တော်တို့ ညာဖို့ မရည်ရွယ်ပါဘူး မအလင်္ကာရဲ့ စကားပြော ရင်းနဲ့ စ,ချင်ဖိတ်ဖြစ်လာလို့ပါ ..."

"လူကိုများ စ,စရာမှတ်နေလား ..."

"မ အလင်္ကာကိုတော့ စချင်တာပေါ့ ...သူ့ကိုတော့ မစ,ရဲဘူး ...ဟဲ ဟဲ ...သူက စွာတယ် ..."

"အံမာ! လူကိုရှေ့ထားပြီး အတင်းအုပ်တာပေါ့လေ ..ကဲ"

ဝေထွန်းကျောကို သဲသဲက လက်သီးတစ်ချက်ဖြင့် မိတ်ဆက်ပေး တော့ ကျောခေကာ့သွားရ၏။ ချိုသဲနှင့် မိမိခိုင်က ဆတ်ဆတ်ကျဲပေမယ့် ခင်ဖို့ ကောင်းလှပါသည်။ အချိန်တိုလေး အတွင်းမှာ ငယ်ပေါင်းကြီး ဖော်တွေလို ဘစ်ခဏချင်းရင်းနှီးသွားရလေသည်။

'ဖေတို့ အုပ်စုက အရမ်းပျော်တတ်တာပဲနော် ... အမြဲရယ်နေ ပြုံးနေတာပဲ တွေ့တွေ့နေရတယ် ..."

"ဒီလိုပဲ ပျော်အောင်နေရတာပေါ့ အလင်္ကာရဲ့ ...အိမ်ဆိုတဲ့ လှောင် ချိုင့်က တစ်ခဏထွက်လာစဉ် အပြင်မှာ ပျော်စရာလေးတွေ ရှာကြံတွေ့ ရတာပဲ ... ဒါမှ စိတ်လက်ပေါ့ပါး လန်းဆန်းမှာလေ ..."

"ဖေ မိဘတွေက ချုပ်ချယ်လို့လား"

"အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး ကျွတ်! ဘယ်လိုပြောရမှန်း တောင်မသိတာတော့ အမှန်ပဲ ..."

"ဒီကောင့် အမေက သူ့ကို ငုံထားမတတ်ချစ်တာ မအလင်္ကာရဲ့ သမီးမိန်းကလေးမွေးထားသလို အရိပ်တကြည့်ကြည့်နဲ့ကို ချစ်တာ ကျွန်တော်တို့ဖြင့် လဲလို့ရရင် သူနဲ့ နေရာချင်းတောင် လဲလိုက်ချင်သေး"





သူ ဝေထွန်းကို ဂြိုဟ်ကြည့် ကြည့်လိုက်ပါ၏။ မေမေချစ်တာကို အပြစ်ဆိုစရာလား.သို့သော် ကျွတ် ရောက်လာပြီဖြစ်သည့် လူငယ်တစ် ယောက်ကို ဆယ်နှစ်အောက် ကလေးတစ်ယောက်လို ပုံစံမျိုးဖြင့် တယုတယရှိတာကိုတော့ သူ လက်သင့်မခံချင်ပါလေ။

"မင်းက အချစ်မှ မခံဖူးတာကိုး ..."

"ဟင်းဟင်း ... ဖေကတော့ အချစ်ခံဖူးတယ်ပေါ့လေ ဟုတ်လား"

"မဟုတ်ပါဘူး မေမေက အရမ်းဂရုစိုက်လွန်းတော့ ကျွန်တော် နေရတာ အသက်ရှုကျပ်လာရော ကိုယ့်ကို မေတ္တာပေးတဲ့ မိခင်ကို အပြစ်ဖို့တာမျိုးမဟုတ်ရပါဘူး ဒါပေမယ့် တစ်ခါတလေ ကျ ချစ်တယ် ဆိုတာကလည်း လူကို မွန်းကျပ်အောင် ထုပ်နှောင်ထားတဲ့ ကြိုးတစ် ချောင်းလိုပဲ ...စိတ်မလွတ်လပ်ဘူး ကျွန်တော်က ပေါ့ပေါ့ပါးပါးလေးပဲ နေချင်တာ နေခွင့်မရတော့ စိတ်ညစ်ရတယ် အချစ်ခံရတာလည်း ဒုက္ခ ဗျ ဒါကြောင့် ဘယ်သူ့ ဘယ်သူကိုမှ ကျွန်တော် မချစ်ခဲ့တာ ..အင်း မေမေ့ကြောင့်လည်း ပါတာပေါ့လေ ..."

သူမ မျက်နှာလေး ငွေးသွားရလေ၏ ဖေယျ မေမေကြောင့် တခြား ဘယ်မိန်းကလေးကိုမှ မချစ်ရဲတာတဲ့လား ...ဖေယျကို စိတ်ဝင် စားကြတဲ့ မိန်းကလေးတွေထဲမှာ 'ကာ'က ရှေ့ဆုံးက တန်းစီနေတာကို ဖေယျမေမေသိသွားရင် ဘာပြောမလဲဟင် ... မောင်ရယ် မောင့်ကို တိတ်တခိုးချစ်နေမိတဲ့ ကောင်မလေးရဲ့ရင်ထဲကို အလွမ်းတွေ ထည့်မ ပေးချင်ပါနဲ့လား ...နော် ...



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲမှ ထွက်လာစဉ် မေမေက သူ့စားပွဲပေါ် ရှုပ်ပွနေတာ တွေကို ရှင်းပေးနေလေ၏။ ဟိုဒီလျှောက်ရေးထားသည့် စာရွက်တွေ ကို စုထပ်ကာ အံဆွဲထဲထည့်ပိတ်ပေးလေသည်။

"သား သူငယ်ချင်းတွေထဲမှာ ကောင်မလေးတွေ ပါနေပြီလား"

သူ အံ့သြသွားရပါ၏။ First Year စတက်နေပြီဖြစ်သည့် လူငယ် လေးကို မိန်းကလေး မိတ်ဆွေတောင် ထားခွင့်မပြုချင်တဲ့ သဘော လေလား ...။

"ဘာဖြစ်လို့လဲ မေမေ ..."

"မေမေ မေးတာကိုပဲ ဖြေမှပေါ့ သားရဲ့ ...ဘယ့်နှယ် မေမေ့ကို မေးခွန်းပြန်ထုတ်ရတာလဲ ..."

"မဟုတ်ပါဘူး ကျွန်တော်အံ့သြသွားမိလို့ပါ ...ကျွန်တော် First Year ကျောင်းသားဖြစ်နေပြီနော် မေမေ...ဆယ်တန်းကျောင်းသား မဟုတ်တော့ဘူး ..."

"ဘာလဲ ...ရည်းစားထားခွင့် ဗီဇာလိုချင်ပြီဆိုတဲ့ သဘောလား





ဖြေယုံမင်းဒင် ...မေမေ မေးတာ ရိုးရိုးမေးခွန်းပါသားရဲ့ ဘာမှ မခက်ခဲ ပါဘူး ...။ မေမေ့သားက မလိုအပ်တဲ့ အဖြေကြီးပြောနေတာတော့ မဟုတ်သေးဘူး"

"Sorry ပါ မေမေ ...ကျွန်တော် တောင်းပန်ပါတယ် ကျွန်တော် ပြောတာ အဲဒီထိ မရည်ရွယ်ပါဘူး ..."

"သားစိတ်ထဲ မေမေ့အပေါ် စိတ်ခုနေတာများ ရှိနေလားဟင် ...သားက တခြားကလေးတွေနဲ့ မတူတဲ့ ကောင်လေးတစ်ယောက် ဖြစ်နေတဲ့အတွက် မေမေ့သားကို စိုးရိမ်မိတာ အဲပြစ်လား"

သူ မျက်လုံးပြူးသွားရပါ၏။ မေမေ သူ့အပေါ် စိတ်ဆိုးတဲ့အခါ နာမည်အပြည့်အစုံခေါ် တတ်ရုံကလွဲပြီး ဒေါသမဖြစ်ခဲ့ဖူးပါချေ။ သူ့ကို ပြောမရရင် မျက်ရည်ကျပြီး ရောဂါသည်းမှာကိုတော့ သူစိုးရိမ်ရလေ သည်။

"ကျွန်တော် မေမေ မသိဘဲ ဘာတစ်ခုမှ ခိုးမလုပ်သေးဘူး မေမေ ယုံပါ ..."

"မေမေက သားလေး ခံစားရမှာကို စိုးတာပါ သားရယ်။ သား အပေါ် နှစ်နှစ်ကာကာချစ်နိုင်မယ့်မိန်းကလေးမျိုးနဲ့သာ ကိုယ့်ကို ပြန် မချစ်နိုင်ရင် မေ့သားလေး ရင်ကွဲပက်လက်ဖြစ်ရမှာ မေမေ့ အကြောက် ဆုံးပဲ၊ ခေတ်ကိုက မိန်းကလေးတွေ စတဲ့ခေတ် ဖြစ်နေတော့ .."

သူ တီးတိုးရယ်လိုက်မိပါ၏။ အထက်တန်းကျောင်းသား ဘဝ တုန်းက စာတော်သည့် သူ့ကို အနှောင့်အယှက်အများကြီးပေးခဲ့ကြ တာ မဟုတ်လား ...သမီး မိန်းကလေးတွေရဲ့ လွယ်အိတ်ကို မွှေသလို သူ့ လွယ်အိတ်ထဲမှ ကောင်မလေးတွေ ထည့်ပေးလိုက်သည့် စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာတွေကို မြင်တော့ မေမေ ရင်ဘတ်စည်တီးဖြစ်ခဲ့ဖူးတာလေ ...အဲ ဒီတုန်းကတော့ ကိုကို့ကို ဂုဏ်ထူးတွေဖြင့် မအောင်မှာ စိုးရိမ်တကြီး ဖြစ်ခဲ့တာ ထားပါတော့ ...အခုက သူလည်း အရွယ်ရောက်နေပြီပဲဟာ။

"မသိပါဘူး ... ကျွန်တော်က မေမေ ကျွန်တော့်ကို လူပျိုကြီး ပဲ လုပ်နိုင်းတော့မယ် ထင်သွားလို့ပါ ..."

"အမယ် ...မေမေ့ကိုများ သားကို မျက်စိစုံမှိတ်ချစ်ပြီး အူတိုတတ်တဲ့ မအေမျိုးထင်ရလား ..သားကို ဖူးဖူးမှုတ်ချစ်မယ့် ချွေးမမျိုးကို လက်ကမ်းကြိုနေမယ့် မအေပါသားရယ် ..."

"ကျွန်တော့်ကို ဖူးဖူးမှုတ်ချစ်မယ့် မိန်းကလေးမျိုးရော ဒီလောက ကြီးမှာ ရှိပါ့မလား ...မေမေရ ...သူ့ကိုလည်း ကျွန်တော်က ချစ်မှရမှာ ပေါ့ ...မေမေ့လောက် ကျွန်တော့်အပေါ် ဘယ်သူမှ မချစ်နိုင်ပါဘူးဗျာ"

"ဩော် ...သားကလည်း သားရှာမတွေ့ရင် မေမေရှာပေးမှာပေါ့ ပူမနေနဲ့ ...ကဲ ပြောပါဦး ..... အလင်္ကာဆိုတဲ့ ကောင်မလေးက ချော ရောချောရဲ့လား"

ဟိုက်! ဘယ်ကနေ ဘယ်လို အလင်္ကာ့နာမည်ကို သိသွားတာပါ လိမ့် ...သူတောင် တစ်ခါမှ ထုတ်မပြောဖူးပါဘဲ မေမေ သိနေတာပါ လား ...။

"ပြောလေ ..."

"မေမေ ....ဘယ်လို သိတာလဲ"

"သားကို မေမေ မွေးထားတာပါ သားရဲ့ ... သား ဘာလုပ်မယ် ဆိုတာကို သားဖွင့်မပြောပေမယ့် မေမေက ကြိုသိပြီးသားပါ ..."

"အလင်္ကာက ကျွန်တော်နဲ့ Major တူ သူငယ်ချင်းပါ မေမေ





...သူတို့ အုပ်စုက သုံးယောက်ပေါ့ ...နောက်နှစ်ယောက်က ချိုသဲနဲ့ မိမိခိုင်တဲ့ ....ခင်ဖို့တော့ ကောင်းပါတယ် ..."

"အလင်္ကာကတော့ သားအပေါ် ပိုသာတယ်မဟုတ်လား"

"အား ... အံ့ဩစရာကြီးပါလား ...မေမေ ဘယ်လိုသိနေတာလဲ"

"ဒီမှာလေ ...ဒီဘောပင်လေးကို သားမသိအောင် လွယ်အိတ်ထဲ ထည့်ပေးလိုက်မယ် ...ပြီးရင် ဒါကို အကြောင်းပြုပြီး သားဆီ သူ Phone ဆက်လိမ့်မယ် ...ဒါ ဓာတ်လမ်းအစပေါ့ ..."

"သေချာလို့ချည်လား မေမေရဲ့...."

"ဩော် ...မေမေ့ကို လျှော့မတွက်ပါနဲ့လို့ဆိုနေမှ ..."

သူက အင်္ကျီဝတ်ပြီးမှ မေမေ လှမ်းပေးသည့် ball pen ကို လှမ်း ယူကြည့်လိုက်မိ၏။ ဟုတ်သားပဲ အခွံထဲမှာ ထည့်ထားသည့် နာမည်ကို မေမေတွေ့သွားတာကိုး ဘယ်လိုဖြစ်ပြီး သူ့လွယ်အိတ်ထဲ ဒီဘောပင် ပါလာတာပါလိမ့် ...။

"အစ်ကိုလေးရေ Phone လာနေပါတယ်ရှင့် ... မအလင်္ကာလို့ ပြောပါတယ် ..."

"ကဲ မေမေ မပြောဘူးလား ..."

သူ ဟက်ခနဲ တစ်ချက်ရယ်ကာ အပေါ်ထပ် ဧည့်ခန်းရှိ Phone ကို ကိုင်လိုက်ပါ၏။ တကယ်ပဲ မေမေပြောသလို အလင်္ကာ ထွင်လေပြီ လား။ သူ့စိတ်ထဲမှာတော့ ခုချိန်ထိ ဇဝေဇဝါဖြစ်နေဆဲပင် ...။

"ဖေလား ...'ကာ' ပါ ...."

"ပြောလေ ..."

"ဖေ့ဆီမှာ 'ကာ့' ဘောပင် မင်နက်လေးပါသွားလားဟင် အဲဒါ 'ကာ့'



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့တုန်းက လေးလေးအမှတ်တရ ဝယ်ပေးတဲ့ လက်ဆောင် မို့ 'ကာ' သိပ်ကြိုက်တာ ...အခု ရှာတာလုံးဝ မတွေ့တော့ဘူး ...သဲ သဲရော မိနိုင်ကိုပါ မေးပြီးပြီ ...သူတို့ ဆီမှာလည်း ...ပါမသွားဘူးတဲ့ ...ဖေရောတွေ့မိလားဟင် ....'.

"ကျွန်တော်တော့ မတွေ့မိပါဘူး ...အလင်္ကာ ..."

"ဟင် ..."

"ဒါပေမယ့် မေမေကတော့ ကျွန်တော့်ဟာ မဟုတ်တဲ့ ဘောပင် တစ်ချောင်းတွေ့လို့ သိမ်းထားပေးတယ်လို့တော့ ပြောတယ် ...ကျွန်တော် မေးကြည့်ပေးမယ်လေ ..."

"ဧည့်လွယ်အိတ်ထဲက တွေ့တာလား ..."

"ဟုတ်မှာပေါ့ ..မေမေက ခုချိန်ထိ ကျွန်တော့်အခန်းနဲ့ ပစ္စည်းတွေကို ရှင်းလင်းသိမ်းဆည်းပေးတုန်းလေ ..."

"ဩော် ...."

"ကျွန်တော် မေးပေးမယ် အလင်္ကာ ...ဟုတ်နေရင်တော့ ကျောင်းတက်တဲ့နေ့မှ ပြန်ယူလာခဲ့ပေးမယ် ဘာပြောဖို့ ကျန်သေးလဲ .."

"ဟင့်အင်း ..."

"ဒါဆိုလည်း Phone ချလိုက်ပြီနော် ..."

"ဟုတ် !"

အလင်္ကာ Phone ကို အသာချလိုက်ပါ၏။ သူ့ မေမေ တစ်မျိုးထင်သွားလေပြီလား Physics တွေစုထွက်တုန်း သူ ဘောပင်မှားပြီး ကောက်ထည့်သွားတာပဲဖြစ်နိုင်ပါတယ်လေ ...တော်ကြာ သူ့မေမေက ဖေတ်လမ်းထွင်တယ်လို့ ယူဆသွားရင်တော့ ဒုက္ခပါပဲ ...၊





"Phone ကို ကြည့်ပြီး ဘာတွေစဉ်းစားနေတာလဲ ကာကာ ...မာမီ ကြည့်နေတာကြာပြီ ..."

"ဟို ...ဘာမှ မဟုတ်ပါဘူး မာမီ ..."

"သမီးကို ကြည့်ရတာ ခုတလော တော်တော်ထူးခြားနေတယ် နော် ခါတိုင်းနဲ့ တူကို မတူဘူး ..."

" 'ကာ' က ဘာဖြစ်နေလို့လဲ မာမီ ..."

"ဒါကတော့ သမီးကိုယ် သမီး အသိဆုံးဖြစ်မှာပေါ့ ...မာမီ သမီးတို့ကို အစောကြီးကတည်းက မှာထားပြီးသားနော် ...ကိုယ်စိတ်ဝင်စားတဲ့လူရှိရင် အိမ်ကို အလည်ခေါ်လာခဲ့ သင့်တော်သလားဆိုတာကို မာမီလေ့လာကြည့်ပေးမယ် ပေါက်တတ်ကရ ကလေကချေတွေကို စိတ်ကူးဖို့တော့ လုံးဝ မတွေးပါနဲ့ ..."

"မာမီကလည်း ..."

"ဘာ မာမီကလည်းလဲ ...မာမီလည်း ငယ်ရာကကြီးလာတာပဲ သမီးခြေလှမ်း ဘယ်ကို လှမ်းနေသလဲဆိုတာကို မာမီရိပ်မိတယ် ... ပြော သမီး ကောင်လေးက ဘယ်သူလဲ ဘယ်ကလဲ"

သူမ မျက်နှာလေးရဲသွားရပါ၏။ အခုလေးတင်ပဲ သူ့အကြောင်း စဉ်းစားနေတာမို့ မာမီရောက်လာတာနှင့် တိုးသွားတာကိုး ..။

"သူက 'ကာ့' ကို စိတ်မဝင်စားသေးပါဘူး မာမီ 'ကာ' ကသာ သူတို့ကို နှစ်သက်နေမိတာပါ ..."

"သမီးရယ် ဒါကိုများ မျှော်လင့်နေရတယ်လို့ ...သမီးဘေးနားမှာ ကောင်လေးတွေ ဝိုင်းဝိုင်းလည်နေတာ မာမီ့ အမြင်ပဲ ...သမီး ဒက်ဒီ ရဲ့ မိတ်ဆွေတွေမှာ သားတွေရှိကြတာလည်း အသိပဲ ...အားလုံးက သမီးကို



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် ထားကြပါလျက်နဲ့ ကိုယ့်ကို စိတ်မဝင်စားတဲ့ လူကိုမှ စောင့်နေရသလား ...ရှုးပါနော်"

မာမီရယ် အချစ်ဆိုတာမျိုးက အားလုံးထဲမှ အကောင်းဆုံးကို ရွေးချယ်တတ်ဖို့မှ မဟုတ်တာလေ ...ရင်ခုန်သံကိုအစပျိုးခဲ့တဲ့ သူ့ပုံရိပ်တွေက 'ကာ့' နှလုံးသားကို ဖမ်းစားစေခဲ့တာ ...သူ့ ခြေသလုံးက အပြာရောင်အမှတ်လေးကို ချစ်စနိုးဖြစ်ခဲ့တာ မာမီမှ မသိနိုင်ခဲ့ဘဲဟာ ...ဘယ်လိုလုပ်ရမှာလဲ ...'ကာ' သူ့ကို သိပ်ချစ်တယ် မာမီ...၊ 'ကာ့' ချစ်ခြင်းတွေကိုတော့ မာမီ မပိတ်ပင်ပါနဲ့နော် ...။

"ကောင်လေးက သမီးတို့ ကျောင်းကပဲလား ..."

"ဟုတ်တယ် ..."

"Major တူပဲလား ..."

"ဟုတ်! ..."

"သမီးက တာတာနဲ့ မတူတာမို့ မာမီသိပ်စိုးရိမ်တယ် ...တာတာ က ထက်တယ် ...ဘာမဆို ဆုံးဖြတ်ချက်ရဲရဲချနိုင်တယ် ...အကြောက် အလန့် သိပ်မရှိဘူး သမီးက အမြဲတွေဝေတယ် ...ကြောက်တတ်တယ် ...အဲဒါကြောင့်ပဲ သမီးကို မာမီစိတ်မချတာ ..တော်ကြာ လူလည်တွေ လူရှုပ်တွေနဲ့ သွားတိုးရင် ဘယ့်နှယ်လုပ်မလဲ ..."

"ဖေဖျက အေးပါတယ် မာမီရဲ့ ..."

"အံမယ် သမီးလို ငြိမ်ငြိမ်ကုပ်ကုပ်လေးတော့ မနေတတ်ဘူး မဟုတ်လား ..."

"ကာ့ လောက်တော့ မအေးပါဘူး ဒါပေမယ့် သူက ခင်ဖို့ကောင်း တယ် မာမီရဲ့ လူတစ်ဖက်သားအပေါ် ကူညီတတ်တာ ...သူငယ်ချင်း





တွေကိုလည်း အနစ်နာခံတယ် ...ပျော်ပျော်လည်းနေတတ်တယ် သူတို့ အုပ်စုနဲ့ အတူနေရတာ အရမ်းစိတ်ချမ်းသာတာပဲ ...."

"အမလေးနော် သမီးပြောမှပဲ မာမီတို့က သမီးကို စိတ်ဆင်းရဲ အောင် ချုပ်ချယ်ထားသလိုပဲ ..."

သူမ တီးတိုးရယ်မောကာ မာမီ့လက်မောင်းကို မှီထားလိုက်မိ၏။ 'ကာ' က မာမီနှင့် တူပြီး ချောမောလှပတာ မှန်ပေမယ့် တာတာ့ကို တော့ မမီပါချေ။ ဒက်ဒီ၏ ခန့်ထည်ချောမောသည့် အရာမှန်သမျှ တာတာ့ဆီမှာ အကုန်စုပြုံနေပြီး အများထဲမှာ ထင်းခနဲ သိသာအောင် ထင်ရှားတောက်ပတာ အခု အထက်တန်းကျောင်းသူ ဘဝကတည်း ကပါပဲ ...ဘာပဲဖြစ်ဖြစ် သူ့ထက် စာလျှင်တော့ 'ကာ' တို့ ညီအစ်မက ကုသိုလ်ကံ ပိုကောင်းတာတော့ အမှန်ပါလေ ...။

"သူကမှ အိမ်မှာ မိန်းကလေးကို အချုပ်ချယ်ခံရတာ မာမီရဲ့ ဘယ်သွားသွား သူ့မေမေကို အချိန်နဲ့ နေရာပြောခဲ့ရတာ ..သူ့မေမေက သူ့ကို တအားချစ်ပြီး ဂရုစိုက်လွန်းတော့ သူ့ခမျာ စိတ်ကျဉ်းကျပ်ရတာ ပေါ့ ..."

"ဪ ...ဒီခေတ်မှာ သားကို ဒီလို အုပ်ချုပ်တဲ့ အမေမျိုးလည်း ရှိသေးတာကိုး ..."

"အဲဒါကြောင့် မာမီအိမ်လည်ခေါ်ရင်လည်း သူ လာနိုင်မှာ မဟုတ်ဘူး ...သူ့ သူငယ်ချင်းတွေ အဆောင်ကလွဲပြီး ဘယ်အိမ်မှ သူ မလည်ဖူးဘူး မာမီရဲ့ ..."

"ကြည့်လည်း လုပ်ပါဦး သမီးရယ် ...တော်ကြာ သူ့သားကို Jealous ဝင်နေတဲ့ မိခင်မျိုး ဖြစ်နေမှ အခက်ပါပဲ ...မာမီ့ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲရမှာစိုးလို့ သတိပေးနေရတာပါ ....”

‘ကာ’ က သူ့မမေ သဘောတူတဲ့ အချိန်အခါထိ သည်းခံစောင့်မှာပေါ့ မာမီရဲ့ ...”

ဒေါ်မေသံစဉ် သက်ပြင်းကိုသာ ချလိုက်ပါ၏။ သမီးနှစ်ယောက်ရှိသည့်အနက် ဒီအကြီးမကို နည်းနည်းလေးမှ စိတ်မချပါလေ ...အပြင်ထွက် ကျောင်းတက်တာတောင် အိမ်က ကားနှင့် ငယ်သူငယ်ချင်းနဲ့ မို့တော်သေးပါ၏ ...သမီးနှစ်ယောက်စလုံးကို လိုလေသေးမရှိတာ ‘ကာ’ အလိုလိုက်သင့်သလောက် လိုက်ပေးခဲ့တာပါပင် ...သမီးတွေ စိတ်အလိုလိုက်ပြီး မဖြစ်သင့်တာ မဖြစ်ရလေအောင် စောင့်ရှောက်ကြည့်ရှုဖို့က မိမိမှာသာ တာဝန်ရှိတာမဟုတ်လား ...ဘာအကြောင်းပြချက်မှ မရှိဘဲ သမီးတွေ မျက်ရည်ပေါက်ကြီးငယ်ကျမှာကိုတော့ အစိုးရိမ်ဆုံးပါ ... ဤမျှ ပြီးပြည့်စုံသည့် ဘဝမှာ သမီးတွေကို စိတ်ဆင်းရဲမှုတွေနှင့် မတွေ့ကြုံစေချင်တာ မိခင်တစ်ယောက်ရဲ့ အတ္တလို့ပဲဆိုချင်ဆို ...မိမိရဲ့ မေတ္တာကို မြင်သာသိစေချင်တာက အဓိကပါပဲ ...

“ဟာ! မမ ဘာတွေကပ်ချွဲနေတာလဲ မာမီ ...”

“သမီးတို့ ပြန်လာပြီလား ...”

တာတာနှင့် အန်တီလေးက အပေါ်ထပ်သို့ အတူတက်လာပါ၏။ အပြင်မှ ပြန်လာတာမို့ တာတာက ဂါဝန်နီနီလေးကို မကာ သူမ ဘေးဝင်ထိုင်လိုက်လေသည် ...။

“မာမီနော် ...တာတာ ကျောင်းတက်ရင်တော့ Phone ရောကားပါ ဝယ်ပေးရမှာ ...တာတာက မမလို ရွှေတွေ ဘာတွေ အလှ အပပစ္စည်းတွေ သိပ်မမက်မောလှဘူး ..ကျောင်းမြန်မြန်ပြီးအောင်





တက်ပြီးရင် ဒက်ဒီ့ ကုမ္ပဏီမှာ ဝင်လုပ်ရုံပဲ ....”

“ဟုတ်ပါပြီ ...ဒါကြောင့်လည်း သမီး ဒက်ဒီက သမီးကို အချစ်ပိုနေရတာပေါ့ ...”

“မမ ဘာပူဆာနေတာလဲ မာမီ ...ညာမပြောကြေးနော် ..”

“ပြောလိုက်ရမလား ...သမီး ...”

သူမ ရှက်ပြုံးလေးပြုံးလိုက်မိပါ၏။ ညီမလေးရှေ့ ဖွင့်ပြောရမှာကိုတော့ ရှက်စနိုးဖြစ်ပေမယ့် ‘ကာ’ တို့ မိသားစုမှာ ဘာတစ်ခုမှ လျှို့ဝှက်ထားစရာရယ်လို့ မရှိခဲ့ဖူးဘူးကိုး ...

“သူ့အကြောင်းပြောနေတာပါ တာတာရဲ့ ...”

“အမယ် ..မာမီ့ကို ဖွင့်ပြောတဲ့ အဆင့်တောင် ရောက်နေပြီပေါ့လေ ...တယ်ဟုတ်ပါလား ..မမလူကြီးက ဒီလိုဆိုတော့လည်း ခြေလှမ်းသွက်သားပဲ ....”

သူမ မျက်နှာလေး ရှုံ့သွားပါ၏။ တာတာတော့ အထင်နှင့် စွတ်ပြောနေပြီကိုး ...မာမီက တာတာ့ နဖူးကို လက်သီးဆုပ်နှင့် လှမ်းထုလိုက်ပြီး တီးတိုးရယ်မောလေသည်။

“အထင်သိပ်မကြီးနဲ့ သမီးရေ ...ညည်း မမကသာ တစ်ဖက်ဆည်ကန်ကြီးဖြစ်နေတာ ...မိုးသားတွေက ခုချိန်ထိ ဖြူဖွေးပြီး ရွာရန်တောင် မမြင်သေးဘူး”

“မာမီကလည်း ...”

“ဟာ! ညံ့လိုက်တာကွာ ...”

“ဟဲ့ အစ်မကို ပေါက်တတ်ကရတွေ လျှောက်မြှောက်ပေးမနေ နဲ့ ....”



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘာသိလို့လဲ ...မမ အခန်းထဲမှာ Z တွေအပြည့်နီးပါးဖြစ်နေပြီ ..."

"ဘာ Z တုန်း ..."

"Z, A, Y ဆိုတဲ့ စာလုံးလေးတွေပေါ့ မာမီရဲ့ ဟိုနေ့ကပဲ ကွန်ပျူတာ စီလာတဲ့ စာရွက်လေးကပ်နေတာတောင် တာတာတွေ့ခဲ့သေးတယ် ...နေပါဦး တာတာ မှတ်မိပါသေးတယ် ...။

တစ် – နှစ် – စပြီးချစ်
သုံး – လေး – အပြုံးပေး
ငါး – ခြောက် – စိတ်ထဲရောက်
ခုနစ် – ရှစ် – ဆက်ပြီးချစ်
ကိုး – တစ်ဆယ် – မမေ့နိုင်တယ်တဲ့လေ ...

မာမီ့သမီးစာတွေ အရမ်းတတ်နေပြီ သိလား ..."

"တာတာနော် ..."

"ဟုတ်တာပြောတာပဲ မမရဲ့၊ ခုမှ ရှက်မနေပါနဲ့ မမရဲ့ အိပ်မက်မင်းသားလေးအကြောင်းကို ဖွင့်မပြောပေမယ့်လည်း သိပြီးသားပါနော်၊ ညဘက် စာကျက်ရင်လည်း စာအုပ်ထဲမှာ ကဗျာတွေ ချရေးနေတာပဲ မဟုတ်လား ..."

"ဟုတ်လား သမီး ..."

"တာတာကတော့ အချွန်နဲ့ 'မ' နေပါပြီ ..."

အန်တီလေးက အဝတ်အစားလဲပြီး ပြန်ထွက်လာကာ တာတာ့ကို လှမ်းပြောလိုက်လေ၏။

"သမီးငယ် ...ဒါ ကလေးပြောရမယ့် စကားလား အဝတ်လဲ





တော့လေ ..."

"အန်တီလေးကလည်း ဒီမှာ မမ ကိုစ, နေပါတယ်ဆိုမှ ..."

"စ မနေနဲ့ ဖြီးရင် ထမင်းစားကြမယ် ...ဒီညနေ ရှမ်းခေါက်ဆွဲလုပ်ထားတာ စားမယ်ဆိုပြီး ..."

"ဟုတ်သားပဲ ...ထပြီ အန်တီလေးရေ ...အင်း ...ဒီညတော့ မမနံရံမှာ ကဗျာတစ်ပုဒ် တိုးလောက်ပြီ ..."

တာတာက ပြောင်စပ်စပ်ဖြင့် ပြောလိုက်ပြီး အခန်းထဲ ပြေးဝင်သွားလေ၏။ မာမီက သူမ ခေါင်းကိုတစ်ချက်ပုတ်ကာ အောက်ထပ်သို့ အန်တီလေးနှင့် အတူ ဆင်းသွားလေသည်။ သူမ အခန်းထဲသို့ ဝင်လာပြီးနောက် စားပွဲပေါ်မှ ကဗျာစာအုပ်လေးကို ဖွင့်လိုက်မိ၏။ တာတာပြောသလို သူမ ဆီမှာ ကဗျာလေးတွေ တော်တော်များနေပြီပဲ ...ဖေမောင်လို့ခေါ်ခွင့်ကို 'ကာ' ဘယ်တော့မှ ရမှာတဲ့လဲ ...'ကာ' မောင့်ကိုသိပ်ချစ်တယ် ... မောင့်ချစ်ခြင်းတွေကို အပြည့်အဝလေး ရရှိပိုင်ဆိုင်ပါရစေလား မောင်ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာကို အလက်ာ ဘယ်လိုမြင်သလဲ ..."

"ရှင်!"

ကျောင်းဝင်းထဲရှိ ခုံတန်းမှာမို့ သူပြောတာကို ပီပီပြင်ပြင် ကြားရသော်လည်း ထင်မထားသည့် အကြောင်းအရာကြောင့် သူမ တအံ့တသြဖြစ်သွားရပါ၏။ Second Year ရောက်မှ ဖွင့်ပြောဖို့တာ စူပြီလား အတွေးဖြင့် မျက်နှာပြင်ထက် ပူနွေးသွားရလေသည်။

'ကာ' နားမလည်ဘူး ဇေ...'

"ဒါတော့ အလက်ာ ညာတာပဲ ...အလက်ာကိုယ်တိုင် အချစ်အကြောင်း ကဗျာတွေ သီနေပြီး နားမလည်ဘူးလို့ ငြင်းပယ်တာ အကြောင်းပြချက် မညီဘူး ..."

"ရင်ထဲခံစားနေရတာတွေကို ချရေးလိုက်တဲ့ သဘောပါ ဇေ ... ဘာရယ်လို့တော့ မဟုတ်ပါဘူး..."





လေနွေးတစ်ချက် ဝှေ့ဝဲတိုက်လာသဖြင့် ဆံနွယ်စင်းစင်းလေး တွေ ဝေ့ခနဲလွင့်သွားရလေသည်။ ဒီနေ့မှ သဲသဲရော မိခိုင်ပါ နေမကောင်း သဖြင့် ခွင့်ယူထားသည်မို့ သူမတစ်ယောက်တည်း ကျောင်းလာခဲ့ရတာ ပင် ...ရင်ခုန်ခြင်းနံနက်ခင်းတစ်ခုကို သူ ဖန်ဆင်းပေးတော့မယ် ထင်ပါ ရဲ့...။

"အိပ်မက်ထဲမှာ မကြာခဏ ဆုံခွင့်ရတဲ့အဖြစ်မျိုး အလက်ာကြုံဖူးသလား ..."

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရပါ၏။ အမလေး ...ရင်ထဲက သိုဝှက်ထားတာမှန်သမျှ သူတွေ့သွားလေပြီလား ..ဒုက္ခပါပဲ ...မိန်းကလေး တစ်ယောက်မို့ သူ မသိစေအောင် ဖုံးဖိထားပါလျက် မည်သို့သော စကြ္ဝန့်င့် သူမြင်သွားတာပါလိမ့် ...

"အာရုံကို ဖမ်းစားနိုင်တဲ့ အရာဆိုလို့ ဒီအချစ်ဆိုတာ တစ်ခုတည်းပဲရှိတာလေ ...အဲဒါကို အလက်ာယုံရဲ့လား"

အင်းလို့ ခေါင်းညိတ်ပြလိုက်ရမှာလား ...ဟင်အင်း ...ဒါ သူ ရင်ဖွင့်နေတာမျိုးမှ မဟုတ်ဘဲ ...'ကာ' ကို ဝေ့ဝိုက်ပြီး ပြောမနေပါနဲ့ လား ဇေ ...ချစ်ရင် ချစ်တယ်လို့ ရိုးရိုးရှင်းရှင်းလေးသာ ပြောလိုက်ပါ 'ကာ' က လျှို့ဝှက်တတ်တာ မှန်ပေမယ့် ချစ်ခြင်းနဲ့ ပတ်သက်ရင်တော့ ပွင့်လင်းချင်ပါတယ်လေ ...။

"တော်တော် ထူးဆန်းတာပဲနော် ....အဲဒီ အချစ်က လူတွေရဲ့ နှလုံးသားကို ဖမ်းစားစေနိုင်သလို ...အာရုံမှန်သမျှကိုလည်း ချုပ်ထိန်း ထားနိုင်စွမ်းရှိတယ် ...ကျွန်တော်ဖြင့် ယုံတောင် မယုံချင်ဘူး ..."

"ဇေ ဘယ်သူ့ကိုများ ချစ်နေလို့လဲ ..."

သူ တီးတိုးရယ်မောလိုက်လေ၏။ သူမထိုင်နေသည့် ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးရပ်နေတာမို့ သူ့ကို ရဲရဲကြည့်ကာ စကားပြောရဲခြင်းပါပင် ...သူမကို တည့်တည့်ကြည့်ပြီး ပြောမယ်ဆိုရင်တော့ ဘာတွေဖြစ်လာမလဲ ...။

"ကျွန်တော် ဒီအလုပ်ကို လုပ်ခဲ့တာ တစ်နှစ်ကျော်သွားပြီ ...လုပ်သမျှလည်း အောင်မြင်ခဲ့တာချည်းပဲ။ ဒါပေမယ့် ဒီတစ်ခါလုပ်ရမှာတော့ တော်တော်လေးဝန်လေးနေမိတယ်။ ကျွန်တော့်လုပ်ရပ် မအောင်မြင်မှာကို စိုးရိမ်နေတာက တစ်ကြောင်း၊ နောက် ...သူငယ်ချင်းဆိုတဲ့ ကြိုးတစ်ချောင်းကို ဖြတ်တောက်လိုက်သလိုဖြစ်သွားမှာကို စိုးရွံ့တာက တစ်ကြောင်းပေါ့ ..."

သူမ လက်ဖျားတွေ အေးစက်စပြုလာချေပြီ ... ရင်ထဲက နင့်နင့်နည်းနည်းချစ်သည့် ချစ်ခြင်း၏တန်ပြန်မှုတွေကိုများ ရရှိတော့မှာလား မသေချာခြင်းဝက်မှာ သေချာရေရာမှုက ပိုပြင်လာသည့်နှယ် ....

"ဓေ ဘာကို ရည်ရွယ်တာလဲ ..."

"ပြောရရင်တော့ ရှင်းရှင်းလေးပါ ...အလက်ာရဲ့ နှလုံးသားကို မျှော်လင့်စောင့်စားနေတယ်ဆိုတဲ့အကြောင်းကို အသိပေးရုံပါပဲ ..."

"ဘယ်လို ..."

"ဟုတ်တယ်၊ လူလူချင်းအဆင့်အတန်းကွာဟမှုတွေ အသိုင်းအဝိုင်း ပတ်သက်ဆက်နွှယ်မှုမရှိတာတွေ အားလုံးကို အချစ်က အလွယ်တကူ ကျော်လွှားအနိုင်ယူနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်။ ပြီးတော့ အလက်ာကိုယ်တိုင်ကလည်း အဲဒီ ပကာသနတွေကို မမက်မောပါဘူးလို့ ဝန်ခံခဲ့တယ်လေ ..."

"ဓေ ပြောတာကို 'ကာ' သိပ် နားမရှင်းဘူး"





သူက ကျောခိုင်းရပ်နေရာမှ သူမ ဘက်သို့လှည့်ကြည့်လာလေ ၏။ မျက်ဝန်းလေးတွေ လက်ခနဲဖြစ်ကာ ပြုံးပြလာသည့် ပါးချိုင့်လေး ကို ငေးခနဲ ကြည့်မိသွားရပါသည်။ ဒီကောင်လေး[illegible]မြင်ချင်း ချစ် မိတာ 'ကာ့' ကိုယ် 'ကာ' တောင် အံ့ဩလို့မှ မဆုံးခဲ့[illegible]လေ ...။

"ဒီလောကကြီးထဲမှာ အလက်ာရဲ့ အချစ်ကို မျှော်လင့်နေတဲ့ ကောင်လေးတစ်ယောက်ရှိတယ်လို့ ဆိုလိုတာပါ အလက်ာ..."

သူမ မျက်နှာရဲခနဲဖြစ်သွားပြီး မျက်လွှာကို အသာချလိုက်မိလေ ၏။ သူမကို စိုက်ကြည့်နေမည့် သူ့မျက်ဝန်းတွေနှင့် ရင်မဆိုင်ဝံ့ပါလေ။

"လက်ခံ မခံဆိုတာကတော့ အလက်ာ သဘောပါလေ ....ထူးခြားတာတစ်ခုကတော့ ကျွန်တော့်သက်တမ်းတစ်လျှောက်မှာ မိန်းကလေးတွေကို စာရေးပြီးပေးတာကလွဲပြီး နှုတ်နဲ့ မြားနတ်မောင် လုပ်ခဲ့တာမျိုး တစ်ခါမှ မရှိခဲ့ဘူး ...ဒါ ပထမဆုံးပဲ ..."

သူမ တိတ်တခိုးလေးပြုံးလိုက်မိလေ၏။ သူရေးပေးခဲ့သည့ စကားလုံးတွေကို မဖတ်ခဲ့ဖူးပေမယ့် ဖတ်ကြည့်ရင်ခုနချင်ဘာကိုရော သူသိနိုင်ပါ့မလား ...။

"ဘာဖြစ်လို့လဲဆိုတော့ အလက်ာရော၊ ကျော်သူစိုးကပါ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေဖြစ်နေလို့ အလေးအနက်ထား တဲ့သဘောကြောင့်ပါ ..."

"ဟင်! ဓေ...ဓေ ပြောနေတာ ..."

"ဟုတ်တယ် သူက အလက်ာကို First Year ကတည်းက ချစ်နေခဲ့တာကြာပြီ ...အလက်ာ စိတ်ဆိုးသွားမှာ စိုးပြီး မကြိုးစားခဲ့တာပဲ အခု Second Year ပြီးရင် Final ဖြေပြီး ခွဲရတော့မှာဆိုတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို အပူကပ်တာနဲ့ ဖွင့်ပြောပေးရတာပါ ...”

သူမ မျက်တောင်ကို တဖျတ်ဖျတ်ခတ်လိုက်ပါ၏။ ရက်စက်လိုက်တာ ဖေရယ် ...မျှော်လင့်ထားမိတဲ့ မေတ္တာမိုးတို့က ရွာသွန်းဖြိုးခြင်းမရှိဘဲ မုန်တိုင်းက ရုတ်တရက်ဝင်လာရတယ်လို့ ....။

“ဖေ့ အလုပ်အတွက် ဖေ ဘာတန်ရာတန်ကြေးရသလဲ ...”

“ဟင်အင်း ...မရပါဘူး ...ကျွန်တော်က မေတ္တာသန့်သန့်နဲ့ အကူအညီပေးတာပါ အလကားပဲ ....”

မေတ္တာသန့်သန့်နဲ့တဲ့လား ...အဲဒီမေတ္တာကို ‘ကာ’ လိုချင်နေတာကျ ဘာကြောင့် မပေးချင်ရတာလဲ ဖေရယ် ...လိုနေသူကိုတော့ မပေးဘဲ မလိုချင်တာကို ကျ ယူစေချင်ရတယ်လို့ ....။

“အချစ်ဆိုတာမျိုးဟာ ရင်ထဲမှာ တစ်ခါသာ ဖြစ်တည်တတ်တာမျိုးပါဖေ ...နှလုံးသားက အမိန့်ပေးစေခိုင်းမှုကို အလိုက်သင့်လေးနာခံလိုက်ရုံပါပဲ ... ဒါပေမယ့် ဖေ ပြောသလို ဟိုလူ၊ ဒီလူကို ရွေးချယ်ခေါင်းညိတ်ဖို့တော့ မဖြစ်နိုင်ပါဘူး ...”

“ကျွန်တော် နားလည်ပါတယ် ...”

“ကာ’ က သူ့ကို ပြန်မချစ်နိုင်ဘူးလို့ပြောရင်ရော ...ဖေ ကျေနပ်နိုင်မလား ...”

သူ အသံတိတ်သွားပါ၏၊ အချစ်အကြောင်း သူ ကောင်းကောင်းမကျွမ်းကျင်သေးတာ အမှန်ပါပဲ ...ထူးထူးခြားခြား လိုက်ခုန်ခြင်းမရှိခဲ့တဲ့ နှလုံးသားကိုလည်း သူ အံ့သြနေမိသည် ...အချစ်ဆိုတာ သူ့ဆီမှာ ရှိရောရှိပါရဲ့လား ...။

“ဒါ အလကားပဲ့ အဖြေပဲလား ...”





“ဟုတ်တယ် ...‘ကာ’ သူ့ကို မချစ်ဘူး ... ဘာဖြစ်လို့လဲဆိုတော့ ကာ့ရင်ထဲမှာ သူ့ထက် အရင်ဦးနှင့်နေတဲ့သူရှိနေပြီးသားမို့ပါ ... အချစ်ဦးဆိုတာ ဘဝတစ်သက်တာအတွက် အမြဲအမှတ်ရတာသူသာ ဖြစ်နေ မယ့်လူတစ်ဦးဆိုတာကို ဖေလည်း သိနေမှာပါ ...‘ကာ့’ နောက်ဆုံးထွက်သက်အထိ စွဲစွဲမြဲမြဲ ... ချစ်သွားရမယ့် လူကလွဲပြီး နောက်ထပ်ဘယ်လိုလူစားမျိုးကိုမှ ‘ကာ’ မရွေးချယ်နိုင်တာ ဝမ်းနည်းပါတယ် ... ‘ကာ့’ ကြောင့် ဖေ လုပ်ငန်းစဉ် ရှုံးနိမ့်သွားမှာကို မလိုလားပေမယ့် ဒီတစ်ခုကိုတော့ ခွင့်လွှတ်ပေးပါဖေ ...ဘယ်အရာကိုမဆို ကိုယ်လိုချင်တာနဲ့ ကိုယ်ဖြစ်ချင်တာ တစ်ထပ်တည်းဖြစ်နိုင်ဖို့ဆိုတာ အင်မတန်ခက်ခဲမှန်း ‘ကာ’ သိခဲ့ရပါပြီ ...ဒါဆို ဖေလည်း တစ်နေ့ သိလာမှာပါပဲ ‘ကာ့’ကို ခွင့်ပြုပါဦး ...”

သူမ ကျောင်းဝင်းထဲမှ အပြေးထွက်လာခဲ့မိ၏၊ ရင်ထဲမှ မွန်းကျပ်ပိတ်လှောင်မှုတို့က ထွက်ပေါက်အဖြစ် မျက်ဝန်းတံခါးကို ဖြတ်သန်းစီးဆင်းလာခဲ့သည်မို့ အမြင်တွေမှုန်ဝါးနေရ၏။ ရင်နာလိုက်တာ ...စိတ်ထဲမှာ ခါးခါးသည်းသည်း မုန်းတီးချင်ပေမယ့် နှလုံးသားက ခွင့်မပြုခဲ့ အချစ်ဆိုတာ လူတစ်ယောက်ကို အမုန်းအဖြစ်လည်း ပြောင်းလို့ရနိုင်ပါတယ်ဆို ...အခု ‘ကာ့’ အလှည့်မှာ ဘာဖြစ်လို့ ဒီလို မပြောင်းလဲနိုင်ရတာလဲ...။

Taxi ကိုတား၍ စီးကာ အိမ်ပြန်ခဲ့စဉ် ကားပေါ်မှာ တစ်လမ်းလုံး ငိုရှိုက်ခဲ့မိ၏။ ကိုယ် သိပ်မြတ်နိုးတဲ့ ပစ္စည်းတစ်ခု ပျောက်ဆုံးပျက်ဆီးသွားတာကို နှမြောတသဖြစ်မိတဲ့ ကလေးလေးတစ်ယောက်လို ချုန်းပွဲချ ငိုခဲ့မိတာပါပဲ ...ဘယ်တော့မှ ပြန်အစားထိုးလို့မရနိုင်တော့တဲ့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရှုံးမှုကြီးပါလား ဧရယ် ...။

"ဘယ်လို! သူငြင်းလိုက်တယ် ဟုတ်လား ဧယျ ..."

"ဟုတ်တယ် ..."

"နည်းနည်းပါးပါး စဉ်းစားဦးမယ်လို့ မပြောဘူးလားကွာ ..."

"ဟင့်အင်း ...တစ်ခါတည်း အပြတ်ငြင်းလိုက်တာ ...."

"ငါတို့ ပြောသားပဲ ...သူ့ရင်ထဲမှာ ဧယျပဲရှိတာ ပါလို့ ..."

"ဟာကွာ ...ဧယျမှ သူ့ကို မချစ်တာ ...ဒါကြောင့် ငါ ပြောရတာပေါ့ ..."

အဆောင်ခန်းထဲမှာ ခဏမျှ တိတ်ဆိတ်သွားရ၏။ ပြတင်းပေါက်မှ တစ်ဆင့် လမ်းမကို သူလှမ်း ကြည့်နေမိသည် .... ရှုံးနိမ့်ခြင်းဆိုတာ သူ့ဘဝမှာ တစ်ခါမှ မရှိခဲ့ ...ဒါ ပထမဦးဆုံး မအောင်မြင်မှုပါပဲ ...။

"ဒီကိစ္စ ဘယ်သူမှ သိလိုက်တာမှ မဟုတ်ဘဲ ... ငါတို့ ဖုံးထားပေးမှာပါ ဧယျရ ..."

"မလိုပါဘူး ဝေထွန်းရာ ..."

"အစကတည်းက မင်းစဉ်းစားသင့်တာ ...သူ မင်းကိုချစ်နေတာ သိရက်နဲ့ ဒီလိုပြောလိုက်တာ သူတော်တော် ရင်နာသွားရှာမှာပဲ ..."

"ဘယ်တတ်နိုင်ပါ့မလဲ ...အချစ်ဆိုတာ အမိန့်ပေးလို့ရတဲ့ အရာမျိုးမှ မဟုတ်တာ ..."

"မင်းကိုယ်ချင်းစာသင့်တာပေါ့ ဧယျ ...မင်းတောင်မှ သူ့အပေါ် မချစ်နိုင်တာ ...ဘာဖြစ်လို့ ကျော်သူစိုးကိစ္စကို သွားပြောလိုက်ရတာ လဲ ..."

"သူ့မှာ ရွေးချယ်ခွင့်တွေ အများကြီးရှိပါတယ် ...ငြင်းပယ်ခွင့်





လည်းရှိတယ် ..."

"ခုကိစ္စက အဖြေသိပြီးသား ပုစ္ဆာကို မင်းတွက်ခိုင်းလိုက်သလို ကြီးဖြစ်နေတာလေ ...ဘယ်လိုဦးနှောက်နဲ့ ဆုံးဖြတ်လိုက်သလဲမသိဘူး ... အံ့ဩစရာပဲ ..."

ကျော်သူစိုးက သူလှဲနေသည့် ဘေးမှာ အတူလာလှဲချလိုက်၏။ သူငယ်ချင်းဖြစ်သူကို ကူညီမှုပဲ သူ့အလုပ်မအောင်မြင်ရသတဲ့လား။ အာရုံက အလင်္ကာပြောခဲ့သည့် စကားသံတွေကို ပြန်ကြားယောင်နေသည့်နှယ် ...ကိုယ့်အချစ်ကို စောင့်ဆိုင်းနေတော့ရော အချိန်တန်ရ မယ်ထင်နေလား အလင်္ကာ ...မင်းနဲ့ ပတ်သက်သမျှ အေးခဲနေတဲ့ ကိုယ်ရဲ့ သွေးတွေ ပြီးတော့ လိုတာထက်ပိုပြီး ခုန်လှုပ်ခြင်းမရှိတဲ့ နှလုံးသားက သက်သေပါ ...ကိုယ် မင်းကို မချစ်ဘူး ဘယ်တော့မှ ချစ်လာမှာလည်း မဟုတ်ဘူး ...ဒါဟာ မပြောင်းလဲနိုင်တဲ့ နိယာမ တစ်ခုပါလေ ...။

"ဒီနေ့ ကျောင်းမတက်နိုင်ဘဲ သူပြန်သွားတာ ငါစိတ်မကောင်းဘူး မနက်ဖြန် ငါ ကိုယ်တိုင်သူ့ကို ပြန်တောင်းပန်ပါ့မယ် ...မင်းပြောပေးခဲ့တဲ့ စကားတွေကို ရုပ်သိမ်းပါတယ်လို့ ပြောရင်းနဲ့ပေါ့ ..."

"မင်းကလည်း ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ ပြောပြီးသား စကား တည်ပါစေပေါ့ ...ပြန်သိမ်းစရာလား ငါ့မှာတော့ သူကြွေလောက် အောင် မနည်းကြိုးစားပြီး ပြောပေးခဲ့ရတာ ..ခါတိုင်းစုံတွဲတွေအတွက် စာလေးတစ်ကြောင်းနှစ်ကြောင်းနဲ့ ပွဲသိမ်းခဲ့ပါလျက် မင်းအလှည့်ကျ မှ အလေးအနက်ထားပြီး နှုတ်ကဖွင့်ပြောပေးရတာကွ ..."

"မင်းစေတနာကို ငါ အသိအမှတ်ပြုပါတယ် ဧယျရာ ...သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာမှန်ပါတယ် ...ဘယ်သူမဆို ကိုယ်လုပ်ချင်တာနဲ့ ကိုယ်ဖြစ်ချင်တာ တစ်ထပ်တည်းမကျဘူးဆိုတာလေ ...”

အပြင်မှာ မိုးတွေဝေါခနဲရွာလိုက်တာကို မြင်နေရလေ၏။ သွားပါပြီ .... Canteen ထိုင်ဖို့ Plan ကို ဖျက်ရတော့မှာပဲ ...သူတို့ အုပ်စုက မိုးရေစိုစိစိကို မုန်းတီးကြသည့် သူတွေလေ ...

“သဲသဲတို့ နှစ်ယောက်လည်း တုပ်ကွေးဖြစ်နေတာထင်တယ်”

“ဟုတ်မှာပေါ့ ....”

“မင်း မဖျားဖို့ အရေးကြီးတယ် ...တော်ကြာ မင်း အမေ ခြေမကိုင်မိ၊ လက်မကိုင်မိ ပူနေမှ အခက်ပဲ ...”

“ငါ ကလေးမှမဟုတ်ဘဲ ...ဒီလောက်မနုဘူး”

“ဒီမိုးက စဲမယ့်ပုံ မရဘူး ..”

သူ အပြင်ကို ကြည့်နေမိ၏ ခုအချိန် သူမ ဝမ်းနည်းပက်လက်ဖြင့် ငိုနေမလား..။ ဒါမှမဟုတ် သူ့ကို စိတ်နာပြီး တက်တခေါက်ခေါက်ဖြစ်နေလေမလား ..။ တစ်ခုခုကိုတော့ သူမ လုပ်ဆောင်နေမည်မှာ အမှန်ပင်။ အလင်္ကာ ကိုယ်မင်းကို ရင်းရင်းနှီးနှီးခင်ပါတယ်။ ဒါပေမယ့် (၅၂၈) ထက် ပိုသာတဲ့မေတ္တာမျိုး မပေးနိုင်တာကိုတော့ ခွင့်လွှတ်စေချင်ပါတယ်လေ ...။

ကန်ပေါင်မှာ တစ်ယောက်တည်း ရှိုက်ကြီးတငင်ငိုကြွေးနေမိ၏။ ဤမျက်နှာဖြင့် အိမ်ကိုသူမ မည်သို့ပြန်ရမည်နည်း ‘ကာ့’ ကို မျက်ရည်မကျစေချင်တဲ့ မာမီကိုရော၊ ဒက်ဒီ့ကိုပါ အားနာရှက်ရွံ့ရပါ၏။ အချစ်ဆိုတာ မီးတစ်စလို့ ဆိုရိုးရှိခဲ့ဖူးတာပဲ ...အဲဒီ မီးကိုမှ သူမက ကစားချင်ခဲ့တာလေ ...။



BURMESE CLASSIC .com



ဖေရယ် ...ရင်ထဲက တစ်ဖက်သတ်ချစ်ခြင်းတွေကို ဘာကြောင့် အသိအမှတ် မပြုခဲ့ရတာလဲ ...ဖေ ကြိုက်တဲ့ Coffee ကို လိုက်သောက်တတ်တာ ဖေ့ကို တွေ့ချင်လို့ ကျောင်းချိန်ထက် စောရောက်လာတတ်ခဲ့တာ ...ဖေ့မျက်နှာ အပြောင်းအလဲကို မော့ကြည့်ရင်ခုန်နေတတ်တဲ့ ‘ကာ့’ အချစ်တွေကို ဥပေက္ခာပြုရက်လေခြင်းကွယ် ...။

မချစ်ချင်လည်း ရပါတယ် ‘ကာ့’ ဘက်က တိတ်တိတ်လေးကျိတ်ချစ်ရုံနဲ့ ကျေနပ်နိုင်လို့ပါ ...ဒါပေမယ့် ဘာဖြစ်လို့များ ‘ကာ့’ နှလုံးသားကို သူတစ်ပါးလက်ထဲကို ထိုးထည့်ပေးချင်ရတယ်လို့ ဖေရယ် ...ဖေ့အလုပ်မအောင်မြင်မှာကို စိုးရိမ်တယ်ပေါ့ ...‘ကာ့’ အချစ်ထက်ပိုပြီး အလေးထားတယ်ပေါ့လေ ... ဖေ့ ဘဝမှာ ‘ကာ’ က အလေးအနက်ထားသင့်တဲ့ လူတစ်ယောက်မဖြစ်ခဲ့ဘူးလို့ သိလိုက်ရတဲ့ အချိန်မှာ အလင်္ကာဆိုတဲ့ မိန်းကလေးရဲ့ ဘဝဟာ လမ်းစပျောက်သွားရတာ အမှန်ပါပဲ...။

မိုးရေတို့နှင့်အတူ ငိုပွဲဆင်နေပြီး ပြန်သင့်ပြီ ယူဆကာ ထထွက်ခဲ့စဉ် ကားလမ်းအကူးမှာ တစ်ဖက်မှ လမ်းကူးလာသည့် လူတစ်ယောက်နှင့် မျဉ်းပြိုင်မှာ ဆုံလေ၏။ ထီးကို ငိုက်ဆောင်းလာတာမို့ သူမကို သူ မမြင်ရပါချေ ...။ အဆောင်က ပြန်လာတာပဲထင်ပါရဲ့ ...ရုတ်တရက် လမ်းချော်၍ ဝင်လာသည့် လိုင်းကားကြောင့် သူ့ကို ပိတ်တွန်းလိုက် စဉ် သူမ တစ်ပတ်လည်သွားတာကိုသာ နောက်ဆုံးသိလိုက်ရလေ သည်။

မျှော်လင့်ချက် ပျောက်ကွယ်သွားတယ်ဆိုတာ အလင်္ကာမှ အစစ်ပါပဲ ဖေရယ် ...မုန်းသင့် မုန်းထိုက်တဲ့ အချိန်မှာတောင် ဖေ့အသက်ကို ကယ်ဆယ်ခဲ့တဲ့ ကောင်မလေးတစ်ယောက်ကို မမှတ်မိမသိရှိနိုင်တော့တဲ့ ဖေ့ ကံကြမ္မာကို ‘ကာ’ ဘယ်လို အရေးယူရမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မသေချာခြင်းထက်မှာ ခြေသလုံးရိုးကို စတီးချောင်းအစားသွင်းရင်း ကျောင်းထွက်ခဲ့တဲ့ 'ကာ့' ရာဇဝင်ကို ဖေက မေ့နိုင်ခဲ့ပေမယ့် 'ကာ' ကတော့ အယ်တော့မှ မမေ့နိုင်ခဲ့ပါဘူး ...။

မောင့်ကို 'ကာ' သိပ်ချစ်ပါတယ် ...'ကာ့' ဘဝရဲ့ နောက်ဆုံးအချိန်ထိ ဖွဲ့လမ်းမြတ်နိုးစွာ ချစ်သွားမှာပါကွယ် ...အလကာ်ဆိုတာ မောင့်ဘဝမှာ အရိပ်တစ်ခုအဖြစ် မထင်ရစ်ပေမယ့် မောင့်ကိုတော့ 'ကာ့' နှလုံးသားမှာ ကမ္ဘာပျည်းတင် ချစ်လျက်ရှိနေမှာ ထာဝရဆိုတာ ကို ....။





**Can Love be controlled by advice?**

*(John Gray)*

အချစ်ကို သွန်သင်ဆုံးမ ဩဝါဒတွေနဲ့ တားမြစ် ပိတ်ပင်လို့ ရနိုင်မှာတဲ့လား ...

(ဂျွန်ဂရေး)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားသည့် Hand Phone မှ အသံမြည်လာတာမို့ သီဟ Phone ကို ဖွင့်လိုက်ပါ၏ ....

"ဟဲလို!"

"မောင်သီဟလား ...အန်ကယ်ဦးအောင်မြင့်ပါ ..."

"ဪ ..ဟုတ်ကဲ့ အန်ကယ် ...ပြောပါ ..."

"လာမယ့် Sunday မောင်သီဟ အားမလား ..."

"အားပါတယ် အန်ကယ် ...ဘာဖြစ်လို့လဲ"

"သားနဲ့တွေ့ချင်လို့ပါ ..."

"ကိစ္စရှိလို့လား အန်ကယ် ..."

"ရှိတယ်လို့ ပြောရမှာပေါ့ ..အန်ကယ့်အိမ်ကို လာနိုင်မလား"

"ဟုတ်ကဲ့ ...ရပါတယ် အန်ကယ် ..."

ရွှေသမင်စာပေ



"သားဖေဖေနဲ့ အန်ကယ်ပြောထားတာတွေရှိတယ် သားရဲ့၊ သုံးလေးခုပဲ ...သား သိပြီးလောက်ပြီထင်ပါရဲ့"

"ဖေဖေ ကျွန်တော့်ကို ဘာမှ မပြောရသေးဘူး အန်ကယ် ...ရပါတယ် ... ကျွန်တော် ဖေဖေ့ကို မေးလိုက်ပါ့မယ် ...ဒါပဲလား အန်ကယ်"

"အေးသား ..."

သူ Phone ပိတ်လိုက်စဉ် သူ့ရုံးခန်းထဲသို့ ပန်းနုနု ဝင်လာလေ၏။ Uniform နှင့်မို့ နုငယ်သည့် မျက်နှာလေးက နံနက်ခင်း၏ ကျက်သရေကို ပိုလှအောင်ဖြည့်ဆည်းပေးသည့်နှယ်ပင် ...

"ကိုသီဟခေါ်တယ်ဆိုလို့ ..."

"ဟုတ်တယ် ...ဗဟန်းက Construction ကိုသွားကြည့်ပေးပါဦး ...ကိုယ် ခြည်သည်နဲ့ တွေ့ဖို့ချိန်းထားတာမို့ပါ ..."

"ဟုတ်ကဲ့ ..."

"အဲဒီမှာ မှန်တွေကို ဖိုးညိုရောင်တပ်ခိုင်းထားတာ တခြားအ ရောင် ညပ်မပါဖို့ သတိပေးလိုက်ဦး ပန်းနုရေ ...အဲဒီ Boss က သိပ်ဂဂျီဂဂျောင်များလွန်းလို့ သတိထားနေရတယ် ..."

"ဟုတ်ကဲ့ ..."

"ပြီးတော့ ဆေးမှာထားတာ မနက်ဖြန်ရဖို့ Phone ဆက်ပေးဦးနော်"

"စိတ်ချပါ ကိုသီဟရဲ့ ...ပန်းနု မမေ့ပါဘူး ..."

"မင်းကိုပဲ အားကိုးနေရတယ် ပန်းနုရေ့ ....ဖေဖေက ကိုယ့်ကို PA ခန့်ခိုင်းပေမယ့် ကိုယ်လည်း မရှာအားဘူး၊ တစ်ယောက်တည်း ဂျင်ခြေကိုလည်နေတာပဲ ...."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုသီဟ ဒီညနေ ချိန်းထားတာရှိသေးတယ်နော်"

"ဒီညနေ ..."

"ဟုတ်တယ်လေ ...ကိုသီဟရဲ့ ညီနဲ့ ဘယ်ဆိုင်မှာဆိုလား ..."

"အား ...ဟုတ်သားပဲ ကိုယ်မေ့တော့မလို့ ဟုတ်တယ် ဒီညီလေးကိုတော့ စိတ်ချမ်းသာအောင် ထားရဦးမယ် ...နို့မို့ သူစိတ်ဆင်းရဲရင် မေမေက ရောဂါထပ်တိုးလာမှာ ..."

"ကိုသီဟ ညီလေးက ကံကောင်းတာပေါ့နော် ..."

"အမလေး အဲဒီ စကားညီရှေ့ သွားမပြောမိစေနဲ့ ပန်းနုရေ ...ဟိုကောင် ဒေါသူပုန်ထမှာ သေချာတယ် သတိပေးတာ ကျေးဇူးပဲ ..."

ပန်းနုနုက ရယ်ရယ်မောမောဖြင့် ရုံးခန်းထဲမှ ထွက်သွားပါ၏ ..သီဟ ညီသည်နှင့် ချိန်းထားသည့်နေရာကို ရောက်တော့ နေ့လယ်ထမင်းစားချိန် ...အလုပ်တွေကို ဇယ်ဆက်သလို လုပ်နေရတော့ ညီနှင့်နေရာချင်းလဲလိုက်ချင်၏ ...ညီကတော့ ဝါသနာပါသည့် စာရေးဆရာပဲဖြစ်မလား ... ဖေဖေ့ ကုမ္ပဏီမှာပဲ ဝင်မလား ...လောလောဆယ်တော့ စိတ်လက်ပေါ့ပါးစွာဖြင့် ကျောင်းတက်နေရသည်။ သူ့တုန်းကတော့ စာတွေကို ကုန်းရုန်းကျက်ရသည့်ကျောင်းကို ရွေးချယ်ခဲ့တာလေ ...။

Hand Phone မှ အသံထပ်မြည်လာတာမို့ နားကြပ်ကို တပ်လိုက်ပါ၏။ အိမ်ကိုပြန်ရန် ကားမောင်းလာတာမို့ နာရီက ညနေလေးနာရီကို ညွှန်ပြနေလေသည်။

"ဟဲလို!"

"ကိုကိုလား ကျွန်တော်ပါ ..."

ရွှေသမင်စာပေ



"အခုပဲ အိမ်ပြန်လာနေတဲ့ဟာ Phone ဆက်စရာလား ...."

"ကျွန်တော်က ဆိုင်ကိုရောက်နေပြီ ကိုကိုရ ..."

"ကျွတ်! ငါတောင် ရေမချိုးရသေးဘူး ..."

"ညနေ (၆) နာရီမှ ချိန်းထားတာပါ ကိုကိုရာ အချိန်ရပါသေးတယ်"

"မင်းမှာ အကြံအစည် တစ်ခုခုတော့ရှိရမယ် ညီ ပြော ..ငါ့ကို ဘယ်သူနဲ့ တွေ့ပေးမလို့လဲ ..."

"မဆိုးဘူး ...ကိုကို အကြားအမြင်ရသားပဲ ...မှန်တယ် ..ကိုကို့ကို တစ်သက်တာနဲ့ တွေ့ပေးမလို့"

"ကျွတ်! အဓိပ္ပါယ်မရှိတာတွေ လျှောက်မလုပ်ချင်စမ်းပါနဲ့ ညီ ...ကိုကို လာမှာ မဟုတ်ဘူး ..."

"ကျွန်တော် သူ့ကို ကတိပေးပြီးသားဖြစ်နေလို့ပါ ကိုကို၊ ယောကျ်ားကတိ တည်ပါရစေ ...နာရီဝက်လောက်လေးပဲကြာမှာပါ ...Please !"

"ငါ သူ့ကို မကြိုက်ဘူး"

"တွေ့ကြည့်လိုက်ပါဦး မိတ်ဆက်ပေးရုံလေးပါ ကိုကို ...ဘာမှ ထွေထွေထူးထူး မပြောထားပါဘူး ..."

"ကြည့်လည်းလုပ်ဦး ညီ ...နောက်မှ ကြားကပွဲစားနဲ့ နီးစပ်သွားလိမ့်မယ် ...ဒါပဲ ..ကိုကို ရေချိုးပြီးထွက်လာခဲ့မယ် ..."

ကိုကို Phone ပိတ်သွားတော့ သူပြုံးလိုက်ပါ၏။ ဆိုင် Phone ဖြင့် နောက်ထပ် Hand Phone နံပါတ်တွေကို ထပ်နှိပ်လိုက်ပါသည်။

"ဟဲလို!"

"တစ်သက်တာ ...ကျွန်တော်ပါ ..."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ...တို့ Hand Phone ကို ဆက်ပုံထောက်ရင် ယူ့ဘက်က တစ်ခုခု ထူးပြီထင်တယ် ဟုတ်ရဲ့လား ဓေယျမင်းဒင် ..."

"ဆိုပါတော့ ..."

"ဒါဆို ယူ့ဘက်က OK တယ်ပေါ့လေ ..."

"(၆) နာရီ မင်းထွက်လာပေးနိုင်မလား တစ်သက်တာ လူတစ်ယောက်နဲ့ တွေ့ပေးချင်လို့ပါ ..."

"ဩော် သူ့ရဲ့ လူက တို့ပြောတဲ့အချက်တွေနဲ့ အားလုံးပြည့်စုံရဲ့လား"

"မင်းလိုချင်တဲ့ နောက်ဆုံး အချက်ကလွဲရင် Detail Marles ပါ ...."

"ယူ Guarantee ပေးရဲတယ်ပေါ့လေ ..."

"အင်း ..."

"Sorry ကွယ် ...ပါပါ ဒီနေ့ အိမ်ကို စောစောရောက်မှာ ဓေယျမင်းဒင်ရဲ့ ...တို့ family dinner စားချိန်ကို မမီရင် အဆူခံရမှာ ..."

"နာရီဝက်လေးတောင် အချိန်မပေးနိုင်ဘူးလား တစ်သက်တာ ... ဒါဆိုရင်တော့ မင်းတောင်းဆိုတာတွေ မလုပ်ပေးနိုင်တာ ငါ့အပြစ်မဟုတ်တော့ဘူး ..."

"ဟင်း ဟင်း ...ဒီလို ခေါင်းရှောင်လို့ရမလား ဓေယျမင်းဒင်ရဲ့ ယူပေးထားတဲ့ ယောကျ်ားကတိကိုတော့ တည်နိုင်ရမှာပေါ့ ..."

"ပြောပြီးပြီလေ ...မင်းဘက်က ပျက်ကွက်တာပဲ ငါ့အလွန်မှ မဟုတ်တာ ...သူက အချိန်အတော့်ကို ရှားပါးတဲ့ လူတစ်ယောက်ဖြစ်နေလို့ မင်းတွေ့ချင်တိုင်း တွေ့ခွင့်ရမှာ မဟုတ်ဘူး တစ်သက်တာရဲ့ ..."

"ကျွတ် ...ကျွတ် ...ကျွတ် ...တို့ကို ဘယ်အငြိုးနဲ့များ စက်ရုပ်လူ





သားနဲ့ တွေ့ပေးမလို့လဲ ယူရယ် ...တို့လိုချင်တာ Robot မှ မဟုတ်ဘဲ ရင်ခုန်စရာကောင်းတဲ့ သက်ရှိလူသားစစ်စစ်ပါနော် ..."

သူ နှာခေါင်းရှုံ့၍ ရယ်လိုက်မိ၏ ...ဤကလေးမ သူ့အပေါ်မှာ အတော့်ကို အထင်သေးလွန်းသည်ပဲ ...ကိုကို့လို ပြစ်ချက်တစ်ခုမှ မရှိသည့်လူကို သူမ မည်သို့နည်းဖြင့် ငြင်းပယ်မှာတဲ့လဲ ...ရုပ်ရည်ရော ပညာပါ အများထက်သာလွန်နေသည့် ကိုကို့လိုလူကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ သူ အသိပါပဲ ...သမက်တော်ချင်သည့် သူဌေးကြီးတွေကလည်း ဒုနဲ့ဒေးပါလေ ...

"ကဲပြော ..လာနိုင်မလား ..မင်း ဘက်က No ဆိုရင် ငါသူ့ကို အချိန်ဖျက်လိုက်ရတော့မှာ ..."

"စိတ်ကြီးပဲပါလား ဓေယျမင်းဒင် ...ယူ့ဝါသနာပါတဲ့အလုပ်ကို တောင် စိတ်မရှည်နိုင်တော့သလိုပဲ ..ဘယ်လိုဖြစ်တာလဲ"

"အခု ငါတို့ ကိစ္စက အလုပ်ကိစ္စတစ်ခုဖြစ်နေပြီလေ တစ်သက်တာ ...ရှင်းရှင်းပြောရရင် မင်းနဲ့ငါဟာ ပြေးလမ်းတစ်ခုပေါ်မှာ ပြိုင်ပြေးနေတဲ့ မျဉ်းပြိုင်နှစ်ကြောင်းပဲ ...ဒါကို မင်းသိမှာပါ ..."

"ဟင်း ဟင်း ဟင်း ...မှန်လိုက်လေ ဓေယျမင်းဒင်ရယ် ယူ့ ဘက်ကရော တို့ဘက်ကပါ အလစ်ကိုချောင်းပြီး တိုက်မိုက်ဖို့ ပြင်ထားတဲ့ မြားနှစ်စင်းဆိုရင်လည်း မမှားဘူး ...ယူတော်သားပဲ မဆိုးပါဘူး"

"ပြောစရာ ကျန်သေးရင် နောက်မှ ပြောတော့ တစ်သက်တာ သူက ထွက်လာနေပြီ ...မင်း ခုချက်ချင်းထွက်လာခဲ့တော့ ..."

"အမိန့်ပေးတာလား ဓေယျမင်းဒင် တို့ကို ဘယ်သူမှ ဒီလို အမိန့်ပေးလို့ မရဘူးဆိုတာကို ယူသိတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ...မဂျစ်ချင်စမ်းပါနဲ့ တစ်သက်တာ ...ငါ့ဘက်က စီစဉ်ပေး ရင် မင်းဘက်က လာကြည့်ပြီး လှေ့လာဖို့ တာဝန်အရ လာရမှာပဲ ..."

"OK တဲ့ အခုပဲ ထွက်လာပြီ၊ စောင့်နေပါ ယူ ...ဒါပဲ ..."

သူ Phone ကိုချလိုက်ပြီး Phone ဖိုးရှင်းကာ Coffee ဆိုင်ရှိရာဆီသို့ လမ်းလျှောက်လာခဲ့၏။ မှောင်ရီပျိုးစမို့ နီယွန်မီးသီးတွေ ထွန်းထားချေပြီ ...ကောင်းကင်ထက်မှ မိုးသားတွေ တက်လာနေပြီမို့ မိုးအသေအချာရွာတော့မည်မှန်းသိနေပါ၏။ ဆိုင်ထဲ ဝင်ထိုင်ပြီး တအောင့်အကြာမှာ ကိုကို့ကားလေး ရပ်လာလေသည်။ ဆိုင်ထဲဝင်လာတာကို လက်ထောက်ပြ၍ ခေါ်လိုက်ပါ၏။

"ဘယ်မှာလဲ မင်းကောင်မလေး ..."

"အာ ...ဘယ်က ကျွန်တော့် ကောင်မလေး ဖြစ်ရမှာလဲ ကိုကိုရာ ... ဒုက္ခပါပဲ ..."

"ဟုတ်တယ်လေ ...မင်းတို့ နှစ်ယောက် အချစ်စမ်းပွဲမှာ ငါကြားညပ်မခံနိုင်ဘူး ...ကိုယ့်ဟာကိုယ် အလုပ်တွေနဲ့ မအားရတဲ့ကြားထဲ ကိုကို့ကို ဒုက္ခမပေးပါနဲ့လား ညီ...."

"ကိုကိုရယ် ...ခဏလေးဖြစ်ဖြစ် တွေ့ကြည့်လိုက်ပါဦး ...ကောင်မလေးက အတော်လေး ဆွဲဆောင်မှုရှိတဲ့ သူပါ ...ခေတ်မီမီ ချောချောလေး ကိုကိုစွဲသွားမှာ သေချာပါတယ် ..."

"မင်းပဲ စွဲမိမှာပါ ညီရာ ...တကတဲ သူ့ကောင်မလေးကို ပြောလိုက်တာများ ညွတ်နေတာပဲ ...."

"လာပြန်ပြီ ကိုကို ဘာသောက်မလဲ ..."

"ထမင်းစားချိန်ပဲ ရောက်နေပြီဟာ ...ဘာမှ မသောက်ချင်ပါဘူး။





ကော်ဖီပဲဖြစ်ဖြစ်မှာလိုက်ပေါ့ ..."

"ကျွန်တော် မုန့်ပါ သေချာသွားရွေးလိုက်ဦးမယ် ..ဪ မေ့တော့မလို့ ...တစ်သက်တာနဲ့ စကားပြောရင် ကျွန်တော်တို့ နှစ်ယောက် ညီအစ်ကို တော်တယ်ဆိုတာကို ဖွင့်မပြောမိပါစေနဲ့နော် ကိုကို ..."

"ဘာတွေလဲကွာ ...မင်းဟာက လျှို့ဝှက်တာတွေများနေပြီ ..."

"အလိုက်သင့်လေး ပြောရုံပါ ကိုကိုရာ ...ဘာမှ မပင်ပန်းပါဘူး ခဏနော် ..."

သူက ထိုင်ခုံမှ ထလာပြီး ကော်ဖီနှင့် မုန့်ပွဲကိုမှာကာ ဆိုင်ထဲရှိ Phone ဖြင့် သူမ Hand Phone ကိုခေါ်လိုက်ပါ၏။

"ဟဲလို .."

"တစ်သက်တာ ကျွန်တော်ပါ ..."

"အခုပဲလာနေပြီလေ ဘယ်လိုဖြစ်နေတာလဲ ..."

"ပြောစရာရှိလို့ပါ ...Table (15) မှာထိုင်နေတဲ့ လူကို သွားတွေ့လိုက်ပါ တစ်သက်တာ ...သူ့နာမည်က ကိုသီဟတဲ့ ...ကျန်တာတွေတော့ သူ့ကို မင်း ကိုယ်တိုင် မေးလိုက်တော့ ...ဟုတ်ပြီလား ..."

"ယူ အတော်လည်ပါလား ...ဖေယျမင်းဒင် ...တို့ကိုယ်တိုင် မိတ်သွားဆက်ရရင် အောက်တာပေါ့ ယူ ဘာအချိုးချိုးတာလဲ"

"သူက မာနမကြီးပါဘူး တစ်သက်တာ မင်းရောက်သွားတာနဲ့ မင်းကို ဘယ်သူဆိုတာ သူသိပါလိမ့်မယ် ...ဒါပါပဲ ..."

သူ Phone ချလိုက်ပြီး ဆိုင်ပြင်သို့ ထွက်လာခဲ့၏။ ကိုကိုတို့ နှစ်ယောက် ဘာတွေ ပြောကြမလဲဆိုတာကို သိချင်သေးသည်မို့ ပြန်ဖို့ စိတ်မကူးမိပါချေ။ ကားနီလေး ထိုးစိုက်လာချေပြီ နက်ပြာရောင် ဂါ



www.burmeseclassic.com

www.burmeseclassic.com



ဝန်လေးဖြင့် သူမ ဆိုင်ထဲသို့ ဝင်သွားလေ၏။ သူက နည်းနည်းအချိန် ခြားပြီးမှ ဆိုင်ထဲဝင်ကာ ထောင့်ကျကျ ခုံမှာ ဝင်ထိုင်လိုက်လေသည်။

Table(15)သို့ တန်းတန်းမတ်မတ် လျှောက်လာသည့် မိန်းကလေးကို သူကြည့်လိုက်ပါ၏။ တစ်ယောက်တည်း ဆိုင်ထဲဝင်လာတာကို ရှိန် ခြင်းမရှိ တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းလာပုံက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချထားသည့်ပုံပင် ..ဒါ ညီပြောတဲ့ တစ်သက်တာ ပဲထင်ပါ ရဲ့... အနီးမှာ ရပ်လိုက်တာမို့ သူ မတ်တတ်ရပ်ကာ ကြိုလိုက်ပါ၏။

"ဘစ်သက်တာ လား"

"ဟုတ်ပါတယ် ..."

မျက်ပန်းတွေက ညီ့ကို အလျင်အမြန်ရှာမိ၏။ ဒီချာတိတ်ဘယ်ရောက်သွားပါလိမ့် ...။

"ရှာမနေပါနဲ့ ကိုသီဟ ...သူ stay ရှောင်သွားပြီ ..."

"ကျွတ် ...မဟုတ်သေးပါဘူး"

"သူက သတ္တိမှ မရှိဘဲ ကိုသီဟရဲ့ ထိုင်လေ ..."

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်စဉ် ညီမှာပေးထားသည့် ကော်ဖီနှင့် မုန့်ပန်းကန်တွေ ရောက်လာလေ၏။ ကော်ဖီက နှစ်ခွက်ပဲမို့ ဒီကောင်ပြန်မလာတော့တာ သေချာနေပါရောလား ..။

"သူ ချိန်းလိုက်လို့သာ ကိုယ်ရောက်လာခဲ့တာပါ ..."

"ကျွန်မလည်း အဲဒီအတိုင်းပါပဲ ..."

"ညီမလေး မေးချင်တာ မေးလို့ရတယ်နော် ...ဒါပေမယ့် တစ်ခု တော့ သိထားပေးပါ ...ကိုယ်က သူခင်းပေးတဲ့ လမ်းအတိုင်း အလိုက်သင့် လျှောက်မယ့် လူမျိုးတော့ မဟုတ်ဘူး ..."





ညီမလေး ဆိုပါလား ..ရင်ထဲမှာ နွေးခနဲဖြစ်သွားပြီး ကိုယ့်ကိုကိုယ်လုံခြုံနွေးထွေးသွားသလို ခံစားလိုက်ရ၏။ ဧယျမင်းဒင် ... ရှင် ခေါ်လာပေးတဲ့ လူကို ကျွန်မ တစ်မှတ်ပေးလိုက်ပါပြီ ...။

"သူနဲ့ တော်တော်ရင်းနှီးသလားဟင် ..."

"ရင်းနှီးပါတယ် ...ညီအစ်ကို တစ်ယောက်လုံး အထိပေါ့ ..."

"ကိုသီဟ သူ့ကို ဘယ်လိုမြင်လဲ ..."

ပြုံးလိုက်မိ၏။ တကယ်တမ်း နှစ်ဦးအကြောင်း ဖလှယ်ရမှာကို သူမ တပ်လိုက်တဲ့ ခေါင်းစဉ်က ညီ့အကြောင်းဖြစ်နေသည်ကို ...။

"မပြုံးပါနဲ့ ကိုသီဟရဲ့ အစ်ကို့ အကြောင်းမမေးခင် သူ့အကြောင်း အစ်ကို ဘယ်လောက်သိထားသလဲလို့ မေးကြည့်တာပါ ..."

အစ်ကိုတဲ့ မဆိုးဘူး သူမ ရွေးချယ်လိုက်တဲ့ နာမ်စားက နှစ်ဦးကြားမှာ အသင့်တော်ဆုံးပါလေ ...တစ်ယောက်ကို တစ်ယောက် အားနာရှိန်လန့်ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်းပြောလို့ရတဲ့ သဘောသက် ရောက်တာကိုး ...

"ညီမလေးနဲ့ သူက သူငယ်ချင်းတွေ မဟုတ်ဘူးလား ..ကိုယ့် ထက် ပိုရင်းနှီးမယ်လို့ ထင်ထားတာ ..."

"ဟင်အင်း ...ကျွန်မနဲ့ သူ သူငယ်ချင်းတွေ မဟုတ်ပါဘူး အစ် ကို ...သတ်မှတ်ထားတဲ့ အတိုင်းအတာထက်ပိုပြီး မရင်းနှီးဘူး ...."

"သူက တော်တော် လျှို့ဝှက်တတ်တယ် ...ရင်ထဲမှာ ဖြစ်နေတာ တွေကို ထုတ်မပြောတတ်ဘူး ...တစ်ယောက်တည်း ကျိတ်ပြီး မြုံထားတတ်တယ် ...အထူးသဖြင့် သူ့အဖေနဲ့ သူ့ကြားက မဆိုစလောက် အဖုအထစ်လေးတွေကို ကြီးကြီးမားမား သဘောထားပြီး မျိုသိပ်ခံစား



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးပေ့ါ ...”

“သူ တစ်ခါပြောဖူးတယ် ...သူ့ကိုယ်သူ မွေးစားသားဆိုပြီးတော့လေ ...”

သီဟ ရယ်လိုက်မိ၏ ...ဖေဖေ့ကို မကျေနပ်တာနှင့် မွေးစားသားအမည်ခံရတယ်လို့ပဲ ညီရယ် ...။

“ဟုတ်မယ် မထင်ပါဘူး ....အမိက က သူခေါင်းမာလွန်းလို့ဖြစ်သွားတာ ...သူ့အဖေက သူ့ကို Engineer ဖြစ်စေချင်တယ် သူက မလုပ်ချင်ဘူး ဆယ်တန်းကို D လေးလုံးနဲ့ အောင်ပြီး ရိုးရိုး Majar ကို ရွေးလိုက်ကတည်းက အသိသာကြီးပါ ...သူက အဲဒီလို သူများဖြစ်ချင်တာထက် သူဖြစ်ချင်တာကိုပဲ တစ်ဖွတ်ထိုးလုပ်တတ်တဲ့ဉာဉ် ရှိတယ် ..ဒါကြောင့် ခေါင်းမာတယ်လို့ ပြောတာပေ့ါ ...”

“သူ့ အမေကိုတော့ သူတော်တော် ချစ်ပုံရပါတယ် ....”

“အင်း သူက ချစ်တာထက် သူ့အမေက ပိုချစ်တာ ညီမလေးရဲ့ တကယ်ဆို သူက အချစ်ခံရတာနဲ့ ဥပေက္ခာကြားမှာ ညပ်ပြီး စိတ္တဇ ဖြစ်နေတာ ...”

“ဘယ်လို!”

“ဟုတ်တယ် ..သူ့မေမေက သူ့အပေါ်မှာ အရမ်းချစ်နေလေ သူ့အဖေက အမြင်မကြည်လေဖြစ်နေတာလေ ...ဒီတော့ ဖအေ မကြိုက်တာကို ရွေးလုပ်ပြီး တစ်ဖက်က သူ့အမေ ဂရုစိုက်တာကို ဒဏ်ခံရတာ အချစ်ခံရတာကို ဒုက္ခလို့ မြင်ပြီး သူ ဘယ်မိန်းကလေးကိုမှ မချစ်ရဲသေးတာပဲ ...”

“သူ့ အမေ သဘောမကျမှာစိုးလို့ မရှာတာ မဟုတ်ဘူးလား”





“မဟုတ်ပါဘူး ...သူ့ အမေက ချွေးမလိုချင်နေတဲ့ မအေမျိုးပါ ...သူ့ကိုက မရှာတာ ...”

နှစ်ဦးသားရယ်မောလိုက်မိ၏။ ကော်ဖီ ပူပူလေး၏ ခါးစိမ့်စိမ့်အရသာကိုခံရင်း စိတ်ထဲမှာ ကျေနပ်နေမိသည်။ ဖေယျာရေ ...ရှင် ရှာပေးတဲ့လူက အတော်စကားပြောကောင်းတဲ့ လူတစ်ယောက်ပါပဲ ...ဒါပေမယ့် သေချာတာ တစ်ခုကိုပြောရရင်တော့ ကျွန်မ သူ့ကို မချစ်ဘူး ဆိုတာပါ ...။

“ဒါဆိုရင် သူက အတော်အတ္တကြီးတဲ့ လူတစ်ယောက်ဖြစ်နေတာပေ့ါ”

“မဟုတ်ဘူး ...သနားစရာကောင်းတဲ့ ကောင်လေးတစ်ယောက်ပါ။”

“ဟင်း ဟင်း ဟင်း အစ်ကိုက သူ့ကို အတော်ချစ်ပုံရတယ်နော် သူ့အကြောင်းကို စိတ်ပါလက်ပါ ပြောနေတာ မြင်ရုံနဲ့ သိသာတယ်”

“ညီမလေးကရော နားထောင်ချင်နေတာ မဟုတ်လား ...နားထောင်တဲ့ လူရှိလို့ ကိုယ်က ပြောနေရတာလေ ...”

သူမ မျက်နှာလေး ပန်းရောင်သမ်းသွားရလေ၏။ ဟင့်အင်း မဟုတ်ပါဘူး ...တာတာ စုံစမ်းနေတာ မမအတွက်ပါ ...မမက သူ့ကို ချစ်နေတယ် အစ်ကို ...သူ့ကို အသက်ပေးပြီးချစ်တဲ့ မမအတွက် တာတာ စပ်စုနေတာတွေကို အထင်မလွဲလိုက်ပါနဲ့ ...။

“ဘာသိချင်သေးလဲ ...”

“အစ်ကို့ အကြောင်း ...”

သီဟ မျက်ခုံးပင့်သွားရပါ၏။ အင်းပေ့ါလေ ညီနှင့် သူမတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြန်ဆုံရင် သူ့အကြောင်းမပြောလို့ ဘယ်ဖြစ်ပါ့မလဲ ...သူနဲ့တွေ့ပါတယ်ဆိုမှ သူပြောပြရတော့မှာပေါ့လေ ...။

"ကိုယ့်အကြောင်းက ရှင်းပါတယ် ညီမလေးရဲ့၊ BE ဘွဲ့ရထားပြီးသား၊ လက်ရှိ ကုမ္ပဏီတစ်ခုမှာ ဦးဆောင်ပြီး လုပ်နေတယ် ...ဘာအနှောင်အဖွဲ့မှ မရှိတဲ့ လူတစ်ယောက် ...ဒါပါပဲ ..."

"အစ်ကို့မှာရော ချစ်ရမယ့်သူ မရှိဘူးလား ..."

သူ ပြုံးဖြစ်ပြန်၏။ အာရုံက ဟိုတစ်လောက တွေ့လိုက်ရသည့် မျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်မိသွားသည်။ ခဏလေးပါပဲ အန်ကယ် ဦးအောင်မြင့်ရဲ့ သမီးလေးရဲ့ နွမ်းလျလျအပြုံးလေးကို မြင်ခွင့်ရခဲ့တာလေ ...။

"ခုချိန်ထိတော့ မရှိသေးဘူး ..."

"အာမခံတယ်ပေါ့လေ ..."

သီဟ ဘာမှ မပြောတော့ဘဲ ရယ်ချလိုက်ပါ၏။ နာမည်လေးတောင် သိခွင့်မရခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဖျတ်ခနဲ သတိရရုံကလွဲလို့ သူ့အတွက် ဘာမှ ထူးခြားမှု မရှိတာပဲကိုး ...။

"လောလောဆယ် လက်ဆုပ်လက်ကိုင်ပြစရာ မရှိသေးတာ တော့ သေချာပါတယ် ..."

"ကျွန်မ ယုံပါတယ် ...အစ်ကိုက ပွင့်လင်းသလို စိတ်ရင်းလည်း ကောင်းတယ် ...ပြီးတော့ အဘက်ဘက်ကလည်း ပြည့်စုံတာတော့ အမှန်ပဲ ..."

"ဘာလဲ ...ကိုယ့်ကို သူ့လိုပဲ ပွဲစားလုပ်ပေးဦးမလို့လား ..."

"ဟင်! မဟုတ်ပါဘူး ...ဒါပေမယ့် အစ်ကို့ကို တကယ့် အစ်ကို





ရင်း တစ်ယောက်လို ခင်သွားတာကိုတော့ ကျွန်မ ဝန်ခံပါတယ် ..."

သူ ကျိတ်ပြုံးလိုက်ပြန်၏။ အစ်ကိုရင်းတစ်ယောက်လိုတဲ့လား ...ကျေးဇူးတင်ပါတယ် တစ်သက်တာ မင်းလည်း တကယ်ပဲ ကိုယ့်ညီမလေးဖြစ်နေမယ်ဆိုရင်ပေါ့ ... ပြီးတော့ ကိုယ်နဲ့ ပတ်သက်တဲ့ ညီကို မင်းလက်ခံမယ်ဆိုရင်ပေါ့လေ ...။

"ကျေးဇူးတင်ပါတယ် နောက်ကို လမ်းမှာတွေ့ရင်လည်း ခေါ် ပေါ့ အကူအညီလိုရင်လည်း ပြောပါ ညီမလေး ...ဒါ ကိုယ့်ရဲ့ Visiting Card ပါ ..."

"ဟုတ်ကဲ့ ..."

"ပြန်ကြရအောင် ..."

နှစ်ယောက်အတူ ထရပ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့၏။ ဝင်းထဲ ရပ်ထားသည့် ကားလေးရှိရာအထိ လိုက်ပို့ပေးကာ ကားတံခါးကိုပါ အဆင်သင့်ဖွင့်ပေးသည့် ကိုကိုတို့ကို သူ ငေးကြည့်နေမိသည်။ အဆင်ပြေသွားပြီထင်ပါရဲ့ ...။

ကားပေါ် တက်ထိုင်ပြီး ဘာမှန်းမသိမော့ ပြောနေသည့် ကောင်မလေးနှင့် ကားပြင်မှ ငုံ့ပြောနေသည့် ကိုကို တို့ကို လူအချို့ကပါ သတိထားကြည့်နေမိလေသည်။ အတော့်ကို လိုက်ဖက်သည့် စုံတွဲလေးဟု မှတ်ချက်ချကြလေမလား ...။

ကားနှစ်စီးလုံးထွက်သွားမှ သူ အိမ်ပြန်လာခဲ့သည် ..ကိုကိုက ဘောင်းဘီကိုသာ အမြဲလိုလိုဝတ်၏။ သူက ပုဆိုးသာ အမြဲဝတ်သည် အရပ်အမောင်း၊ အသားအရေ အကြိုက်ကအစ နှစ်ယောက်စလုံးတူကြ၏။ မျက်မှန်တပ်တာကအစ ဆင်တူ၏။ ကိုကိုက အနေအေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စမဆို သွေးအေးအေးနှင့် ဖြေရှင်းတတ်၏။ သူက သွေးဆူလွယ်သည် ...ကိစ္စတစ်ခုကို စိတ်မြန်လက်မြန်နှင့် ဝုန်းဒိုင်းကြဲဖြေရှင်းတတ်သည်။

ကြည်ကြည်လင်လင် မျက်နှာလေးနှင့် နေတတ်သည့် ကိုကိုနှင့် အမြဲမှုန်ကုပ်ကုပ် ဂျစ်ကန်ကန်နေတတ်သည့် သူ့ကို သူမ ခွဲခြားသိနိုင်မှာပါလေ ...ဘယ်လိုလဲ တစ်သက်တာ ....မင်း ကိုကို့ကို သဘောကျလက်ခံလိမ့်မယ်လို့ ကိုယ်ထင်ပါတယ် ...ကိုယ့်အထင်မှန်ကန်ပါရဲ့လား ...”





“နင် ဘယ်လို သဘောရလဲ တာတာ ...”

“ဘာကိုလဲ ...”

“ဖေယျနဲ့ ပတ်သက်တဲ့ ကိစ္စကို ပြောနေတာလေ ...”

ပို့ပို့စကားကြောင့် သူမ မဲ့ပြုံးလေးပြုံးလိုက်ပါ၏။ ဘယ်လို ဖြစ်ပြီး သူမ ဇာတ်လမ်းကို စိတ်ဝင်စားနေကြတာပါလိမ့် ...နိုးနိုးကပါ သူမကို မျက်စပစ်၍ အသံတိတ်မေးလာပြန်သည်။

“ဟုတ်တယ်လေ ...နင် စိတ်ဝင်တစားနဲ့ သူ့ကို ခွင်သွားဆင်တာ မဟုတ်လား ...နင်ကလည်း နင့် Major မှာ Star သူကလည်း သူ့ Major မှာ နာမည်ကြီးဆိုတော့ နင်တို့ နှစ်ယောက်အကြောင်းကို လူတော်တော်များများ စိတ်ဝင်စားနေကြတယ် တာတာရဲ့ ...”

“ဘယ်လို ...ငါက သူ့ကို စိတ်ဝင်စားပြီး ဇာတ်လမ်းထွင်တယ် ...ဟုတ်လား”

“အင်းလေ ...မဟုတ်လို့လား ..ဒီလိုပဲ တစ်ကျောင်းလုံးပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာကိုး...သူ့ သူငယ်ချင်းတွေက အစ ဒီလိုပဲ ထင်ကြေးပေးနေတာလေ ..."

"ကျွတ် မဆိုင်လိုက်တာ ..."

"ဆိုင်ပါသော်ကော မိတာရယ် နင်က သူ့ကို လှုပ်မရနိုင်အောင် ချောင်ပိတ်ပြီး ဖမ်းတာတဲ့ နင်ရှာခိုင်းတဲ့လူကို မရရင် သူ့ကို မရရအောင် အပိုင်သိမ်းမှာလို့ သတင်းတွေထွက်နေတာလေ ..."

"ဘာ .."

"ဟုတ်တယ် နင် သူ့ကို အပိုင်လိုချင်လို့ ဒီလိုထွင်တာဆိုပြီး သတင်းတွေ ထွက်နေတာကြာပြီပဲ ..."

သူမ မျက်နှာ နီရဲသွားရပါ၏ ဘယ်လိုဖြစ်ပြီး ဒီလိုသတင်းတွေ ထွက်လာရတာတဲ့လဲ ..ဒါ သူလွှင့်တဲ့ သတင်းရော မဖြစ်နိုင်ဘူးလား ဖြစ်နိုင်တာပေါ့... သူတို့အုပ်စုက သတင်းစုံလွှင့်တဲ့ နေရာမှ Super star ပဲဟာ ...သူမ ဆတ်ခနဲ ထရပ်လိုက်တော့ ပုံ့ပုံ့ရော နိုးနိုးပါ လန့် သွားပါ၏။

"ဟဲ့ ...ဒါ ဘယ်လဲ ..."

"သူ့ဆီသွားမလို့ ..."

"ဟယ် အခုပဲ နင့်ကို မိန်းမနောက်ပိုးလို့ ဝေဖန်ခံနေရမှန်းသိလျက်နဲ့ သွားချင်ရပြန်ပြီလား .."

"မသွားလို့ရမလား ..ဒီကိစ္စ ငါရှင်းကို ရှင်းမှာ ...နင်တို့လိုက်ချင်လိုက် မလိုက်ချင်လည်းနေခဲ့ ဒါပဲ ..."

"ဟဲ့ လိုက်မှာပေါ့ ..."

စိတ်မြန်လက်မြန်ဖြင့် Physics အဆောင်ဘက်သို့ ထွက်လာခဲ့ ၏။ အပေါ်ဆုံးထပ်ကို တညောင်းကြီးတက်လာစဉ် Physics ကျောင်း





သားတွေ၏ မထိတထိ အပြုံးတို့ကို မြင်ရလေသည်။ ကြည့်စမ်း သူမ သူ့ဆီလာတာကို သိနေတယ်ပေါ့လေ ...သူတို့ Section ရောက်တော့ အခန်းထဲမှာ တစ်ယောက်မှ ရှိမနေသဖြင့် အံ့သြသွားရလေ၏။ ဘယ်များသွားနေကြတာပါလိမ့် ..။

"မောလိုက်တာနော် ...မျှော်လင့်တကြီးလာခဲ့ရပေမယ့် သက်ဆိုင်သူက Pratical ခန်းရောက်နေတော့ အမောမပြေဘဲ အမောကို ဆို့သွားတာပဲ ...."

ကော်ရစ်ဒါမှာ ရပ်နေသည့် အုပ်စုထဲမှ မကြားတကြား စနောက်သံကြောင့် သူမ အံကျိတ်လိုက်မိ၏။ နေနှင့်ဦးပေါ့ ဖေယျာမင်းခင်ရယ် ရှင်နဲ့တွေ့မှ ကျွန်မ အကြောင်းကောင်းကောင်းကြီးတွေ့ကြသေးတာ ပေါ့လေ ...။

"တောက် ..."

"အမလေး ...လန့်လိုက်တာဟယ် ...တာတာကလည်း ..."

"သွားမယ် ..."

"ဖေယျာရေ မင်းတော့ ဗိုက်ခေါက်လား...နားရွက်လား တစ်ခုခုတော့ လိမ်ဆွဲခံရမှာ သေချာပြီ ..."

သူမတို့ အုပ်စုကို ဘုကြည့်ကြည့်လိုက်တော့ တစ်အုပ်စုလုံးက ပြောင်ချော်ချော်ပြန်ကြည့်ကာ တစ်ချိုးတည်း လစ်ကြတော့သည်။ သူမတို့ Pratical ခန်းရှိရာ အောက်ထပ်သို့ ပြန်ဆင်းခဲ့ပါ၏။ လူတွေအများကြီးရှိနေသည့် Bratical ခန်းထဲ မျက်ဝန်းကို ဝေ့ဝဲရှာကြည့်မိသည်။ နောက်ဆုံးထောင့်ဘက် Table မှာရှိနေသည့် သူ့ကို ဖျတ်ခနဲတွေ့လိုက်ပါ၏။ သူတို့အုပ်စု ငါးယောက်နှင့် နောက်ထပ် ကောင်လေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပြင် ကောင်မလေးသုံးယောက်ကိုပါ တစ်ဝိုင်းတည်း တွေ့ရလေ သည်။

သူက Calculator ကို နှိပ်ကာ စာအုပ်ထဲမှာ ဖြည့်လိုက် နောက် ထပ်ပြန်နှိပ်လိုက် လုပ်နေတာကို ဘေးမှ အစိမ်းရောင် ကောင်မလေးက ကူပြောပေးနေလေ၏။ သူ ဟက်ခနဲ ရယ်လိုက်စဉ် ကောင်မလေးက သူ့လက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက်လေသည်။ ကြည့်စမ်း၊ ပြောတော့ဖြင့် မိန်းကလေးတွေနဲ့ မပတ်သက်ပါဘူးဆို... အခုတော့ သူ့အခန်းထဲက မိန်းကလေးနဲ့ တရင်းတနှီးရယ်လို့ မောလို့ပါလား ...။

သူမ မျက်မှောင်ကြုတ်လိုက်စဉ် သူတို့အုပ်စုထဲမှ တစ်ယောက်က သူမတို့ကို မြင်သွားလေ၏။ သူ့နားသို့ကပ်၍ တီးတိုးပြောလိုက် တော့ သူ့မျက်ဝန်းများက သူမရှိရာဆီ ဖျတ်ခနဲ ရောက်လာပါသည်။ ထို့နောက် ဘာမှပြန်မပြောတော့ဘဲ တွက်စာတွေကို ဆက်တွက်နေ လေ၏။ ကြည့်ပါဦး၊ အပြင်မှာ တစ်ချိန်လုံး ရပ်စောင့်နေသည့် လူကို ဘာတစ်ခွန်းမှလာမပြောဘဲ သူလုပ်ချင်တာကို ဆက်လုပ်နေတာ ဘယ်လောက် အသည်းယားစရာကောင်းလိုက်ပါသလဲ ...ဒါကြောင့် ကိုသီဟက သူ့ကို ခေါင်းမာတယ်လို့ ဝေဖန်ပြောဆိုခဲ့တာပဲ... ခဏအကြာမှာ သူ့စာအုပ်ကို ကျန်တဲ့သူတွေက ဆွဲယူ၍ စာအုပ်ထဲ ကူးထည့်ကြလေသည်။ သူက ဘောပင်ခလုတ်ကိုပိတ်ကာ အခန်းဝသို့ ထွက်ခဲ့လေ၏။

"ဘာကိစ္စရှိလို့လဲ တစ်သက်တာ ..."

"ယူ့ကို ပြောစရာရှိတယ် ..."

"မင်းကိစ္စ မပြီးပြတ်သေးဘူးလား"

သူမ ခြေကို ရှေ့တစ်လှမ်းတိုးကာ သူ့လက်မောင်းတစ်ဖက်ကို





ဆွဲ၍ အခန်းပြင်ကို ခေါ်ထုတ်လိုက်ပါ၏။ သူက အံ့ဩဟန်ဖြင့် သူမလက်ထဲမှာ ပါလာလေသည်။

"ဘာဖြစ်လို့ဖြစ်တာလဲ ..."

"ယူ့ကို လုံးဝ အစာမကြေဘူး ဖေယျမင်းဒင် အဲဒါ ..."

"ရှူး ...တိုးတိုးပြောလေ တစ်သက်တာ ...လူတွေ အများကြီးက မင်းစကားကို နားစွင့်နေတာနော်၊ ပြီးတော့ ငါ့လက်ကို လွှတ်ဦး၊ လူ မြင်လို့ မသင့်တော်ဘူး ..."

"အံမာ ...ယူ့ကို ထိချင်လို့ထိနေတယ်များ ထင်နေလား၊ တို့က အဲဒီလို ယောကျ်ားတွေကို မထိတထိ ကလိတတ်တဲ့ မိန်းမမျိုးမဟုတ်ဘူး"

လက်ကို ဆတ်ခနဲ ဖြုတ်ချ၍ ရန်ထောင်လိုက်သည့် သူမကို ကြည့်ရင်း ကျိတ်ပြုံးလိုက်မိ၏။ မာနရှင်ကို ကလိလိုက်ရ၍ စိတ်ထဲမှာ ကျေနပ်သွားရပါသည်။ ကြည့်ရတာ သူ့ Table က ချောစု သူ့လက်မောင်းကို ရိုက်လိုက်တာ တွေ့သွားလို့ထင်ပါရဲ့ ...ဒါ မနာလိုခြင်းလား တစ်သက်တာ ...။

"မင်းကို ငါ ဘာမှ မစွပ်စွဲရသေးဘူးနော် ..."

"စွပ်စွဲလို့ရော ရမလားရှင် ..."

"ပြောစရာရှိတာ မြန်မြန်ပြောလေ ...ကျောင်းချိန်ကြီးလာတွေ့ရလား နဂိုကတည်းက Pratical ရှိတဲ့နေ့တွေဆို အိမ်ပြန်နောက်ကျပါတယ်ဆိုမှ နောက်မှ Phone ဆက်ရင်ပြီးရော ..."

"ဩော် ယူက တို့ကို Phone နံပါတ်ပေးထားလို့လား"

"ငါ ဆက်မှာပေါ့ တစ်သက်တာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ဆက်လို့လဲ ...ကိုသီဟနဲ့ ချိန်းတဲ့နေ့ကတည်းက ယူ့ကို မကျေမနပ်ဖြစ်နေတာကြာပြီ ...ယူ့ဟာယူ ရှောင်နေပြီးတော့ ..."

"မရှောင်ပါဘူး OK သွားပြီထင်တာနဲ့ မဆက်ဖြစ်တာ ...."

"ဘာ OK ရမှာလဲ ...တစ်ယောက်နဲ့ တွေ့ပေးရုံလေးကို OK စရာလား ...မရဘူး ...ယူ့ Phone နံပါတ်ပေး ..."

"ကျွက် ငါပြောပြီးသားလေ ...အိမ်မှာ Phone ကိုင်ခွင့်မရှိတဲ့ လူဆီက ဘယ်လိုဖြစ်ပြီး Phone နံပါတ် အတင်းတောင်းနေရတာလဲ"

"အံမာ ...ယူ မွေးစားသား မဟုတ်မှန်းတို့ သိပြီးသားနော် ...ညာမယ် မကြံနဲ့ ..."

"ဘယ်သူပြောလဲ ..."

"ကိုသီဟ ..."

"သူက ငါ့ကို စေတနာထားတဲ့ လူလေ၊ ငါ့ကောင်းကြောင်းပဲ ပြောမှာပေါ့ တစ်သက်တာရဲ့ ဆန်းသလား ..."

သူမ ဟစ်ချက်တွေသွားလေ၏။ ဟုတ်သားပဲ ကိုသီဟပြောသွားတာ သူခေါင်းမာတယ်ဆိုတဲ့ တစ်ခုက လွဲပြီး ဘာတစ်ခုမှ မကောင်းတာမှ မရှိခဲ့တာပဲ ...သူ ပြောသလို တကယ်ပဲ မွေးစားသားလေလား...

"ဘာပဲ ဖြစ်ဖြစ် ယူ ဟိုနေ့က ကော်ဖီဆိုင်မှာ တို့ကို စောင့်နေပါ ယူ့ကို ပြောစရာတွေ အများကြီးရှိတယ် ..."

"အခု အပြန်လား"

"ဒါပေါ့ ..."

"မဖြစ်ဘူးထင်တယ် တစ်သက်တာ၊ ငါ အိမ်ပြန်တာ နောက်ကျရင် မေမေစိတ်ပူနေလိမ့်မယ် ..."





"မိုးချုပ်ရင် ယူ့အိမ်ထိ ပို့ပေးမယ်ရှင် ..."

"ကျွတ်! ငါ ဘယ်မိန်းကလေးရဲ့ ကားပေါ်မှ လိုက်စီးဖူးတာ မဟုတ်ဘူး တစ်သက်တာ... ငါ နားလည်ပါတယ်... ဒီည(၇)နာရီ စောင့်နေရင်ပြီးတာပဲ မဟုတ်လား ..."

"ဆက်ဆက်စောင့်နော် ...ဟိုတစ်ခါလို ရှောင်ပြီး လစ်သွားရင်တော့ ယူ့ကို တွေ့ရာ သချိုင်း ခါးမဆိုင်းပဲ ..."

"စိတ်ချပါ ..."

သူမက သူ့ကို မျက်စောင်းခဲ၍ လှည့်ထွက်သွားလေ၏။ ဘယ်လိုလေးမှန်းကို မသိပါဘူး ဟိုနေ့ကတော့ ကိုကိုနဲ့ စကားတွေ ဖောင်နေအောင်ပြောပြီး ပုလဲနံ့ပသင့်နေတာ တွေ့ခဲ့ပါလျက် အခုတော့ ဘာကိစ္စတွေ ပြောဦးမည် မသိပါလား ...စိတ်ဆတ်ပြီး ဒေါပွတတ်တာကအစ သူနှင့် တူနေတာမို့ ရယ်လည်း ရယ်ချင်ရ၏။ ကိုကို့ကို ဘယ်လိုအကြောင်းပြချက်တွေနဲ့များ ပယ်ချဦးမလို့ပါလိမ့် ဒုက္ခပါပဲ ကိုကို့ကို မရွေးရင်တော့ သူ ဦးနှောက်ကျွမ်းအောင် လူထပ်ရှာရဦးတော့မှာပဲ ... ဒီကောင်မလေးကို အနိုင်ရချင်စိတ်က သူ့ရင်ထဲမှာ လှိုင်းထန်စေသည့် နှယ် .....။

အိမ်ပြန်ရောက် ရေချိုးပြီး ထွက်လာစဉ် ကုမ္ပဏီမှ ပြန်လာသည့် ကိုကိုနှင့် ညှော်ခန်းမှာ ဆုံလေ၏။ ထုံးစံအတိုင်း Sport Shirt နှင့် Pants ဝတ်ထားသည့် ကိုကိုက သူ့ထက်ပင် ငယ်နေလေသယောင်နုဖတ်နေလေသည်။

"ဘယ်လဲ ညီ ..."

"ချိန်းထားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"Tea shop လား ..."

"မဟုတ်ဘူး ..ကော်ဖီဆိုင် ..."

"တယ်ဟုတ်ဆန်းပါလား ...ဘယ်ကော်ဖီဆိုင်လဲ ညီ ..."

"ဟို တစ်ခါ ကိုကို့ကို ချိန်းတဲ့ ဆိုင်ပဲ ..."

"ဟော မဟုတ်မှလွဲရော ...တစ်သက်တာနဲ့ မဟုတ်လား ..."

"သိလိုက်ပြန်ပြီဗျာ ..."

"ဟုတ်တယ်လေ ...ညီ သူငယ်ချင်းတွေနဲ့ ချိန်းရင် လက်ဖက်ရည်ဆိုင်ပဲလား"

"ကိုကိုနဲ့ သူတွေ့တော့ ဘာတွေပြောကြသေးလဲ ...သူ့ မျက်နှာကြည့်ရတာတော့ ကျေကျေနပ်နပ်ပါပဲ ..."

သီဟ ဘဟား ဟား အော်ရယ်လိုက်လေ၏။ ပြောတော့ဖြင့် ရှောင်ပေးသလိုလိုနဲ့ ဘယ်ချောင်က ပြန်ချောင်းကြည့်ခဲ့တာပါလိမ့် ညီရယ် ...။

"သူ့ မျက်နှာကို ခိုးကြည့်ခဲ့တယ်ပေါ့လေ ..."

"ဟာဗျာ ...ကိုကိုကလည်း ..."

"ဟုတ်တယ်လေ ....ရှောင်တယ်ဆိုရင်လည်း ပြန်လှည့်မကြည့်ကြေးပေါ့ကွ ...ခုတော့ ဘယ့်နှယ် သူ့ မျက်နှာ အရိပ်အကဲကို ပြန်ချောင်းကြည့်ရတယ်လို့ ..."

"သူ ပြောတဲ့ အတိုင်း အဆင်ပြေရဲ့လားလို့ ကြည့်မိတာပါ ကိုကိုရ ...ကိုကို့ကို ဘာမှ မပြောဘူးလား ..."

"ပြောတာပေါ့ ...အများကြီးပဲ ..."

"အဲဒါတောင် ဘာကို မကျေမနပ်ဖြစ်ပြီး ကျွန်တော့်ကို ချိန်းသလဲ





မသိပါဘူးဗျာ ..."

"ဟင်း ဟင်း ဟင်း ...သူ မေးတာ မင်းအကြောင်းတွေ ချည်းပဲလေ ညီရဲ့ ..."

"ဗျာ!"

"ကိုကို ပြောသားပဲ သူ ညီ့ကို စိတ်ဝင်စားနေတာပါလို့"

"ပြဿနာပဲ ဒီကောင်မလေး ဘာတွေလျှောက်လုပ်နေမှန်းကို မသိတော့ပါဘူး ကိုကို့ကို သဘောမကျဘူးလို့ ငြင်းရင် ကျွန်တော် ခွကျပြီဗျ ...သူ့ကို မရှုံးချင်ဘူး တကယ်ပါပဲ ..."

"မင်း ရှုံးကို ရှုံးမှာပဲ ညီရဲ့၊ ပွဲစကတည်းက သူ့ဘက်က တစ်ဂိုးအသာနဲ့ ကစားခဲ့တာလေ ... သူကတော့ ရှာကြံပြီး ငြင်းဆန်ပစ်ချနေမှာပဲ ...နောက်ဆုံးတော့ ရှင့်ကို ကျွန်မ အပိုင်သိမ်းလိုက်ပြီ ဖေယျမင်းဒင်ရေလို့ ပြောပြီး ပွဲသိမ်းရုံပဲလေ ..."

သူ နှာကစ်သွားရပါ၏။ ကိုကိုပြောမှပဲ သူ့ဘဝ ဇာတ်သိမ်းပါလေရော ...မြှုဖြစ်နိုင်ပါဘူး ...သူ့ထက် နှစ်နှစ်ကျော်ငယ်သည့် မိန်းကလေးတစ်ယောက်ဆီမှာ ဒူးထောက် အရှုံးပေးစရာလား ...ဒီလို လွယ်လွယ်နဲ့တော့ လက်နက်ချ အညံ့မခံနိုင်ပါလေ ...။

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော် မရှုံးစေရဘူး အဲဒါ အသေအချာပဲ ..."

"စောင့်ကြည့်ရသေးတာပေါ့ ...ညီရာ ဟိုချာတိတ်က မင်းကို ဆည်ဝက မျှင်းစောင့်ဖမ်းသလို အသာလေး ကွိခနဲ ဖမ်းရုံပဲ ..."

ကိုကိုက ခပ်လှောင်လှောင်ရယ်မောလျက် အပေါ်ထပ်သို့ လှေကားမှ တက်သွားလေ၏။ သူ ပွစိပွစိ ရေရွတ်ကာ အိမ်မှ ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူ Coffee ဆိုင်ရောက်ပြီး သိပ်မကြာခင်မှာ သူမ ရောက်လာပါ၏ ...။

"ယူ ဘယ်လိုလူလဲ ဇေယျာမင်းဒင် ..."

"မင်း ဘယ်အချက်ကို ပြောပြီး သူ့ကို ငြင်းပယ်မလို့လဲ တစ်သက်တာ..."

"ဂျွတ်! တို့ပြောနေတာ ယူ့ကိစ္စနော် ဇေယျာမင်းဒင် မဆိုင်တဲ့လူကို ဆွဲမထည့်နဲ့ ..."

"ဒါဆို မင်း သူ့ကို လက်ခံတယ်ပေါ့လေ ..."

"လုံးဝပဲ ..."

"ဘာဖြစ်လို့လဲ ..."

"သူ့ကို တို့မှ မချစ်ဘဲယူရဲ့ ...ကိုယ်ချစ်လို့မရတဲ့လူကို ခပ်လွယ်လွယ်ခေါင်းညိတ်လိုက်ရမှာလား ...အရူးမှ မဟုတ်တာ ..."

"သေစမ်း ..."

သူ နဖူးကိုသာ ဖြန်းခနဲ ရိုက်ချလိုက်ပါ၏။ ဒီတစ်ချက်တည်းနဲ့ လူဘယ်နှစ်ယောက်ကိုများ ဘယ်နှခါငြင်းဦးမှာပါလိမ့်နော် ...ခက်တာ ပဲ အတော်ကပ်ဖိုးကပ်ဖဲ့နိုင်တဲ့ ချာတိတ်မပါလား...။

"မင်း ဒီလိုချည်းတော့ မဆုံးဖြတ်နဲ့လေ တစ်သက်တာ ကိုသိပ်မှာ ဘာငြင်းပယ်ချက်မှ မရှိဘူး ..ဒါကို ဒီတစ်ချက်တည်းနဲ့တော့ မပယ်ပါနဲ့ ...ဒီလိုလူမျိုး နောက်ထပ်ရှာရင် တွေ့ချင်မှ တွေ့နိုင်မှာနော်"

"ရမလားယူရဲ့ ယူပေးပြီးသား ကတိကို တည်ရမှာ ယူ့တာဝန်ပဲလေ ...ခုမှ ဂျိုက်ဂျောင်မကျနဲ့ ..."

"ဂျိုက်ဂျောင်ကျတာက မင်းကွ ..ငါ မဟုတ်ဘူး ...မင်းစိတ်ကြိုက်





ချစ်သူ တစ်ယောက်ကို ဘုမသိ ဘမသိနဲ့ လိုက်ရှာပေးနေရတာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို စမ်းတဝါးဝါးကြီး ..."

"ဒါ ယူ့ကိစ္စလေ ယူတွေးပြီးသား တံတွေးကို ပြန်မမျိုချင်ရင် ဆက်လုပ်ရမှာပဲပေါ့ ..."

"မင်းနော် ငါ မခံချင်စိတ်ဖြစ်အောင် လာဆွပြီး တောင်းတဲ့ ကတိကို မတည်တော့ကော ဘာပြဿနာမှ ရှိမှာ မဟုတ်ဘူး"

"ယူကတိဖျက်ရင် တို့ပေးစား/ သူနဲ့ ယူရမှာနော် ကျောင်းမပြီးခင် မင်္ဂလာပွဲဖြစ်မြောက်သွားမယ်မှတ် တို့ကို စိမ်မခေါ်နဲ့ ...တို့က ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တာ ယူသိပါ ..."

သူစိတ်ပျက်စွာဖြင့် ခေါင်းခါလိုက်မိ၏။ ပြောနေပုံက အခုပဲ တရားရုံးကို ဆွဲခေါ်သွားတော့မလိုပါပဲလား ..။ မင်း ဘယ်လိုလဲ တစ်သက်တာ နည်းနည်းပါးပါးကြောက်ရွံ့စိတ်တောင်ရှိမနေပါလား ..။

"အဲဒါ အသာထားလိုက်ဦး ...အခု ယူ့ကို ပြောချင်တဲ့ ကိစ္စက ယူကျောင်းမှာ မဟုတ်တရုတ် လျှောက်ဖွနေတဲ့ သတင်းကြောင့်ပဲ"

"ဘာ သတင်းလဲ"

"ယူ ပြောတာ ယူသိမှာပေါ့ ...ပြန်မေးစရာလား"

"ဟာ ...မသိလို့ မေးနေတာပေါ့ကွ ငါက ငါ့ဟာငါ အေးအေးဆေးဆေးနေနေတဲ့လူ ...ဘာတစ်ခုမှ ရှုပ်ရှုပ်ယှက်ယှက်ရှိတာ မဟုတ်ဘူး... မင်းရောက်လာမှ ငါ့မှာ ကိုးလိုးကန့်လန့်တွေဖြစ်ကုန်ရတာ"

"ဒါကတော့ ယူ့အပြောနဲ့ အလုပ်ညီရင် တို့ပြောစရာ ဘာမှမရှိ ဘူး အခုကိစ္စကတို့ဘက်က သိက္ခာကျရလို့ ပြောနေရတာ ..."

"ဘာကိစ္စ မင်းရဲ့ သိက္ခာက ကျရတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မကျဘဲရှိမလား ယူ့ကိုပဲ တို့က မျက်စိကျနေလို့ တမင် ဒီဇာတ်
လမ်းထွင်ပြီး ဇာတ်လမ်းစတယ်ဆိုတဲ့ သတင်းလေ တစ်ကျောင်းလုံး
ပွနေတာပဲ ...ယူဟာ ယူ့ကိုယ်ယူ တော်တော်အထင်ကြီးနေပုံရတယ်
ယူ့ကို စိတ်ဝင်စားဖို့ နေနေသာသာ ယောင်လို့တောင် အိပ်မက်ထဲ
ထည့်မမက်ဘူးဆိုတာ ယူသိထားလိုက် ..."

"မင်း! ဇော်ကားလှချည်လား တစ်သက်တာ ...ဒီသတင်း ငါ ဘာမှ
ဖွစရာအကြောင်းမရှိဘူး လူတိုင်းနဲ့ သင့်တင့်အောင်နေတတ်တဲ့ ငါ့ကို
မင်းလာပြီး ပတ်သက်မိတဲ့ အမှားတစ်ခုကို လာပြီး အပြစ်ပုံမချ နဲ့ ..."

"ယူ မပြောရင် ဒီလောက် ပျံ့စရာ ဘာအကြောင်းမှ မရှိဘူး
ဇေယျမင်းဒင်ရဲ့ ..."

"တောက်! ငါ့ယောကျ်ားကွ ...မိန်းမလို မိန်းမရ အလုပ်မျိုး
ဘယ်တော့မှ မလုပ်တတ်ဘူး ...အဲဒါ မင်း မြဲမြဲမှတ်ထား ဒီနေ့ပဲကြည့်
မင်း ငါ့လက်ကို ဆွဲခေါ်တဲ့ သတင်းက ကြော်ငြာစရာမလိုဘဲ ပျံ့နေ
လောက်ပြီ ...မင်းဘက်က မဆင်မခြင် လုပ်တတ်တဲ့ အကျင့်ကြောင့်
ခုလိုတွေဖြစ်လာတာ ငါ့ တစ်ဖက်သက် အပြစ်မပြောနဲ့ ..."

"ကောင်းပြီလေ ...ဘယ်လိုပဲ သတင်းအဆန်းတွေ ထွက်နေပါစေ
...တို့က သိပ်ဂရုစိုက်တာ မဟုတ်ဘူး ... ယူသိသင့်တယ် ယူဆလို့
ယူဆင်ခြင်သင့်တယ်လို့လည်း ထင်လို့ လာပြောရတာပဲ ...ယူသိထား
ဖို့က ယူ့ကို တို့ တစ်ဖက်သတ်ချစ်ဖို့ နေနေသာသာ မုန်းတီးစက်ဆုပ်
နေတာ နှစ်ကျော်နေခဲ့ပြီဆိုတာပဲ ...သွားမယ် ..."

ဝုန်းခနဲ ထရပ်ကာ ထွက်သွားသည့် သူမ ကျောပြင်ကို တအံ့တ
သြငေးကြည့်နေရင်း သူကျန်ခဲ့ရလေ၏။ မုန်းတီးစက်ဆုပ်နေတာ နှစ်





ကျော်ခဲ့ပြီဆိုပါလား ...ဒီနှစ်မှ စတွေ့ဖူးတဲ့ ကောင်မလေးတစ်ယောက်
က သူ့ကို ဘာကြောင့်များ မုန်းတီးနေခဲ့တာပါလိမ့် ... သူ့ဘဝတစ်
လျှောက် ဘယ်လိုအမှားမျိုးမှ မရှိခဲ့ပါဘဲ သူ့ကို မိန်းကလေးတစ်ယောက်
က အကြောင်းမဲ့ မုန်းတီးနေတာ အံ့သြစရာပါလား ...။

ကိုကိုရေ ...ကိုကိုပြောတော့ဖြင့် သူ ကျွန်တော့်ကိုချစ်နေလို့ ဒီလို
တွေကြံစည်နေတာဆို...ကျွန်တော့်ကို အပိုင်သိမ်းချင်လို့ပါဆို ...ခု တော့
ကိုကိုထင်သလို ဖြစ်မနေပါလား ...သူက ကျွန်တော့်ကို မုန်း တယ်တဲ့
... ကျွန်တော် ဘာလုပ်ရမလဲ ...။

ကိုယ့်ကို မုန်းနေတဲ့ မိန်းကလေးတစ်ယောက်နဲ့ အတည်ပြုထား
တဲ့ ကတိကို ဖျက်သိမ်းလိုက်ရင်ရော ...မဖြစ်သေးပါ ယောကျ်ားဖြစ်ပြီး
ဒီလို လွယ်လွယ်နဲ့ ဖျက်သိမ်းလိုက်ရင် သူ့ရာဇဝင် ပျက်သွားရမှာပေါ့
တစ်သက်တာရယ် မင်း စကားတွေ အများကြီး ပြောခဲ့တဲ့ အထဲမှာ ဒီ
'မုန်းတယ်' ဆိုတဲ့ စကားတစ်ခွန်းက ငါ့ရင်ကို ပြောင်းဆန်သွားစေ ခဲ့တာ
အမှန်ပါပဲ ...ဒီညတော့ ငါ အိပ်ပျော်ခွင့်ရမယ် မထင်တော့တာ တကယ်
ပါလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခြံဝင်းထဲ မောင်းဝင်လာခဲ့၏။ တခြားနေရာမှာ ချိန်းလျှင် ရပါလျက် ဘာကြောင့် အိမ်ကိုပဲ လာခိုင်းတာပါလိမ့် …သူတွေးမရ ဆင်ဝင်အောက်ရပ်လိုက်စဉ် ဟိုတစ်ခါ လမ်းမှာ တွေ့ခဲ့သည့် အန်တီ က ထွက်လာလေသည်။

"ဟောတော်… ဘယ်သူများလဲမှတ်တယ် မောင်သီဟကိုး…"

"အန်တီက မှတ်မိသားပဲ …"

"သြော် သားရုပ်ရည်က တစ်ခါမြင်ရုံနဲ့ မှတ်မိလွယ်တဲ့ ရုပ်မျိုးပါ ကွယ် … အစ်ကိုကြီးနဲ့ ချိန်းထားတယ်ဆိုတာ သားပဲလား"

"ဟုတ်ပါတယ် အန်တီ …"

"ဝင်လေသား …အစ်ကိုကြီးက Golf သွားရိုက်တာ (၁၀) နာရီ ကျော်လောက်မှ ပြန်ရောက်မှာ …နည်းနည်းတော့ စောင့်ရမယ်နော်"

"ရပါတယ် အန်တီ …"

သူ ညွှန်ခန်းမှာ ထိုင်လိုက်စဉ် အန်တီက အတွင်းဘက်သို့ ဝင်





သွားပါ၏။ လှေကားပေါ်မှ ဖြည်းဖြည်းချင်းဆင်းလာသည့် မိန်းက လေး တစ်ယောက်ကို သူ လှမ်းကြည့်လိုက်မိသည်။ ဒါ အန်တီနဲ့ အတူ တွေ့ခဲ့တဲ့ ကောင်မလေးပဲ အို …ခြေတစ်ဖက် ကောင်းကောင်းမသန်ပါ လား သူ့မတ်တတ်ရပ်၍ ကြိုလိုက်တော့ ချာတိတ်မလေးက မျက်လုံး လေးဝိုင်းလျက်ကြည့်လာလေ၏။

"ကိုသီဟ ထင်တယ် …"

"ဟုတ်ပါတယ် …"

"ရောက်နေတာ ကြာပြီလားဟင် …အန်တီ့လေး မသိသေးဘူး ထင်ပါရဲ့"

"သိပါတယ် အခုလေးတင် အထဲဝင်သွားတာပါ …"

"ထိုင်ပါဦးနော် …ဒက်ဒီ လာတော့မှာပါ …"

သူ ခေါင်းညိတ်ပြုံးပြလိုက်ပါ၏။ ကောင်မလေးက လှေကား အောက်ဆုံးထစ်မှာ မတ်မတ်ရပ်လိုက်လေသည်။

"နာမည် ဘယ်လိုခေါ်သလဲ ဟင်"

"ရှင် …"

"ဟိုတစ်ခါတွေ့ကတည်းက နာမည်မသိလိုက်ရဘူး"

"'ကာ့' နာမည် အလက်ာပါ…"

"'ကာ' လို့ပဲ ခေါ်မယ်နော်"

"ဟုတ်ကဲ့ ရပါတယ်"

"'ကာ့'ခြေထောက်က ဘာဖြစ်တာလဲဟင်၊ မေးမိတာ စိတ်မဆိုး ပါနဲ့ …"

"Accident ဖြစ်တာပါ …"



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီလား ..."

"ဟုတ်ကဲ့ .. ရှစ်လလောက်ရှိပြီပေါ့ ... ခြေသလုံးရိုး ကျိုးသွားလို့ Steel ချောင်းထည့်ထားရတာလေ ...ချိုင်းထောက်မကိုင်ရတာ သိပ်မကြာသေးဘူး ..."

မျက်နှာသိပ်မကောင်းဘဲ 'ကာ့' ကို သူ ငေးကြည့်နေတာမို့ အနေရခက်လာ၏။ ထိုင်ခုံမှာ မထိုင်ဘဲ ဒီလိုချည်းရပ်နေတော့မှာလား ... ရှင်ဘယ်လိုလဲ ကိုသီဟရယ် ...။

"ကာ' ကျောင်းပြီးရဲ့လားဟင် ..."

"မပြီးဘူးကိုသီဟ ...Second Year နဲ့ထွက်လိုက်တာ ..."

"Distance ပြောင်းမတက်ဘူးလား 'ကာ' ရယ်"

"မာမီတို့က တက်ခိုင်းတာပါပဲ ...'ကာ' ကိုယ်တိုင်က စိတ်ဓာတ်ကျပြီး မတက်တော့တာပါ ..."

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ 'ကာ' ရယ် 'ကာ့' ခြေထောက်က ဖြတ်ပစ်လိုက်ရတာမှ မဟုတ်တာ ဘာရှက်စရာလိုလို့လဲ ...ပညာ ရေးတစ်ပိုင်းတစ်စဖြစ်သွားတာ နှမြောစရာ ...ကိုယ်ကတော့ ဘွဲ့ရတဲ့အထိ 'ကာ့' ကို ကျောင်းဆက်တက်စေချင်တာ အမှန်ပဲ ..."

'ကာ' ပြုံးလိုက်မိ၏။ တွေ့တာဖြင့် နှစ်ခါပဲ ရှိပါသေးတယ်။ 'ကာ့' အပေါ် စေတနာထားတဲ့လူ ဖြစ်နေပါရောလား။ သူကလွဲပြီး ဘယ်သူ့စိမ်းအပေါ်မှ စကားကြာကြာမပြောဖူးပါဘဲ အခုတော့ဖြင့် ဒီလူနှင့် ပြောနေရချေပြီ ...

"ဟဲ့ မတ်တတ်ကြီး စကားပြောနေရလား သားရဲ့ ...ထိုင်လေ ...ဒီမှာ အအေးလေးသောက်ပါဦး ...Strewberry သီးလေးတွေ ကျိတ်





ပြီး ဖျော်လာပေးတာ ...Lunch ချိန်မီတာမို့ တစ်ခါတည်း စားသွား နော်သား..."

"နေပါစေ အန်တီရယ် ...အားနာစရာကြီး"

"အားမနာပါနဲ့ သားရဲ့ ...သားအန်ကယ်လာလည်း ဒီလိုပြောမှာပါပဲ ...သမီးလည်း သမီးအစ်ကိုနဲ့ စကားထိုင်ပြောလေ ...လာ"

"ကာ့' မှာ ပြောစရာမှ မရှိဘဲ အန်တီလေးရဲ့ ..."

"ဩော် ...ဒီလိုပဲ ပြောရင်းဆိုရင်း အကြောင်းရှိလာမှာပေါ့ မောင်သီဟက သမီးဒက်ဒီနဲ့ ရင်းနှီးတာ သိရဲ့သားနဲ့ ... အိမ်ရှင်က ဧည့်ဝတ်ကျေပွန်ရတယ်လေ ..."

"အန်တီလေးကလည်း 'ကာ့' အကြောင်းသိရဲ့သားနဲ့ ..."

မပွင့်တပွင့်လေးပြောပြီး အတွင်းဘက်ဝင်သွားသည့် သူမ ကို မေးဆတ်ပြရင်း အန်တီလေး ပြောလိုက်ပါ၏။

"သူက အဲဒီလိုပဲ သားရယ် ...နဂိုကတည်းက ခပ်အေးအေးရယ် ...ရောဂါဖြစ်သွားတော့ အိမ်ထဲက အိမ်ပြင်မထွက်သလောက်အောင်းနေပါလေရော ...အငယ်မ သွက်သလောက် အနေအေးတဲ့ လူကိုမှ ကံကြမ္မာက ဒီလို ဖန်တီးခဲ့တာ သိပ်သနားဖို့ကောင်းတယ် ..."

"ကာ့' မှာ ညီမလေးရှိသေးတယ်ပေါ့ ..."

"ရှိတယ် ...သူက Saturday, Sunday ဆို သင်တန်းသွားတက်တော့ အိမ်မှာမရှိဘူး ...ကြားရက်လည်း ကျောင်းတက်တာမို့ အိမ်မကပ်သလောက်ပါပဲသားရယ် ..."

"ကာ့' ကို အပြင် နည်းနည်း ပါးပါးခေါ်ထုတ်ပါ အန်တီရဲ့ တော်ကြာ လူတောမတိုးဝံ့ဘဲ ဖြစ်သွားမှာစိုးလို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပါတယ် သားရယ် ...သူကိုက မလိုက်တာပါ ...အမျိုးတွေ အိမ် ပွဲရှိတယ်ဆိုမှ မလွှဲသာ မရှောင်သာလိုက်တာမျိုးပဲရှိတယ် ..."

"သနားပါတယ်နော် ..."

ဒေါ်သက်ထား အံ့သြသွားရပါ၏။ အစ်ကိုကြီးက သမီးငယ်နှင့် သူ့ကို သဘောတူထားသည် ကောင်းကောင်းမွန်မွန်ဆက်ဆံပါဟုမှာ ထားတာကိုး ...အခုတော့ တာတာ မဟုတ်ဘဲ 'ကာ့' ကို ကရုဏာ သက်နေသည်မို့ ပြုံးမိပါ၏။ အင်းပေါ့လေ ...ခြေမသန်တဲ့ မိန်းကလေး မို့ သနားကရုဏာ သက်တာလည်းဖြစ်နိုင်ပါတယ် ...

"ဟော ! အစ်ကိုကြီးပြန်လာပြီ ..."

"ရောက်နေတာကြာပြီလား မောင်သီဟ ..."

"နာရီဝက်လောက်တော့ရှိပြီ အန်ကယ် ..."

"Sorry ကွယ် ...အန်ကယ် မိတ်ဆွေတွေနဲ့ အရှိန်တက်သွားလို့ပါ ... စောင့်ရတာ အားနာလိုက်တာ ..."

"ရပါတယ် အန်ကယ်ရဲ့ ...ကိစ္စမရှိပါဘူး ..."

"အေးအေးဆေးဆေးပဲ မဟုတ်လားသား ...နေ့လယ်စာ စားပြီး မှ စကားအေးအေးဆေးဆေးပြောတာပေါ့ အန်ကယ် ရေချိုးလိုက်ဦး မယ် သွားစရာရှိသေးလား"

"မရှိပါဘူး အန်ကယ် ..."

"ခဏစောင့်ဦးနော် ..."

"ဟုတ်ကဲ့ ..."

ဦးအောင်မြင်က အပေါ်ထပ်သို့ တက်သွားပြီး အန်တီက မီးဖို ခန်းဘက် ဝင်သွားသဖြင့် ညှိုခန်းမှာ သူတစ်ယောက်တည်း ကျန်ရစ်





ခဲ့ရလေ၏။

"သွားလေ သမီးရဲ့ ...ဧည့်သည်ကို တစ်ယောက်တည်းထားတာ တော့ ဘယ်ကောင်းမလဲ ..စကားလေးဘာလေပြော ဧည့်ခံလေ ..."

"အာ ... အန်တီလေးကလည်း 'ကာ့' မှာ ဘာမှ ပြောစရာမရှိပါ ဘူး ဆိုနေမှ ..."

"ပြောမှာသာ သွားပြောစမ်းပါ သမီးရယ် ... မရှိလည်း ရှာကြံ ပြော ...သူ့ ကုမ္ပဏီအကြောင်း သူ့ မိသားစုအကြောင်းတွေ အများကြီး ရှိတာကိုး ..."

"ဟင် စပ်စုသလိုကြီးဖြစ်နေမှာပေါ့ ...ရှက်စရာကြီး ...မပြောချင် ပါဘူး..."

လိုက်ကာနောက်မှ ပြောသံတွေက တိုးပေမယ့် သူက နားပါးသူ မို့ ကြားလိုက်ပါသည်။ အားငယ်စိတ်နဲ့ လူတိုင်းကို ရှက်ကြောက်နေတာ ပါလား 'ကာ' ရယ် ...လိုက်ကာလေး အသာဟသွားစဉ် သူဖျတ်ခနဲ လှမ်းအကြည့်နှင့် တန်းတိုးတာမို့ မျက်ဝန်းတောက်တောက်လေးတွေ ကို ခဏတာလေးသာ မြင်လိုက်ရလေ၏။ ဒါ့ သူ့ကို ချောင်းကြည့်လိုက် တာပေါ့လေ ...အတွေးဖြင့် သူပြုံးလိုက်စဉ် အနောက်မှ တွန်းလိုက် သဖြင့် သူမ ဧည့်ခန်းထဲ ရောက်လာပါသည်။

"ဘာတွေလုပ်နေလဲ ..."

"ဟင်အင်း ...ဘာမှ မလုပ်ပါဘူး ..."

"တစ်နေ့တစ်နေ့ ဒီလိုကြီးနေရတာ မပျင်းဘူးလား 'ကာ' ရဲ့ ... ဟင်"

သူမ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ယဲ့ယဲ့မျှ ပြုံးလိုက်မိသည်။ မပျင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလားတဲ့ မေးနေပြီမောင် ...'ကာ' က မောင့်အကြောင်းတွေရယ် ...မောင့်ကိုချစ်တဲ့ ချစ်ခြင်းတွေကို အစဉ်အမြဲတွေးပြီး အချိန်တွေကို ကုန်ဆုံးစေခဲ့တာကြာပါပြီ ,...ဒီကြည်နူးခွင့်လေးကိုတော့ မပိတ်ပင်ပါနဲ့ လားရှင်ရယ် ...။

"မနက်မိုးလင်းရင် 'ကာ' ပထမဆုံး ဘာလုပ်လဲ ..."

"ကိုယ်လက် သန့်စင်ပြီးတော့ ဘုရားခန်းဝင်တာပေါ့"

"ပြီးတော့ရော ..."

" Breakfast စားတယ် ..."

"ပြီးရင်ကော ..."

"ခြံထဲမှာ လမ်းဆင်းလျှောက်တယ် ..."

"အန်တီတို့နဲ့ ဝိုင်းကူမလုပ်ပေးဘူးလား"

"အန်တီရော မာမီပါ 'ကာ' ဝိုင်းကူတာ မကြိုက်ကြဘူး"

"ဒါကတော့ 'ကာ' တစ်ခုခုဖြစ်သွားမှာကိုစိုးရိမ်လို့ ဖြစ်မှာပေါ့... နေ့လယ်ဘက်မှာ ဘာတွေလုပ်သေးလဲ"

"စာအုပ် ဖတ်တယ် ..."

"ဒါပဲလား သူငယ်ချင်းတွေနဲ့ Phone မပြောဘူးလား"

"ဟင်အင်း ...'ကာ' သူငယ်ချင်းတွေနဲ့ အဆက်အသွယ် မလုပ်တော့ဘူး ..."

"ဘာဖြစ်လို့လဲ 'ကာ' ရဲ့ အဲဒီလို မလုပ်ရဘူးလေ ...ဒီလို စကားပြောဖော်မရှိရင် 'ကာ' တစ်ယောက်တည်း အထီးကျန်ဆန်နေမှာပေါ့ ...ဒီတော့ ပိုပြီး စိတ်ဓာတ်တွေကျလာရော ...ဟုတ်တယ် မဟုတ် လား"

သူမ ခေါင်းလေးငုံ့သွားပါ၏။ စိတ်ရှည်လက်ရှည်ဖြင့် စကားတွေ





ပြောနေသည့် သူ့ကိုလည်း အံ့သြနေမိသည်။ တစ်ခါမှ စကားမပြောဖူးပါဘဲ တကယ့်သူငယ်ချင်း အရင်းအချာတစ်ယောက်လို တရင်းတနှီး ဖြင့် ပြောနေတာလေ-....အန်တီလေးက မရှိရှိတာရှာကြံပြီးပြောတဲ့ တကယ်တမ်းပြောနေသည့် သူက 'ကာ့' အကြောင်းတွေ မေးနေတာ ဖြစ်သည်လေ ...။

"စာဖတ်တာအပြင် ဘာလုပ်သေးလဲ ..."

"သိုးမွှေးထိုးတယ် ..."

"ထိုးတတ်တယ်ပေါ့လေ ...ဘာတွေထိုးလဲ ..."

"ဒက်ဒီနဲ့ မာမီ့ကို အနွေးထည်ထိုးပေးပြီးပြီ... အခု မီးခိုးရောင်လေးက အန်တီလေးအတွက် ထိုးနေတာ..."

"အန်တီလေးအတွက်၊ ပြီးရင် ဘယ်သူ့အတွက် ထိုးပေးဦးမှာလဲ"

သူမ ခေါင်းခါပြလိုက်တော့ သူက ပြုံးမြမြဖြင့် ကြည့်လေ၏။ သူကသာ အကြောင်းအရာရှာပြီး ဦးဆောင်ပြောနေမိတာကိုး ...

"ကိုယ့်အတွက်ရော ထိုးပေးနိုင်မလား ...ကိုယ် သိုးမွှေးဝယ်လာပေးမယ်လေ ..."

"ကာ' က ဖြည်းဖြည်းချင်းပဲ ထိုးတတ်တာ ..."

"မထိုးပေးချင်ဘူးလား ..."

"မဟုတ်ပါဘူး ..."

"ကိုယ့်မွေးနေ့က December မှာ 'ကာ' ရဲ့ ... သူများတွေနဲ့ မတူတဲ့ မွေးနေ့လက်ဆောင်လေးလိုချင်လို့ပါ ...'ကာ' မလုပ်ပေးနိုင်လည်းရပါတယ် ...ကိစ္စမရှိပါဘူး ..."

သူမ နှုတ်ခမ်းကို ခပ်ဖွဖွလေး ကိုက်ထားမိလေ၏။ ခုမှ ရင်နှီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတစ်ယောက်ကို လွယ်လွယ်နဲ့ ကတိမပေးရဲပါချေ ...ရင်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိသည့် ကြည်နူးစိတ်လေးတော့ ဖြစ်နေတာ အမှန်ပါပဲ ...။

"ညကျ ဘာလုပ်လဲ ..."

"ညနေစာစားပြီး ဘုရားရှိခိုးတယ် ...ပြီးရင် စာဖတ်ချင်ဖတ်၊ မဖတ်ချင်ရင် ကဗျာလေး ဘာလေးရေးပြီး အိပ်တာပေါ့ ..."

"ကဗျာလည်း ရေးတတ်သေးတယ်ပေါ့လေ ...တော်လိုက်တာ... ဒါဆိုလည်း ကိုယ့်မွေးနေ့မှာ ကဗျာလေးတစ်ပုဒ်ပဲ လက်ဆောင်ပေးပါလား ...နော် ..."

ကြည့်! တစ်ခုမဟုတ်တစ်ခု လက်ဆောင်တောင်းနေတာပါလား သူများ ပေးချင်မှန်းမသိ၊ မပေးချင်မှန်းမသိ အတင်းကို တောင်းနေတော့တာပဲ ...လေပြည်လေးနဲ့ ပြောတာမို့ စိတ်ဆိုးရမှာလည်း အခက် သူ့ကို စိတ်ကောက်လိုက်ချင်ပေမယ့် ဒီလောက် အခွင့်တော့ရမည် မထင်ပါချေ ...

"ကာ ပေးချင်မှပဲ ပေးပါလေ ...ည ဘယ်နှစ်နာရီအိပ်လဲ ..."

"(၁၀) နာရီကျော်ကျော် ..."

"အစောကြီးပါလား ... ကိုယ်ဆို (၁၂) နာရီလောက်မှ အိပ်ဖြစ်တာ ..."

သူမ နှုတ်ခမ်းစူသွားရပါ၏။ လူကို အိပ်ပုပ်ကြီးတယ်လို့ ဆိုချင်တာပေါ့လေ ...သူနဲ့လည်း မဆိုင်ပါဘဲ ဒီလိုပြောစရာလား ...စိတ်ထဲမှာ ပြုံးပြင်မိသည်မှန်မမှန် ...

"ကိုယ်ပြောတာ မကျေနပ်ဘူးပေါ့လေ ...ဟုတ်လား"





"မဟုတ်ပါဘူး ..."

"အိပ်ခါနီး ကိုယ်နဲ့ စကားပြောနိုင်မလား ... ကာ"

အလိုလေး ...Phone ပြောချင်သေးတယ်ဆိုပါလား ...လူကို အထက်စီးနင်းနဲ့ နိုင်စားချင်ပုံပဲ ...ဘယ်လိုဖြစ်ပြီး ကစ်ခုပြီးတစ်ခု လိုချင်နေတာပါလိမ့် ...။

"တကယ်ပြောနေတာ ကိုယ်ဆက်ရင် ပြောမှာလား"

သူမ ပြန်မဖြေမီ ဒက်ဒီ ဆင်းလာတာနှင့် ကြုံသွားသဖြင့် စကားစ ပြတ်သွားရလေ၏။ ဒက်ဒီက သူမကို စူးခနဲ စိုက်ကြည့်ကာ မနှစ်သက် သလို အမူအရာပြလေသည်။

"ထမင်းစားကြစို့လေ မောင်သီဟ .. စားရင်းနဲ့ အလုပ်ကိစ္စ ပြောလည်းဖြစ်တာပဲဟာ ..."

"ဟုတ်ကဲ့ အန်ကယ် ...."

ထမင်းစားခန်းထဲရောက်တော့ သူမလိုက်မဝင်လာမှန်း သတိထားမိသွားပါ၏။ အန်ကယ်နှင့် လုပ်ငန်းကိစ္စ ဆွေးနွေးပြီး အိမ်ပြန်ခဲ့ စဉ် တစ်လျှောက် သူမကို ထပ်မတွေ့ရတော့ပါချေ ..။ ရင်ထဲမှာ ပြည့် တင်းကျပ်နေသလိုပါပဲ 'ကာ' မင်းနဲ့ စကားပြောနေရတဲ့ အချိန်လေး မှာ စိတ်ထဲ အလိုလိုကြည်နူးနေမိတာ ဘာကြောင့်လဲ ...ညီကဗျာတွေ ထဲကလို နှလုံးသားကို လှုပ်နှိုးလိုက်လေပြီလား ...ကိုယ်မင်းကို ချစ် များချစ်နေပြီလားလို့ မသိနိုင်ပါလား အလကာရယ် ...

အပေါ်ထပ် ဧည့်ခန်းမှာ ထိုင်ရင်း မျက်ရည်တွေဝဲလာရ၏။ အန် တီလေးက စိတ်မကောင်းဖြစ်ကာ အိပ်ခန်းထဲဝင်သွားတော့သည်။ ဒက် ဒီက သူမ ရှေ့ခုံမှာထိုင်၍ ဆူလို့ကောင်းနေဆဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကြောင့် ခြေတစ်ဖက် ရင်းပြီး ဘဝနာခဲ့တာကို သင်ခန်းစာ မယူဘူး ...အခု အိမ်လာလည်တဲ့ လူနဲ့ အရောဝင်လိုက်တာပဲ ...ကိုယ့်ကိုကိုယ် ခံမှန်ဖူးတဲ့ စာသူငယ်မှ သတိတရ နောင်တရရဲ့လား အလကား ....ဘဝမှာ တစ်ကြိမ်ပဲ အမှား ခံပါ ...ဒက်ဒီ ဒီ့ထက်ပိုမပြောချင်းဘူး ..."

"အန်တီလေးက ညွှဲခံပါဆိုလို့ပါ ဒက်ဒီ ..."

"မလိုပါဘူး ...သီဟက အနွေအေးတဲ့ ယောကျ်ား တစ်ယောက် ပဲ သူနေတတ်တယ် ..နောက်ကို ဆင်ခြင်ပါ အလကား ဒက်ဒီ့ သီဟ တာတော့ကို သဘောတူထားတယ် ..ဒက်ဒီ စီစဉ်ထားတာကို သမီး ကြောင့် မပျက်ပါစေနဲ့ ...ကြားလား ..."

"ဟုတ်ကဲ့ ..."

"သွားနားတော့ ..."

ခေါင်းငုံ့ကာ ထတွက်သွားသည့် သမီးကြီးကို ငဲ့ကြည့်ကာ ဦး အောင်မြင် သက်ပြင်းရှိုက်လိုက်မိ၏။ ဒီလောက်ကြီး နစ်နစ်နာနာ မပြော ချင်ပေမယ့် မတားလို့ မဖြစ်ပါချေ ...သမီးကြီးလို ဒုက္ခိတ တစ်ယောက် ကို ဘယ်ကောင်လေးက အတည်လို့ သဘောထားမှာလဲ ...အနည်း ဆုံး ကရုဏာသက်ရုံလေးသာရှိတော့မှာပေါ့ ...ဒီလို လိုက်လျောရုံ ,လေး သမီးကြီးကို စိတ်မယိုင်လဲစေချင်ပါ ...တစ်ခါရခဲ့ဖူးတဲ့ နောင်တ အပြင် နောက်ထပ် ဘယ်လိုနောင်တမျိုးမှ ထပ်မရစေလိုပါလေ ...သ မီးရယ် ...အသည်းကွဲ တယ် ဆို တာ တစ် ကြိမ် တစ် ခါထက် ပို ရ မကောင်းမှန်းသိရမှာပေါ့ ... ဒက်ဒီချစ်တဲ့ သမီးကို နောက်ထပ် မျက် ရည်အိုင်ထဲ နစ်မြုပ်မှာ မလိုလားလို့ တားမြစ်ပိတ်ပင်နေရတာပါ ..။ ဒါ





သမီးအပြစ်မတင်ချင်ပါနဲ့ ... ဒက်ဒီပြောနေတာဟာ သမီးအတွက် စေတနာအရင်းခံ သက်သက်ပါလေ ...။

ခုတင်ထက် လှဲချလိုက်မိ၏။ မျက်ဝန်းမှ စိမ့်ကျလာသည့် မျက် ရည်က ခေါင်းဦးထက် ပေါက်ခနဲ ကျသွားလေသည်။ တာတာနဲ့ သဘောတူထားတာတဲ့ ..'ကာ' မှာ စကားတောင်ပြောခွင့်မရှိဘူးပေါ့။ အရင်တုန်းက ဒီလောက်အထိ အချုပ်ချယ်မခံခဲ့ရပါဘူး ...အခုမှ ကန့်သတ်ခြင်းခံရတာလေ ...။

ကိုသီဟရယ် ...ကိုသီဟ တောင်းဆိုသလို 'ကာ' လိုက်လျောပေး ချင်ပါတယ်၊ ကိုသီဟ လိုချင်တာကိုလည်း လုပ်ပေးချင်တာပါ ...ဒါပေ မယ့် 'ကာ'မှာ အခွင့်အရေးမရှိပါဘူး။ တစ်ယောက်တည်း အထီးကျန် ဆန်နေမှန်းသိလို့ အားပေးဖေးကူချင်တဲ့ ကိုသီဟရဲ့ စေတနာတွေကို 'ကာ' အလိုလို သိရှိနားလည်နေပါတယ်၊ 'ကာ' ကို အပျင်းပြေစေလို စိတ်နဲ့ Phone ဆက်ချင်တာကိုလည်း 'ကာ' သိပါတယ်။

ဒါပေမယ့် ဒါပေမယ့် 'ကာ' မှာ အခွင့်အရေးမရှိဘူးလေ ...'ကာ' က ညီမလေးလို ဘာအခွင့်အရေးမှ မရှိတော့တာ ကြာခဲ့ပါပြီ ...'ကာ' ဖြစ်ခဲ့တဲ့ အတိတ်ဆိုးကြီးက 'ကာ' ကို ဒီလိုဖြစ်အောင် ဖန်ဆင်းပေး လိုက်တာပါပဲ ...'ကာ' ပျော်ရွှင်ချင်ပါတယ် ...ကိုသီဟနဲ့ စကားတွေ ပြောနေရတဲ့ အချိန်မှာ ပျော်ရတာမျိုးပေါ့ ...။

စိတ်ချမ်းသာချင်ပါတယ် ...ကိုသီဟ အကြည့်တွေကို ရင်မဆိုင်ဝံ့ ဘဲ ခေါင်းငုံ့ရှောင်ရှားပြီး ကြည်နူးရသလိုမျိုးပေါ့လေ ... သူညစဉ် Phone ဆက်ရင် အတော်ပျော်ရတော့မှာပဲလို့ မျှော်လင့်ထားတဲ့ မျှော် လင့်ချက် ရောင်ခြည်လေးတောင် မှိန်မှိန်လေးမျှ မကျန်ရစ်တော့ပြီပဲ ....



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာရယ် ...'ကာ့' ကို ဘယ်အချိန်ထိ ရက်စက်နေဦးမှာပါလဲ အမြဲမကောင်းခဲ့တဲ့ ကံတရားကို တစ်ခါတလေလေးတော့ ကံကောင်းခြင်းလက်ဆောင်အဖြစ် 'ကာ့'ကို ပေးသင့်ပါတယ်နော် ... မျက်ရည်တို့ စိုလူးသွားတဲ့ ခေါင်းအုံးစွပ်လေးကို ငေးကြည့်နေရင်း ညတစ်ညကို အထီးကျန် ဖြတ်သန်းရဦးမှာပါလေ ...။





"ဘယ်လိုဖြစ်နေတာလဲ ...မျက်နှာကိုက သုန်မှုန် နေတာပဲ ..."

"ဟိုကောင်မလေးကြောင့်ပေါ့ ကိုကိုရ ..."

ထမင်းစားခန်းထဲ ဝင်ထိုင်ရင်းပြောတော့ သီဟက ရယ်လိုက်လေ၏။ ညီတော့ ဒီကောင်မလေးနဲ့ကျမှ ရင်ထဲမှာ ကလိကလိ ဖြစ်နေပြီကိုး ...။

"ဘာလဲ ဒီလအတွင်း သူ့အဝွက် ရှာမပေးနိုင်ရင် မင်းကို အရိုင်သိမ်းတော့မယ်တဲ့လား"

"မဟုတ်ပါဘူး ...ကိုကိုထင်တာနဲ့ တခြားစီပဲ သူက ကျွန်တော့်ကို ချစ်မနေဖို့နေနေသာသာ မုန်းတောင် မုန်းနေတာတဲ့ ..."

"အဲဒါနဲ့ မခံချိ မခံသာဖြစ်နေတာပေါ့လေ ..ဒီလိုပဲညီရဲ့ မိန်းကလေးတွေက ဒီယောကျ်ားလေးကို မုန်းပြီလို့ပြောရင် အဲဒီယောကျ်ားလေး ကို ချစ်နေလို့ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ပေါက်တတ်ကရတွေ ..."

"တကယ်ပြောတာ ညီရ ..ဒါ မိန်းကလေးတွေရဲ့ လျှို့ဝှက်ချက် တစ်ခုပဲ ...သူတို့ ပြောသမျှကို အမြဲဆန့်ကျင်ဘက် ယူရတာတဲ့ ..."

"ဟင် ကိုကိုပြောနေပုံကိုက တကယ့်မိန်းမကျွမ်းကြေတဲ့လူ ကျ နေတာပဲ ...ရည်းစားဖြင့် တစ်ခါမှမထားပဲနဲ့ ကျွန်တော့်ထက် သာချင် နေရပြန်ပြီ .."

"ငါလည်း စာဖတ်တဲ့ လူပဲကွ ...ဒီလောက်တော့ သိတာပေါ့ မင်းမယုံရင်ကြည့်နေ ...အဲဒီကောင်မလေးရဲ့ ရင်ထဲမှာ မင်းရောက်နေ တာ သေချာပြီ ...ပါးစပ်က မုန်းတယ်လို့ပြောတာ ရင်ထဲမှာ တသသနဲ့ သတိတရ ရှိနေလို့ပဲ ..."

အပြောကတော့ လေကြီးမိုးကြီးပါပဲလား ... သူ့အကွက်နှင့် သူ ကတော့ ဆောင့်ကို စေ့လို့ ...သူ ညစ်ကျယ်ကျယ်စိတ်ဖြင့် ခုံဆွဲထိုင် လိုက်စဉ် ထမင်းစားခန်းထဲ မေမေဝင်လာလေသည်။

"ဟောတော် ...မေ့သားလေး ဆာနေပြီ ထင်တယ် ...မေမေခေါ် တာတောင် မစောင့်နိုင်ဘဲ ဒီရောက်နေပြီကိုး ..."

"အာ ..မဟုတ်ပါဘူး မေမေကလည်း ..."

"သူ့ ကောင်မလေးက သူ့ကို မုန်းတယ်ပြောလို့ ပွစိပွစိလာရှုတ် နေတာ မေမေရေ ...ဒီနှစ်ယောက် မြန်မြန်ငြိမှပါပဲ ...နို့မို့ ကျွန်တော် နားပူတယ်"

"ကိုကိုနော် မဟုတ်တာတွေ ..."

"ဟုတ်လား သား ...သားမပြောရဲရင် မေမေ သား ကိုယ်စားပြော ပေးမယ်လေ ...Phone နံပါတ်သာပေး ...ဟုတ်ပြီလား ..ဒီလောက်ခန့်





ချောကြီးနဲ့ မေမေ့သားကို ပြန်မကြိုက်တဲ့ ကောင်မလေးမျိုးရှိနေသ လား။ ဒီကောင့်မလေး ဦးနှောက်မကောင်းတာပဲ ဖြစ်မယ် ...."

"မေမေကလည်း သူများသားသမီးကို ဒီလိုတော့ မပြောပါနဲ့ဗျ ..."

"အလိုလေး ...ယူတောင် မယူရသေးဘူး မေမေ့ကို ငြိုငြင်ချင် နေပြီပေါ့လေ ..."

"မဟုတ်ရပါဘူး မေမေရာ ..."

သူ့လေသံပျော့သွားစဉ် ကိုကိုက ဟက်ဟက်ပက်ပက် ရယ်ချလိုက် လေ၏ မဖြစ်သေးပါဘူး ...ဒီကောင်မလေးနဲ့ ကိစ္စကို မြန်မြန်ရှင်းမှပါပဲ ...နို့မို့ Final ဖြေတဲ့အထိ သူ့စိတ်တွေ ဒုက္ခရောက်နေမှာလေ ...။

"ဘာတွေ သဘောကျနေတာလဲ သားကြီးရ ..."

"ညီ့ကောင်မလေး အကြောင်းပြောပြီး ရယ်နေတာပါ ဖေဖေ"

"အံမယ် ...ကျောင်းပြီးရင် ဘာလုပ်မယ်တော့ စိတ်မကူးဘူး အခု ကတည်းက မိန်းမပိုးဖို့ပဲ လုံးပန်းနေ ..."

"ခင့်သားကို ဆူမယ်မကြံနဲ့နော် ကိုမင်းဒင် ... ခင် မကြိုက်ဘူး"

"အေးပါ အမေကြီးရယ် ...သားအဖချင်း စကားအကောင်းပြော တာမျိုးလည်း ရှိဦးမှာပါကွ ...မင်းမလည်း ဒီကောင့်ကိုပဲ ဖူးဖူးမှုတ်နေ ဗိုက်ထဲပြန်ထည့်လို့ရရင်တောင် ထည့်ဦးမယ့်ပုံပဲ ...အမြင်ကိုကပ်တယ်"

"ဩော် ...ကျွန်မကို အခုတော့ ငြိုငြင်ပြီပေါ့လေ ... အရင်လို ကျန်းမာရေးမကောင်းတော့လို့ ရှင့်ကို မပြုစုနိုင်တာနဲ့ ..."

"မဟုတ်ပါဘူး မဟုတ်ပါဘူး မင်းရဲ့ သားအငယ်ကောင်ကို ပြော တာပါ ..."

"မပြောနဲ့ ....ကျွန်မ မကြိုက်ဘူး ...ဒါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်စောင်း ဒိုင်းခနဲ ရောက်လာတော့ ဖေဖေက သူ့ကို ဘုကြည့်ကြည့်လေ၏။ မေမေ့ နိုင်ကွက်က ဒီရောဂါပဲ အချက်အချာ ကိုး ...။

"ကျွန်တော် ကျောင်းပြီးတာနဲ့ အလုပ်ဝင်မှာပါ ဖေဖေရ ..."

"ဘာအလုပ်လဲ ...စာရေးတဲ့အလုပ်လား ...အရည်မရ အဖတ်မရ မင်းမို့ ဝါသနာပါတယ် ..."

"ကြည့်ပါလား ...ကလေးက အကောင်းပြောနေရင် ရှင်က ဘု ပြောပြန်ပြီ ..."

"ဖေဖေ့ ကုမ္ပဏီမှာပဲ ဖြစ်ဖြစ်ပေါ့ ..."

"သြော် ...မင်းပညာလေးနဲ့ ပျာတာနေရာပဲ ရမှာပေါ့ကွ ဘယ်မှာ လဲ Experience တွေ၊ ဘယ်မှာလဲ Cartificate တွေ ဟင်း ...ဘာမှ ဖြပ့်မရှိဘဲနဲ့များ ..."

"ဖေဖေ မခန့်ချင်လည်း တခြားမှာ ရှာမယ်ဗျာ ...အလုပ်လုပ်ရင် ပြီးတာပဲ မဟုတ်လား"

"အပြောကတော့ မချဘူး ...မအေပြောသလို Y.I.T တက်ရင်ပြီး ရော ...ခုတော့ သာမန်ဘွဲ့လေးနဲ့ မင်းဘာအလုပ်မှ ရမယ်မထင်နဲ့ ... စာပေဝါသနာပါပြီး စာကျက်ရမှာ ကြောက်တဲ့ကောင် နည်းတောင် နည်းသေးတယ် ..."

"ရှင်ကလည်း သားကို သင်တန်းလေး ဘာလေးထားပြီး ခန့်ရင် ဘာဖြစ်မှာမို့လဲ ..."

"ကုမ္ပဏီမှာ သူထက် ပညာမြင့်တဲ့လူတွေချည်းပဲ ...မင်းရဲ့သားကို ဖအေမျက်နှာနဲ့ ခန့်ပေးထားရင် ဘယ်သူမှ ခိုင်းရဲမှာမဟုတ်ဘူး ...ငါ က





ငါ့ခြေရာ နင်းနိုင်မယ့် သားမျိုးဖြစ်စေချင်တာ ...အချိန်တန်ရင် ငါ့လက်ထဲကနေ ကုမ္ပဏီကို လက်လွှဲယူတာမျိုးပေါ့ ...သားကြီးက လည်း သူ့အလုပ်နဲ့သူ ဂျင်ခြေလည်နေတာနဲ့ ငါ့ကို ဘာမှ ကူနိုင်တာ မဟုတ်ဘူး ..."

"ကျွန်တော် ကြိုးစားမှာပါ ဖေဖေရ ...စာမေးပွဲပြီးတာနဲ့ ဖေဖေ့ အလုပ်ကို ဝိုင်းကူလုပ်ပေးမှာပေါ့ ...သင်တန်းတွေလည်း တက်မှာပါ"

"မင်း တကယ်ရော စိတ်ပါလို့လား ဟုတ်မှလည်း လုပ်ပါ ဓေယျ ရယ် ..."

"တကယ်ပါ ဖေဖေရ ...ယောကျ်ားလေးဖြစ်ပြီး မိဘလုပ်စာကို ဘယ် အချောင်ထိုင်စားပါ့မလဲ ..."

"ဒါဖြင့် မင်း ဘာလို့ မိန်းမ ပိုးတဲ့ အလုပ်ကို လုပ်နေရတာလဲ ဓေယျရဲ့ ...သီဟာလို ငြိမ်ငြိမ်နေပါလား အမိပွါယ်မရှိတာကို လျှောက် လုပ်မနေနဲ့ပေါ့ ..."

"ဖေဖေ့သားက ငြိမ်ပါတယ် ဖေဖေရ ...ကောင်မလေးက ညီ့ကို အတင်းလိုက်ပိုးနေတာမျိုးပါ ..."

"ဟော! ဒီခေတ်မှာ ဒါမျိုးတွေရှိနေပြီလား ..."

ကိုကို ချွန်လိုက်တာကို မျက်စောင်းခဲလိုက်ပြီး သူ ဘာမှ ထပ်မ ပြောတော့ပါချေ ...ထမင်းစားသောက်ပြီး နားချိန် ကိုကို့ Hand Phone မှ အသံမြည်လာသံကို သူကြားလိုက်ရလေ၏။ ကိုကိုက Phone ကို အားသွင်းထားပြီး အပေါ်ထပ်သို့ တက်သွားနှင့်ချေပြီ။

"ဟဲလို! အမိန့်ရှိပါ ခင်ဗျာ"

"ကိုသီဟာနဲ့ ပြောချင်လို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အခုပဲ အပေါ်တက်သွားတယ်ခင်ဗျ ...ခဏလေးနော်... ဘယ်သူလို့ ပြောပေးရမလဲ ..."

"တာတာလို့ပဲ ပြောလိုက်ပါ ..."

"ဟုတ်ကဲ့ ..."

သူ Phone ကို ကိုင်၍ အပေါ်ထပ်သို့ အပြေးတက်ခဲ့လေ၏။ ကိုကိုက နေ့ခင်းတစ်ရေးနပ်ဖို့ပင် ပြင်နေလေပြီ ...

"ကိုကို ....Phone"

"ဘယ်သူလဲ ..."

"တာတာတဲ့ ..."

သီဟ မျက်ခုံးနှစ်ဖက်မြင့်သွားရလေ၏။ တစ်သက်တာ Phone တွေ ဘာတွေ ဆက်လို့ပါလား... ညီက သူ့ ခုတင်မှာပင် ထိုင်ချလိုက်လေသည် သူ ဘယ်သူနှင့် ပြောသလဲလို့ စပ်စုဦးမည့် Style နဲ့ပေါ့ လေ....

"ဟဲလို! ညီမလေးလား ..."

"အစ်ကို ...တာတာပါ ...ခုဏ Phone ကိုင်တာ အစ်ကို့ညီလေးလား ..."

"ဟုတ်တယ် ..."

"နာမည် ဘယ်လိုခေါ်လဲ ဟင် ..."

"ဇေ ...အင်း ဇေသော်ပါ ..."

"အစ်ကိုတို့ ညီအစ်ကို တော်တော်ချစ်ကြပုံပဲနော်"

"ဘာဖြစ်လို့လဲ ညီမလေးရဲ့ ..."

"သူ ကိုကိုလို့ ခေါ်ပုံမှာ အစ်ကို့အပေါ် လေးစားအားကိုးလို စိတ်တွေပါနေတာလေ ..."





သီဟပြုံးလိုက်ပါ၏။ ညီ့ကို စိတ်ဝင်စားနေတာ အသိသာကြီးပါလား ခွာစ်သက်တာရယ် ...မင်းနဲ့ညီ Phone ထဲမှာ စကားပြောဖူးပါလျက် အသံကို မမှတ်မိဘူးတဲ့လား ...။

"ဘာလဲ ...ညီမလေး စိတ်ဝင်စားနေပြီလား ...ကိုယ်ပြောပေးမယ်လေ ..."

"အာ ...မဟုတ်ပါဘူး အစ်ကိုရ ...ကြုံလို့ မေးတဲ့သဘောပါ ..."

"ဟင်းဟင်း ထားပါတော့ ...အခု ဘာကိစ္စနဲ့ ဆက်တာလဲ ...ပြောပါဦး ..."

"အစ်ကို့လူလေ ...အစ်ကို့လူပေါ့ ..."

"ဘယ်က ကိုယ့်လူလဲ ညီမလေးရဲ့ ..."

"ဇေယျာမင်းဒင်ကို ပြောတာလေ ..."

"သြော်! ဒီနာမည့် ရှုတ်ပြန်ပြီလား ..."

"ဟွန်း! ရှုတ်ချင်လို့ ရှုတ်တယ်မထင်နဲ့ အစ်ကို့ရဲ့၊ သင်းက တာတာ့မကောင်းကြောင်းတွေ ကျောင်းမှာ လျှောက်ပြောနေတယ်လေ"

"ဒီကောင် ဒီလိုအကျင့်မျိုး မရှိပါဘူး ညီမလေးရဲ့ ဘာတွေ ပြောလို့လဲ ..."

"ပြောတာပေါ့ ...တာတာကပဲ သူ့ကို တစ်ဖက်သတ် စိတ်ဝင်စားပြီး ဓာတ်လမ်းထွင်တယ်ပေါ့ ... အဲဒီလို ပြောလို့ တာတာ သူ့ကို ရန်တွေ့လိုက်သေးတယ်"

"သူ ဘာပြောလဲ ..."

"သူကတော့ ဘူးခံတာပေါ့ ...သိပ်စိတ်တိုဖို့ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကရော သူ့ထင်သလို ခွင်ဆင်တာပဲ မဟုတ်လား"

"ဟင် ...မဟုတ်ပါဘူး အစ်ကိုရဲ့ ...တာတာ့မှာ အကြောင်းတစ်ခုရှိလို့ပါ ... ဒါကိုတော့ ပြောလို့မဖြစ်ဘူး ..."

"သူ့ကို ချစ်နေတာပဲ မဟုတ်လား"

"ဩော် ...မဟုတ်ပါဘူးဆိုနေမှာ ...ဒင်းကို မုန်းတောင်မုန်းနေတဲ့ဟာ ..."

သီဟ တီးတိုးရယ်မိပြန်၏၊ ညီနှင့် ဒီကောင်မလေးကတော့ အတော့်ကို တူနေတာပါလား ...တစ်ယောက်နဲ့ တစ်ယောက် ကြည့်မရပါဘဲ စိတ်ချင်းဆက်နေတာ မဟုတ်လား ...။

"သေချာလို့လား ...ကြည့်လည်းလုပ်ဦးနော် ညီမလေးရဲ့ အမုန်းနောက်ကွယ်မှာ အချစ်ဆိုတာက ပုန်းပြီးစောင့်နေတာကွ ..."

"အာ ...အစ်ကိုနော် ...ဘာတွေ လျှောက်ပြောနေတာလဲ ...သူ့ကို တာတာ မချစ်ဘူး ...လုံးဝကို မချစ်တာ ..."

"သေချာလား ..."

"သေချာတယ် ..."

"ကိုယ်စောင့်ကြည့်ဦးမယ်နော် ..."

"အစ်ကို အခု ဘာလုပ်နေလဲ ..."

"Phone ပြောနေတာလေ ..."

"မဟုတ်ဘူးလေ Phone မပြောခင် ဘာလုပ်နေလဲလို့မေးတာ ..."

"စပ်စုတယ်ပေါ့လေ ..."

သူမပါ လိုက်ရယ်နေသဖြင့် သူ ပြုံးမိပြန်၏။ ဘာအကြောင်းမှ ထွေထွေထူးထူးမရှိပါဘဲ အကြောင်းရှာဆက်ရတယ်လို့ ညီမလေးရယ်၊





ကိုယ်ပြောချင်တာက မင်းမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကိုပါ။

"နေ့လယ် Rest ယူမလို့ ပြင်တုန်း ညီမလေးဆီက Phone လာတာပဲ... ဒီမှာ ကိုယ့်ညီလေးလည်း ကိုယ်နဲ့ အတူအိပ်ဖို့ စောင့်နေ တယ် ...ပြောဦးမလား ..."

"ဘာလို့ ပြောရမှာလဲ ...မပြောပါဘူး ..."

"ညီက ...သဘောကောင်းပါတယ် ညီမလေးရဲ့ ပြောလိုက်ပါ"

"အစ်ကိုနော် ...တာတာ စိတ်ဆိုးလိုက်မယ် ..ဒါပဲ ..."

သူ Phone ပိတ်လိုက်တော့ ညီက မျက်မှောင်ကြုတ်၍ သူ့ကို ကြည့်နေလေ၏။

"ဘယ်က ကောင်မလေးလဲ ..."

"ညီ့ကောင်မလေးလေ ...."

"ဟာ! တစ်သက်တာ ဆက်တာလား ..."

"ဒါပေါ့ ..."

"ကိုကိုတို့ ဒီအဆင့်ထိတောင် ရောက်နေပြီပေါ့လေ ...."

"ဘယ်ကလာ ...ညီ့အကြောင်းတွေ တိုင်နေတဲ့ဟာ အတွေး မချော်စမ်းပါနဲ့ ..."

"ဟင် ....Phone ပြောတော့ဖြင့် ရယ်ရယ်မောမော ပြုံးလို့ရွှင်လို့"

"မပြုံးတော့ ငိုပြီး ပြောရမှာလားကွ ...။ သူ ကျိတ်ပိုးနေတယ်လို့ တကယ်ပဲ ညီ စွပ်စွဲခဲ့သေးလို့လား"

"မပြောပါဘူး ...စာမေးပွဲနီးလို့ မအားရတဲ့ကြားထဲ သူ့ကိစ္စကို ခေါင်းထဲ ထည့်မထားနိုင်ဘူး..."

"ပြောပြန်ပြီ ... မင်းတို့နှစ်ယောက်ကတော့ ဟုတ်ကိုမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး ... တစ်ယောက်နဲ့တစ်ယောက် ဘူးချည်းခါနေပြီး မေ့လို့ လည်း မဖြစ်နိုင်ဘဲနဲ့ ...”

“မဆိုင်ပါဘူး ...ခုန ကျွန်တော်နဲ့ ပြောမလားလို့ ဘာဖြစ်လို့ ပြောရတာလဲ ...”

“ကိုယ်လည်း ပွဲစားပြန်လုပ်တာလေ ...သူက ဖေယျမင်းဒင်ကို စိတ်မဝင်စားဘူးဆိုပေမယ့် ကိုယ့်ညီလေးနာမည်ကို စိတ်ဝင်တစားနဲ့ မေးတာကိုး အခုကတည်းက ညီမလေးလို့ ကြိုခေါ်ထားတာ ကြား တယ် မဟုတ်လား ...”

“ကျွန်တော် သူ့ကို မချစ်ပါဘူး ...ယူလည်း မယူနိုင်ဘူး ..ဒါပဲ”

ညီစိတ်ဆိုးဆိုးနှင့် ထသွားတော့ သူရယ်မောရင်း ခုတင်ထက် လှဲချလိုက်ပါ၏။ ဒီအချိန် ‘ကာ’ ဘာများလုပ်နေမလဲ ...စာပဲ ဖတ်နေမ လား ..ဒါမှ မဟုတ် သိုးမွှေးထိုးနေလေမလား ... တစ်ခုခုကိုတော့ လုပ်နေမှာပေါ့နော် ...မင်းကို ကိုယ် သတိရနေတယ် ‘ကာ’ မင်းရော ကိုယ့်လိုပဲလား ...ကိုယ့်ကို အမှတ်တရ တစ်ခုခု လုပ်ပေးဖို့ စိတ်မပါ သေးဘူးလား ‘ကာ’ ရယ် ...တကယ်တမ်း ကိုယ်လိုချင်တာ ‘ကာ’ ပေးမယ့်သက်မဲ့ ပစ္စည်းတွေကို မဟုတ်ပါဘူး ‘ကာ့’ ရင်ထဲက လှိုက်လှဲ စွာ ခင်မင်ရင်းနှီးမှုကိုပါကွယ် ...မျက်စိကို စုံမှိတ်လိုက်စဉ် ရှည်လျား ကော့ပျံနေသည့် မျက်တောင်လေးတွေကို မြင်ယောင်နေမိသည်။ မျက် ဝန်းညိုလေးတွေကို မင်းဘာကြောင့် အမြဲ ဝှက်ချင်ရတာလဲ ‘ကာ’ ရယ် ...

ဘုရားခန်းမှ ဝတ်ပြုပြီး ထွက်လာတော့ ည(၁၀)နာရီရှိပေပြီ ဒီညတော့ သူ့ဖို့ အနွေးထည်လေး စထိုးမှပါပဲ ...‘ကာ့’ အတွက်...‘ကာ့’





အတွက် ရင်းနှီးပတ်သက်ခွင့်မရနိုင်ပေမယ့် အမှတ်တရ တစ်ခုခုလေး တော့ ပေးချင်ပါတယ် ကိုသီဟရယ်...၊ ‘ကာ့’အပေါ်မှာ စေတနာထား ပေးတဲ့လူတစ်ယောက်ကို ဒီလောက်တော့ တုံ့ပြန်သင့်ပါတယ်နော် ...။

“ရုတ်တရက် Phone ဝင်သံကြားလိုက်ရသဖြင့် သူမ လန့်သွားရ ပါ၏။ အားလုံးအိပ်ကုန်ပြီထင်ပါရဲ့ ...Phone စင်ဘေးရှိခုံမှာ အသာဝင် ထိုင်လိုက်ပြီး Phone ကို ကိုင်လိုက်ပါသည်။

“ဟုတ်ကဲ့ ....အမိန့်ရှိပါရှင် ... ဦးအောင်မြင်အိမ်က ပြောနေပါ တယ်...”

“ဦးအောင်မြင်ရဲ့ သမီးအကြီးနဲ့ ပြောချင်လို့ပါ ...”

“ရှင်!”

“အလက်ာနဲ့ ပြောချင်လို့ပါခင်ဗျာ”

“ကိုသီဟလား ...”

“အစစ်ပါပဲ ...”

“ဘာပြောမလို့လဲ ဟင် ...မြန်မြန်ပြောပြီးရင် Phone ချလိုက် တော့နော်....”

“ဘာဖြစ်လို့လဲ ‘ကာ’ ရဲ့ ...ဘာမှတောင် မပြောရသေးဘူး Phone ကို အတင်းချချင်နေပါရောလား”

ဒုက္ခပါပဲ ကိုသီဟရယ် ...ဒက်ဒီက ‘ကာ့’ ကို ရှင်နဲ့ မပတ်သက် ရဘူးလို့ ပြောထားတာကို ဘယ်လိုပြောထွက်ပါ့မလဲ ...။ နောင်တစ် ချိန် ညီမလေးနဲ့ ဆက်နွယ်ပြီး ခေါ်ရပြောရမယ့်လူကို တရင်းတနှီးမဟုတ် ပေမယ့် ရင်းနှီးသင့်သလောက်တော့ ရင်းနှီးခွင့် ရချင်ပါတယ်လေ...။

“ကာ...”



www.burmeseclassic.com

www.burmeseclassic.com



"ကာ အိပ်တော့မလို့ပါ ..."

"ကိုယ်နဲ့ စကားလေးတောင် မပြောချင်ဘူးပေါ့လေ ... ကိုယ်က 'ကာ' နဲ့ စကားပြောခွင့်လေးတောင် မရနိုင်တဲ့ လူတစ်ယောက် ဖြစ်နေပြီလား ..."

"အို ! မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ မပြောချင်ရတာလဲ ..."

"ဒက်ဒီ ...ဒက်ဒီကလေ ....'ကာ' သူစိမ်းယောကျ်ားလေးတွေနဲ့ ရင်းနှီးမှာကို မကြိုက်ဘူး ကိုသီဟရဲ့ ဒါကြောင့်ပါ ..."

"ကိုယ်က 'ကာ'နဲ့ မရင်းနှီးရအောင် လမ်းဘေးက တေလေ ကြမ်းပိုးမှ မဟုတ်ဘဲဟာ ..."

"'ကာ' သိပါတယ် ဒါပေမယ့် ...'

"ကိုယ် 'ကာ' နဲ့ ခင်မင်ခွင့်ရပါရစေ 'ကာ'"

သူမ သက်ပြင်းရှိုက်လိုက်မိပါ၏။ 'ကာ' နဲ့ မခင်ချင်ပါနဲ့လို့ ဘယ်လို ခွန်အားမျိုးနဲ့ ပြောရပါ့မလဲ 'ကာ' က 'ကာ့' ကိုယ် 'ကာ' မပိုင်တဲ့ လူတစ်ယောက်ပါ ကိုသီဟရယ် ...

"ကိုယ်က ဘာချို့ယွင်းချက် ဘာအပြစ်မျိုးတွေရှိနေလို့ 'ကာ' နဲ့ ခင်ခွင့်မရတာလဲဆိုတာ သိချင်ပါတယ် ..."

သူမ မျက်ရည်တွေ ဝေ့ဝဲတက်လာလေ၏။ သူ့အပြောကြားမှာ လူက အလိုလို ငိုချင်လာရလေသည်။

"ကိုယ့်ကို တကယ်ပဲ ပြန်မခင်နိုင်ဘူးပေါ့လေ ...ဟုတ်လား ... 'ကာ'"

သူမ တစ်ချက် ရှိုက်လိုက်စဉ် သူ့ဘက်မှ အသံတိတ်သွားရလေ





၏။ ဘာကို ဝမ်းနည်းရတာတဲ့လဲ ...သူသာမေးလာခဲ့ရင် သူမမှာ အဖြေ ပေးစရာမရှိတာတော့ သေချာသည်လေ ...။

"မငိုပါနဲ့ 'ကာ' ရယ် ...'ကာ' မကြိုက်ရင် နောက်ကို ဘယ်တော့မှ ကိုယ် Phone မဆက်တော့ပါဘူး ... ကိုယ့်ကြောင့် 'ကာ' စိတ်ဆင်းရဲ တာကို မဖြစ်စေချင်လို့ပါ ... ကိုယ့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်တယ် နော် .... 'ကာ' အိပ်မက်လှလှလေးတွေ မက်ပါစေကွယ် ..."

Phone က ပိတ်သွားလေပြီ ...သူမ Phone ကို ချလိုက်ပြီး ပါးပြင် ထက်မှ မျက်ရည်တို့ကို သုတ်လိုက်ပါ၏။ 'ကာ' တို့ ရင်းနှီးခွင့်ကံက ဘဝမှာ ပါမလာဘူးလို့ပဲ ယူဆလိုက်ပါတော့ ကိုသီဟရယ် ...ညဥ့်ယံ က တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ထိုညဥ့်ယံမှာ တိတ်တခိုးလေး ရှိုက်နေသည့် အသံသဲ့သဲ့လေးကိုတော့ မည်သူမှ မကြားကြပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"သတ်မှတ်ပေးထားတဲ့အချိန်စေ့တော့မယ် ဖေယျမင်းဒင် ... ယူ ခုထိ ဘာမှမလုပ်နိုင်သေးဘူးမဟုတ်လား ..."

ရှေ့တည့်တည့်ခုံမှာ လက်ပိုက်ထိုင်ပြီး ခပ်ပိုင်ပိုင်မေးချလိုက် သည့် သူမကို သူ စိုက်ကြည့်လိုက်ပါ၏၊ ပုံစံကိုက စစ်ထွက်တော့မယ့် စစ်သူကြီးလို ဟန်ပန်အပြည့်နဲ့ပါလား ...။

"ငါ တစ်ယောက်ပြီးတစ်ယောက် ရှာပေးတာလည်း မင်း ခေါ်ခဲ့တာပဲလေ တစ်သက်တာ၊ မင်းမှာ ကြိုတင် ကြံစည်ထားတာတွေ ရှိနေမှတော့ ငါ ဘယ်လိုမှ မတတ်နိုင်တော့ဘူး ..။"

"ဟင်းဟင်းဟင်း ...တို့ကို ယူ အရှုံးပေးပြီလို့ ဝန်မခံချင်သေးဘူး လား"

"နှစ်လ ကျန်သေးတာပဲဟာ ..."

"ဒီနှစ်လအတွင်း ယူ ရှာလို့မတွေ့ခဲ့ရင်ကော ... ဘယ့်နှယ်လုပ် မလဲ"

"မင်းက Master Brain ပဲ တစ်သက်တာရဲ့၊ ငါ့ကို ပုရွက်ဆိတ်





လေးတစ်ကောင်လို ဒယ်အိုးပူရဲ့ နှုတ်ခမ်းထက် ,တင်ထားသလိုမျိုး လုပ်ထားတာလေ ...အချိန်တန် သေတွင်းထဲ ခုန်ချရုံပဲရှိတာ ..."

"ဒါ ယူ ညံ့လို့ ယူခံရမှာပဲလေ ...ယူ စာမေးပွဲ နောက်ဆုံးနေ့မှာ လက်ထပ်စာချုပ်ပေါ် လက်မှတ်ထိုးဖို့သာ ပြင်ထားပေတော့"

"တောက်! ငါက လွယ်လွယ်နဲ့ မင်းကို အရှုံးပေးမယ့်သူ မဟုတ် ဘူး အလကာ ..."

"ခုချိန်ထိ အလံဖြူ မပြသေးဘူးပေါ့လေ ...ယူ ဘယ်အချိန်ထိ ခေါင်းမာနိုင်မလဲ စောင့်ကြည့်ရဦးမှာကိုး ...'

သူမက ဟန်ပါပါဖြင့် ရယ်မောလိုက်လေ၏။ သူ ဒေါသတွေ ဆူ ပွက်လာပြီး သူမကို စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။ ချာတိတ်မလေး တစ်ယောက်ရဲ့ အကြောကို သူခံရမှာတော့ တကယ့်ကို မတရားတာ ပဲ ...။

"ကိုသီဟလို လူကိုတောင် မင်းငြင်းလိုက်ကတည်းက မင်းအကြံ အစည်ကို ငါသိပြီးသားအလကာ ...ဒါ မင်းတမင်သက်သက် ညစ်တာ သေချာတယ် ..."

သူမက ခပ်မဲ့မဲ့လေးပြုံးလိုက်လေ၏။ ကြည့်စမ်း ယောကျ်ားတစ် ယောက်ကို အကြောက်အလန့်မရှိဘဲ ပြောဆိုနေလိုက်တာများ အာဃ သတ္တိပါလား ..ကော်ဖီဆိုင်က ညမှောင်မှောင်မှာ မီးကို ခပ်မှိန်မှိန်သာ ထွန်းထားလေ၏။ သူတို့ ထိုင်နေတာက ...အပြင်မြက်ခင်းထက် စားပွဲ ဝိုင်းမှာမို့လေက တဖြူးဖြူးတိုက်ခတ်နေလေသည်။ သူမ၏ Step ဆံပင်လေးကို ဖြတ်တိုက်လာသည့် လေထဲမှာ ရှမ်ပူနံ့ကို သင်းခနဲ ရ လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် တို့ သဘောတူထားတဲ့သူနဲ့ ယူကို ယူရမှာ သေချာနေပြီလေ ယူရဲ့ ..."

"ငါက မယူနိုင်ဘူးဆိုရင်ကော ..."

"စမ်းကြည့်လိုက်လေ ...တစ်သက်တာက သာမန်မိန်းမမျိုးမဟုတ်ဘူး ဇေယျမင်းခင်ရဲ့ တို့ ဘယ်လောက် အဆိပ်ပြင်းသလဲဆိုတာ ယူကောင်းကောင်းကြီး သိသွားစေရမယ် ..."

"ကြိုက်တယ် ...အဲဒီလို သတ္တိမျိုးကို လိုချင်နေတာ ...ဒီမှာ တစ်သက်တာ ...ငါကလည်း မင်းပေးစားမယ့် မိန်းမတစ်ယောက်ကို အလွယ်တကူ လက်သင့်ခံမယ့် ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ သိထားစမ်းပါ ...ဇေယျမင်းခင် လုပ်ခဲ့သမျှ အရာအားလုံး မအောင်မြင်တာ တစ်ခါမှ မရှိခဲ့ဘူး ..."

"အခု ရှိနေပြီလေ ..."

"ပွဲမှ မပြီးသေးဘဲ တစ်သက်တာရဲ့ ...မင်းမှာလဲ အကြံရှိသလို ငါကလည်း တော့်ကြီး မဟုတ်ဘူး ..."

သူမ ပခုံးလေးတွန့်ကာ ရယ်ချလိုက်သဖြင့် သူတေစ်တော် အမြင်ကပ်လာမိ၏။ ည (၈) နာရီကျော်နေတာတောင် ပြန်ဖို့ စိတ်မကူးသေးတဲ့ ကောင်မလေးပါလား ...။

"ယူ ဘယ်လိုပဲ ထိုးစစ်ဆင်ဆင် ရှုံးမှာက ၉၉.၉ Percent ပဲ ဇေယျမင်းခင်ရဲ့ ..."

"ဟင်းဟင်း ...ဒါဖြင့် မင်းပေးစားမယ့် မိန်းမကို ငါက ခေါင်းညိတ်လက်ခံရမယ်ပေါ့လေ ..."

"ဒါပေါ့ရှင့် ..."





"လုံးဝပဲ ..ဖြစ်ခြင်းဖြစ်ရင် မင်းကိုသာ လက်ထပ်ဖြစ်လိမ့်မယ် တစ်သက်တာ ..."

"ဘာ"

"Final ဖြေပြီးရင် မေမေက ကိုယ်တိုင်လိုက်တောင်းပေးမယ်လို့ ငါ့ကို ကတိပေးပြီးသွားပြီကွ ...မင်းနဲ့ သင့်တော်မယ့် သတို့သားဟာ ငါပဲလို့ တိတိကျကျကြီး အဖြေပေးလိုက်လို့ ငါ ခပ်အေးအေးနေနေ တာ မင်းအဟုတ်ထင်မနေနဲ့ ...အချိန်တန်ရင် ငါ့လက်ကို မင်းချိုက်ကို ချိတ်ရမှာ အသေအချာပဲ ..."

"ရှင် ...ရှင် ...လူပါးဝလှချည်လား ...ဒီကိစ္စတွေကို ရှင့်မိဘတွေကို အသိပေးဖို့ မလိုအပ်ပဲနဲ့ ပြောစရာလား"

"ပြောရတာပေါ့ ...မေမေက ငါ့မျက်နှာကိုတစ်ချက်လေးမှ အညိုးခံတာမဟုတ်ဘူး ...ငါ စိတ်ညစ်နေတာကို အကင်းမေးကာနဲ့ ပြောပြလိုက်တာပဲ ...ဒီတော့ ဘာမှ စိတ်ပူမနေနဲ့ ...မင်းလိုချင်တဲ့ အချက်တွေနဲ့ ငါက အားလုံးပြည့်စုံပြီးသား နောက်ဆုံးတစ်ချက် က တော့ မင်းနဲ့ငါ မင်္ဂလာဆောင်တော့ အလိုလိုဖြစ်သွားလိမ့်မယ် လောလောဆယ် မင်းကို ငါမချစ်နိုင်သေးတာ Sorry ပဲ ..."

သူမ ဝုန်းခနဲ ထရပ်ကာ သူ့မျက်နှာကို လွှဲရိုက်လိုက်ပါ၏။ သူက ခေါင်းကို ဆတ်ခနဲ ရှောင်ရှားလိုက်ပြီး သူမ လက်ကို ဖမ်းထားလိုက်ပါသည်။

"ငါ့ကို လျှော့မတွက်နဲ့ တစ်သက်တာ ...ငါ့အသားကို ဒီနေ့အထိ ဘယ်မိန်းမမှ ထိခွင့်မရှိသေးဘူး၊ ခြောက်ပြစ်ကင်း သဲလဲစင်တဲ့ ယောကျ်ားတစ်ယောက်ကို မင်းပိုင်ဆိုင်ခွင့်ရမှာ သေချာပါတယ် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ နောက်မဆုတ်တမ်း တိုက်ပွဲဆင်ကြစတမ်းလေ ...”

“တောက်! နင့်လို ဒင်္ဂါးမျိုးကို ယောင်လို့တောင် စိတ်ကူးမယဉ်ဘူး ဖေယျမင်းခင် ...ငါ့လက်ကို လွှတ်စမ်း ...”

“မင်းတော်တော်စွာတဲ့ မိန်းကလေးပဲ... မင်းကိုယ်မင်း သတိတော့ထားသင့်တယ် တစ်သက်တာရဲ့၊ ကိုယ့်ကိုယ်ကို ရဲဝံ့တယ်လို့ထင်ပြီး မာန်ဝင်မနေနဲ့ အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်တတ်တယ်”

“ဖေယျမင်းခင် ...နင် လွှတ်နော် ...”

“ငါက ဆူးပါတဲ့ နှင်းဆီကိုမှ ကြိုက်တယ် တစ်သက်တာ ...မင်းက တကယ့် အဆိပ်ပြင်းနှင်းဆီပဲ ...”

သူမ ပါးတစ်ဖက် နွေးခနဲဖြစ်သွားရလေ၏။ မထင်မှတ်သည့်လုပ်ရပ်ကြောင့် ဘာမှ မပြောနိုင်ဘဲ ငေးကြောင်ကြည့်နေစဉ် သူကခပ်မှုမဲ့ပြုံးပြကာ တီးတိုးထပ်ပြောလိုက်ပြန်လေသည်။

“မင်းကို ချစ်လာဖို့ ကိုယ်ပြင်ဆင်တော့မယ် တစ်သက်တာ၊ ဘယ်သူမဆို ကိုယ့်ချစ်သူကိုပဲ လက်ထပ်ချင်မှာပေါ့ ...မဟုတ်ဘူးလား”

“နင် ...နင် ...”

သူမ ရန်တွေ့ရန်ပြင်စဉ်မှာပင် သူက ရုတ်တရက် ကျောခိုင်းကာကော်ဖီဆိုင်ဝင်းထဲမှ ထွက်သွားလေ၏။ ကြည့်စမ်း ဒါ သက်သက် စော်ကားသွားတာပဲ၊ တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်မျိုးကိုမှ ဖြစ်သွားလေခြင်း။ ပါးပြင်သို့ ယောင်ယမ်းစမ်းမိစဉ် ရင်ထဲမှာ မုန်တိုင်းက ဝင်မွှေလေ၏။

“တောက် !”

သူမ ကားရှိရာဆီ လျှောက်လာခဲ့ပြီး ကားတံခါးကို ဖွင့်ထိုင်ကာစက်နှိုးလိုက်ပါ၏။ ရှင် လွယ်လွယ်နဲ့ ရှောင်လို့ ရမယ်မထင်နဲ့ ဖေယျ





မင်းခင် ရှင်လုပ်ခဲ့တဲ့ လုပ်ရပ်အတွက် တန်ရာတန်ကြေးတော့ ပေးကိုပေးရလိမ့်မယ်ဆိုတာ ရဲရဲကြီး မှတ်သွားလိုက်ပါ။

ကားကို အရှိန်ဖြင့် မောင်းလာခဲ့၏ ...ခပ်လှမ်းလှမ်းမှာ ခေါင်းငုံ့လျှောက်နေသည့် သူ့ကို လှမ်းမြင်ရစဉ် မဲ့ပြုံးတစ်ချက်ကို ပြုံးကာ Lever ကို မြှင့်၍ မောင်းလိုက်မိသည်။

“မမ ...သူ့ကို ချစ်တယ် ...”

ဘုရားရေ ...နားထဲမှ ဖျတ်ခနဲ ကြားလိုက်ရသည့် မမအသံ ကြောင့် break ကိုအနင်းမှာ လမ်းဘေးသို့ပုံလဲသွားသည့် သူ့ကို ရိပ်ခနဲတွေ့လိုက်ရပြီး မျက်စိတွေ ပြာသွားလေသည်။ ဘုရား ဘုရား သူသေများသေသွားပြီလား၊ ဆင်းကြည့်ရန်ပြင်လိုက်စဉ် နောက်ဘက်မှ ကားမီးရောင်ကို မြင်လိုက်ရသဖြင့် ကားကို အမြန်ဆုံးမောင်းထွက်ခဲ့ပါ၏။ ဘုရားရေ...သူ ...သူ ...ဘာမှ မဖြစ်ပါစေနဲ့လား ...။

မောင်းထွက်သွားသည့် ကားနံပါတ်ကို မမှတ်မိလိုက်ပေမယ့် လမ်းဘေးပုံလဲနေသည့် လူနားမှာ ကားကို ရပ်၍ ဆင်းလိုက်ပါ၏....

“ဟာ! ညီ ... ဘယ်လိုဖြစ်ရတာလဲ ...ညီ ...ညီ ...”

ကိုယ်ကို အသာပွေ့ထူလိုက်စဉ် နှုတ်ခေါင်းမှ သွေးတွေ ဖြာခနဲဆင်းလာတာကို မြင်လိုက်ရလေ၏။ ကားပေါ်တင်လျက် အနီးစပ်ဆုံးဆေးခန်းသို့ ခေါ်လာခဲ့ရလေသည်။

“အမှုဖွင့်ပါလား ကိုသီဟ ....ဒါ လုပ်ကြံမှုမြောက်တယ် ...”

ရင်းနှီးသည့်ဆရာဝန်ဖြစ်နေ၍ အကြံပေးတော့ သူ ခေါင်းခါပြလိုက်မိ၏။ ဘယ်သူမှန်းမသိလိုက်ပေမယ့် ညီတော့ သိချင်သိနိုင်သည်ပဲ ... ညီကို အသက်သေစေသည်အထိ လုပ်ကြံမယ့်သူတွေ ရှိနေပါ



www.burmeseclassic.com

www.burmeseclassic.com



ရောလား ညီရယ် ...။

"နေပါစေ ဒေါက်တာ၊ ကျွန်တော်က ကားအမျိုးအစားကိုတောင် သေချာမြင်လိုက်ရတာမှမဟုတ်ဘဲ ... အသက်ကိုမထိမိုက်တာဘဲ တော် သေးတယ် ..."

မှေးမှိတ်ထားသည့် မျက်လုံးတို့ကို ဖွင့်လိုက်ပါ၏ ဆေးခန်းထဲ ရောက်နေတာကိုး ....

"ဘယ်လိုနေလဲ ညီ ..ခေါင်းထဲမှာ မူးနေလား..."

"ဟင့်အင်း ..."

"အံ့ချင်သလို ဖြစ်ရင် သေချာပြောပါ ကိုဇေယျ ခေါင်းထိသွားလို့ ကျွန်တော် စိုးရိမ်တယ် ..."

"ရပါတယ် ဒေါက်တာ ...ကျွန်တော် ဘာမှ မဖြစ်ပါဘူး ..."

"တိုက်သွားတဲ့ ကားကို မှတ်မိလား ..."

"ဟင့်အင်း ...လမ်းလျှောက်လာတုန်း နောက်က ဝင်လာပြီး ပွတ် သွားတာမို့ မမြင်လိုက်မိဘူး ဒေါက်တာ ..."

"ပြန်ချင်ရင် ပြန်လို့ရပါပြီ ..."

"ဟုတ်ကဲ့ ..."

ကိုကိုက သူ့လက်ကို တွဲ၍ ကားဆီခေါ်လာခဲ့၏။ ရှေ့ခန်းမှာပင် အတူထိုင်ပြီး ပြန်လာစဉ် ကိုကို့ထံမှ မေးခွန်းထွက်လာပြန်သည်။

"ကားကို တကယ်မမှတ်မိတာလား ညီ ..."

"မှတ်မိပါတယ် ..."

"ဘာဖြစ်လို့ မပြောတာလဲ ...ဘယ်သူ့ကားလဲ"

"သူ ..."





"ဘယ်လို ..."

"သူပါဆိုနေမှ ကိုကိုကလည်း တစ်သက်တာကိုပြောနေတာ ..."

"ဓာတာက မင်းကို ကားနဲ့တိုက်တယ် ... အလိုလေး မကြံ ကောင်းမစည်ရာပါလား ..."

"တိုက်ချင်စိတ်ပေါက်လို့ တိုက်တာနေမှာပေါ့ ကိုကိုရ... နေပါ စေတော့ ..."

"ရမလားကွ ...ဒီလောက် အသက်ကိုတောင် ရန်ရှာတဲ့ဟာ ...ငါ ရှင်းမယ် ..."

"မလုပ်ပါနဲ့ ကိုကိုရာ နေပါစေ ..."

"ဘာနေပါစေလဲ ...မေမေသိရင် တစ်ခါတည်း နှလုံးရပ်သွားလိမ့် မယ် ..."

"ချော်လဲတာလို့ ပြောလိုက်ပေါ့ ကိုကိုရ ..."

သူက ကိုကို့ဘက် လှည့်ပြောရင်း မချိုမချဉ်ပြုံးလိုက်မိတော့ ကိုကိုက မျက်မှောင်ကြုတ်၍ သူ့ကို ပြန်ကြည့်လေသည်။

"အံမာ ...ရုပ်ကိုက နိုးကြောင်ခိုးဝှက် ရုပ်နဲ့ ..."

"စကားပြောနေတုန်းကတော့ အကောင်းပဲ ကိုကိုရ ပြောရင်းက ကျွန်တော့်ကို ခြိမ်းခြောက်သလို အသည်းယားလာတာနဲ့ နည်းနည်း ပါးပါး ဒဏ်ခတ်ပေးလိုက်မိလို့ အခုလို ဖြစ်ကုန်တာ ..."

"ဟာ! ညီရာ ဒီလောက် ဆတ်ဆတ်ကျဲဟာလေးကိုမှ မီးသွား မွှေးရသလား ..."

"သူ့ မျက်နှာပေါ်က နှင်းဆီခင်းကို ကျွန်တော်မြင်လိုက်ရတယ် ဗျ ...တော်တော်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး၊ အမြင်လည်းကပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ မပြောပါနဲ့ ...”

“ခွေးကောင် ...”

ကိုကိုက သူ့လက်မောင်းကို လက်သီးဆုပ်နှင့် ခပ်ဖွဖွထိုးရင်းဆဲလေ၏။ သူ သဘောကျစွာဖြင့် ရယ်မောလိုက်မိသည်။ ငါ တော်တော် စိတ်ချမ်းသာရတာ အမှန်ပဲ တစ်ခါက်တာ ...မင်းနဲ့ စတွေ့တုန်း ကလိုရင်ထဲမှာ အရှုပ်အထွေးတွေ ဘာတစ်ခုမှ မရှိတော့တာ အမှန် ပါပဲ ...။

ကားကိုရပ်ပြီး သူတို့ ညီအစ်ကို အိမ်ထဲဝင်ခဲ့စဉ် ဧည့်ခန်းမှာထိုင်နေသည့် ဖေဖေရော မေမေပါရှိနေလေသည်။

“အလို! မေ့သားလေး ခေါင်းမှာ ပတ်တီးကြီးနဲ့ပါလား ...ဘာဖြစ်လာတာလဲ သားရယ် ...”

“ခြေခေါက်ပြီး ချော်လဲသွားတာပါ မေမေရ ...”

“ချော်လဲတာ ခြေထောက်တွေ လက်တွေမထိဘဲ ခေါင်းကိုမှ ထိရသလား သားရယ် ...”

“မင်းရန်တွေ ဘာတွေများဖြစ်လာသလား ဖေယျ ...သားကြီးနဲ့ ဘယ်မှာ တွေ့လာတာလဲ ...”

“လမ်းမှာ သူချော်လဲတုန်း ကျွန်တော်နဲ့တွေ့ပြီး ဆေးခန်းပြလာတာပါ ဖေဖေ ...ဘာမှ မဖြစ်ပါဘူး ..နည်းနည်းလေးပေါက်သွားရုံလေးပါ ...”

“ဖြစ်လာရင် အသည်းအသန်ကြီးပဲ ...”

“လာ ...သားလေး ...မေမေလိုက်ပို့ပေးမယ် ...”

“နေပါစေ မေမေရယ် ...နားပါ ညီနဲ့ ကျွန်တော် အပေါ်ကို အတူ





တက်မယ့်ဟာပဲ ...”

ကိုကိုက သူ့ကို အခန်းထဲထိလိုက်ပို့ပေးပြီး အဝတ်အစားလဲပေးကာ အိပ်ယာထက်လှဲစေပြီး စောင်ခြုံပေးလေ၏။ သူက ခေါင်းအုံးထက်အသာလှဲအိပ်ကာ တီးတိုးရေရွတ်လိုက်မိပါသည်။

“ကျွန်တော် ဒီလိုမျိုး တစ်ခါဖြစ်ဖူးတယ်ထင်တယ် ကိုကို”

“ဘာရယ် ...”

“ဟုတ်တယ် ... ဒီလို ကားနဲ့ ပွတ်မိသလိုမျိုးလေ ...”

ကိုကိုက ပါးစပ်အဟောင်းသားဖြင့် သူ့ကို ငုံ့ကြည့်နေစဉ် အပြင်မှာ မိုးတွေက သည်းသည်းမည်းမည်း ရွာချလိုက်လေ၏။ ဟုတ်တယ် ဒီလိုမျိုး မိုးတွေသည်းနေတုန်းဖြစ်ခဲ့တာ ထင်ပါရဲ့ ...။

“မိုးရေတောထဲမှာ ကျွန်တော့်ကို လူတစ်ယောက်က ပိတ်တွန်းလိုက်တာလေ ...အား! ကျွတ် ကျွတ် နာလိုက်တာ”

“ညီ...ဘာကိုမှ မတွေးနဲ့တော့လေ ...အနာပိုကိုက်လာလိမ့်မယ် ...”

“ဟုတ်တယ် ...ကျွန်တော့်ကို ပစ်တွန်းလိုက်ပြီး သွေးတွေ သွေးတွေ ...”

“ညီ ...သတိထားလေ ...သီသိနဲ့ ရီရီ ...တစ်ယောက်မှ မရှိကြဘူးလား”

“ရှင်! ကိုကိုကြီး လာပါပြီ ...”

“ဒေါက်တာ ကံမြင့်ကို ခေါ်စမ်း သီသီ ...အရေးကြီးလို့ လာခဲ့ပါဦးလို့ပြော ...”

“ဟုတ်ကဲ့ ...”

သီသီက အောက်ထပ်ကို အမြန်ပြေးဆင်းသွားလေ၏။ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တကြီးဖြင့် ခုတင်ထက်ထိုင်ကာ သူ့ခေါင်းကပတ်တီးကို ကိုင်လိုက် သည့် ကိုကို့ကို အားနာမိသွားသည် ...ကိုကို စိတ်ပူအောင် လုပ်မိပြန် ပါရောလား ...

"ကျွန်တော် ဘာမှ မဖြစ်တော့ပါဘူးကိုကို ..."

"မျက်စိမှိတ်ထားလိုက်ပါ ညီ ...ဘာကိုမှ ထပ်ပြီး မတွေးနဲ့တော့ ဟုတ်ပြီလား ..."

သူ ခေါင်းကို အသာညိတ်ကာ မျက်စိကို မှိတ်ထားလိုက်ပါ၏။ အာရုံမှာပေါ်လာသည့် သွေးနီနီတို့က ပျောက်ပျက်မသွားလေခဲ့ ...လူ တစ်ယောက် သူ့ကို ကယ်တင်ပေးခဲ့သည့် လူတစ်ယောက် ပုံသဏ္ဍာန် က မှုန်ရီဝေဝိုးတဝါးသာ မြင်ယောင်နေမိသည်လေ ...

အခန်းထဲ အမြန်ရောက်လာသည့် ဖေဖေနှင့် မေမေ့ကို မျက်ရိပ် ပြကာ တားဆီးလိုက်ပါ၏။ ဒေါက်တာ ကံမြင့် ဆေးကုသပေးနေစဉ် သီဟ ဖေဖေ့ကို တီးတိုးပြောလိုက်မိလေသည်။

"ညီ မေ့နေတဲ့ အတိတ်ကို ပြန်သတိရလာသလိုပဲ ဖေဖေ၊ စိုးရိမ် ရတယ် ..."

"ဘယ်လို ! ..."

အခန်းတံခါးကို ပိတ်ကာ ခုတင်ထက် ပစ်လှဲ၍ ကြောက်လန့် တကြား ငိုချလိုက်မိ၏။ မျက်ရည်စီးကြောင်းကို သုတ်ရင်း ပါးပြင်ကို ခပ်ဖွဖွစမ်းမိစဉ် ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားရလေသည်။ ဒီနေ့ကစပြီ အိပ်မက်ဆိုးတွေ ဖန်ဆင်းပေးပြီလား ဓေယျမင်းဒင်၊ ရှင်ပေးခဲ့တဲ့ အမှတ်တရတွေက ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံးမှာ ကိုယ်စီရှိ ခဲ့ပြီပဲ ...ရှင့်ကို ကျွန်မ အနိုင်ရမှ ဖြစ်မှာပါ ...။





သေသွားပြီလား၊ ဟင်အင်း... မသေပါစေနဲ့ဦးနော်၊ ရှင်သေသွား ရင် မမရဲ့ကမ္ဘာလေး ပျက်သုဉ်းသွားမှာစိုးရိမ်လို့ပါ... ရှင် အသက်ဆက် ရှင်ပါဦးလား... ရှင့်ကို ကိုယ်ထိလက်ရောက် လုပ်ကြံမိတဲ့အတွက် ကျွန်မ တောင်းပန်ဖို့ အသင့်ရှိနေပါတယ်လေ ...။

မိုးရေတွေကို ငေးကြည့်နေရင်း အတိတ်ကို သူမ သတိရနေမိ သည်။ ဒီမိုးရေတွေထဲမှာ 'ကာ' တို့နှစ်ယောက် လမ်းခွဲခဲ့ရတာပဲ ဓေ... 'ကာ' ကို ဘယ်တော့မှ ပြန်မမှတ်မိတော့တဲ့ ကောင်လေးတစ်ယောက် ကို လက်တွဲဖြုတ်ခဲ့ရတဲ့ နေ့လေးတစ်နေ့ရဲ့ အဖြစ်အပျက်ကို 'ကာ' ဘယ်တော့မှ မမေ့နိုင်သေးတာ အမှန်ပါ ...အပြင်မှာ မိုးတို့က တဝုန်း ဝုန်းရွာသွန်းလို့ ကောင်းနေဆဲပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အဆုံး

*****

**Even the wisest girl will yield to the boy who perserveres in his wooing.**

***(Vietnamess Proverb)***

အမြော်အမြင်အရှိဆုံး မိန်းကလေးသည်ပင်လျှင် ဇွဲရှိရှိ ပိုးပန်းသည့်ယောကျ်ားလေးတစ်ယောက်ကို အလျှော့ပေးရစမြဲပင်ဖြစ်၏။

*(ဗီယက်နမ် စကားပုံ)*





"ဘယ်လို! မမ ဘာပြောလိုက်တယ် ..."

"သူ့ကို ခွင့်လွှတ်လိုက်ပါ ..."

"ဟင် ..."

"ဟုတ်တယ်၊ တကယ်တော့ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး ညီမလေးရယ် ... မမဘက်ကသာ တစ်ဖက်သက် စိတ်ဝင်စားပြီး ပတ်သက်ခဲ့မိတာပါ ..."

"ဒါပေမယ့် ... မမ ခြေတစ်ဖက်ကျိုးခဲ့တာကိုလည်း ထည့်တွက်ဦးမှပေါ့ ..."

"ရှိပါစေတော့ ညီမလေးရယ် ... မမရဲ့ ကုသိုလ်ကံလို့ပဲ ယူဆလိုက်ပါတော့မယ် ..."

"ဒါဖြင့် တာတာ ဘာဆက်လုပ်ရမှာလဲ... သူ့ကို စိန်ခေါ်ခဲ့ပြီး ဘွာခတ်လိုက်ရမှာလား ... တာတာ မလုပ်ချင်ဘူး ..."

သူမ့က ပြတင်းဝနားမှာရပ်နေရင်း အပြင်ကိုငေးနေမိ၏။ ဒီမနက်တော့ မိုးသားတွေ ကင်းစင်နေပါပြီလေ ...တာတာက သူမ ခုတင်ထက် ထိုင်ချလိုက်ပြီး မျက်နှာက သုန်မှုန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်လာရင် အရှုံးပေး နှလုံးအေးတဲ့ ဆေးလို့ စကားပုံတောင် ရှိသေးတာပဲ တာတာရယ် ... လောကကြီးထဲမှာ ရန်ဆိုတာ မရှိရင် ပိုပြီး အေးချမ်းမှုရှိသွားမှာပါ ..."

"တာတာက ... မမအတွက် အားလုံးရည်ရွယ်ပြီး လုပ်ပေးခဲ့ တာ... ခုတော့ အလကားဖြစ်ရတော့မှာလား ..မမပဲ သူ့ကို အပိုင်ရချင် တယ်ဆို!"

"ဟင်အင်း ...မလိုချင်တဲ့လူကို အတင်းပေးလို့မရနိုင်သလို ... မပေးချင်တဲ့ လူဆီကလည်း အတင်းတောင်းလို့မှမရနိုင်တာပဲ ညီမ လေးရယ်... အခုဟာက ရင်ထဲက နှလုံးသားရဲ့ ချစ်ခြင်းဆိုတော့ ပိုပြီး ခက်တာပေါ့ ..."

"အို ...တာတာကတော့ မမချစ်တဲ့ သူကို မမပဲ ပိုင်သင့်တယ်လို့ ယူဆတယ် ...ဒါပဲ ..."

"ပြန်တွေးကြည့်ရင် ရှက်ဖို့ကောင်းတယ် ညီမလေးရဲ့ ...မမတို့ လုပ်ရပ်က အဓိပ္ပါယ်မှ မရှိတာပဲ ..."

"ဘာပဲဖြစ်ဖြစ် သူ့ကို တာတာ အနိုင်ရတော့မှာ ..."

"မမတို့ လောင်းကြေးက တရားမှမဝင်တာဘဲ ညီမလေးရယ် ...အထူးသဖြင့် သူ့ရင်ထဲက နှလုံးသားကို မမမှ မပိုင်တာပဲ ... သူချစ် တဲ့ လူကိုပဲ သူ့စိတ်ကြိုက် ရွေးချယ်ပါစေလား ..."

မျက်နှာ ဖြန်းခနဲရဲသွားရလေ၏ ...သူချစ်တဲ့ လူကိုရွေးဆိုရင် တာတာ့ကို သူ ရွေးလိုက်မှာ မမရဲ့ ...ခက်လိုက်တာနော် ဖွင့်ပြီးလည်း မပြောချရဲ တော်ကြာ မမစိတ်ထိခိုက်သွားမှာ အခက်ပါပဲ ...အခု လောက်ဆို သူက တာတာ့ကို ချစ်ဖို့ စဉ်းစားနေလောက်ပြီမမရဲ့ ...တာ





တာက သူ့ကို တောင်းပန်ချင်တာတောင် ဖြစ်ပျက်ခဲ့တာတွေကို မျက် နှာပူပြီး သူ့ဆီမသွားရဲခဲ့တာ ဒီနေ့အထိပါလေ ...။

"ခုချိန်လောက်ဆို သူ့မှာ ချစ်သူတွေ ဘာတွေလည်းရှိနေလောက် ပါပြီ ...တစ်နှစ်တောင်ကျော်နေပြီပဲဟာ ...."

"ဟင်အင်း မရှိပါဘူး ...တာတာနေ့တိုင်း သူ့အကြောင်း စုံစမ်းနေ တာပဲ ..သူ့ဘေးမှာ ဘယ်ကောင်မလေးမှ နေခွင့်မရကြပါဘူး ..."

သူမ တာတာ့ကို လှည့်ကြည့်လိုက်ပါ၏ ... မျက်လုံးချင်းဆုံသွား တာကို ပြန်မကြည့်ဘဲ မျက်လုံးလွှဲလိုက်သည့် ညီမလေးကို အံ့ဩသွား ရလေသည်။ ဘုရားရေ ...ညီမလေး မျက်ဝန်းမှာ လျှို့ဝှက်ချက်တွေ ပြည့်သိပ်လို့ပါလား ထူးဆန်းလေစွ ...။

"သူ့ကို ညီမလေး ဒီလောက်ကပ်နေမှတော့ ဘယ်ကောင်မလေး ကို သူ တွဲရဲမှာလဲ တာတာရယ် ..."

"မဆိုင်ပါဘူး ...သူနဲ့ Major တူ မိန်းကလေးတွေ အများကြီးရှိ နေတာပဲ ..သူတွဲချင်တဲ့ လူနဲ့တွဲလို့ရနိုင်တာပဲဟာကို"

"မမ ပြောဖူးတယ်လေ ... သူက ဘယ်မိန်းကလေးကိုမှ စိတ် မဝင်စားတတ်ပါဘူးလို့ဆို ..."

ဟုတ်လို့လား ...သေချာရဲ့လား မမရယ် ..သူပြောတာကတော့ တာတာ့ကိုပဲ စိတ်ဝင်စားတာပါတဲ့ ... တာတာက သူ့စိတ်ဝင်စားလာ အောင် အရင်သွားစလိုက်သလို ဖြစ်သွားတာလေ ...။

"ညီမလေး ..."

"....."

"တာတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

အလန့်တကြားဖြင့် မော့ကြည့်လာသည့် တာတာ့ မျက်ဝန်းတို့က ရီဝေဝေ ...အို ...ညီမလေးရယ် ...မမတုန်းကလိုပဲ သူ့အပေါ်မှာ သံယောဇဉ်တွေ ပိုနေပြီလား ..ဇေ့ကို ချစ်များချစ်နေပြီလားကွယ် ...။

"ညီမလေး သူ့အပေါ် ချစ်များချစ်နေပြီလား ..."

"ရှင်! အာ ...မဟုတ်ပါဘူး ...မမကလည်း ..."

"မဟုတ်ရင် ဒါလေးပြောရုံနဲ့ ဒီလောက်မျက်နှာရဲစရာမလိုဘူးလေ တာတာရဲ့၊ အချစ်က ဖုံးကွယ်ထားလို့ မရဘူးလေ ... မကြားဖူးဘူးလား"

"မဟုတ်ပါဘူး တာတာ့ကို အရမ်းမစွပ်စွဲပါနဲ့ မမရဲ့ တာတာ သူ့ကို မချစ်ဘူး ..မချစ်တဲ့အပြင် မုန်းတောင်မုန်းသေးတယ် ..."

"ဘာဖြစ်လို့ မုန်းရတာလဲ ..."

"မသိဘူး ...မုန်းတယ်ဆိုတာပဲ သိတယ် ..."

"အကြောင်းအရာ ခြေခြေမြစ်မြစ်မရှိဘဲ မုန်းတယ်လို့ ပြီးစလွယ် မပြောပါနဲ့ တာတာ ... ညီမလေး ဘယ်လိုပဲ ဖုံးကွယ်ထားပါစေ ညီမလေးရဲ့ နှလုံးသားကို မျက်လုံးတွေက ညာလို့မရဘူး ..."

"ရှင် ..."

"ဟုတ်တယ် ... ညီမလေး သူ့ကို ချစ်နေတာ သေချာနေပြီ"

"မဟုတ်ဘူး ..."

ငြင်းဆန်သံက အင်အားမရှိ ...အဖျားမှာ တုန်သွားသလို လူက ငိုမဲ့မဲ့လေးဖြစ်သွားရသည်။ ဟင်အင်း ...တာတာ သူ့ကို အရှုံးမပေးချ ဘူး .. သူ့ကို ချစ်တယ်လို့ ဝန်ခံလိုက်ရင် ဒူးထောက် အရှုံးပေးရ ရောက်သွားမှာလေ ...တစ်သက်လုံး မာနကြီးပြီး မျက်နှာမော့လာခဲ့သ





မျှ သူ့ခြေရင်းမှာ ပုံလဲမကျပါရစေနဲ့လား ...

"မမ စိတ်မကောင်းပါဘူး ...အဲဒါ ညီမလေးအတွက်ပါ အချစ်ရေးမှာ မမတို့ ညီအစ်မနှစ်ယောက် ကံခေလွန်းတယ်နော် ..."

"မမ ဘာကိုဆိုလိုတာလဲ ..."

"ကိုယ်ချစ်တဲ့သူနဲ့ နီးစပ်ခွင့်မရနိုင်လို့ပေါ့ ..."

"ဘယ်လို ..."

"ဟုတ်တယ်၊ သူ့ကို မမ ပိုင်ဆိုင်ခွင့်မရသလို ညီမလေးလည်း မရနိုင်ပါဘူး ...ဘာဖြစ်လို့လဲဆိုတော့ ဒက်ဒီက ညီမလေးကို ရည်စူးထားပေးတာရှိနေလို့ပါ ..."

"ဘယ်သူ ..ဘယ်သူနဲ့လဲဟင် ..."

"ကိုသီဟနဲ့ ..."

"ရှင် ..."

"ညီမလေး အိမ်မှာ မရှိစဉ် အတောအတွင်း ဒီအိမ်ကို ကိုသီဟ မကြာခဏ ဝင်ထွက်တယ် ...မမနဲ့လည်း ရင်းနှီးသင့်သလောက် ရင်းနှီးပါတယ် ...တစ်ရက်တော့ မမကို ဒက်ဒီဖွင့်ပြောခဲ့တာပဲ ...တာတာနဲ့ ကိုသီဟကို သဘောတူထားတဲ့ အကြောင်းပေါ့ ..."

"ဟင်အင်း တာတာ သဘောမတူဘူး ..."

"ငြင်းလို့ရမယ်ထင်နေလား တာတာ ..ညီမလေး First Year စ မတက်ခင်ပေးခဲ့တဲ့ ကတိတစ်ခုကို မေ့မပစ်လိုက်ပါနဲ့ ..."

"တာတာ၊ ကိုသီဟကို အစ်ကိုတစ်ယောက်လိုပဲ ချစ်တာ မမရဲ့"

"မမ နားလည်ပါတယ် ...ဒါပေမယ့် ဘာမှ မတတ်နိုင်ဘူးလေ ..."

ပါးပြင်ထက် မျက်ရည်က စီးကျသွားပါ၏။ တာတာ့ဘဝမှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုတာ တစ်ခါမှ မရှိခဲ့ဖူးပါချေ ...ဘယ်လိုဖြစ်ပြီး ငိုတတ်ခဲ့တာလဲ ...ဟုတ်တယ် ...သူနဲ့ ပတ်သက်ခဲ့ပြီးမှ ငိုခဲ့ရတာ ...သူ့ကို ချစ်မိသွားမှ ငိုတတ်ခဲ့တာလဲ ...ဟုတ်တယ် ...သူနဲ့ပတ်သက်ခဲ့ပြီးမှ ငိုခဲ့ရတာ .. သူ့ကို ချစ်မိသွားမှ ငိုတတ်ခဲ့ရတာပါလေ...။

"အချစ်ဆိုတာကို ဘာလဲလို့ မမ သေသေချာချာ မသိခဲ့ဘူး ...သိလိုက်ရတဲ့ အချိန်ကျတော့ အရာရာဟာ ပြီးဆုံးပျောက်ကွယ်သွားခဲ့ပါပြီ။

"မမ သူ့ကို သိပ်ချစ်တာကို တာတာမြင်ခဲ့သိခဲ့တာအမှန်ပါ ..."

"ညီမလေးလည်း သူ့ကို ချစ်ခဲ့တာပဲလေ ..."

"တာတာ ....တာတာ ...သူ့ကို သိပ်မုန်းတယ်လို့ပဲ ယူဆခဲ့မိတာ ဒါပေမယ့် တာတာ့ရင်ထဲကို သူ ဘယ်အချိန်က ရောက်နေသလဲဆိုတာ တောင် တာတာ မသိခဲ့မိဘူး ... အိပ်မက်ထဲမှာတောင် သူ့ကို မုန်းတယ်လို့ပဲ အထပ်ထပ်ပြောခဲ့တာအမှန်ပါ ..."

"အချစ်ဆိုတာ သိပ်ဆန်းကြယ်တဲ့ အရာတစ်ခုပဲလေ ... မထင်မှတ်တဲ့အချိန်မှာ မမျှော်လင့်ဘဲ ဝင်မွှေတတ်တဲ့ မုန်တိုင်းတစ်ခုလိုပဲ ပြင်းထန်တယ် ... တစ်ခါတလေကျတော့လည်း လေပြည်ညင်းလေး လို သိမ်မွေ့နေပြန်ရော ..."

ကဗျာဆန်ဆန်ပြောလိုက်သည့် မမ စကားကြောင့် ပြုံးလိုက်မိသည်။ တာတာက မမတို့လို ကဗျာတွေ စာတွေ မဖွဲ့နွဲ့တတ်ဘူး မမရယ် ... ရှုးရှူးဒိုင်းဒိုင်းပြောတတ်လုပ်တတ်လို့ အထိနာခဲ့ရတာ လည်း သက်သေပါပဲ.. ဒါကို သူ ချစ်တယ်ဆိုတာ တကယ်မှ ဟုတ်ပါ လေစ ...

"တွေးမိရင် တော်တော်ရှက်ဖို့ကောင်းတယ်နော် ...မိန်းကလေး တန်မယ့် ကိုယ့်ကို ချစ်မလာနိုင်တဲ့ ကောင်လေးကို ရှုးရှူးမူးမူးပိုးခဲ့တဲ့





အဖြစ်က ရာဇဝင်တွင်ခဲ့သလိုမျိုးဖြစ်ခဲ့တာကိုး ..."

"သူမမအပေါ်မှာ သံယောဇဉ်လေးတောင် မထားပေးခဲ့ဘူးလား ဟင် ..."

"ဟင်အင်း သူငယ်ချင်း တစ်ယောက်လို ထက်တစ်ခါမှ မပိုခဲ့တာ လက်တွေ့ပါ ..."

"သူ့ရင်ထဲမှာ အချစ်ဆိုတာရော ရှိမှရှိရဲ့လား ...ဒီလောက် မျှော်လင့်ချက်ထားတဲ့ မိန်းကလေးရဲ့ ချစ်ခြင်းတွေကို တုံ့ပြန်မှုမရှိရင် တောင်မှ ..."

"သူ မချစ်နိုင်လို့ တခြားတစ်ယောက်ရဲ့ လက်ထဲကို လွှဲရက်တာ ပေါ့ တာတာရယ် ..."

ရက်စက်လိုက်တာ ...တကယ်ဆို သူ မချစ်နိုင်တာတောင် ဒီလိုမျိုးတော့ မမကို မရက်စက်သင့်ပါဘူးနော် ...ခုလည်း ရှင်ကျွန်မကို ချစ်တယ်လို့ပြောတာ တမင်သက်သက်ရွဲ့ပြီး ပြောလိုက်တာမှန်း ကျွန်မ သိနေပါတယ်လေ ...။

"သိပ်ကြီးလည်း စိတ်ပူမနေပါနဲ့ ညီမလေးရယ်... တာတာ ကျောင်းပြီးတဲ့အထိတော့ ဒက်ဒီက ခွင့်ပြုမှာပါ ..."

"ပါပါက မမကိုတော့ အရင် မစီစဉ်ပေးပဲနဲ့ ..."

"မမက ဒုက္ခိတတစ်ယောက်လေ တာတာရယ် ...ဘယ်သူက မမကို အချိန်ကြာကြာ ကြင်နာနိုင်မှာတဲ့လဲ ...လူတောမကိုး။ ပွဲလယ် မတင့်တဲ့ မိန်းကလေးတစ်ယောက်ကို ကရုဏာသက်ရုံကလွဲပြီး ဘယ်သူမှ မချစ်နိုင်ပါဘူး ...ဒါကို ဒက်ဒီ သိထားတာပဲလေ ..."

"မမကို တာတာ ချစ်ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မမလည်း တာတာ့ကို ချစ်ပါတယ် ညီမလေးရယ် ..."

တာတာက သူမကို အသာပွေ့ဖက်လိုက်စဉ် တာတာ့နဖူးပြင်လေးကို သူမ မွှေးလိုက်ပါ၏။ တစ်ဖက်ခန်းသို့ တာတာ ပြန်သွားတော့မှ ထိုးလက်စ ဆွတ်တာဖြူဖြူလေးကိုဆက်ထိုးရန် ကောက်ကိုင်လိုက်သည်။

"မမကာ Phone လာနေပါတယ်ရှင့် ..."

"ဘယ်ကလဲ အန္တရယ် ..."

"မသိဘူး မမကို ခေါ်ပေးပါလို့ပဲ ပြောနေလို့ လာပြောရတာပါ ..."

"အေး အေး ..လာပြီ ..."

အခန်းထဲမှ ထွက်ကာ Phone စင်ရှိရာသို့ လျှောက်လာခဲ့၏။ ခုံမှာထိုင်ကာ ဘေးမှာချထားသည့် Phone ကို ကောက်ကိုင်လိုက်စဉ် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရလေသည်။

"'ကာ' ကိုယ်ပါ ..."

"ဟင် ..."

"ကိုယ့်ကို ပြန်ခင်ဖို့ စဉ်းစားပြီးပြီလား 'ကာ'... ကိုယ်လည်း ညီလေးနေမကောင်းဖြစ်နေတာနဲ့ 'ကာ့' ဆီ Phone မဆက်ဖြစ်ဘူး... အခု 'ကာ' ဘာလုပ်နေသလဲ ..."

"ဆွယ်တာထိုးနေတယ် ..."

"ဘာရောင်လဲ .."

"အဖြူ ..."

"ဘယ်သူ့အတွက်လဲ 'ကာ'"

"...."





"မပြောချင်ဘူးလား ..."

"အင်း ..."

သူက တီးတိုးရယ်လေ၏။ ဘာကို ကြည်နူးနေမှန်း မသိသော်လည်း သူမ လိုက်ပြုံးမိပါသည်။

"ဘာဖြစ်လို့ မပြောချင်တာလဲ ..."

"မသိဘူး ..."

"ဘာလဲ ...'ကာ' စိတ်ဝင်စားနေတဲ့ ကောင်လေးမို့လား"

"မဟုတ်ပါဘူး ..."

"စတာနော် ...ကောင်လေးရော တကယ်ရှိလား"

"ဟင်အင်း .."

"တော်ပါသေးရဲ့ ကိုယ်ပြောပြီး စိတ်ပူသွားတာပဲ ...'ကာ' က လိမ္မာတာပေါ့ .."

"ဒက်ဒီတို့ မအိပ်ကြသေးဘူး ....'ကာ' Phone ချလိုက်တော့မယ် ..."

"ခဏနေပါဦး ကာရဲ့ ...Phone ဆက်တာအပြစ်လုပ်တာမှ မဟုတ်ဘဲ ...ကိုယ်လာတော့ရော 'ကာ' ကထွက်တွေ့လို့လား ... တစ်ခါမှ ဧည့်မခံဘဲနဲ့ ...ဒီလိုပဲ လိုက်ကာ နောက်က ဘယ်အချိန်ထိ ချောင်းကြည့်နေမှာလဲ ..."

"ဟင်! 'ကာ' မချောင်းပါဘူး ..."

"ဟော! 'ကာ' မလိမ္မာတော့ဘူး ...ညာပြောတတ်နေပြီ ..."

နှစ်ဦးသားပြိုင်တူ ရယ်လိုက်မိကြ၏။ 'ကာ' စိတ်ချမ်းသာအောင် သူ သိပ်ပြောတတ်တာ အံ့သြစရာပါပဲလား။

"ကိုယ်လာတိုင်း 'ကာ့' မာမီနဲ့ မကြုံဘူးနော် ...ဘယ်သွားနေလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ ..."

"မာမီက (၄၅) လမ်းမှာ ရွှေဆိုင်ဖွင့်ထားတာ သွားထိုင်နေတာလေ ...အန်တီလေးနဲ့ တစ်ယောက်တစ်လှည့်ထိုင်တာပေါ့ ...."

"နှစ်ယောက်စလုံး မရှိတဲ့ရက်ရှိလား ..."

"ဘာလုပ်မလို့ မေးတာလဲ ..."

"လာလည်မလို့ ..."

"ဘာလို့လာလည်ချင်တာလဲ ..."

"ကာ' နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားတွေ အများကြီး ပြောချင်လို့ပေါ့ ..."

"ပြောစရာဖြင့် မရှိဘဲနဲ့များ ..."

"ကိုယ့်မှာရှိတာပေါ့ 'ကာ' ရဲ့ ..'ကာ' က ကိုယ်ပြောတာကို နားထောင်ရင်ပြီးတာပဲ ...အခုလည်း ကိုယ်ပြောနေတာတွေကို 'ကာ' အလိုက်သင့်လေးပြန်ပြောနေရတာပဲ မဟုတ်လား ..."

"ကာ' က စကားမများတတ်ဘူး ..."

"ဒါဆို ကိုယ်က စကားများတော့ ရွှေခဲပေါ့လေ ...ကိုယ့်ကို ကိုရွှေခဲလို့ နာမည်ပေးချင်လို့လား ..."

"မဟုတ်ပါဘူး ..."

"ကိုသီဟလို့ပဲ ခေါ်နေဦးမှာလား ...နာမည်ပြောင်းခေါ်ဖို့ စိတ်ကူးမရှိဘူးလား ...'ကာ' ..."

"ဘယ်လိုခေါ်ရမှာလဲ ..."

"ကိုကိုလို့လေ ..."

"အာ ..မခေါ်ချင်ပါဘူး ...'ကာ' က မောင်လေးလို့ခေါ်မယ်





စိတ်ကူးထားတာ ..."

"ဟာ ...ခေါ်စရာလားကွ ...ကိုယ်က 'ကာ့' ထက် ငါးနှစ်ကျော်တောင်ကြီးတာကို ငရဲကြီးမှာပေါ့ ...."

"မကြောက်ပါဘူး ..."

"တကယ် မကြောက်ဘူးလား"

သူမ တီးတိုးရယ်လိုက်မိပြန်၏။ တကယ့်ကို စိတ်ရှည်ရှည်နဲ့ စကားပြောတတ်တဲ့လူပါလား ...သူ့ ညီလေးကိုဆို ဘယ်လောက်များ ကြင်နာလိုက်မလဲ ..။

"ကာ' က ကိုကိုလို့ခေါ်ရင် 'ကာ့' ကို ညီမလေးလို့ ပြန်ခေါ်မှာလားဟင် ..."

"No.... ကိုယ့်မှာ ညီမလေး ခေါ်ရမယ့်သူရှိထားပြီးသားကွယ့် ...'ကာ' နောက်ကျသွားပြီ ..."

"ရှင် ..."

ငိုချင်စိတ်က ချက်ချင်းဖြစ်တည်လာ၏။ ညီမလေးလို့တောင် တော်ခွင့်မရှိတော့ပါလား ရှင်ရယ် ...။

"သူက ...သူက ...ကိုသီဟနဲ့ ဘာလဲဟင် ..."

"လောလောဆယ် ဘာမှတော့ မတော်သေးပါဘူး .. နောက်တော်ချင်တော်မှာပေါ့ ...မဟုတ်ဘူးလား ..."

"ကာ' က ခင်ဖို့ကောင်းတဲ့ သူမှ မဟုတ်တာ"

"ကိုယ်က ခင်တယ်လေ ..ခင်တာထက် နည်းနည်းတောင်မှ ပိုနေသေးတယ် ...မယုံဘူးလား ..."

"ညဥ့်နက်နေပြီနော် ...'ကာ' Phone ချလိုက်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ခေါ်ဦးလေ ..."

"ဘာကိုလဲ ..."

"ကိုကိုလို့ ..."

"မခေါ်ပါဘူး ..."

"နောက်ဆိုခေါ်မှာ မဟုတ်လား ..."

"မခေါ်ဘူး ...ဘယ်တော့မှ မခေါ်ဘူး ..ဒါပဲ ..."

သူမ Phone ကို ဂွတ်ခနဲချလိုက်ပြီး အခန်းထဲပြန်ဝင်ခဲ့ပါ၏။ ဆွယ်တာအစလေးကို ကောက်ကိုင်ကာရင် ခွင်ထဲပွေ့ပိုက်ထားလိုက်မိ သည်။ ကိုကိုလို့ ခေါ်ရမယ်တဲ့ ...မခေါ် ချင်ပါဘူး ...ရှင့်မှာ ညီမလေး လို့ခေါ် တဲ့ သူတောင်ရှိနေမှ 'ကာ့' ကို လာပြောမနေပါနဲ့ ...မဟုတ်သေး ပါဘူး ...'ကာ' က သူ့ကို စိတ်ဆိုး စိတ်ကောက်ရအောင် သူနဲ့ 'ကာ' က ဘာမှ မဆိုင်တာပဲလေ ...။

ဒီလို ရည်းစားရှိရင်တော့ တာတာနဲ့ စီစဉ်ပေးမယ့် ကိစ္စကို ဖျက်တန်ကောင်းပါရဲ့ ...ညီမလေးကို မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရမှာမျိုး မဖြစ်စေချင်ပါလေ ...ကိုကိုတဲ့ ....ခေါ် ချင်ပါတယ်ရှင် ...ဒါပေမယ့် ...'ကာ့' မှာ ခေါ် ခွင့်မရှိတာကို ရှင်တစ်နေ့တော့ သိလာမှာပါ ...။

အပြင်မှ တဖြောက်ဖြောက်ကျနေသည့် မိုးပေါက်လေးတွေကို ငေးကြည့်ရင်း ငိုင်နေမိသည်။ 'ကာ' တို့ ညီအစ်မနှစ်ယောက်စလုံးကိုမှ ချစ်ကံခေသူတွေဖြစ်အောင် ဘာလို့ ဖန်တီးပေးခဲ့ရတာလဲ လောကကြီးရယ် ...။





အဆောင်ပေါ် သူ တက်လာတော့ ဝေထွန်းတို့ အုပ်စုက စာအုပ်ကိုယ်စီဖြင့် ငိုက်နေကြလေ၏။

"အေး ...ဒီလို ကျက်ပုံနဲ့ အောင်ဦးမယ် ..."

"ဟာ ...နေကောင်းသွားပြီလား ဖေယျ ..."

"ကောင်းလို့လာခဲ့တာပေါ့ကွ ..."

"မင်း Lady လေး ကျောင်းမှာ ခဏ ခဏလာပြီး ရှာနေတယ်ကွ"

"ဟုတ်တယ် ...မျက်နှာလည်း သိပ်မကောင်းဘူး ဘာပြောစရာရှိမှန်းလဲ မသိပါဘူး ..."

"ငါ သူနဲ့ မတွေ့ချင်တော့ပါဘူး ..."

"ဘာဖြစ်လို့လဲ ..."

"ငါတို့ပွဲပြီးသွားပြီပဲဟာ ..."

"ဟ! ဘယ်သူနိုင်သလဲ .."

"ဘယ်သူမှ မနိုင်ဘူး ...သရေပဲ ..."

သူက ခုတင်ပေါ် ထိုင်ကာ ခြေတွဲလောင်းချ၍ လက်ထဲမှာ ကိုင်လာသည့် စာအုပ်ကို စားပွဲထက် လှမ်းတင်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"စာတွေပိုင်နေပြီလား ..."

"မဆိုးပါဘူး ..."

"မင်း Master ဆက်တက်မှာလား ဖေယျ ..."

"မတက်ပါဘူး ...ငါ စာမေးပွဲပြီးတာနဲ့ ဖေဖေ့ ကုမ္ပဏီမှာ ဝင်တော့မလို့ ..."

"မင်း Father ကြီးနဲ့ OK ရဲ့လား..."

"ဒီလိုပါပဲ ..စာမေးပွဲရှိလို့လားတော့ မသိဘူး ... ငါ့ကို ကောင်းကောင်းတော့ပြောပါတယ် ..."

သူက ဝယ်လာသည့် ဂျာနယ်ကို ဖွင့်လိုက်ပါသော်လည်း စိတ်မပါသဖြင့် ပြန်ပိတ်လိုက်ပါသည်။

"ငါ တစ်သက်တာကို ကျေးဇူးတင်နေတာ ..."

"ဟေ! ဘာဖြစ်လို့လဲ ..."

"သူ့ကြောင့် ငါ Accident ဖြစ်သွားပြီး မေ့နေတဲ့ အတိတ်ကို ပြန်သတိရသွားလို့ ..."

"ဘယ်လို!"

"ဟုတ်တယ် ...ငါ ဒီ့အရင် ပထမတစ်ခါ Accident ဖြစ်ဖူးတယ်။ မင်းတို့ အဆောင်က အပြန်လမ်းမှာလေ ..."

"မင်း သေချာမှတ်မိတာလား ..."

"ဟင့်အင်း မဟုတ်ဘူး ...ခပ်ဝါးဝါးပဲမြင်ယောင်နေတာ ...ငါလဲသွားတာရယ် ...ငါ့ကို တွန်းလိုက်တဲ့လူရယ်၊ ပြီးတော့ သွေးတွေရယ်ဒါပဲ မှတ်မိတာ ..."

"မင်းကို တွန်းပြီး ကယ်လိုက်တာ ယောကျ်ားလား၊ မိန်းမလား"





"မိန်းကလေး ငါ့အရွယ်လို့ထင်တာပဲ ..."

"အဲဒီတော့ မင်း ဘာဆက်လုပ်ချင်တာလဲ ..."

"သူ ဘာဖြစ်သွားလဲ ...သေသွားတာလား ..အဲဒါကို ငါအရမ်းသိချင်နေတယ်... ငါ့အသက်ကို ကယ်လိုက်တဲ့ ကျေးဇူးကို ငါ ဘယ်လိုနည်းနဲ့ ဆပ်ရမလဲဆိုတာ မသိတော့ဘူး ..."

"မင်း အိမ်ကရော မင်းဒီလို ပြန်သတိရသွားတာ သိရဲ့လား"

"သိတယ် ဒါပေမယ့် မေ့ထားလိုက်ဖို့ပဲ ဝိုင်းပြီးပြောကြတယ် ..ငါထင်တယ် ...အဲဒီကောင်မလေး ငါ့ကြောင့် သေသွားပြီ ထင်ပါရဲ့"

တစ်ခန်းလုံး တိတ်ဆိတ်သွားလေ၏။ သူ သက်ပြင်းရှိုက်လိုက်သံက ခပ်ကျယ်ကျယ် ...စာမေးပွဲကြီး နီးနေပြီမို့ သူများတွေစာကို ဖိကျက်နေချိန်မှာ သူက ငူငူငိုင်ငိုင်ဖြစ်နေရတယ်လို့ ...။

"မင်း စာကျက်လို့ရော ရရဲ့လား ဖေယျ ..."

"ရတာတော့ ရပါတယ် ...ဒါပေမယ့် ဦးနှောက်ထဲမှာ မရှင်းဘူး ...။ အဲဒါကိုပဲ ထပ်တလဲလဲ တွေးနေမိတော့ခက်နေတာ ..."

"ကြည့်လုပ်ပါဦးကွာ ...တော်ကြာ စာမေးပွဲအတွက် ထိခိုက်နေပါဦးမယ် ..."

"သူက ပိုပြီး ထိခိုက်နစ်နာရှာမှာလေ ..."

"ခက်တာပဲ မင်းဆေးခန်းရော သွားရဲ့လား"

"ဆရာဝန်ကိုယ်တိုင် အိမ်မှာ လာကုပေးတာပဲဟာ ငါမရူးသေးပါဘူး ..."

"မင်းကို ရူးတယ်လို့ ပြောချင်တာ မဟုတ်ပါဘူး ငါတို့က စိုးရိမ်မိလို့ပါကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြန်တော့မယ် ...စာမေးပွဲ ဖြေမှပဲ တွေ့ကြတာပေါ့ ..."

"အေး ..."

သူ အဆောင်မှ တစ်ယောက်တည်း ထွက်လာခဲ့ပါ၏။ Taxi ငှား စီးရန် ဂိတ်မှာ စောင့်နေစဉ် ကောင်မလေးနှစ်ယောက်က bus ပေါ်မှ ဆင်းလာလေ၏။

"ဟဲ့! ဖေယျ မဟုတ်လား"

"အေး ...ဟုတ်တယ်ဟ ..."

ကောင်မလေးနှစ်ယောက်က သူ့ရှေ့မှ ဖြတ်လျှောက်လာပြီး သူ့ကို ငုံ့ကြည့်ကာ ပြုံးပြလိုက်လေ၏။ သူက ဇဝေဇဝါဖြင့် ပြန်ကြည့် လိုက်မိသည်။

"စာမေးပွဲဖြေဖို့ Ready ပဲလား ဖေယျ ..."

"အင်း ..."

"ဝေထွန်းတို့ဆီက ပြန်လာတာလား ..."

"ဟုတ်တယ် ..."

"ကြည့်ရတာ နင် ငါတို့ကို သိပ်မမှတ်မိဘူးထင်တယ်၊ ငါတို့ ကျောင်းအပ်နောက်ကျသွားလို့ နောက်ဆုံး Section မှာပဲ တက်ရတာ ကိုး ..."

"ကျွန်တော် ခင်ဗျားတို့ကို မသိဘူး ..."

"ဟယ်! ငါတို့က 'ကာ' သူငယ်ချင်းတွေလေ ဖေယျရဲ့၊ ဒါလေး တောင် မမှတ်မိဘူးလား ..."

"ကာ' ဟုတ်လား ..."

"အေးလေ ...အလက်ာကိုပြောနေတာ ..."





သူ့ခေါင်းထဲမှာ စစ်ခနဲ ထိုး၍ နာကျင်သွားရပါ၏။ အလက်ာတဲ့ ဘယ်က အလက်ာများပါလိမ့်...။

"ဘယ်သူ့ကို ပြောတာလဲ ဟင် ..."

"ဟောတော် ...နင့်ကို စိတ်ဝင်စားနေတဲ့ အလက်ာလေ ...မသိ တော့ဘူးလား ...နင့်ကို ချစ်စနိုးနဲ့ ဖေလို့ သူခေါ်ခဲ့တာပဲ ..."

"ဩော် သူ ပါမလာဘူးလား ..."

"နင် ဘာကိုမှ မမှတ်မိတာပါလား ...ဖေယျရယ် ... အေးပေါ့ လေ .... နင်လည်း ဆေးရုံမှာ အကြာကြီးနေခဲ့ရတာပဲ ...သူ ကျောင်း ထွက်လိုက်ရတာကိုလည်း နင် မသိဘူးပေါ့လေ ...ဟုတ်လား"

"သူက ဘာဖြစ်လို့ ကျောင်းထွက်ရတာလဲ ..."

"အဲဒီနေ့က နင့်ကို ကယ်လိုက်တာ သူလေ ...သူ နင့်ကို တွန်း ထုတ်လိုက်ပေမယ့် သူကတော့ ကားပွတ်တိုက်လိုက်လို့ ခြေထောက် ကျိုးပြီး Steel ရိုးထည့်လိုက်ရတယ် ...ဆေးရုံမှာ ရက်ရှည်နေပြီးမှ ကျောင်းပါတစ်ခါတည်းထွက်သွားခဲ့တာပဲ ..."

"ဘာရယ် ..."

"သူ နင့်ကို သိပ်ချစ်ရှာတာပါဟယ် ..."

ခေါင်းတွေတစစ်စစ်ကိုက်ခဲလာရလေ၏။ ဘုရားရေ ...ဒါကြောင့် ဒီပုံရိပ်တွေကို သူ ကွက်ပြီးမြင်နေရတာကိုး။ ကောင်မလေးနှစ်ယောက် ကို နှုတ်ဆက်လိုက်ပြီး Taxi ဖြင့် အိမ်သို့ အမြန်ဆုံးပြန်လာခဲ့ရလေ သည်။ မျက်စိပျက် မျက်နှာပျက်ဖြင့် ဝင်လာသည့် သူ့ကို မေမေက စိုးရိမ်တကြီး မေးလေ၏။

"သားလေး ဘာဖြစ်လာပြန်ပြီလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး မေမေ ...ကျွန်တော် နားချင်လို့ အပေါ်ကို တက်တော့မယ်နော် ..."

"တစ်ခုခုသောက်ဦးမလား သား ..."

"မသောက်တော့ဘူး မေမေ ..."

ညနေစောင်းတော့ ကားရပ်သံနှင့်အတူ အပေါ်ထပ်သို့ ကိုကို လာသံကို ကြားရပါ၏။ ထုံးစံအတိုင်း သူ့အခန်းတံခါးကို တွန်းဖွင့်ကြည့်စဉ် အိပ်ရာထက် လှဲနေတာကို မြင်သွားရ၍ ပြုံးပြုံးဖျားဖျားဖြင့် ကိုကို ဝင်လာလေသည်။

"နေမကောင်းဘူးလား ညီ ...မှန်း ..."

နဖူးကို လက်ဖြင့် စမ်းကာ မေးလေသဖြင့် သူ ခေါင်းခါပြလိုက်ပါ၏။ ကိုကို သူ့အပေါ်မှာ အတော်ချစ်ရှာတာပါလား ...ဟုတ်တယ် သူ့အပေါ်မှာ လူတော်တော်များများ ချစ်ကြပေမယ့် မချစ်တာဆို၍ သူ့မ တစ်ဦးသာရှိတာလေ ...တစ်သက်တာ ...မင်း ကိုယ့်ကို မုန်းနေတုန်းပဲ မဟုတ်လား ...။

"နေကောင်းပါတယ် ကိုကို ..."

"အိပ်ရာထဲ ခွေနေတော့ ကိုကို စိတ်ပူသွားတာပေါ့"

ကိုကိုက သူ လှဲနေသည့် ခုတင်ပေါ်တက်ထိုင်ကာ Necktie ကို ဖြေလျှော့လိုက်လေ၏။ Suit အပြာရင့်ကို ဝတ်ထားပေမယ့် ကိုကို့ ရုပ်က ရင့်မသွားပါလေ ...။

"ကျွန်တော် သိလာခဲ့ပြီ ကိုကို ..."

"ဘာကိုလဲ ညီ ..."

"ကျွန်တော့်ကို ကယ်ခဲ့တဲ့ အသက်သခင်ကိုပေါ့ ..."





"ဟင်! ဘယ်သူ ...ဘယ်သူတဲ့လဲ ..."

"ကျွန်တော့်ကို သိပ်ချစ်နေတယ်ဆိုတဲ့ မိန်းကလေး တစ်ယောက်ပါ ကိုကို၊ ကျွန်တော့်ကြောင့် သူ ကျောင်းတောင်မှ ထွက်လိုက်ရတယ်တဲ့ ..."

"နာမည်ကရော ..."

"အလကာ့တဲ့ ..."

"ဘာ"

"ကိုကို သိလို့လားဟင် ..."

သီဟ အကြီးအကျယ် မျက်နှာပျက်သွားပါ၏။ ထင်တော့ ထင်သား။ ဘာကြောင့် 'ကာ' ခြေထောက်ဖြစ်သွားသလဲဆိုတာ အခုမှ သေချာသိလိုက်ရတာပါလား ...ဘုရားရေ ...'ကာ' ချစ်နေတဲ့ ကောင်လေးဟာ သူ့ရင်နဲ့အမျှချစ်ရတဲ့ သူ့ရဲ့ညီလေး ဖြစ်နေတာကိုး ...။

"ကိုကို သိပါတယ် ..."

"တကယ်လားဟင် ..."

"သူက ဦးအောင်မြင့်ရဲ့ သမီးလေး ...ကိုကိုနဲ့ လေး၊ ငါးခါ လောက် စကားပြောဖူးပါတယ် ..."

"သူ ....သူ ခြေထောက်သက်သာရဲ့လား ကိုကို ..."

"သက်သာပါတယ် လမ်းလျှောက်နိုင်ပါပြီ ဒါပေမယ့် အပြင်ကိုတော့ သိပ်မထွက်ဘူး ..."

"တော်ပါသေးရဲ့ ... ကျွန်တော်က သူ့အသက်တောင်မှ ရှင်သေးရဲ့လားလို့ တွေးပူနေမိတာ ..."

သူ ညီ့လက်လေးကို အသာဆုပ်ကိုင်ထားလိုက်မိ၏။ ညီ့ မင်း 'ကာ့'



www.burmeseclassic.com

www.burmeseclassic.com



ကို ကရုဏာတွေ ယိုဖိတ်ပြီးချစ်များချစ်သွားပြီလား ...ဒါဆိုရင် ဒါဆိုရင်တော့ ...ကိုကို နောက်ဆုတ်ပေးရတော့မှာပေါ့ ညီရယ် ... ဘာဖြစ်လို့လဲ ဆိုတော့ ...'ကာ့' ကို ကိုကိုက သိပ်ချစ်နေမိလို့ပါ ...။

"ကျွန်တော် သူ့ပုံစံကိုတော့ သိပ်မမှတ်မိဘူး ... ကျွန်တော့်ကို ပြောပြပါလား ကိုကို ..."

"သူက ဆံပင် စင်းစင်းလေးပေါ့ ကျောလယ်သာသာရှည်တယ် ကိုယ်ခန္ဓာကတော့ ခပ်သွယ်သွယ်ပဲ ...မျက်လုံးလေးတွေက အညို ရောင်တောက်တောက်လေး အနေအေးတယ် ...စကားနည်းတယ် အရယ်အပြုံးရှားတယ် ...ညီ့လိုပဲ ကဗျာတွေ စပ်တယ် ...ပြီးတော့ မိန်းကလေးပီသတယ် ...ဒါပေမယ့် ..."

"ကိုကို သူ့ကို စကားပြောတော့ ဘယ်လိုခေါ်သလဲဟင်"

"ကာ လို့ ခေါ်တယ် ..."

"ကာ ဟုတ်လား ...တစ်မျိုးလေးပဲနော်"

ညီက ဖက်လုံးကို ပွေ့ပိုက်လျက် ငြိမ်သွားလေ၏။ သူ့ မျက်နှာကို အတတ်နိုင်ဆုံး ပြင်နေရပါသည်။ သူ့ရင်ထဲက မီးတောက်ကို ညီ မသိ စေလိုပါလေ ...။

"ထူးဆန်းလိုက်တာနော် ...ဒီလောကကြီးထဲမှာ ကျွန်တော့်ကို ဝိုင်းချစ်နေကြတဲ့ လူတွေချည်းပဲ ...သူလည်း ကျွန်တော့်ကို သိပ်ချစ် တာတဲ့ ...သူငယ်ချင်းတွေကလည်း ပြောတယ် ..."

"ဟုတ်မှာပေါ့ ..."

"ဒါပေမယ့် ကျွန်တော့်ကို မုန်းနေတဲ့ မိန်းကလေးတစ်ယောက် လည်း ရှိသေးတယ်လေ ..."





"ဘယ်သူလဲ ညီ ..."

"တစ်သက်တာ ပေါ့ .."

"အခု သူ ညီ့ကို မုန်းသေးလို့လား"

"မပြောတတ်ဘူး ..ကျွန်တော် နေမကောင်းဖြစ်ပြီး နားနေတုန်း က ကျောင်းမှာ ခဏ ခဏ လာရှာတယ်တဲ့ ...သူလည်း ဂစ်မျိုးလေး ပါပဲ ..."

"သူ ညီ့ကို မမုန်းတော့ဘူး ထင်ပါတယ်လေ ..."

"ကျွန်တော် သူ့ကို ကျေးဇူးတင်နေမိတယ် ..."

"ဘယ်လို ..."

"သူ ကားနဲ့ တိုက်လိုက်လို့ အလက်ဘ့ကို ပြန်မှတ်မိသွားရတာ လေ ..ကျွန်တော် ဆုံးဖြတ်လိုက်ပြီ ကိုကို ... ကျွန်တော့်ရဲ့ ကျေးဇူး ရှင်လေးကို တစ်ခုခုတော့ ပြန်ပေးဆပ်ရမယ်ဆိုတာပေါ့ ..."

သူ သက်ပြင်းရှိုက်လိုက်ပါ၏။ ကိုယ်တို့ အဖြစ်က အစကတည်း က မရေရာခဲ့တာပါလား 'ကာ' ရယ် .. မေ့နေတဲ့ အတိတ်ကို ညီသတိရ သွားတာ ကိုယ်ကျေနပ်ပေမယ့် အခုလို 'ကာ့' ဘက် ယိုင်လဲသွားတဲ့ စိတ်ကိုတော့ ကိုယ်မနှစ်မြို့က်လှဘူး ...ဒါပေမယ့် ကိုယ်ကမှ 'ကာ့' ကို မပိုင်ဆိုင်တာပဲလေ ...။

"အလက်ဘ့ အိမ်လိပ်စာနဲ့ Phone နံပါတ်ရှိရင် ကျွန်တော့်ကို ပေး ပါလား ကိုကို ..."

"စာမေးပွဲပြီးမှပဲ ဆက်သွယ်ပါလား ညီ ..."

"ဟုတ်ကဲ့ ...ကျွန်တော် နားလည်ပါတယ် ကိုကို ရ"

ခေါင်းငိုက်စိုက်ဖြင့် အခန်းထဲမှ ထွက်သွားသည့် ကိုကို့ ကျောပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်ရင်း သူပြုံးလိုက်မိသည်။ ကိုကိုရေ ... ကိုကို့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ညီသိနေပါတယ် ...ကိုကို အလင်္ကာ့အပေါ်မှာ ချစ်မြတ်နိုးနေပြီ မဟုတ်လား ..ဒါကြောင့် ဒီလောက် မျက်နှာပျက်နေတာပေါ့ ...။

အပေါ်ထပ် ညှော်ခန်းမှာ ထိုင်၍ ဂဏန်း (၆) လုံးကို သူလှည့်လိုက်ပါ၏။ ည (၈) နာရီပဲ ရှိသေးတာမို့ အလင်္ကာမအိပ်လောက်သေးဘူး ထင်ပါရဲ့ ...။

"ဟဲလို ...."

"ဦးအောင်မြင်အိမ်ကပါလား ခင်ဗျာ ..."

"ဟုတ်ပါတယ် ..."

"ကျွန်တော် အလင်္ကာနဲ့ စကားခဏလောက်ပြောချင်လို့ပါ ..."

"သားက ဘယ်သူလဲ ...အန်တီက အလင်္ကာရဲ့ မာမီပါ ..."

"ကျွန်တော့် နာမည် ဖေယျာပါ အန်တီ ..."

"ခေါင်းရော ကိုက်နေတတ်သေးလား"

"နည်းနည်း ပါးပါးတော့ တစ်ခါတလေ ကိုက်တတ်ပါတယ် အန်တီ .. သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး ..."

"ဝမ်းသာပါတယ် သားရယ် ...သမီးက ထမင်းစားပွဲဝိုင်းကူသိမ်းပေးနေလို့ မတက်လာသေးဘူးသားရဲ့ ...ခဏလေးစောင့်ဦးနော် ..."

"ဟုတ်ကဲ့ .. ရပါတယ် အန်တီ .."

"သား မေမေရော သက်သာရဲ့လား"

"သက်သာပါတယ် အန်တီ ...ဒီလိုပဲ ဆေးသောက် ဂရုစိုက်နဲ့ စိတ်ချမ်းသာအောင် ထားနေရတာပါပဲ ..."





"ခင် စိတ်ချမ်းသာအောင်ထားရတာလား ...ခင်က သားကို စိတ်ချမ်းသာအောင် ထားတာလား သားရဲ့ ..."

"ဟာဗျာ ...အန်တီကလည်း"

"ဟင်း ဟင်း ဟင်း သားကို ခင် ဘယ်လောက်ချစ်မှန်း အန်တီသိပါတယ် သားရဲ့ ...သားက ခင့်အဖေနဲ့ ရုပ်ရော ဝါသနာပါတူလို့ ခင့်အသည်းကျော်ဖြစ်နေတာက အစ သိနေတာပါနော်"

"အန်တီ မသိတာတွေ အများကြီးရှိပါသေးတယ်ဗျ"

"ဟုတ်လား ..ဘာတွေများလဲ သားရယ် ..."

"အခု လောလောဆယ်တော့ မပြောနိုင်သေးတာ ခွင့်လွှတ်ပါ အန်တီ ..."

"အမယ် သားက လျှို့ဝှက်တတ်တယ်ပေါ့လေ ..."

အပေါ်ထပ်သို့ လှေကားမှ တက်လာခဲ့စဉ် Phone ပြောရင်း ရယ်နေသည့် မာမီ့ကို မြင်လိုက်ရပါ၏။ ဘာတွေများပြောပြီး သဘောကျနေတာပါလိမ့် ...။

"ဟော! သမီးတက်လာပြီ သား ပြောလိုက်နော်"

"ဘယ်သူလဲ ...မာမီ ..."

"ပြောကြည့်ရင် သိမှာပေါ့ သမီးရယ်"

Phone ကို လက်ထဲထည့်ပေးကာ အိပ်ခန်းထဲသို့ မာမီဝင်သွားပါ၏။ သားတဲ့ ဘယ်သူပါလဲ မာမီရယ် ...။

"ဟဲလို ...!"

"အလင်္ကာလား ကျွန်တော်ပါ ..."

ဘုရားရေ ...ကျွန်တော်တဲ့ ...ဒါ ဒါ သူပါလား ...သူမှ သူအစစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဟုတ်တယ် ...ဘယ်လိုပဲ ကြားရကြားရ သူ့အသံကို သူမ အလွတ်ရနေခဲ့တာလေ ...။

"မှတ်မိလား အလက်ဇ် ..."

"ဇေ ...."

"ဟုတ်တယ် ...ဇေယျာပါ အလက်ဇ် ...ကျွန်တော် အလက်ဇ့်ကို ကျေးဇူးတင်စကား ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ...ကျွန်တော့်ကြောင့် နစ်နာမှုတွေ အများကြီးရှိသွားတဲ့ အလက်ဇ့်အတွက် ကျွန်တော် ဘာပြန်လုပ်ပေးရမလဲဟင် .."

"ရပါတယ် ဇေ ...နေပါစေ ..."

"အလက်ဇ် ဘာဖြစ်ချင်လဲဟင် ...ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါ ...ဘာလိုချင်သလဲ ကျွန်တော်တတ်နိုင်သလောက် အစွမ်းကုန်လုပ်ပေးချင်လို့ပါ ..."

ဘာဖြစ်ချင်သလဲ ...ဘာလိုချင်သလဲတဲ့ ...ဟုတ်လား ဇေ ...'ကာ' လိုချင်နေတုန်းက ဇေမှ မပေးခဲ့တာပဲ အခု 'ကာ့' ဘဝ ဒုက္ခိတဖြစ်သွားမှ ဇေ ချစ်ခြင်းတွေပေးလာတော့ 'ကာ' က လက်သင့်ခံရမှာတဲ့လားဟင့်အင်း ...'ကာ' မတရားသလိုဖြစ်သွားမှာပေါ့ဇေ ...'ကာ' ဇေ ထိုက်တန်တဲ့သူမှ မဟုတ်တာပဲ ...ပြီးတော့ ပြီးတော့ ...ညီမလေးတာတာကလည်း ဇေ့ကို သိပ်ချစ်နေရှာတယ်လေ ...။

"ဇေ့ဆီက 'ကာ' ဘာမှ မလိုချင်ပါဘူး ..."

"သေချာလား အလက်ဇ် ..စဉ်းစားပါဦး ..."

"သေချာပါတယ် ဇေ ...ဘာဆိုဘာမှ မယူပါရစေနဲ့တော့ ...'ကာ' Phone ချလိုက်ပြီနော် ..."





Phone ကို အမြန်ချလိုက်ပြီး အသာငေးစိုက်ကြည့်နေမိ၏။ တာတာရေ ...သူက မမဆီပြန်ရောက်ချင်လာပုံပဲ ...ဒါပေမယ့် မမ လက်သင့်မခံတာကို ညီမလေးနားလည်ပေးနိုင်ပါစေလေ ...။

Answer Paper ကို Teacher လက်ထဲထည့်ပြီး ချိန်မှ သက်မကို ချလိုက်၏။ ဒီနေ့ နောက်ဆုံးရက်မို့ လူက ပေါ့ပါးသွားရပါသည်။ သင်တန်းတွေတက်တန်တာတက်ပြီး ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်ရတော့မှာမို့ သူ ပျော်နေမိ၏။ ကဗျာတွေကိုတော့ ညဘက်အားမှပဲ ရေးဖြစ်တော့မှာလေ ...ကဗျာဆိုတော့ သူနဲ့ ဝါသနာတူသည့် အလက်ဇ့်ကို ဖျတ်ခနဲ သတိရသွားမိသည်။ အခုချိန် ဘာများလုပ်နေမလဲ အလက်ဇ် ...။

သူတို့ အုပ်စု အခန်းထဲမှထွက်လာခဲ့စဉ် Corridor မှာ ရပ်စောင့်နေသည့် သူမကို မြင်လိုက်ရလေ၏။ ဘာများလာလုပ်တာပါလိမ့် ...။

"ဇေယျ ...."

"ဘာကိစ္စရှိလို့လဲ တစ်သက်တာ ..."

"တာတာ ရှင့်ကို တောင်းပန်ချင်လို့ပါ"

"ဘာကို တောင်းပန်ချင်တာလဲ ..."

"ဇေယျကို ဇေယျကို တာတာ ကားနဲ့ တိုက်ခဲ့မိတာလေ ..."

"ဟုတ်လား ...ကျွန်တော် သိပ်မမှတ်မိတော့ဘူး တစ်သက်တာရဲ့ ..."

"ရှင်"

"ဟုတ်တယ် အခုတစ်လော ခေါင်းထဲမှာ ရှုပ်ထွေးနေလို့ စာတောင် မနည်းကျက်ခဲ့ရတာဗျ..ဒါပေမယ့် တစ်သက်တာကို ကျွန်တော်က ပြန်ပြီးတော့တောင် ကျေးဇူးတင်ရဦးမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာလို့လဲဟင် ..."

"ကျွန်တော် မေ့နေတဲ့ အတိတ်ကို ပြန်သတိရသွားလို့လေ"

"ရှင် .."

"ကျွန်တော်တို့ပွဲကို ပြေငြိမ်းလိုက်ကြစို့ တစ်သက်တာ၊ တစ်သက်တာ နိုင်ချင်တယ်ဆိုရင်လည်း အနိုင်ပေးလိုက်ပါ့မယ် ...ဒါပေမယ့် တစ်သက်တာ သဘောတူတဲ့သူကိုတော့ ကျွန်တော် လက်မခံပါရစေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ရွေးချယ်ရမယ့် မိန်းကလေးက အဆင်သင့်ရှိနေလို့ပါ ..."

"ရှင်"

"သူနာမည်က အလင်္ကာတဲ့ ...ကျွန်တော့်ကို သိပ်ချစ်တဲ့ ကျွန်တော့်ရဲ့ အသက်သခင်လေးပေါ့ .."

"ဟင်"

"သွားပါဦးမယ် ..."

ကျောက်ရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည့် သူမကို ကျောပေးကာ ဆက်လျှောက်လာခဲ့၏။ ဝေထွန်းတို့ အုပ်စုက သူ့နောက်မှ အပြေးအလွှားလိုက်လာကြပေသည်။

"ဖေယျ မင်း ဘယ်လို ပြောလိုက်တာလဲ ...ဟိုမှာ ကောင်မလေး ငိုကျန်ရစ်ခဲ့ပြီ ..."

"ထားခဲ့လိုက်ပါကွာ ...ဒီလောက်ဆိုးတဲ့ ကောင်မလေးကို နည်းနည်းပါးပါး ဒဏ်ပေးလိုက်တာပါ ..."

"ဟာကွာ သနားပါတယ် ..."

"မသနားပါနဲ့ကွ ...မင်းတို့ မသိသေးပါဘူး ...ဒီကောင်မလေးက





ငါ့ကို မုန်းနေတာလေ ...ဒီတော့ အချစ်ဆိုတာ ဘာလဲဆိုတာကို သင်ခန်းစာပေးလိုက်တာပါပဲ ...တစ်နေ့ သူ ချစ်တတ်လာမှာပါ ..."

သူငယ်ချင်းတွေက ဘာမှ နားမလည်ပုံဖြင့် ခေါင်းကုတ်လိုက်ကြလေ၏။ သူတစ်ယောက်တည်း ကျိတ်ပြုံးလိုက်မိပါသည်။ တာတာ မင်းကို ညီမလေးလို့ ခေါ်တဲ့ ကိုကို့ကို သတိတရရှိသေးရဲ့လား ကိုကိုက မင်းနဲ့ ကိုယ့်ကို သဘောတူထားတယ် ...ကိုယ်ကတော့ ကိုကိုနဲ့ အလင်္ကာကို သဘောတူထားတာပေါ့ ..ဒါပေမယ့် ကိုယ်တို့ မျှော်လင့်ထားတဲ့အတိုင်းဖြစ်ချင်မှလည်း ဖြစ်လာမှာပါ ...ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် အသက်ကိုပိုင်တဲ့ အလင်္ကာရဲ့ အဆုံးအဖြတ်အပေါ်မှာ မူတည်နေလို့ပါလေ ...အကယ်၍များ အလင်္ကာက ကိုယ့်ကိုပဲ ရွေးချယ်မယ်ဆိုရင်တော့ မင်းကိုရော ကိုကို့အတွက်ပါ ဝမ်းနည်းပါတယ်ဆိုတဲ့ စကားလုံးကလွဲပြီး ကိုယ် ဘာမှ ပြောခွင့်မရှိတော့ပါဘူး။

မျက်ရည်လည်ရွဲဖြင့် ရောက်လာသည့် ညီမလေးကို တအံ့တသြဖြင့် သူမ ကြည့်လိုက်ပါ၏။ ဘာများဖြစ်လာတာပါလိမ့် ...အပေါ်ထပ် အိပ်ခန်းထဲသို့ တစ်ခါတည်းဝင်သွားသဖြင့် နောက်မှ အသာလိုက်လာခဲ့မိသည်။

"တာတာ ...ညီမလေး ...ဘာတွေဖြစ်လာလို့လဲကွယ် ...."

"မမ ...တာတာ ...တာတာ သူ့ကို သွားတွေ့ခဲ့တာ"

"ဟင်! ဟုတ်လား"

"သူ့ကို သူ့ကို တာတာ တောင်းပန်တော့ သူက ကျေးဇူးတင်ပါတယ်တဲ့ ...ပြန်ပြောတယ် ..."

"အဲဒါနဲ့ ညီမလေးက ငိုရောလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မငိုမိအောင် တာတာထိန်းတာပဲ မမရဲ့ သူက ...သူက ...မမကိုပဲ ချစ်တာတဲ့ ...မမကိုပဲ ရွေးမယ်လို့ပြောလိုက်တာနဲ့ ဝမ်းနည်းမိပြီး ငိုချလိုက်တာပဲ ..."

"ဖြစ်ရလေ ညီမလေးရယ် ...သူက မမကို ချစ်ပါတယ်လို့ မပြောသေးပါဘူး ..."

"ဟင်! မမနဲ့ ဘယ်တုန်းကတွေ့တာလဲ ..."

အငိုမျက်ဝန်းတို့နှင့် မော့ကြည့်လာသည့် ညီမလေးကို သူမ အသာပွေ့ဖက်ထားလိုက်မိသည်။ သူရွေးချယ်မှာ မမကို ချစ်လို့မှ မဟုတ်ဘဲ တာတာရယ် ...သူ့အသက်ကိုကယ်ဖူးတဲ့ အချက်လေး တစ်ချက်နဲ့ မျက်စိမှိတ်ရွေးချယ်လိုက်တာမျိုးပါ ...မမ သူ့ကို ကယ်ခဲ့တာ အသက်ကိုပါလေ... နှလုံးသားကိုမှမဟုတ်ဘဲ ...သူ့ရင်ထဲက နှလုံးသားကို သူပဲပိုင်တာမို့ သူ့နှလုံးသားရဲ့ အလိုအတိုင်းသာ ဆုံးဖြတ်သင့်ပါတယ်။

"ဟိုတစ်ညကပဲ သူ Phone ဆက်တယ် ..."

"မမကို ဘာတွေပြောလဲဟင် ..."

"မမ ဘာဖြစ်ချင်သလဲ ...ဘာလိုချင်သလဲတဲ့ ..."

"ဟင် ..."

"မမ သူ့ကို မချစ်တော့ဘူး ..."

"အို မဟုတ်တာ ...မမကလည်း ..."

"ဟုတ်တယ် ...ကျောင်းတက်တုန်းက စိတ်ကူးယဉ်ပြီး သူ့ကို ချစ်တယ်လို့ထင်ခဲ့မိတာ ...အခု မမရင်ထဲမှာ သူမှ မရှိတော့တာပဲ ..."

"အဲဒီလိုဖြစ်တတ်လားဟင် ...ဒါဆို တာတာ သူ့ကိုချစ်နေတာ ရော





စိတ်ကစားတာမျိုးပဲလား ..."

ကိုယ့်ကိုကိုယ် သံသယဝင်သွားသည့် တာတာ့ကို ကြည့်ကာ သူမ နှမ်းလျစွာဖြင့် ရယ်လိုက်ပါ၏။ ဘယ်လောက်ပဲ စိတ်မာတယ်ပြောပြော မိန်းကလေးက မိန်းကလေးပါပဲ တာတာရယ် အားငယ်တတ်တာ ဝမ်းနည်းတတ်တာတွေဟာ အားနွဲ့တဲ့ မိန်းကလေးတွေမှာ သာရှိနေတတ်တာမျိုးလေ ...

"သမီးကြီးရေ ...အန်တီလေးနဲ့ လိုက်မလို့ဆို ..."

အခန်းဝရောက်လာသည့် အန်တီလေးကို လှည့်ကြည့်ကာ တာတာက မျက်ရည်ကို ခပ်မြန်မြန်သုတ်လိုက်လေ၏။

"ဘယ်သွားမလို့လဲဟင် ..."

"ဈေးကိုပါ တာတာရဲ့ ...သမီး လိုက်ချင်လို့လား ..."

"ဟင်အင်း မလိုက်တော့ပါဘူး ..."

"စာမေးပွဲပြီးတာ ဘာမှ မကြာသေးဘဲ ...အေးအေးဆေးဆေး နားပေါ့သမီးရဲ့ ...လာ "ကာကာ" မမှောင်ခင်ပြန်ရအောင် ...တော်ကြာ သမီးဒက်ဒီစိတ်ပူနေဦးမယ် ..."

အန်တီလေးနှင့်အတူ ကားဖြင့်ထွက်လာခဲ့၏။ အထည်ဆိုင်တွေဘက် ခပ်ဖြည်းဖြည်းလျှောက်ကာ ဝယ်ချင်တာလေးတွေ ရွေးကြ၏။ သူ့အတွက် ဆွယ်တာလက်ရှည်ထိုးနေတာ ချည်မလောက်တာမို့ ပေါင်တစ်စိတ်ခန့် ထပ်ဝယ်နေစဉ် နောက်ပါးမှ လူတစ်ယောက် လာရပ် သဖြင့် လှည့်ကြည့်လိုက်မိသည်။

"ဟင် ..."

"ဈေးလာဝယ်တာလား ...ကာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"ဩော် ..ဘယ်သူများလဲလို့ ...မောင်သီဟာကိုး ဘယ်ကလာတာ လဲသား ..."

"ဒီနေ့ ကုမ္ပဏီ စောဆင်းတာနဲ့ မေမေမှာလိုက်တဲ့ ချည်လာဝယ် တာပါ အန်တီ ...ကျွန်တော် သိပ်မရွေးတတ်ဘူးခင်ဗျ ..."

"သား မေမေလည်း သိုးမွှေးထိုးတာပဲလား"

"ဟုတ်ကဲ့ ဖေဖေ့အတွက်ပါဗျာ ... ကျွန်တော်တို့ ညီအစ်ကို အတွက် မပါပါဘူး ..."

"ဘာရောင်မှာလိုက်လို့လဲ ... အန်တီရွေးပေးမယ်လေ ..."

"မီးခိုးရောင် ဖျော့ဖျော့နဲ့ အရင့်ပါ အန်တီ ..."

ဒေါ်သက်ထား သိုးမွှေးလုညှို့ရွေးနေစဉ် သူက 'ကာ့' အနီးမှာ ရပ်နေလိုက်ပါ၏။ ညီလေးက မင်းကို ရွေးချယ်တာတဲ့ 'ကာ' ကိုယ် ဘာဆက်လုပ်ရမှာလဲ ...။

"ကိုကို့မွေးနေ့က ဘယ်နေ့လဲဟင် ..."

"ဘယ်လို ..."

သုံ့ တအံ့တဩဖြင့် သူမကို ငုံ့ကြည့်လိုက်မိလေ၏။ သူမက အန် တီလေးကို လှမ်းကြည့်ကာ တိုးတိုးလေးထပ်ပြောလိုက်ပြန်သည်။

"ကာ' ကိုကို့မွေးနေ့အတွက် ဆွယ်တာလေး ထိုးနေတာပြီးတော့ မယ် ..."

"ဝမ်းသာလိုက်တာ 'ကာ' ရယ် ..တကယ်ပါပဲ ကိုယ့်ကို ကိုကိုလို့ လည်း ခေါ်လိုက်တယ်ပေါ့လေ ..."

သူက ဝမ်းသာအားရဖြင့် သူမ လက်ဖျားလေးကို တင်းတင်း





လေးဆုပ်လိုက်မိရာ သူမ မျက်နှာလေး ပန်းရောင်သမ်းသွားလေသည်။ အို ..ဘယ်လိုပါလိမ့် ဒီလောက်လေး ခေါ်ရုံနဲ့ ဒီလောက်ထိပျော်စရာ လိုလို့လား ကိုကိုရယ် ...။

"ဘာလုပ်တာလဲ ...လွှတ်ပါ ..."

"Sorry ကိုယ် အရမ်းပျော်သွားလို့ပါ 'ကာ့' ..။

"အဲဒါ 'ကာ' ဘယ်လိုပေးရမလဲလို့ စဉ်းစားနေတာ ..."

"ဒါများ 'ကာ' ရယ် ...ကိုယ့်မွေးနေ့ကို လာတော့ပေးပေါ့ ..."

"ဟင်အင်း ...'ကာ' လာဖြစ်မှာ မဟုတ်ဘူး ..ဒက်ဒီက ခေါ်မှာမှ မဟုတ်တာ ..."

"မခေါ်ရင် ခေါ်လာအောင် ကိုယ်ပြောပေးမှာပေါ့ 'ကာ' ရဲ့ အန် ကယ်နဲ့ ဒီလောက် ရင်းနှီးနေတဲ့ ဟာကို ..."

"မဖြစ်ပါဘူး ...'ကာ' လူတွေကြားထဲ မသွားရဲဘူး ..."

"ဘာလို့ မသွားရဲရမှာလဲ 'ကာ' ရဲ့ ...ကိုယ် တစ်ယောက်လုံးရှိ နေတာပဲ ...'ကာ' တို့ မိသားစု အကုန်လုံးကို ဖိတ်ရင် 'ကာ' မလာလို့ မရဘူးလေ ...မဟုတ်ဘူးလား ..."

"မလာချင်ပါဘူး ..."

"ကာ မလာရင် ကိုယ်ပဲ 'ကာ'တို့ အိမ်ကိုလာယူမယ်လေ ..."

"အမလေး မလုပ်ပါနဲ့ ...အိမ်က လူတွေတွေ့သွားရင် 'ကာ' အဆူခံရမှာ ..."

"ကလေးမှ မဟုတ်တော့ဘဲ 'ကာ' ရဲ့ ဆူစရာလား"

သူမ မျက်စောင်းလေး သူ့ထံရောက်လာတော့ သူရယ်လိုက်မိ သည်။ အတော်ချစ်ဖို့ကောင်းတဲ့ မျက်စောင်းလေးပါလားနော် ညီကို ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မျက်စောင်းမျိုးထိုးခဲ့ဖူးသလား 'ကာ' ရယ် ...။

"ကာ့' ကို ဒက်ဒီဆူတာဖြင့် ကိုကိုမသိဘဲနဲ့ ..."

"အဲဒါ 'ကာ' ရည်းစားထားလို့ ဆူတာနေမှာပေါ့ ..."

"ဟင် မထားပါဘူး ..."

"ထားမှာပါ ..ဒါကြောင့် ကိုယ်တို့ယောကျ်ားလေးတွေနဲ့ မပတ်သက်ဖို့ တားတာပေါ့ ...ကျောင်းတက်တုန်းက ဘယ်ကောင်လေးကို သွားကြိုက်သလဲမှ မသိတာ ..."

"ကိုကိုနော် ...'ကာ့' ကို အဲဒီလို မပြောနဲ့ ..."

"လက်မောင်းကို ဆွဲဆိတ်လိုက်တော့ သူက ပြုံးစိစိဖြင့် ကြည့်လေ၏။ ကြည့်စမ်း! ဒါ သူ့ တမင်သက်သက် လိုက်စတာပါလား ...။

"ကာ' စိတ်ကောက်တာမြင်ဖူးချင်လို့ပါ ..."

"ကာ' က စိတ်ကောက်ရင် ဘယ်သူနဲ့မှ စကားမပြောတော့ဘူး ..."

"အဲဒီလိုတော့ မလုပ်ပါနဲ့ ...ကိုယ်နဲ့တော့ Phone ပြောပါ 'ကာ့'ရဲ့"

"မပြောချင်တော့ပါဘူး ..."

"ပြောပါ ..ညမှ Phone ဆက်ပြီး ပြောကြမယ်လေ ...နော် ..."

အန်တီလေးလှည့်လာတာမို့ စကားကိုရပ်ပစ်လိုက်ပါ၏။ ချည်ဖိုးတွေရှင်းပေးပြီး အိမ်ကိုပြန်လာခဲ့စဉ် အခန်းအောင်းနေသည့် ညီကို တွေ့ရလေသည်။

"ညီ ...ဖြေနိုင်ရဲ့လား ..."

"ဖြေနိုင်ပါတယ် ကိုကိုရ ..."

"နေရောကောင်းရဲ့လား ..."

"ကောင်းပါတယ် ..."





"ဘာဖြစ်လို့ အိပ်ရာထဲ ခွေနေရတာလဲ ..."

"နေ့လယ်က ငတိမကို စလာခဲ့ရလို့ ကျိတ်ပြီး ပျော်နေတာပါ ..."

"လုပ်ချလိုက်ပြန်ပြီ ...ဘာသွားစခဲ့တာလဲ ..."

"ငါတို့ပွဲကို သိမ်းလိုက်ပြီလို့ သရေပဲလို့ ပြောလိုက်တာ ...ပြီးတော့ သူ ပေးစားချင်တဲ့ ကောင်မလေးကို ခေါင်းခါပြီး ကျွန်တော် ချစ်တဲ့ သူကိုပဲ ယူမှာလို့ ..."

"ဟင်! ညီပဲ သူ့ကို ချစ်တယ်ဆို ..."

"အင်းလေ ..."

"ဒါဖြင့် ညီချစ်သူက ဘယ်သူမို့လဲ ..."

"အလကားလို့ ပြောလိုက်တယ် ..."

"ဟာကွာ ..."

ညီက အားပါးတရ ရယ်လိုက်လေ၏။ အချစ်ကို ကစားစရာလို့ သဘောထားပြီး ပျော်နေတာလား ညီရယ် ...ကောင်မလေး နှစ်ယောက်စလုံးကို ဒုက္ခမပေးချင်ပါနဲ့လား...အထူးသဖြင့် ညီ့အပေါ် သိပ်ချစ်ရှာတဲ့ 'ကာ့'ကို ငဲ့ညှာ သနားသင့်တာပေါ့ ...။

"စိတ်တော့ မကောင်းပါဘူး ..ကိုကိုညီမလေး ငိုပြီး ကျန်ရစ်ခဲ့ တာ ..."

"ညီကလည်း သူ့ခမျာ သနားပါတယ်...."

"ဒီကောင်မလေးက ကျွန်တော်နဲ့ စတွေ့ကတည်းက ကျွန်တော့်ကို ဒုက္ခပေးခဲ့တာ ...ဒီတစ်ခါ သူ့အလှည့်ပဲ ကောင်းကောင်းကို Lesson ပေးရမယ် ..."

"သူ မျက်ရည်ကျတဲ့ အထိတော့ မလုပ်ပါနဲ့ ညီရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော် ဘယ်လိုဖြစ်ပြီး သူ့ဘက်က နာနေရတာလဲ .. ဘာလဲ သူ့ကို စိတ်ဝင်စားနေပြီလား ..."

"ဘယ်ကလာ ...ကိုကို စိတ်ဝင်စားတာက သပ်သပ် တစ်ယောက်ပါ ..."

"ဘယ်သူလဲ ..."

"ညီ မသိပါဘူး"

"ဪ ..ကျွန်တော်သိမှ ကူညီလို့ရမှာပေါ့ .. စောစောစီးစီး ပြောနော် ...ရှေ့တစ်ပတ်ဆို သင်တန်းတွေ စတက်ရလို့ အားတော့မှာ မဟုတ်ဘူး"

ဘယ်လို ပြောရပါ့မလဲညီ ကိုကိုချစ်နေမိတဲ့ မိန်းကလေးက ညီ့ကို အရင်ဆုံး ချစ်ခဲ့ဖူးတာလေ ...အလကားဆိုပြီး ကိုယ်ဘယ်လို ဖွင့်ပြောရဲမှာလဲ ...။

"ပြောလေ ကိုကိုရ ..."

"မသိချင်စမ်းပါနဲ့ ညီရာ ..."

"မပြောရင်ပြောအောင် ကျွန်တော် လုပ်မှာနော် ..."

"ဟော့ကောင် ..."

ညီက သူ့ခါးကို တို့ကာ စတော့ သူ လူးလိမ့်အော်ဟစ်ရလေ၏။ နဂိုကတည်းက ဘယ်နားထိထိ သူက ယားတတ်သည့်သူလေ ...။

"ညီနော် မလုပ်နဲ့ကွ ...ယားတယ် ..."

"ပြောလေ ...ပြောဆို ..."

"ပြောမယ် ပြောမယ် ရပ်တော့ ငါမောလာပြီကွ ..."

"ဟဲ့! ဟိုညီအစ်ကိုတွေ ဘယ်လိုဖြစ်ပြီး သူငယ်ပြန်နေကြတာ လဲ





..."

"မေမေ့သား ကျွန်တော့်ကို ကလိလိုက်ထိုးနေလို့ ..."

"အားလေးနော် .."

"မေမေ့ သားကြီးက သူ့ချစ်သူ နာမည်ကို မပြောလို့ လုပ်တာပါ မေမေရ ..."

"အံမယ် ...သားကြီးတောင် ချစ်သူရနေပြီလား ..."

"ရနေပြီပေါ့ မေမေရ ...ညညကျ အခန်းထဲမှာ ငြိမ်ပြီး Hand Phone နဲ့ ခိုးဆက်နေတာကြာပြီ ..."

"ဟော့ကောင် ..."

"ဟုတ်လား သား မေမေတို့ ဘယ်တော့လိုက်တောင်းပေးရမ လဲ"

"ဟား ဟား ဟား၊ မေမေက ကိုကို့ကို အထင်တွေ စွတ်ကြီး နေ... မေမေ့သား ဖွင့်တောင်မပြောရသေးဘူး ..."

"ဟာ ..ညီကတော့ ရှုပ်တယ်ဟေ့ ...တကယ်ပဲ ..."

"သားတို့ ဖေဖေက ညကျရင် ပြောစရာရှိလို့ အပေါ်ထပ် ညှိ ခန်းက စောင့်နေတဲ့ ...အခုထိတော့ ပြန်မရောက်သေးဘူး ...Dinner ရှိတယ်လို့ ပြောသွားတာပဲ ..."

"ဟုတ်ကဲ့ မေမေ ..."

"မေမေမှာလိုက်တာ ပါရဲ့လား သား"

"ပါတယ် မေမေ ...အိတ်ထဲမှာ အရောင်နှစ်မျိုးစလုံးရလာပါ တယ် ...."

သူက ကိုကို့ Hand Phone ကိုဖွင့်၍ အလကားတို့ Phone ကို ခေါ်လိုက်ပါ၏။ ကိုကိုက မေမေ့ကို ပစ္စည်းတွေထုတ်ပေးနေသဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



Phone ခေါ်လိုက်တာကို မမြင်ပေ ...

"ဟဲလို! ..."

"ကာ' လား ..."

"ဟုတ်ပါတယ် ..ဘယ်သူလဲ ..."

"ကိုယ်ပါ ..."

"ဘယ်က ကိုယ်လဲ ..."

သူ ရယ်ဟဟဖြင့် ကိုကို့လက်ထဲသို့ Phone ကိုပေးလိုက်ပါ၏။ ကိုကိုက ဘုမသိဘမသိဖြင့် နားထောင်လိုက်လေသည်။

"သီဟပါ ..."

"ကိုကိုနော် ...'ကာ့' ကို စ,စရာထင်နေလား"

"ဟာ 'ကာ' လား ကိုယ်ဘာများ စ,မိလို့လဲ ..."

"ခုဏ ကိုကို့ ညီလေးကို Phone ခေါ်ခိုင်းလိုက်တာ မဟုတ်လား"

"အဲ ...ဒီကောင်တော့ ..."

"ဘာပြောမလို့လဲ ကိုကို ..."

"ချစ်တယ်လို့ ပြောလိုက်လေ..."

"ဟော့ကောင် ..."

"ဩော် ...ပြောလိုက်ပါဆိုနေမှ ..."

Phone နားမှာ တိုးတိုးကျိတ်ကျိတ်ပြောနေပါသော်လည်း သူမကြားလိုက်ရပါ၏။ ကြည့်စမ်း အစ်ကို့ကို မြှောက်ပေးနေတာပါလား ဘယ်လို ညီကလေး ပါလိမ့်နော် ....။

"ကာ ဒီမှာ ညီနှောင့်ယှက်နေလို့ နောက်မှပဲ ပြောတော့မယ်နော်"

"ဩော် I Love You လေးတောင် မပြောတတ်ဘူးလား တော်





တော်ညံ့တဲ့ ကိုကိုပဲ ..."

သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါ၏။ ဒီအသံ ဒီအသံကို ရင်းရင်းနှီးနှီးကြားဖူးတာပါလား ...ဘုရားရေ ဒါ ဇေအသံပဲ ...ဇေနဲ့ ကိုကိုက ညီအစ်ကိုတွေ ဖြစ်နေရင်တော့ အတွေးက တစ်ပိုင်းတစ ရပ်သွားစဉ် Phone သံပါ ပိတ်သွားလေ၏။ ပဟေဠိတွေ ပေးပြန်ပါရောလား ဇေရယ် ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားတော့မယ် မေမေ ..."

"ဟယ် breakfast မစားတော့ဘူးလား သား ..."

"သင်တန်းချိန်က (၈) နာရီခွဲ မေမေရ ....နောက်ကျနေမှာစိုးလို့"

"ကိုယ့်ဖာသာ အိပ်ရာထနောက်ကျပြီး ပျာယာခတ်နေ ..."

ဖေဖေ လှမ်းပြောတာကို မကြားချင်ယောင်ဆောင်၍ အိမ်ထဲမှ အပြေးထွက်လာခဲ့မိ၏။ သင်တန်းကို ရောက်တော့ လူတော်တော် စုံနေလေပြီ ...။

"ဟယ် !ဧယျပါလား ..."

လာပြန်ပြီ သြော် ...ဒါ တာတာ့ သူငယ်ချင်းတွေပဲ ..ဒီနှစ်ယောက် ဒီသင်တန်းလာတက်ရင်တော့ ဟိုတစ်ယောက်ပါတက်မှာ သေချာပါ တယ်လေ ...။

"သင်တန်းလာတက်ကြတာလား ..."

"ဟုတ်တယ် ..."

"ဟိုတစ်ယောက် မပါဘူးလား ..."





"တာတာ့ကို ပြောတာလား ..."

"ဒါပေါ့ ...."

"လာမယ်လို့တော့ ပြောတာပဲ ..."

"(၈) နာရီမခွဲသေးဘူး မဟုတ်လား ...အောက်မှာ ဇကော်ဖီသွား သောက်လိုက်ဦးမယ် ...လိုက်မလား ..."

"တော်ကြာ တာတာနဲ့ လွဲနေမှာစိုးလို့ ..."

"မလွဲပါဘူး ...ဒီအောက်ထပ်မှာပဲ ထိုင်မှာလေ ...."

သူ့နောက်မှ ပို့ပို့နှင့် နိုးနိုးတို့နှစ်ယောက် လိုက်လာလေ၏။ Plat form ပေါ်ရှိ စားပွဲမှာပင် သူထိုင်လိုက်သဖြင့် ပို့ပို့တို့ပါ ထိုင်လိုက်ပါ သည်။

"နင်တို့က ကျောင်းမပြီးသေးဘဲ သင်တန်းတွေတက်နေတာပေါ့ လေ ..."

"အေးပေါ့ဟ့ ...ငါတို့က နင့်လို သူဌေးသားမှ မဟုတ်တာ ...အခု ကတည်းက ကြိုးစားထားရတာပေါ့ ..."

"တာတာကရော ဘာဖြစ်လို့ တက်တာလဲ ..."

"ပျင်းလို့တဲ့ ...."

"အဲဒီတစ်ယောက်က လုပ်လိုက်ရင် အထူးအဆန်းတွေချည်းပဲ"

သူတို့ ကော်ဖီသောက်နေချိန်၌ Platform ဘေးမှာ ကားနီလေး ထိုးဆိုက်လာလေ၏။ ကားပေါ်မှဆင်းလာသည့် သူမက သူတို့ကို မမြင်ပါချေ ...တိုက်လှေကားရှိရာဆီ လှမ်းသွားသဖြင့် သူ လှမ်းခေါ် လိုက်ပါ၏။

"ချွတ် ...ချွတ် ...."



www.burmeseclassic.com

www.burmeseclassic.com



သူမက မကြားသလိုနှင့် ပထမတစ်လှေကားကို နင်းတက်လိုက်စဉ် သူက နာမည်ပါခေါ်လိုက်လေသည်။

"တာတာ ...."

ဆတ်ခနဲ လှည့်ကြည့်လာသည့် မျက်ဝန်းတို့မှ ဒေါသရိပ်ထင်၏။ နာမည်ခေါ်တာကို မကြိုက်တဲ့ ပုံစံပေါ့လေ ...

"အပေါ်မှာ ဘယ်သူမှ မရောက်သေးဘူး ...တစ်ခုခု စားပါဦး လား"

"မလိုပါဘူး ...တို့က တစ်ယောက်တည်း နေရတာကို ပိုကြိုက်တယ် ယူရဲ့ ..."

"သိပ်ကြွေးကြော်မနေပါနဲ့ ...မင်းကို မင်းပါပါ အိမ်ထောင်ချပေးမယ့်ကိစ္စ နီးနေမှန်း ကိုယ်သိပြီးသား ..."

"နင်နော် ...စောစောစီးစီး ငါ့ဆို ရန်ရှာပြန်ပြီလား ...ကိုယ့်ဟာကိုယ် အေးအေးမနေဘဲ နေရာတကာပါကိုပါတယ် ..."

"အဲဒါလေးတွေကိုပဲ စိတ်ဝင်စားပြီး မင်း ကိုယ့်ကို ကပ်နေတာပဲ မဟုတ်လား တာတာရဲ့ ..."

"ဖေယျမင်းဒင် ...နင်နော် ..."

"ဟုတ်တယ်လေ ....အခုလည်း ကိုယ်တက်မယ့်သင်တန်းကို စုံစမ်းပြီး မင်းလိုက်တက်တာပဲ မဟုတ်လား ..."

"တော်! နင်တက်မယ်မှန်းသိရင် စာရင်းတောင် လာသွင်းမထားဘူး ...အခုပဲ ဖြုတ်တယ် ...ဒီသင်တန်းကြေးလောက်များ ဂရုတောင် မစိုက်ဘူး ..."

"မင်းရှာတဲ့ငွေမှ မဟုတ်ဘဲ ...ဖြုန်းလို့ကောင်းတာပေါ့ ...ဖအေပေးစားတဲ့ ယောကျ်ားကလည်း Boss ဖြစ်နေရင် ဘာပြောကောင်း





မလဲ..."

"နင်နော် ...ငါ့ကုသိုလ်နဲ့ငါ သုံးခွင့်ရလို့ သုံးရတာ မနာလိုမရှိနဲ့ နင့်လို သူများမွေးစားမှ သူဌေးသားဘဝကို ရတာမျိုးမဟုတ်ဘူး"

သူ့ မျက်နှာ မည်းခနဲဖြစ်သွားပါလေ၏။ ဟုတ်တယ် ...ကိုယ့်ဘာသာကိုယ် သင်တန်းတက်မှာကိုတောင် ကဖျက်ယဖျက်ပြောလွန်းလို့ အမြင်ကတ်ကတ်နှင့် ပြန်စွာလိုက်တာပင် ...ရှက်ရမ်းရမ်းပြီး ထကြမ်းရင်တော့ အခက်ပါပဲ ...ကော်ဖီဆိုင်ထဲမှာ လူတွေက အများကြီး လူပုံအလယ် အရှက်ကွဲရမှာကိုတော့ သူမ ရှက်ပါသည်လေ ....။

"မင်းက လူတစ်ဖက်သားရဲ့ အားနည်းချက်ကို ဖိပြောတာပေါ့ လေ ..."

"နင် အရင်ပြောလို့ ပြန်ပြောတာပဲလေ ...ဘာဖြစ်လဲ!"

"ဘာမှ မဖြစ်ပါဘူး ...ဒါ အမှန်တရားပဲဟာ ...တစ်ခုပဲရှိတယ် ...နင်သာ ဒီလိုမွေးစားသားမျိုးကို သူဌေးသားထင်ပြီး လက်မထပ်မိပါစေနဲ့..."

"ဘာပြောတယ် ..."

"ညီလေးရေ ..ပိုင်းရှင်းမယ် ..."

သူက တစ်ပိုင်းစာ ငွေရှင်းပေးလိုက်ပြီး ထထွက်သွားပါ၏။ သင်တန်းရှိသည့်တိုက်အပေါ်ထပ်သို့ သူ တက်သွားစဉ် ပိုပိုတို့က သူမကို ဝိုင်းပြောကြလေသည်။

"နင်ကလဲဟယ် ... သူ အားငယ်တဲ့ ကိစ္စကိုမှ ထည့်ပြောရ လား..."

"သူ ငါ့ကို ဒေါက်ဖြုတ်တာ နင်တို့ရှေ့မှာပဲဟာ ..."

"သူ့ အကြောင်းသိရဲ့သားနဲ့ ဒီလိုတော့ မပြောသင့်ပါဘူး တာတာ



www.burmeseclassic.com

www.burmeseclassic.com



ရယ် ...”

တာတာလည်း ဘယ်ပြောချင်ပါ့မလဲ သူငယ်ချင်းတို့ရယ် ...သူနဲ့ တွေ့လိုက်တိုင်း အမြဲပြုံးသနာကို တစ်ခုမဟုတ်တစ်ခုရှာတတ်တော့ စိတ်တိုမိတာပေါ့ ...တကယ်ဆို သူနဲ့ တာတာ စစ်ပြေငြိမ်းချင်လှပါပြီ တစ်ခါလေးပဲဖြစ်ဖြစ် စကားကို ကောင်းကောင်းလေးပြောရင် ဘာဖြစ်မှာမို့လို့လဲ ...တာတာလွှန်ခဲ့တာ မှန်သမျှကို တောင်းပန်ပြီးတဲ့နောက်မှာ သူ့ကို ရန်မရှာချင်တော့တာ အမှန်ပါ ....။

နှစ်ရှည်လများ ချစ်လာခဲ့တဲ့ မမကတောင် သူ့ကိုခွင့်လွှတ် ပေးနိုင်ခဲ့ရင် တာတာက သူနဲ့ရန်ဘက် ဘယ်ဖြစ်ချင်ပါတော့မလဲ ...အရင်ကလို သူနဲ့ စကားများတိုင်း ဒေါသတွေ ဖြစ်ခဲ့ဖူးသမျှ ခုတော့ဖြင့် ငိုချင်စိတ်သာဖြစ်နေခဲ့တာလေ ...မျက်နှာသစ်တိုင်း၊ အလှပြင်တိုင်း ပါးပြင်ကို လက်နဲ့စမ်းမိတိုင်း ထင်ကျန်ခဲ့ဖူးတဲ့ သူ့အနမ်းလေးကို အမှတ်ရနေမိတာ ဘာကြောင့်လဲ ...။

စော်ကားရက်လေခြင်းဆိုပြီး ပက်ပက်စက်စက်ပြောရမှာ ...သူ့ပါးပြင်ကို ရက်ရက်စက်စက် ပြန်ရိုက်ရမှာ မှန်ပေမယ့် တကယ်တမ်း လက်တွေ့မှာ ဘာမှ မလုပ်ဖြစ်ခဲ့ဘူးလေ ...သူနဲ့ မျက်နှာချင်းမဆိုင်မိအောင် နေရမှာ မှန်ပေမယ့် သွားလေရာ ရောက်လေရာ နေရာမှာ မတော်တဆလေးပဲ ဖြစ်ဖြစ် သူများရှိနေမလားဆိုပြီး မျက်ဝန်းတွေနဲ့ ဝေ့ဝဲရှာမိတာကို သူမှ မသိခဲ့ဘဲလေ ...။

တာတာက ဆိတ်ကျူးမယဉ်တတ်ဘူး ဖေယျရယ် ...ပြီးတော့ မမလိုလည်း ရင်ထဲက ခံစားချက်ကို ကဗျာတွေချမရေးတတ်ဘူး ..ဒါကြောင့်မို့ တာတာ့ကို ရှင် မချစ်နိုင်တာပဲလား ...အင်မတန် မာနကြီး





လှပါတယ်ဆိုတဲ့ တာတာ့ရဲ့ မာနတွေကို ရှင်ရိုက်ချိုးပစ်နိုင်ခဲ့တာ အမှန်ပါ ...အသည်းမာလှပါတယ်ဆိုတဲ့ တာတာ့ နှလုံးသားကို အရည်ပျော်ကျသွားအောင် ရှင်ပဲ ဖန်တီးနိုင်စွမ်းရှိခဲ့တာလေ ...။

ဖေယျရယ် ရှင့်ကို သိပ်ချစ်ခဲ့တဲ့ မမက တာတာ့ကို ငဲ့ညှာပြီး ရှင့်ကို မချစ်တော့ဘူးလို့ပြောနေပြီ ...ဒါကို သိသိကြီးနဲ့ တာတာ ပျော်ရမှာတဲ့လား တာတာ့လို မိန်းကလေးတစ်ယောက်အတွက် ရွေးချယ်ခွင့်ဆိုတာ ရှိလာနိုင်တာမှ မဟုတ်ဘဲ ...ရှင့်အကြည့်တစ်ချက်မှာ တာတာ အငိုက်မိခဲ့ရတယ် ...ရှင့်အပြုံးအောက်မှာ တာတာရင်ခုန်ခဲ့ရတယ်ဆိုတာ အမှန်တကယ်ပါပဲ ...ဒါတွေကို ရှင်သိအောင်လို့ ပြောပြခွင့်မှ မရှိတာပဲလေ ...။

“ကိုသီဟ ...ဧည့်သည်ရောက်နေပါတယ်ရှင် ...”

**Intercaon** မှ ပေါ်ထွက်လာသည့် ပန်းနုအသံကြောင့် **Phone** ပြောနေရာမှ သူ့ရပ်လိုက်ရ၏။ နေ့ခင်းကြောင်တောင် ကြိုမချိန်းဘဲနဲ့ ဘယ်ကဧည့်သည်များရောက်လာတာပါလိမ့် ....

“ဘယ်သူလဲ ပန်းနု ...”

“နာမည်တော့ မပြောဘူး အစ်ကို ...မိန်းကလေး တစ်ယောက်ပါ”

“လွှတ်လိုက်ပါ ပန်းနု ...”

“ဟုတ်ကဲ့”

တံခါးဖွင့်ကာ ဝင်လာသည့် မိန်းကလေးကြောင့် သူဝှန်းခနဲ ထ့ရပ်လိုက်မိလေ၏။ ဘုရားရေ ...သူ့ဆီကို ‘ကာ’ တကယ်ရောက်လာပါရောလား ...။

“ကာ ...”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ ကိုကိုမရှိရင် 'ကာ' ချက်ချင်းပြန်တော့မလို့ ..."

"ဘယ်ကနေဝင်လာတာလဲ ကာ"

"ဒီကိုပဲတမင်လာခဲ့ပါ ကိုကို ..."

"ဟာ! တကယ် ,..."

သူက စားပွဲနောက်မှ အရှေ့ဘက်သို့ ထွက်လာပြီး 'ကာ့' နားမှာ ကပ်ကာရပ်လိုက်သဖြင့် 'ကာ' က အထိတ်တလန့်ဖြင့် နောက်ကို တစ်လှမ်းပြန်ဆုတ်လိုက်လေသည်။

"ကိုကို့ အတွက် 'ကာ' လက်ဆောင်လာပို့ပေးတာပါ"

အိတ်ထဲမှနှိုက်ထုတ်၍ပေးလာသည့် အထုပ်လေးကို မယူသေး ဘဲ 'ကာ့' ကိုသာ သူ စိုက်ကြည့်လိုက်ပါ၏။

"ကိုကို လိုချင်တဲ့ ဆွယ်တာပါ ..."

"မလိုချင်ပါဘူး ..."

"ဟင်! အစကတော့ 'ကာ့' ကို ကိုယ်တိုင် ဆွယ်တာ ထိုးပေးပါဆို ဒါလေးပြီးအောင် သုံးလကျော် အချိန်ပေးရတာ ကိုကိုရဲ့၊ လက်တွေရော ဇက်ပါ အညောင်းခံပြီးထိုးပေးခဲ့ရတာ ...မျက်စိလည်း ညောင်းရတာပဲ ..."

"ကိုယ်က 'ကာ' ပင်ပင်ပန်းပန်းလုပ်ရတဲ့ အရာမို့ မယူရက်တော့တာပါ ..."

"ဒါဖြင့် 'ကာ' ပြန်ယူသွားရတော့မှာလား ..."

သူက မပြောမဆို 'ကာ့' လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။ 'ကာ' တအံ့တသြဖြင့် သူ့ကို မော့ကြည့်လိုက်စဉ် အရည်တို့စိုလဲ့နေသည့် မျက်ဝန်းတို့နှင့် သွားဆုံလေသည်။





"ကိုယ်က 'ကာ့' ရင်ထဲက နှလုံးသားကို လိုချင်နေတာပါ 'ကာ' ရဲ့ ..."

"ရှင်! ..."

ပါးပြင်ထက် ပန်းသွေးဖြာသွားရလေ၏။ သူ ဆုပ်ကိုင်ထားသည့် လက်တို့မှ ရုန်းထွက်ရန် ကြိုးစားလိုက်စဉ် သူက ရင်ခွင်ထဲသို့ ဆွဲသွင်းကာ ဖက်လိုက်လေသည်။

"အို ..."

"ကိုယ် 'ကာ့' ကို သိပ်ချစ်တယ် ...ကိုယ့်ကို ပြန်ချစ်ပေးပါ ကာ"

"ဟင့်အင်း ...ဟင့်အင်း လွှတ်ပါ ..."

"ကိုယ့်ကို ပြန်ချစ်ပါတယ်လို့ပြောမှ လွှတ်ပေးမယ် ..."

ဒုက္ခပါပဲ ...ဘယ်သူမှ မသိအောင် သူ့ ကုမ္ပဏီကို တစ်ယောက်တည်းထွက်လာခဲ့မိတာမှားပြီလား ...'ကာ' က ခြေတစ်ဖက်မကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ ကိုကိုရယ် 'ကာ့'ကို ဒီစကားမျိုးပြောဖို့ မသင့်တော်ပါဘူး ဒါကို ကိုကို မသိဘူးတဲ့လား ...။

"ဟင့်အင်းနော် ...'ကာ' မကြိုက်ဘူး ...လွှတ်ပါ ..."

"ကိုယ်ပြောပြီးပြီလေ ...ကိုယ့်ကို ချစ်တယ်လို့ အဖြေပြန်ပေးမှ လွှတ်ပေးမယ် ...ဒီအခန်းထဲမှာ ကိုယ်နဲ့ 'ကာ' နှစ်ယောက်တည်းရှိတာနော် ...ကိုယ့်ကို ငြင်းမယ်ကြံရင်တော့ အိမ်ပြန်မပို့ပေးတော့ဘူး .... 'ကာ့' ကို ကိုယ်အပြီးခေါ် ထားလိုက်မှာ ...."

အလိုလေး တကယ်ပဲ ပြောနေတာများလား ...ဒါဆိုရင်တော့ ဒက်ဒီရော မာမီနှင့် အန်တီလေးပါ သူမကို စိတ်ပူပြီး ဒေါသတော့မှာလေ ...'ကာ'က ဈေးထဲ ခဏဆိုပြီး ဒီကိုရောက်လာခဲ့မိတာ ...ဆွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးတာနဲ့ ပြန်ရင် ဘာမှ သိပ်မကြာမှန်းသိလို့ အရဲကိုးပြီး လာခဲ့တာမှားပြီထင်ပါရဲ့ ...။

"ဟင့်အင်း ....'ကာ' ပြန်ချင်ပြီ ..."

"မပြောရင် လုံးဝ မလွှတ်ဘူးနော် ..."

"'ကာ့' ကို သနားပါ ကိုကိုရယ် 'ကာ' က ဒုက္ခိတတစ်ယောက်ပါ ကိုကို့လို အင်ဂျင်နီယာတစ်ယောက်အတွက် မိန်းကလေးမရှားပါဘူး 'ကာ့' ကို ငဲ့ညှာသောအားဖြင့် ပြန်လွှတ်ပေးပါရှင်"

"ကိုယ်က တခြားကောင်မလေးတွေကိုမှ မချစ်ဘဲ 'ကာ'၊ 'ကာ့' ကိုမှ မြင်မြင်ချင်းမြတ်မြတ်နိုးနိုး ချစ်မိတာပါ ..."

"'ကာ' က...'ကာ' က ကိုကိုချစ်သင့်တဲ့ မိန်းကလေးမှ မဟုတ်တာ"

"မရဘူးကွာ 'ကာ့'ကို ပဲ ချစ်တယ် ...ကိုယ့်ကို မတားဆီးပါနဲ့ 'ကာ' ရယ် ...ရာသက်ပန် ရိုးမြေကျ ရည်ရွယ်ပြီး 'ကာ့' ကို ကိုယ်ချစ်နေမိတာကို ယုံပေးပါ ..."

သူ့မထံမှ ရှိုက်သံထွက်လာလေ၏။ သူ အလန့်တကြားဖြင့် လွှတ်ပေးကာ ငုံ့ကြည့်လိုက်မိသည်။ ကြည့်စမ်း! သူ့ကို ယုံကြည်ပြီး ရောက်လာတဲ့ ကောင်မလေးကို အနိုင်ကျင့်ရာ ရောက်သွားပြီထင်ပါရဲ့ ...။

"'ကာ' မငိုပါနဲ့ ကိုယ် အနိုင်ကျင့်တာ မဟုတ်ရပါဘူး ...'ကာ့' ကို ချစ်တဲ့စိတ်နဲ့ ဒီလိုပြုမူ မိသွားတာပါ 'ကာ' ရယ် ...ကိုယ်တောင်းပန်ပါတယ် ..."

"'ကာ့' ကို မချစ်ပါနဲ့ ..."

"ကိုယ်မှ မချစ်ဘဲ မနေနိုင်တာ 'ကာ' ရဲ့ ...ညီကို 'ကာ' ချစ်နေ





မှန်း သိသိကြီးနဲ့ ချစ်နေမိတာကို မပိတ်ပင်ချင်ပါနဲ့ 'ကာ' ရယ် ...နော်"

"ဇေ့ကို 'ကာ' မချစ်ပါဘူး ... ကျောင်းတက်တုန်းက ဒီလိုပဲ စိတ်ကစားပြီး ချစ်တယ်လို့ ထင်ခဲ့မိတာ ...ဇေက ကျောင်းမှာ အများနဲ့ မတူဘဲ ထင်ရှားတဲ့ သူမို့ စိတ်ဝင်စားခဲ့တာမျိုးပဲ ဖြစ်ခဲ့တာပါ ..."

"ဒါဖြင့် ကိုယ့်ကို 'ကာ့' ရင်ထဲက အချစ်တွေ ပေးပါတော့လား 'ကာ' ရယ် ...ဘယ်သူ့ကိုမှ မပေးရသေးတဲ့ ချစ်ခြင်းတွေ ကိုယ်ရပါရ စေ ..."

"ဟင့်အင်း ..ဟင့်အင်း ..."

"ကိုယ့်ကို မသနားတော့ဘူးလား 'ကာ' ရယ်...၊ 'ကာ့' ဆီက ချစ်ခြင်းတွေကို တစ်နေ့ ပိုင်ဆိုင်ရနိုးနဲ့ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်တွေကို မရိုက်ချိုးပစ်ချင်ပါနဲ့ ..."

ဘုရားရေ ...ပြောင်းပြန်တွေဖြစ်ကုန်ပါရောလား ..။ သူ့လို အဘက်ဘက်ကပြည့်စုံတဲ့ လူကိုပဲ 'ကာ'က သနားရဦးမယ်တဲ့ ... စဉ်းစဉ်းစားစားလည်းပြောပါဦး ကိုကိုရယ် ....။

"ကာ ကိုယ့်ကို ပြန်မချစ်ရင် ကိုယ်သေသွားလိမ့်မယ် 'ကာ' ရဲ့... ကိုယ့်အသက်နဲ့ ထပ်တူ 'ကာ့' ကိုမြတ်နိုးစွာနဲ့ ချစ်တာကို လက်ခံပေးပါကွာ ..."

"ကာ က ပွဲလယ်တင့်တဲ့ သူမှမဟုတ်ဘဲ ..."

"ကိုယ် ဖေးမပြီး ခေါ်ပါရစေ ..."

"ဘွဲ့ရ ပညာတတ်လည်း မဟုတ်ဘူး ..."

"Distance တက်ပြီး ပြန်ဖြေဖို့ပ ကိုယ် တိုက်တွန်းပါရစေ ... ကိုယ်ကိုယ်တိုင် စာပြပေးပါ့မယ် 'ကာ' ရယ် ..."

"ပြီးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဘာဖြစ်သေးလဲ ...ဘာအကြောင်းပြချက်တွေ ပေးဦးမလို့လဲ ..."

"ကာ' က အချစ်ဆိုတာကို သိပ်နားလည်သေးတာ မဟုတ်ဘူး"

"ကိုယ်သင်ပေးမှာပေါ့ ..."

မျက်ရည်စက်လက်နှင့် မျက်စောင်းတဝင့်မှာ သူ ဟက်ဟက်ပက်ပက်ရယ်လိုက်မိလေသည်။ ကဲ! ဒီလောက်ဆိုရင် ဒီကောင်မလေးရဲ့နှလုံးသားကို သူ ရိပ်မိသွားပါပြီလေ... အသည်းယားလာရသည်မို့ ကိုယ်လုံးကျစ်ကျစ်လေးကို ပွေ့ဖက်လိုက်ပြီး နဖူးပြင်ထက် အနမ်းခြွေချလိုက်မိတော့သည်။

"ကိုကိုနော် ...."

'ချစ်လွန်းလို့ပါ 'ကာ' ရဲ့ ..."

သူမက သူ့ရင်ခွင်ထဲမှာ အတင်းရုန်းထွက်နေသဖြင့် သူ စချင်လာ၍ ပိုပြီး တိုးဖက်ထားလိုက်ပါသည်။

"အား ...'ကာ' အသက်ရှုရကျပ်လာပြီ ..."

"ချစ်တယ်ပြောဦးလေ ..."

"ကိုကိုက သိပ်ဆိုးတယ်နော် ..."

"ညီကတော့ လိမ္မာတယ်ပေါ့လေ ...ဟုတ်လား ..."

"ကိုကို့ ညီအကြောင်း ကိုကိုပဲ သိမှာပေါ့ ...'ကာ့' ကို မေးစရာလား ..."

မျက်စောင်းတစ်ခုထပ်မံရောက်လာသဖြင့် ထိုမျက်ခွံလေးကိုဖျတ်ခနဲ ငုံ့မွှေးလိုက်တော့ သူမ မငြင်းဆန်တော့ပါချေ။ ရှန်းလေ ပိုဆိုးလေဖြစ်မယ်မှန်း သိသွားပုံရသည်မို့ သူသနားမိသွားရလေသည်။





"ကိုယ့်ကို ပြန်ချစ်တဲ့အတွက် ကျေးဇူးပါပဲ 'ကာ' .."

"ဘယ်မှာ ချစ်လို့လဲ ..."

"ကာ' နော် ...ကိုယ် အသည်းယားအောင် မလုပ်နဲ့ ..."

"ကြောက်တယ် ...ကြောက်တယ် ..."

သူမ မျက်စိစုံမှိတ်ပြီး ခေါင်းခါလိုက်တော့ သူ သဘောကျစွာရယ်မောလိုက်မိ၏။ ...သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးပါလားနော် ...။

"လာ ကိုယ် ပြန်လိုက်ပို့ပေးမယ် ...."

"တော်ပါသေးရဲ့ အိမ်ပြန်ပို့ဖို့ ...သတိရသွားလို့"

သူ လက်သီးဆုပ်လေးဖြင့် ချစ်သူလေး၏ နဖူးလေးကို ခပ်ဖွဖွထုလိုက်မိလေသည်။ 'ကာ' ရယ် ကိုယ့်ကို တစ်နေ့ထက် တစ်နေ့ ပိုချစ်လာအောင် ချစ်စနိုးဟန်လေးတွေ 'ကာ့' ဆီမှာ အပြည့်ရှိနေတာ သေချာပါရောလားလေ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကို ဒက်ဒီ ဘာပြောထားလဲ ..."

ဒက်ဒီ့ အမေးကို မဖြေနိုင်ဘဲ မျက်လွှာကိုချထားမိ၏။ မနေ့က ကိုကို ပြန်ပို့ပေးတာကို ဒက်ဒီပြန်အလာမှာ တွေ့သွားတာကိုး ...။

"မေးနေတာ ဖြေမှပေါ့ အလကော ..."

"ကာ သူ့ကို မွေးနေ့လက်ဆောင် သွားပို့ပေးမိတာပါ ဒက်ဒီ"

"ပို့စရာလား ...ယောကျ်ားလေးတစ်ယောက်ကို လက်ဆောင် သွားပို့ရဲတဲ့အထိ နဝ် အတင့်ရဲနေပြီပေါ့ မိအလကော၊ ဒီလောက်ထိ ရင်းနှီးစရာလား ..."

"သူ လိုချင်တယ်ဆိုလို့ပါ ဒက်ဒီ ..."

"သူလိုချင်တယ်ပြောတာနဲ့ သွားပေးစရာလား ...သွားတော့ လည်း ကုမ္ပဏီကို၊ သူ့ရုံးခန်းနဲ့ မျက်နှာချင်းဆိုင်မှာ ငါ့မိတ်ဆွေရဲ့ ရုံးခန်း ရှိတာ နင်မသိဘူးမဟုတ်လား ...နင့်ကိုယ်နင် ယောကျ်ားတစ်ယောက် ရဲ့ ရုံးခန်းထဲဝင်ရအောင် ဘာထင်နေလဲ ..."





ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲဝမ်းနည်းလာမိ၏။ ဒက်ဒီရယ် .... 'ကာ'က ဘယ်ယောကျ်ားလေးနဲ့မှ မထိုက်တန်တော့လောက်အောင် သိမ်ငယ်နေပြီလား ...။ အမြတ်တနိုးတောင်းတဲ့ ကိုကို့ အချစ်တွေကို တုံ့ပြန်ပေးလိုက်တာ 'ကာ' မှားသွားပြီလားဟင် ...။

"ကာ ...ကာ ...ဆွယ်တာပေးပြီးတာနဲ့ ပြန်ခဲ့တာပါ ဒက်ဒီ ...သူ က 'ကာ့' တစ်ယောက်တည်းမို့ စိတ်မချလို့ ဆိုပြီး လိုက်ပို့ပေးတာပါ"

"ဘာပဲဖြစ်ဖြစ် နင့်မှာ ဆင်ခြင်တုံတရားရှိသင့်တာပေါ့ အလကော မိန်းကလေးတန်မယ့် သူစိမ်းယောကျ်ားဆီ ဝင်ထွက်ရဲတာ ဘယ် လောက်အထင်သေးလိုက်လိမ့်မလဲ ...မောင်သီဟလို လူမျိုးမို့ နင် နာမည်ပျက်မသွားတာဘဲ ကံကောင်းတယ်မှတ် ..."

ဘုရား ဘုရား ဒက်ဒီပြောသလို တကယ်ပဲ ဟုတ်နေပြီလား ...သူ့ ရုံးခန်းထဲ ရောက်လာလို့ ဒီလိုအဖြေတောင်းတဲ့ အခြေအနေဖြစ်သွား တာများလား အိုလေ ...ကိုကို 'ကာ့'ကို သိပ်ချစ်တယ်ဆိုတာ အမှန် တကယ်ဖြစ်မှာပါနော် ...။

"ကိုကိုနဲ့ ခင်မင်ခွင့်လေးတောင် 'ကာ့'မှာ မရှိဘူးလား ဒက်ဒီ"

"မရှိဘူး၊ ကြည့်စမ်း ...ကိုကိုတွေ ဘာတွေလို့တောင် ခေါ်နေပါ ရောလား ...နင် ဒီဘဝရောက်ရတာ ယောကျ်ားတစ်ယောက်ကြောင့် ဆိုတာကို မေ့များထားသလား အလကော ...ဟင်"

ဒက်ဒီ့အသံက ဟိန်းထွက်လာသဖြင့် မာမီအပြေးတက်လာလေ ၏။ သူမနှင့် ဒက်ဒီ့ကိုကြည့်ကာ ထိတ်ထိတ်ပျာပျာဖြစ်သွားရပါသည်။

"ဘယ်လိုဖြစ်တာလဲ ကိုအောင်ရယ် ...သမီးကို ဆုံးမတာက လည်း တိုးတိုးသာသာဆုံးမမှပေါ့ ...ပတ်ဝန်းကျင်က ကြားကုန်တော့ မှာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ သမီးအချိုးကို မင်းအမြင်ပဲ မှတ်လား ..မိဘတွေက အပြင်ထွက်စီးပွားရှာတဲ့ အလုပ်လုပ်နေလို့ သူ့ကို ဂရုမစိုက်နိုင်တာ ထင်ရာစိုင်းနေတာလေ ...."

"သမီး ဘာများလုပ်လို့လဲ ကိုအောင်ရယ် ...ဆုံးမစရာရှိရင်လည်း မေပဲ တိုးတိုးတိတ်တိတ် ဆုံးမပါ့မယ် ...ခုဟာက လူကြားလို့မှ မကော အော်ကြီးဟစ်ကျယ်ဆူနေရတယ်လို့ ..."

"မဆူလို့ရမလား ...၊ မေ... သမီးက ခေါင်းမာသလားမမေး ဖအေက တားမြစ်ထားတာကို မဖြစ်ဖြစ်အောင်လုပ်ရဲတယ်လေ ..."

"ဘာများလုပ်မိလို့တုန်း ကိုအောင်ရဲ့ ..."

ဒက်ဒီ့မျက်စောင်းက မာမီ့ဆီရောက်သွားလေ၏။ မာမီက 'ကာ ဘေးမှာ ဝင်ထိုင်လိုက်လေသည်။ ကိုကိုရေ ...'ကာ' တော့ ကိုကို့ကို ချစ်မိတာ မှားပြီထင်ပါရဲ့ ...အခုတော့ဒက်ဒီဆူတာကို ငြိမ်ပြီးခံနေရ လေ ...။

"ဒီလောက် အတန်တန်ပြောထားတဲ့ကြားက မောင်သီဟ သွားတွေ့သတဲ့လေ ..."

"သွားတွေ့တော့ ဘာဖြစ်လဲ ..."

"ဟ ...မောင်သီဟနဲ့ သမီးငယ်ကို သဘောတူထားပါတယ် အစောကြီးကတည်းက ပြောထားပြီးသားကို သူဆင်ခြင်ရမယ့် တာ ရှိတာပေါ့ မေရဲ့ ..."

"အို ...သမီးကြီးလည်း မေ မွေးထားတဲ့သမီးပါပဲ ကိုအောင် အကြီးနဲ့ အငယ်ဆိုပြီး ခွဲခြားဖို့မလိုပါဘူး ...."

"မင်းသမီးလို မိန်းကလေးမျိုးကို ဘယ်သူကအတည်လို့ သဘော





ထားပါ့မလဲ မေ၊ စဉ်းလည်းစဉ်းစားပါဦး ... ကိုမင်းခင်နဲ့ ငါက ပြောပြီး ဆိုပြီးနေပြီ ...သိပ်မကြာခင် အငယ်မကို လာတောင်းကြတော့မှာ"

"တောင်းပလေ့စေပေါ့ ကိုအောင် ...၊ လူငယ်ချင်း မေတ္တာမျှနေ တယ်ဆိုလည်း သမီးကြီးနဲ့ ပေးစားလိုက်ရုံပဲ ... မေ သဘောတူတယ်"

"ခက်လိုက်တာ ဒေါ်မေသံစဉ်ရယ် ...ငါက အငယ်မနဲ့ စီစဉ်ထား တာ မင်း ကန့်လန့်လိုက်လုပ်မနေပါနဲ့ ..."

"အငယ်မပဲ ဖြစ်ဖြစ်၊ အကြီးမပဲဖြစ်ဖြစ် လာတောင်းတဲ့လူနဲ့ ပေးစားရုံပေါ့ ကိုအောင်မြင် ...မွေးထားတဲ့ သမီးနှစ်ယောက်ကို တန်း တူ အခွင့်အရေးပေးမှဖြစ်မှာပေါ့ ...မေ့သမီးကြီးက ဘာများ အပြစ်ကြီး ကြီး မားမားရှိနေလို့လဲ ...စိတ်ကစားမိတဲ့အရွယ်မှာ အမှားလေးတစ်ခု ဖြစ်မိလို့ သူ နောင်တလည်းရခဲ့ပြီးပြီ ..ဖြစ်ပြီးတာတွေကို နောက် ကြောင်းပြန်မနေနဲ့ ..စိတ်ဒဏ်ရာရခဲ့တဲ့ကလေးကို ပေးမဖို့ မကြင်ဘဲ ဖိနှိပ်ဆက်ဆံတာမျိုးမေ မကြိုက်ဘူး ..."

ဒက်ဒီက တရှူးရှူးဖြစ်လာသည့် ဒေါသကိုလျှော့ချကာ သက်ပြင်း ရှိုက်လိုက်ပါ၏။ မာမီနှင့် တစ်ခါမှ စကားမများခဲ့ဖူးတာမို့ သူမကြောင့် ဖြစ်သည့် ပြဿနာကို အကြီးအကျယ်မဖြစ်စေလိုပါလေ ...။

"ကာ ဒက်ဒီ့စကားကို နားထောင်ပါတယ် မာမီ ...သူက မွေးနေ့ ပွဲကို ဖိတ်ပေမယ့် လူကြားထဲ မသွားရဲလို့ ကုမ္ပဏီကို လက်ဆောင်ကြို ပြီးပို့မိတာပါ ...သူ့အိမ်အထိလည်း 'ကာ' မှ မသွားရဲဘဲ ..."

"တွေ့လား ...ပြောနေတဲ့ကြားက ..."

"တော်ပါတော့ ကိုအောင်မြင် မေ့ သမီးကို မေ ကြည့်ဆုံးမလိုက် ပါ့မယ် ရှင်သွားနားတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက မာမီနှင့် စကားထပ်မများချင်သဖြင့် အခန်းထဲသို့ ဝင်သွားလေ၏။ မာမီက 'ကာ' လက်ဖျားလေးကိုအသာ ဆုပ်ကိုင်လိုက်ပါသည်။

"သမီး မာမီမေးတာ မှန်မှန်ဖြေနော် ... သမီးဒက်ဒီက သမီး နောက်တစ်ခါ တစ်ခုခု ထပ်ဖြစ်မှာ စိုးရိမ်ပြီး ခုလိုပြောနေတာပါ ...ဒက်ဒီ့ စေတနာကို တလွဲမယူနဲ့နော် ..."

"ကာ' နားလည်ပါတယ် မာမီ ..."

"မောင်သီဟအကြောင်းကို မာမီလည်း သိထားပြီးသားပါ ...ပြောပါဦး သမီးရယ် ...မောင်သီဟနဲ့ သမီးက ဘာများလဲ ..."

မေးနေပြီ ကိုကို ...'ကာ' ဘယ်လိုများဖြေရပ့်ါမလဲ ...တွေ့တာမှ သိပ်မကြာသေးဘဲ 'ကာ' တို့ နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီလို့များ ပြောလိုက်ရင် မာမီဒေါသထွက်မှာ သေချာပါတယ် ...မာမီနဲ့ ပွင့်လင်းသင့်သလောက် ပွင့်လင်းတာမှန်ပေမယ့် ဤမျှအထိ မျက်နှာပြောင် တော့ မတိုက်ရဲပါဘူး ...ဒါပေမယ့် ကိုကိုရယ် ...'ကာ' က အပြစ်ကျူးလွန်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ခဲ့တာ တကယ်ပါ ...။

"ကာ'တို့ ရိုးသားပါတယ် မာမီ ...ကိုကိုကလည်း 'ကာ့' ကို ညီမလေးလိုပဲ ခင်ရှာပါတယ် ..."

"ဒါဖြင့် သမီးဒက်ဒီ စိုးရိမ်တဲ့အဆင့်ထိတော့ မရောက်သေးဘူးပေါ့လေ ..."

"ဟုတ်ကဲ့ ..."

"တော်သေးတာပေါ့ သမီးရယ် ...သမီး ဒက်ဒီက သူ့ သူငယ်ချင်းနဲ့ ပြောထားတဲ့ ကိစ္စ ပျက်သွားမှာ စိုးရိမ်နေပုံပဲ ...မာမို့သမီးကြီးက





လိမ္မာပါတယ် ... နောက်ကို သမီး ဒက်ဒီ မကြိုက်တာ မလုပ်မိစေနဲ့နော် ..."

"ဟုတ်ကဲ့ပါ မာမီ ..."

"သမီးကို မာမီပြောခဲ့သားပဲ ...သမီးချစ်တဲ့သူရှိရင် မာမို့ဆီကို ခေါ်လာခဲ့ ...မာမီ စိစစ်ပြီးရွေးပေးမယ်လို့လေ ...မာမီက သမီးတွေကို သံကွန်ချာ ခုနစ်ထပ်အုပ်ပြီး လှုပ်မရအောင် ထိန်းတဲ့အမေမျိုးမှ မဟုတ်ဘဲ လွတ်လပ်သင့်သလောက်တော့ လွတ်လပ်ခွင့်ပေးထားပြီး အုပ်ချုပ်ခဲ့တာပါ ...သမီး ဒက်ဒီပြောသလို သမီးထပ်မလုပ်ရင် ပြီးတာပါပဲ ..ကဲ ...ကဲ သွားနားတော့သမီးရယ် ..."

သူမ နှမ်းလျစွာဖြင့် အိပ်ခန်းထဲဝင်လာခဲ့ပါ၏။ ခုတင်ထက် အသာလှဲချကာ မျက်ရည်တို့က တပေါက်ပေါက်စီးကျလာလေတော့သည်။ 'ကာ' မျက်ရည်တွေ ကျရပြန်ပြီ ကိုကိုရယ် ...ဟိုတစ်ချိန်တုန်းကတော့ ဖေနဲ့ ပတ်သက်ပြီး ဒီမျက်ရည်တွေ ဖြစ်တည်ခဲ့ဖူးတယ်။ အခု တစ်ခါ ကိုကိုနဲ့ ပတ်သက်ပြီး ငိုရပြန်ပြီကော ...။

"ကာ' က အချစ်ရေးကံခေတဲ့ ကောင်မလေးတစ်ယောက်ဖြစ်နေပြီပဲ ...'ကာ့' ဆီမှာ ကံကောင်းခြင်းဆိုတာတွေ တစ်ခါမှ မရှိခဲ့တာ အမှန်ပါ ...ကိုယ်ချစ်တဲ့သူဆီကလည်း အချစ်တွေပြန်မရခဲ့ဘူး ...အခု ကိုယ့်ကိုချစ်တဲ့ သူကိုလည်း 'ကာ့' ချစ်ခြင်းတွေ ပေးခွင့်မရှိပြန်ဘူး လေ ...။

ရှေးကုသိုလ်နည်းခဲ့လို့များ 'ကာ့' အတွက် အနှောင့်အယှက်တွေ များနေရတာထင်ပါရဲ့ ...'ကာ' ဘာမှ မတတ်နိုင်တော့ပြီပဲ ကံကြမ္မာကို ယိုးမယ်ဖွဲ့ပြီးအပြစ်မတင်ရက်ပါဘူး ကိုကို 'ကာ့' ကံနဲ့ 'ကာ' ပဲရှိပါစေ—



www.burmeseclassic.com

www.burmeseclassic.com



တော့ ...ဒီဘဝမှာ ဒီမျှပဲ ရေစက်ပါလာလို့ 'ကိုကို' နဲ့ ဆုံခဲ့ရတယ်လို့ပဲ သဘောထားပါတော့မယ် ...ကိုကို့ အပေါ် ချစ်မိနေတဲ့ ချစ်ခြင်းတွေကို ဘဝတစ်သက်တာအတွက် ထာဝရ သိမ်းဆည်းလိုက်ပါတော့မယ် နော် ...။

"ရှေ့တစ်ပတ်ထဲမှာ သားကြီးမွေးနေ့နော် ..."

Dinner စားရန် ထိုင်လိုက်ကြစဉ် ဖေဖေ သတိပေးလိုက်တာမို့ သူတို့ ညီအစ်ကို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။ သူက ရှေ့ဆီမှ ထမင်းပန်းကန်ကို ဆွဲယူလိုက်စဉ် ဖေဖေ့မျက်စောင်းက ဒိုင်းခနဲ ရောက်လာလေသည်။

"စကားပြောတာကို အလေးထားနားထောင်မယ်မရှိဘူး ...အစားကအရင်ပဲ ...."အဲဒါတွေကြောင့် မင်းကိုကြည့်မရတာပဲ ဖေယျရေ ..."

"ဖေဖေ၊ ကိုကို့ကို ပြောမှာ မဟုတ်လား ..."

"သီဟကိုပြောရင် မင်းလည်းပါတာပဲ... အစ်ကိုက ငြိမ်သလောက် မင်းက အတော့်ကို ဂြိုဟ်ကြွတဲ့ကောင် ..."

"ရှင်နော် ...ခင့်သားလေးကို တိရစ္ဆာန်နဲ့ နှိုင်းပြန်ပြီး မကြိုက်ပါဘူး ဆိုနေမှ ..."

"ပါပြန်ပြီ ...ဒီကောင့်ကို ဆုံးမဖို့ ပြင်ရင် ကြားထဲကနေ ကာဆီးကာဆီးလုပ်ဖို့ပဲ မင်းပြင်တယ် ...သားနှစ်ယောက် အတူမွေးထားပါ လျက် သီဟကပဲ ငါ့ဘက်ကပါသလို ခွဲခြားခွဲခြားနဲ့ ...."

"သားကြီးက ကျွန်မကို နားလည်ပေးတယ် ...ရှင်သာမနာလို မစ္ဆရိယပွားနေတာ ...အငယ်ကို ပိုချစ်တာ ဘာဖြစ်လဲ ... ဖေဖေနဲ့ တူလို့ ကျွန်မ ချစ်တာကို ရှင်ပဲမုဒိတာ မပွားနိုင်ဖြစ်နေတာ ..."





"မေမေ့စကားကြောင့် ဖေဖေ့မျက်နှာနီရဲသွားလေ၏။ မေမေ ပြောတာလည်း မှန်သင့်သလောက် မှန်နေတာပဲကိုး သူ ဆယ်တန်းအောင်တဲ့အထိ သိပ်မသိသာပေမယ့် Major ရွေးကတည်းကစပြီး ကြည့်မရကာ သူ ကဗျာတွေ ဘာတွေစပ်တာကို သိသွားတော့ စိတ်တိုလိုက်သမျှ အမြင့်ဆုံး ...။

သူ့ကို အပြစ်တင်လေလေ ...မေမေကဗိုသည်းပြလေလုပ်ရာက မကြာခဏ ကတောက်ကဆတ်ဖြစ်ကုန်တော့တာပါပဲ ...အခုလည်းကြည့်၊ ကိုကို့ကို ပြောနေရင်းမှ အာရုံက သူ့ဆီရောက်လာတာလေ... အဲဒီလို သူက မဟုတ်တဲ့နေရာမှာ ဆွဲဆောင်အားကောင်းတာကိုး ...။

"ကိုကို့ မွေးနေ့ပွဲလုပ်ပေးမလို့ ပြောမှာ မဟုတ်လား ..ဖေဖေရေ.. ကျွန်တော်နဲ့မှ မဆိုင်တာကို ..."

"ဆိုင်ဆိုင်,မဆိုင်ဆိုင် ဖအေပြောတာကို လေးစားသမှုနဲ့ နားထောင်ပေးမှပေါ့ ...ဘယ်လိုကောင်မှန်းကိုမသိ ...ထောင့်ကို နည်းနည်းလေးမှ မကျိုးဘူး ...ဒါနဲ့များ ကောင်မလေးတွေက လိုက်ပို့တာ ခံရသေးတယ် ...."

"သူ့ကုသိုလ်နဲ့သူဖြစ်တာ ရှင်မနာလိုမရှိပါနဲ့ ..."

သူပြုံးစိစိဖြစ်သွားတော့ မေမေက သူ့လက်ဖမိုးကို ဖတ်ခနဲ ရိုက်လိုက်လေ၏။ ဖေဖေက ကလေးဆိုးကြီးလို မရှိရှိတာ ရှာကြံပြီး သူ့ကို အပြစ်တင်နေတာကိုး ...။

"သားမွေးနေ့မှာ ဘာလိုချင်သလဲ ..."

"အာ ...တကူးတကကြီး ဘာမှ မပေးပါနဲ့ ဖေဖေရယ် ...ခါတိုင်းလိုပဲ သံဃာတော်တွေ ပင့်ပြီး ဆွမ်းကပ်၊ မိတ်ဆွေတချို့ ဖိတ်ကျွေးရုံ



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီ ...”

“ညွှန်လိုက်တာ ...မိန်းမလိုက်တောင်းပေးလို့ ပြောလိုက်ရင်ပြီး ရော”

“ဟိုကောင် ...ပါလာပြန်ပြီ ...မင်းလိုချင်နေတာနဲ့ အစ်ကိုကို လိုက်ချွန်မနေနဲ့စမ်း ဖေယျ ...”

“ကျွန်တော့်မှာမှ ရည်းစားမရှိဘဲ ဖေဖေရ ...ကိုကိုက ပညာ လည်း ပြည့်စုံပြီး ...အသက်လည်း ကြီးနေပြီ၊ ဒီတော့ သူ့ချစ်သူကို တော့ လက်ထပ်ချင်ရှာမှာပေ့ါ ...”

“ဟုတ်သားပဲ ...သားကြီး ...ညီလေးပြောတာ ဟုတ်လား သား”

ကိုကို့ မျက်နှာပန်းရောင်သန်းသွားလေ၏။ ဖေဖေက သူ့ကို ဘု ကြည့်ကြည့်လိုက်ပါသည်။ ဟုတ်တယ်လေ ..မပွင့်တပွင့်လုပ်နေတာနဲ့ လူပျိုသိုးကြီးဖြစ်တော့မှာမို့ သတိလေးပေးမိတာကို အပြစ်မြင်စရာ လိုလို့လား ...။

“မင်းအစ်ကိုယူပြီးမှ မင်းယူလို့ရမှာမို့ အတင်းတိုက်တွန်းနေတာ မဟုတ်လား ငဖေယျရဲ့ ..ငါနော် ...သားနှစ်ယောက် မွေးမိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆန့်ကျင်ဘက်ချည်းပဲ ...”

“ကျွန်တော် လိုချင်ရင် အချိန်မရွေးရနိုင်ပါတယ် ...ဖေဖေရ ... ကိုကို့ထက် အများကြီး စွံတာပဲ ...စိုးရိမ်စရာမရှိပါဘူး ...”

“ခွေးနာ ...”

ဖေဖေ ကြည့်မရ ဆဲလေတော့ မေမေက သူ့ခေါင်းကို ချစ်စနိုး လေး ပုတ်လိုက်လေ၏။ ကိုကိုက သူ့ကို မျက်လုံးပြူးပြူးပြရင်း တားမြစ် ချင်နေပါသည်။

“ပြောလေ သား မင်းညီပြောသလို သားမှာချစ်သူရှိနေပြီဆိုတာ





တကယ်လား ..”

“ဟုတ်တော့ ဟုတ်ပါတယ် ...”

“ဖြစ်ရလေ ...ဖေဖေက သားကို ဖေဖေ့ မိတ်ဆွေတစ်ယောက်ရဲ့ သမီးနဲ့ သဘောတူထားတာ သားရဲ့ ... ပြောမိဆိုမိတာတွေတောင် ရှိနေပြီ ...မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့မှာပဲ ...”

“ခွင့်လွှတ်ပါ ဖေဖေ ...ကျွန်တော့်ချစ်သူကိုပဲ ကျွန်တော်လက် ထပ်ပါရစေ ...”

“အင်းပေ့ါလေ ...သားအသက်လည်း (၂၅)နှစ်ပြည့်ပြီဆိုတော့ ယူမယ်ဆိုရင်လည်း ယူသင့်ပါပြီ ...သားကောင်မလေးက ဘယ်ကလဲ”

ကိုကိုက သူ့ကို လှမ်းကြည့်လိုက်တော့ သူက မသိချင်ယောင် ဆောင်ပြီး ထမင်းကို ဆက်စားနေ၏။ ကိုကို ဖြေရခက်နေမှန်း သူသိ သည်လေ ...ကိုကိုရေ ...အလကားနဲ့ ကျွန်တော်က ဘာမှ ဆက်နွှယ်မှု မရှိတဲ့ သူစိမ်းတွေပါ ...ဒါကို ဘာအကြောင်းကြောင့်နဲ့မှ ကိုကို မျက်နှာ ပူစရာမရှိပါဘူး ...ရဲရဲသာ ပြောချလိုက်ပါ ...။

“ညီ့ သူငယ်ချင်းပါ ဖေဖေ ...”

“ဟေ! လာပြန်ပြီ ဒီကောင် မြားနတ်မောင်လုပ်လိုက်ပြန်ပြီလား”

“အာ! မဟုတ်ပါဘူး၊ ဖေဖေကလည်း တစ်ဆိတ်ရှိ ကျွန်တော့် လက်ချက်ပဲ ထင်နေတာပဲ ...”

“မင်းအကြောင်း မင်းအသိဆုံးပဲ မဟုတ်လားကွ ...”

“ပြီးတော့ ဖေဖေ့ မိတ်ဆွေရဲ့ သမီးပါ ...”

“ဘယ်လို! ဘယ်သူ့ သမီးလဲ သား ...”

“ဦးအောင်မြင်ရဲ့ သမီးပါ ဖေဖေ ...”



www.burmeseclassic.com

www.burmeseclassic.com



"အကျိုးနည်း ကြုံမှကြုံတတ်ပလေ ... ဖေဖေ သဘောတူထားတာလည်း ကိုအောင်မြင်ရဲ့သမီးပဲလေ သားရဲ့၊ ငါ့သားနှယ် ... ဖေဖေ့ဖြင့် ကိုအောင်မြင်နဲ့ မျက်နှာပျက်ရပြီထင်နေတာ ...တော်သေးတာ ပေါ့ ..."

ဖေဖေ့မျက်နှာကြီး ပြုံးရွှင်သွားလေ၏။ ပြီးနောက် သူ့ဘက်သို့ လှည့်လာပြန်လေသည်။

"တွေ့လား ဖေယျ ...ငါ့သားကြီးများ ဖအေစိတ်ချမ်းသာအောင် ဖအေ ခင်းပေးတဲ့ လမ်းအတိုင်း လျှောက်တာ မင်းအမြင်ပဲ ...မင်း အလှည့်မှာ ဘယ်လို ယောက်မမြင်းစီးထွက်ဦးမလဲဆိုတာ ကြည့်ကြ သေးတာပေါ့ ..."

"ကျွန်တော် ယူမယ့် ကောင်မလေးကလည်း ကိုကို့ ကောင်မလေးထက် မညံ့စေရပါဘူး ဖေဖေရ ...ကျောင်းကိုတောင် ကိုယ်ပိုင်ကားစီးကိုယ်တိုင် မောင်းပြီးတက်တဲ့ သူဌေးသမီးပါ ..."

"အံမာ မင်းပြောတော့ ရည်းစားမထားသေးပါဘူးဆို၊ စတော့ ဘယ်ကနေဘယ်လို ကောင်မလေးက ပေါ်လာရတာလဲ ..."

"ဒီလိုပဲ ကျွန်တော့်ကို လိုက်ပိုးနေတဲ့အထဲကနေ ဆန်ခါတင် ရွေးထားတာပေါ့ ဖေဖေရ ...ကျွန်တော်က ခုချိန်ထိ ဖွင့်မပြောသေးပါဘူး"

"ကြီးကြီးကျယ်ကျယ်နဲ့ ကောင်ပါလား ...နေစမ်းပါဦး မင်း ကောင်မလေးက မင်းနဲ့ Major တူလား ...ဒါဆို ကျောင်းအတူပြီးတာ ပေါ့လေ ..."

"မဟုတ်ဘူး ဖေဖေ ...သူက အခုမှ First Year ဖြေပြီးတုန်းပဲ ရှိသေးတယ် ..."





"တော်လိုက်တဲ့ကောင်၊ အေးပေါ့လေ ..ဟိုက ကျောင်းမပြီးသေးဘူးဆိုတော့ လက်ထပ်ဖို့ကိစ္စ မင်းပူဆာမှာကို ငါနားပူစရာ မလိုသေးဘူးပေါ့ ..."

မေမေက စိုးရိမ်တကြီးဖြင့် သူ့ကို လှည့်မေးလေတော့၏၊ ဘယ်လိုကနေ ဘယ်လို ကိုကို့မွေးနေ့ပွဲကနေ သူ့ကို Interview တွေမေးနေတော့တာပါလိမ့်.....။

"သားရယ် ...ကောင်မလေးက သူဌေးသမီးဆိုတော့ မာန တံခွန်ထူပြီး သားကို နိုင်စားတော့မှာပါပဲ ..."

"မပူပါနဲ့ မေမေရယ် ...သူ နိုင်စားလို့မရအောင် သူ့မာမီက Control လုပ်ပေးနိုင်ပါတယ် ..."

"သားက သူ့မေမေနဲ့ ရင်းနှီးတယ်ပေါ့လေ ... အတော့်ကို ခရီးပေါက်နေပါရောလား .."

"Phone နဲ့ပဲ စကားပြောဖူးရုံပါ မေမေရ ...သိပ်လည်းစိုးရိမ်မနေပါနဲ့ ...ကျွန်တော့် ကောင်မလေးက မေမေ့ သူငယ်ချင်းရဲ့ သမီးပါပဲ.."

"ဟောတော် ဘယ်သူများလဲ သားရယ် ... မေ့သားလေးက လူရွေးတော်လိုက်တာ ..."

ဖေဖေ့ မျက်နှာရှုံ့တွသွားသဖြင့် သူပြုံးလိုက်မိပါ၏။ ကိုကို့ အလှည့်ကျ ချီးမွမ်းပြီး သူ့ကိုကျ အမြင်မကြည်လင်လှသည့် ဖေဖေ့ကို အပြစ်မမြင်ရက်တော့ပါလေ ...အချိန်တန် မိဘတို့ဝတ္တရားရှိသည့် အတိုင်း သူ့အတွက် ဖေဖေလည်း လိုက်တောင်းပေးရမှာပဲဟာ ...

"နောက်မှ ပြောတော့မယ် မေမေ ...ကိုကို့ကိစ္စကိုသာ ဦးစား ပေးလိုက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ကိုကြီးကျယ်၊ ပြောလိုက်ရင် လေတစ်လုံး မိုးတစ်လုံးချည်းပဲ ..."

"ဒါဆို သားကြီးမွေးနေ့ မတိုင်မီ စေ့စပ်ဖို့ ကိစ္စ စီစဉ်ရအောင်လေ အစ်ကိုရယ် ...မွေးနေ့လုပ်တော့ တစ်ခါတည်း ကြေငြာလိုက်လို့ရ တာပေါ့ ..."

"သား သဘောကရော ..."

"ဖေဖေတို့ စိတ်တိုင်းကျသာ စီစဉ်ပါ ဖေဖေ ..."

"အေးလေ ...ကိုအောင်မြင်ကို Phone ဆက်ပြီး ကြို့ပြောထားတာပေါ့ ...သူကလည်း သားကို အတော်သဘောကျနေတာကွယ့် လုပ်ငန်းကိစ္စကအစ သားနဲ့ တိုင်ပင်ပြီး လုပ်ရတာကို ကျေနပ်နေတာ ..ဖေဖေ့သားကတော့ ရွှေအိုးထမ်းမယ့်သား ပါပဲ ..."

"မေ့သားလေးကရော ..."

"မေမေ့အတွက် ရတနာသိုက်တူးလာခဲ့မယ် မေမေ ...စိတ်ချ"

ဖေဖေ့ မျက်စောင်းကြီးရောက်လာချိန် သူက ထမင်းစားပြီးပြီဖြစ်၍ ထမင်းစားပွဲမှ ထထွက်လာခဲ့လေ၏။ တာတာရေ ..ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဖေဖေ့ကို အောက်ကျို့မခံဘဲ ကိုယ်တော့ ကြွားလိုက်မိပြီ... မင်းတော့ မျက်ခုံးတွေပဲလှုပ်နေမလား ...ထမင်းစားရင်း လျှာ ပဲ ကိုက်မိမလားဆိုတာကတော့ မင်းကိုယ်မင်းပဲ သိနိုင်မှာပါလေ ...။

ရွှေသမင်စာပေ



**Please !**

**Let's talk nothing about Love.**

ကျေးဇူးပြု၍ ...

အချစ်အကြောင်း မပြောကြေးပေါ့နော် ....

"ဘယ်လိုလဲ ကိုကိုရေ ...ရင်တွေခုန်နေလားဗျ ..."

သီဟ ခေါင်းဖြီးနေရာမှ ပြုံးလိုက်ပါ၏ ...ညီက အဝတ်အစားတောင်လဲပြီးနေပြီကိုး ...တိုက်ပုံအဖြူကို ရှပ်အဖြူပေါ်မှ ထပ်ဝတ်လိုက်လေသည်။

"ဒိန်းဒလိန်းနတ်ဝင်ပူးနေတယ်ထင်တာပဲ ..."

"ဟား ဟား ဟား ဖေဖေ့ကို ဖွင့်ပြောဖို့ကျ သတ္တိဖြင့် မရှိဘဲနဲ့ ... ကျွန်တော်ဝင်ပြောပေးလို့ ဒီကိစ္စ ဖြစ်လာရတာကိုများ"

"ကိုကိုသိပါတယ် ညီရယ် ...ညီ့အလှည့်မှာလည်း ကိုကိုပြန်ပြီး ကူညီပေးပါ့မယ်ကွ ...ကျေးဇူးရှင်ရ ..."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဗျ ...ကျွန်တော်နဲ့ တစ်သက်တာက နှုတ်နဲ့ ဖွင့်ပြောစရာမလိုအောင် Peace ဖြစ်ပြီလား ..."

"ဒါနဲ့ ပြောတော့ဖြင့် ခုထိ မတည့်သေးဘူးဆို ..."

"ဒါကတော့ သူ့ကို နည်းနည်းလောက် ငြင်းထားရတာပေါ့ ...ဇေယျာမင်းခင်ရဲ့မာနကို ဒီလိုလွယ်လွယ်နဲ့ ချိုးလို့မရဘူးဆိုတာကို သဘောပေါက်ရုံလောက်ပါပဲ ..."

"အေးပါ ...ပြောထားဦးပေါ့ ...ဟိုက Second Year မှာ ရည်းစားတစ်ယောက် ကောက်ပြီး ချိတ်လိုက်မှ မျက်ရည်ပင်လယ်ထဲမှာ နစ်မသွားပါစေနဲ့ ..."

သူ တဟားဟားဖြင့် အော်ရယ်မိပြန်၏။ ကိုကိုကတော့ သူ့ကို လျှော့တွက်နေပြီကိုး ...

"ကျွန်တော်က သာမန်လူစားမျိုးမှ မဟုတ်ဘဲ ကိုကိုရ ...ဘယ်လောက်ပဲ မာနကြီးပါတယ်ဆိုတဲ့ မိန်းကလေးဖြစ်နေပါစေ ...ကျွန် တော့်ညို့ချက်အောက်မှာ ဒူးထောက်ကျသွားကြရတာချည်းပဲ တစ်သက်တာရဲ့ မာနတွေကို ကျွန်တော် ရိုက်ချိုးခဲ့တာ အားလုံးအသိ.... သူ ကျွန်တော့်ကို ရန်တွေ့စကားပြောနေပေမယ့် လေသံတွေ ပျော့နေတာ အသိသာကြီး ...ဒီလောက်က Minor ပါဗျာ .."

"အပြောမကြီးနဲ့ ညီရေ့ 'ကာ့' ဆီက အချစ်ကိုတောင် ကိုကို မနည်းကြီး အတင်းအကျပ်တောင်းထားရတာ ...တာတာက 'ကာ့' ထက် ပိုပြီးတော့တောင်မှ မာကျောနေတာ သိရဲ့သားနဲ့ ..."

"အလက်ာက နဂိုကတည်းက စိတ်ပျော့ပါတယ် ကိုကိုရာ ...သူ့ကို အခွင့်မရဘဲ ကိုကိုထိရဲလို့လား ပြောစမ်းပါဦး ...တစ်သက်တာကို





တော့ ကျွန်တော် ခွင့်တောင်းစရာမလိုဘဲ ထိခွင့်ရတယ် ...သဘောပေါက် ..."

"မင်းက တစ်ဖက်သက် အနိုင်ကျင့်ပြီးတော့များ ..."

"သူ့ကိုက ကျေကျေနပ်နပ်နဲ့ ငြိမ်ပေးတာပါ ...ကိုကိုရ ...စောင့်ကြည့်လိုက်ပါဦး ...ကျွန်တော့်ရင်ခွင်ထဲ သူ မကြာခင် ရောက်လာစေရမယ် ..."

"မင်းဖြင့် ကျောင်းပြီးနေပြီ သူနဲ့တွေ့မှာကျနေတာပဲ ..."

"သင်တန်းမှာ နေ့တိုင်းတွေ့နေတာပါဗျာ ...နေ့စဉ်သူ့မျက်စောင်းလေးတွေ စုထားတာ ရင်ထဲမှာ ပြည့်လုနီးပါးပဲ ..."

"ရှူးပဲ့"

တစ်အိမ်လုံး အလုပ်တွေရှုပ်နေသဖြင့် သူမ အံ့သြနေမိ၏။ မနက်ကတည်းက မမ တစ်ယောက် အခန်းအောင်း၍ ငြိမ်ချက်သားကောင်းနေပါရောလား ..။

"ဘာတွေဖြစ်နေတာလဲ အန်တီလေး ..."

"ဧည့်သည်တွေလာမယ်ဆိုလို့ ရှင်းလင်းနေရတာ သမီးရဲ့ ...ဒီလောက်ရှင်းထားတာကိုတောင် အစ်ကိုကြီးက စိတ်တိုင်းမကျဖြစ်နေတာလေ ..."

"ဘယ်သူတွေ လာမှာမို့လဲ ..."

"အစ်ကိုကြီး သူငယ်ချင်းတွေလို့ပြောတာပဲ ..."

"ဩော် ..."

သူမအပေါ် ထပ်တက်လာစဉ် မာမီနှင့် ဆုံလေ၏။ ဒီ Sunday တယ်ထူးဆန်းလှချည်လား။ မာမီတို့ ဆိုင်ကိုပါ ပိတ်တယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ဧည့်သည်တွေ လာမှာထင်ပါရဲ့ ...။

"သမီးငယ် ... ရေမိုးချိုး အလှလေး ဘာလေးပြင်ဦးလေ ..."

"ဘာဖြစ်လို့လဲ မာမီ ..."

"ဧည့်သည်တွေလာမယ်လေ သမီးရဲ့ ... သမီးဒက်ဒီ ခေါ်ပြီ[illegible] မိတ်ဆက်ရင် အဆင်သင့်ဖြစ်သွားတာပေါ့ ..."

"မမကိုပါ ပြင်ခိုင်းရမလား ...မာမီ .."

"အေး ...နှစ်ယောက်စလုံး ပြင်ပြင်ဆင်ဆင်ဖြစ်တော့ပိုကောင်[illegible] တာပေါ့ သမီးရဲ့ ..."

သူမ လှေကားမှ ဆက်တက်လာကာ မမအခန်းတံခါးကို ခေါက်[illegible] လိုက်ပါ၏။ ...Lock မချစဖူးချထားပါရောလား ...။

"ခေါက် ...ခေါက် ..."

"မမရေ ..."

"ခေါက် ခေါက် ခေါက် ..."

"မမ ...အိပ်ပျော်နေပြီလား ..."

တံခါးက ချပ်ခနဲပွင့်သွားပါ၏။ မျက်ခွံလေးတွေ မို့နေတာကြော[illegible] မမ ငိုထားမှန်းသူမ သိလိုက်လေသည်။ အခန်းတံခါးကို ပြန်စေ့ခဲ့ပြီး မ[illegible] ခုတင်ပေါ်မှာ ထိုင်လိုက်ပါ၏။

"မမ ဘာဖြစ်နေတာလဲ ဟင် ..."

"ဘာမှ မဖြစ်ပါဘူး ...ညီမလေးရယ် ..."

"ငိုထားတယ် မဟုတ်လား ...မမရင်ထဲမှာ ဘာတွေဖြစ်နေလို့[illegible] ...တစ်ယောက်တည်း ကျိတ်ခံစားနေရတာထက် ညီမလေးကို ရင်ဖွ[illegible] လိုက်ရင် ပေါ့သွားမှာလေ ပြောပြပါလား ..."





ဘယ်လိုပြောရပ့ါမလဲ တာတာရယ် ....ဒီနေ့ ကိုကိုက တာတာ့ ကို လာတောင်းတော့မှာလေ ... ကိုကိုနဲ့ မမကို ဒက်ဒီက မနီးစပ်စေ ချင်လို့ ခွဲတဲ့ကြားက မမတို့ မထင်မှတ်ဘဲ ချစ်သူတွေဖြစ်ခဲ့ရတာကို ပြောပြလို့ ဘယ်ဖြစ်ပ့ါမလဲ ... အချစ်ဆိုတာ မမနဲ့ မတိုက်တန်တဲ့ အရာတစ်ခုဆိုတာကို မမသိနေပါပြီကွယ် ...။

"မမ ..."

"မမမှာ ဘာမှ ပြောစရာမရှိပါဘူး တာတာရယ် ...တစ်ယောက် တည်း အေးအေးဆေးဆေးနေပါရစေလား ..."

"ဘယ်လိုပြောလိုက်တာလဲ မမရယ် ...ရှိတာမှ ဒီညီအစ်မလေး နှစ်ယောက်ပဲရှိတာ ...မမနဲ့ ညီမလေးမှ မပွင့်လင်းရင် ဘာလုပ်တော့ မှာလဲ ...အရင်က ဘာပဲ ဖြစ်ဖြစ်တာတာ့ကို ရင်ဖွင့်ပြောဆိုခဲ့သလိုမျိုး ခုလည်း ပြောပြသင့်တာပေါ့ ...ခါတိုင်းဆို ကဗျာလေး စပ်ပြီး မမ[illegible] သက်နေတာ မှန်ပေမယ့် အခုလို ငူငူငိုင်ငိုင်နဲ့ ကျိတ်ပြီး မျက်ရည်ကျ နေတော့ တာတာ ဘယ်စိတ်ကောင်းတော့မှာလဲ မမရယ် ..."

"မမ နေကောင်းပါတယ် တာတာရယ်၊ ဒီလိုပဲ အတွေးတွေလွန် ပြီးမျက်ရည်ကျမိတာပါ၊ တာတာ လုပ်စရာရှိတာ သွားလုပ်တော့လေ..."

"မာမီက တာတာတို့ ညီအစ်မကို ရေမိုးချိုးပြီး ပြင်ဆင်ထားပါတဲ့"

"တာတာပဲ ဧည့်သည်တွေကို ဆင်းပြီး ဧည့်ခံလိုက်ပါကွယ် ...မမ က လူတောမှမတိုးတာပဲ ..."

"ဟင်! ဧည့်သည်တွေလာမှာကို မမကြိုပြီးသိနေတယ်ပေ့ါလေ ..."

သူမ တာတာ့ထံမှ မျက်ရည်ကို လွှဲလိုက်ပါ၏။ ညီမလေးရှေ့မှာ မျက်နှာမပျက်စေချင်ပါလေ ...ပြီးတော့ 'ကာ့' မျက်ရည်ကျမိတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မမြင်စေချင်တာ အမှန်ပါ ...အထူးသဖြင့် တာတာ စိတ်မကောင်းဖြစ်မှာကို မလိုလားပါလေ ...

"ဘယ်သူတွေ လာမှာလဲဟင် ..."

"လာတော့ သိမှာပဲ ညီမလေးရယ် ...သွားသွား ရေချိုးတော့... တော်ကြာ မာမီခေါ်ရင် အဆင်သင့်ဖြစ်မနေဘဲ ဖြစ်နေဦးမယ် ..."

"မမရော မချိုးဘူးလား ..."

"ချိုးမှာပါ ..."

"အင်း ...ပြီးရင် တာတာ လာခေါ်မယ်နော် ..."

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ တာတာပြန်ထွက်သွားသည်နှင့် သူမ မျက်ဝန်းမှ မျက်ရည်တွေ လိမ့်ဆင်းလာလေသည် ...ညီအစ်မချင်းတူပါလျက် အခွင့်အရေးချင်းမှ မတူတာဘဲ တာတာရယ် ...မမနှလုံးသားကို ညီမလေးအတွက် စတေးရဲရမှာပေ့ါ ...တာတာ့အပေါ်မှာ ဘယ်လောက်အထိ ချစ်သလဲဆိုတာကို ညီမလေး သိစေချင်ပါတယ်။

ကိုကိုရေ ...ဒက်ဒီခေါ်ရင် ကိုကို့ကို မတွေ့ချင်ပါဘဲ ဆင်းတွေ့ရဦးမယ် ...ဒက်ဒီ မိတ်ဆက်ပေးတဲ့အခါ မသိချင်ယောင်ဆောင်ပြီး ကိုကို့မိဘတွေကို နှုတ်ဆက်ရဦးမယ် ...လူအများရှေ့မှာ ဟန်ဆောင်ပန်းဆောင်နဲ့ ရယ်ပြ ပြုံးပြရဦးမယ် ...ဟန်လုပ်ပြီး ဧည့်ခံစကားတွေပြောရဦးမှာလေ ...။

"ကာ' က သိပ်ကို ကံဆိုးတဲ့ မိန်းကလေးတစ်ယောက်ပါ ...အထူးသဖြင့် 'ကာ့' ရင်ထဲက နှလုံးသားကို 'ကာ' သိပ်အားနာတယ် .. သနားမိတယ် ..ပထမတစ်ကြိမ်က ပေးခွင့်မရခဲ့တဲ့ ချစ်ခြင်းတွေ ...ဒုတိယတစ်ကြိမ်က ခဏတာသာ ရခဲ့ရတဲ့ ချစ်ခြင်းတွေကိုလည်း နှမြော





တသဖြစ်နေမိတယ် ...

ဒီလိုမှန်းသိရင် ဒီဘဝမှာ 'ကာ့' လူလာမဖြစ်ချင်တော့ပါဘူး။ ဖွင့်ပြောခွင့်မရှိတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ဝင်စားလာခဲ့မိတာ 'ကာ့' အတွက်ကတော့ ကံဆိုးခြင်း နိမိတ်ရဲ့ ပြယုဂ်တွေသာဖြစ်ခဲ့တာပါလေ...။

ကားကို တိုက်ရှေ့မှာ ရပ်လိုက်ပါ၏။ ရှေ့ခန်းမှာထိုင်နေသည့် ကိုကိုနှင့် နောက်ခန်းမှ ဖေဖေရော မေမေပါ ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ညီရော ...လာလေ ..."

"မဝင်ပါဘူး ကိုကိုရာ ... ကိုယ့်ဟာကိုယ် သွားမှာသာသွားပါ။ ကိုကို့ပွဲမှာ ရှုပ်တယ်လို့ ကျွန်တော့် အပြောမခံနိုင်ဘူး ..."

"ကြီးကြီးကျယ်ကျယ် ပြောပြန်ပြီ ..."

သူက ကားတံခါးဖွင့်ဆင်းကာ ခြံထဲမှာ ဟိုဒီလျှောက်ကြည့်ရင်း ကျန်ရစ်ခဲ့ပါ၏။

"ဟော ...ကိုမင်းဒင်တို့တောင် ရောက်လာပြီကိုး ...ထိုင်ကြပါဗျာ ...သားတစ်ယောက်တည်းလား ...သားငယ်ရော ပါမလာဘူးလားဗျ ..."

"သူက driver လုပ်ပြီး အပြင်မှာ ကျန်ရစ်ခဲ့တယ်ကိုအောင်မြင်ရေ"

"ဟောတော် ...ခင်တောင် ရောက်လာပြီကိုး ..လာလာ ..."

လှေကားမှ ဆင်းလာသည့် ဒေါ်မေသံစဉ်က သူငယ်ချင်းဖြစ်သူကို အပြေးတွဲခေါ်လိုက်ပါ၏။ ဧည့်ခန်းရှိ ဆက်တီဆိုဖာခုံတွေမှာ အသီးသီးဝင်ထိုင်လိုက်ကြလေသည်။

"ပြောရမှာတော့ အားနာပါတယ် မေရယ် ...သားကြီးက သူ့အဖေ့ဆီမှာ မွေးနေ့လက်ဆောင် တောင်းတာနဲ့ ဒီကိုရောက်လာခဲ့ရတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာများတောင်းလို့လဲ ခင်ရဲ့ ..."

"မေ့ သမီးကို လက်ထပ်ခွင့်ပြုဖို့တဲ့လေ ..."

"ဩော် ..."

"ဒါနဲ့ သမီးတွေရော မမြင်ပါလား မေရဲ့ ဘယ်ရောက်နေကြတုန်း"

"ရှိတယ် ခင်ရဲ့ ခုနပဲ ရေချိုးနေကြတာလေ ...ထားရေ ... သမီးတို့ကို ခေါ်လာခဲ့ပါဦး ..."

"ဟုတ်ကဲ့ပါ ...မမမေ ..."

"သားငယ်ရော ခင် ..."

"အပြင်မှာ နေရစ်ခဲ့တယ် မေရဲ့ ..."

အခန်းထဲမှ ထွက်လိုက်စဉ် အန်တီလေးနှင့် ဆုံရလေသည်။ မမက ခုချိန်ထိ ထွက်မလာသေး ...။

"ညှို့သည်တွေ ရောက်နေပြီ သမီးရဲ့ ဆင်းတော့လေ .."

"မမရော ..."

"သမီး မမကို အန်တီလေးခေါ်ခဲ့မယ် ...အရင်ဆင်းနှင့်ပေါ့"

ကော်ဖီနှင့် မုန့်ပန်းကန်များ ချပေးတာကို သုံးဆောင်အပြီးမှာ ဦးမင်းဒင် စကားစလေ၏။

"ကိုအောင်မြင်ရဲ့ သမီးကို တောင်းပေးပါပူဆာတာနဲ့ ရောက်လာရတာပဲဗျို့ ..."

"ကျွန်တော်ကလည်း အစောကြီးကတည်းက သားနဲ့ သဘောတူထားပြီးသားပါဗျာ ..."

သူမ လှေကားမှ ဆင်းခဲ့စဉ် ခုံမှာ ထိုင်နေသည့် လူက ပြုံးပြလိုက်လေ၏။ ဟော ...အစ်ကိုတို့ မိသားစုဖြစ်နေတာကိုး ...။





"လက်စသတ်တော့ ဘယ်သူများလဲလို့ ...အစ်ကို ဖြစ်နေတာကိုး ..."

"သမီးလေးက ချောလိုက်တာကွယ် ..."

"လာ ...သမီးငယ် ..."

သူမက မာမီ့အနီးမှာပင် ထိုင်ချလိုက်ပါ၏။ အစ်ကိုက ပြုံးမြမြ ဖြင့် သူမကို ကြည့်လိုက်လေသည်။

"သမီး ကိုကိုက သမီးကို တောင်းခိုင်းလို့ လာတောင်းတာပဲ သမီးရဲ့..."

"ရှင်! အို ...မဟုတ်တာ ..."

"မှားနေပြီ ...ဖေဖေ ..."

ငြင်းဆန်သံက တစ်ပြိုင်တည်းလိုလိုထွက်လာလေ၏။ သူမ ခန္ဓာကိုယ်လေးမတ်ခနဲဖြစ်သွားရလေသည်။ ဘုရားရေ ...အစ်ကိုက တာတာ့ကို လာတောင်းရတယ်လို့ပဲ မမှားသင့်တာတွေ မှားကုန်တော့ မယ်ထင်ပါရဲ့ ...

"ဟင့်အင်း ပါပါ အစ်ကို့ကို တာတာက အစ်ကိုရင်းလိုပဲ ချစ်တာ ဒီလိုကြီး မဟုတ်ဘူး ..."

"သမီးနော် ..."

"ဟုတ်ပါတယ် ဖေဖေ ...ကျွန်တော်ပြောတာက တာတာ့ကို မဟုတ်ပါဘူး အလင်္ကာကိုပါ ..."

"ဘယ်လို အလင်္ကာ ...ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ် ...အလင်္ကာနဲ့ ကျွန်တော်နဲ့ ချစ်သူဖြစ်တာ သိပ်မကြာသေးပါဘူး ..."

"ဟော! ဘယ်လိုတွေဖြစ်ကုန်တာလဲ ..."

အန်တီလေးနှင့်အတူ ဆင်းလာသည့် 'ကာ့' ခြေလှမ်းတွေ တုံ့ရ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားရလေသည်။ ဘုရားရေ ...ကိုကိုလာတောင်းတာ 'ကဒ်' ကိုတဲ့လား ...ထူးဆန်းအံ့ဩဖွယ်ကောင်းလေစွ ...။

"ဒက်ဒီက သမီးနဲ့ သဘောတူထားတာလေ ...တာတာ ..."

"အို တာတာ သဘောမတူဘူး ပါပါ ...တာတာ့မှာ ချစ်သူရှိပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း တာတာနဲ့ 'ကဒ်' ကို ညီအစ်မတွေမှန်းလုံးဝ မသိခဲ့ဘူး ...ဒါကို ညီပဲ သိလိမ့်မယ်ထင်တယ် ...တာ တာ့ချစ်သူက တခြားလူမဟုတ်ပါဘူး ညီပါပဲ ..."

"ဟောတော်..ဖြစ်ရလေ၊ အတော်ထူးဆန်းတဲ့ ညီအစ်ကိုတွေပါလား"

သီဟက လှေကားမှ ဆင်းလာသည့် 'ကဒ်' ကိုမြင်လိုက်ရသဖြင့် လှေကားရင်းမှာ သွားစောင့်၍ ကြိုလိုက်ပါ၏။ ချစ်သူလေးရဲ့ မျက်ဝန်းမှာ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲလို့ပါလေ ...

"ကာ ..."

"ကိုကို .."

ဒေါ်မြတ်နိုးခင်က တာတာ့လက်ကလေးကို လှမ်းဆွဲကာ ရယ်ရယ်မောမောဖြင့် ပြောလိုက်ပါတော့သည်။

"မထူးတော့ပါဘူး ကိုမင်းဒင်ရယ် ...တောင်းလက်စနဲ့ နှစ်ယောက်စလုံးသာ တောင်းလိုက်ပါတော့ ...သမီးရယ် မေ့သားလေး အပြင်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာ သွားတွေ့လိုက်ပါဦး ..."

သူမ မျက်နှာလေးရဲသွားရပါ၏။ အပြင်မှာ သူ့ကို သွားတွေ့ရမယ်တဲ့၊ ရှက်စရာကြီး ခုဟာက ကိုကို့ကို ငြင်းချင်ဖောနဲ့ တာတာ့မှာ ချစ်သူရှိတယ်လို့ ပြောလိုက်မိတာကိုး ...။ တကယ်တမ်းမှာ သူနဲ့ တာတာက တစ်စက်မှ မတည့်ကြတဲ့ သူတွေဖြစ်နေတာလေ ...။





သူမ တိုက်ထဲမှထွက်လာတော့ ကားရှေ့မှာ မှီရပ်နေသည့် သူ့ ကို တွေ့ရလေ၏။ သူက မျက်ခုံးတစ်ဖက်ပင့်တက်သွားပြီး မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

"သြော် ...မင်းက အလက်ာ့ညီမ ဖြစ်နေတာကိုး ..."

"ရှင် သိသိကြီးနဲ့ ပြောမနေစမ်းပါနဲ့ ..."

"ဒါကြောင့် ကိုယ့်ကို အကွက်ထွင်ပြီး အလက်ာနဲ့ ပေးစားဖို့ကြံစည်တယ်ပေါ့လေ ....မင်းက အချစ်ဆိုတာကို ဘာမှနားမလည်ဘဲ အရမ်းစွတ်လုပ်ချင်တာကိုး ..ကိုယ်က ဒီအလုပ်ကို အကျွမ်းကျင်ဆုံးဆိုတာ မင်းမေ့နေတယ်မဟုတ်လား တာတာ ...အလက်ာနဲ့ ကိုကို့ကို နီးစပ်အောင် ကိုယ်ပဲ လုပ်ပေးခဲ့တာ မင်းမြင်တယ်မဟုတ်လား... ဒီပွဲမှာ မင်းရှုံးသွားပြီဆိုတာ ဝန်ခံလိုက်စမ်းပါကွ ..."

"ဘာကိစ္စ ဝန်ခံရမှာလဲ ...၊ ရှင်၊ကျွန်မကိုဖြင့် ရှာမပေးနိုင်ဘဲနဲ့များ လေထွားနေသေးတယ် ..."

"ဘာကိုရှာပေးရမှာလဲ ..."

"ကျွန်မအတွက် သတို့သားလေ ..."

သူက ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေ၏။ ခုချိန်ထိ ဖွဲ့က မလျှော့သေးပါလား တစ်သက်တာရယ် ...မင်းကိုယ့်ကို ချစ်နေပါလျက်နဲ့ ဘယ်ချိန်ထိ ဟန်ဆောင်တင်းထားနိုင်မှာတဲ့လဲ ...။

"ဒါများ ဝေးဝေးရှာနေစရာမလိုပါဘူး ...မင်းရှေ့မှာ တစ်ယောက်လုံး ရပ်နေတာပဲဟာ ..."

"ရှင်နော် လူကို ဘာများမှတ်နေလဲ၊ ရှင့်လိုလူကို ...

သူမ စကားမဆုံးခင် ဆတ်ခနဲ ပွေ့ဖက်လိုက်ခြင်းနှင့်အတူ ပါး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြင်တစ်ဖက် နွေးခနဲ ဖြစ်သွားရပါ၏။

"ဘာလုပ်တာလဲ ..."

"မင်းရင်ထဲမှာ ကိုယ်ရှိနေတာကို သက်သေထူပေးလိုက်တာလေ"

"ဘာပြောတယ် ..."

"ဝန်ခံလိုက်စမ်းပါ ချာတိတ်ရဲ့၊ မင်း ကိုယ့်ကိုချစ်နေတာ ကြာပြီဆိုတာလေ ..."

"လုံးဝပဲ ...ရှင့်ဘက်က ချစ်တယ်လို့ တစ်ခါမှ မပြောဖူးဘဲနဲ့များ လူကို ပိုင်စိုးပိုင်နင်း ဆဲ့ာဆံရသလား ..."

"ပြောစရာလိုသေးလို့လား တာတာရယ် ...၊ မင်းလိုချင်တဲ့ ကိုယ့်နှလုံးသားကို ထုတ်ယူသွားတာဖြင့် ကြာနေပြီပဲဟာ ...၊ ကိုယ်တို့ နှစ်ယောက်ကြားမှာ အချစ်အကြောင်းတွေ ထွေထွေထူးထူး ပြောစရာ ဘာအကြောင်းမှ ရှိမနေပါဘူး။ နှလုံးသားချင်းနားလည်ပြီးမှတော့ OK ဆိုပြီး ခေါင်းညိတ်လိုက်ပါကွာ ..."

သူမထံမှ မျက်စောင်းတစ်ပွင့် ခုန်ထွက်လာစဉ် သူက ပြုံးစစ မျက်နှာဖြင့် ချစ်ရသူလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ပါတော့သည် ...အချစ်အကြောင်းတွေ မပြောကြေးပေါ့နော် ...။

*မေတ္တာများစွာဖြင့် ...*

ရွှေကျောင်းမမ

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com